

အောင်ရဲလင်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၆၁/၉၃(၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၅၆/၉၃(၁၀) |
| ထုတ်ဝေသည့်ကာလ | ၁၉၉၄-ခုနှစ်၊ ဖေဖော်ဝါရီလ |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၃၀ ကျပ် |
| ထုတ်ဝေသူ | ဦးဘင်ဦး (၀၅၅၇)<br>အရုဏ်ဦးစာပေ<br>၁၁၂၀/က၊ စိန်ရတနာလမ်း၊<br>၉-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ကြည်သန်း (၀၁၉၂၆)<br>ရှမဝ ပုံနှိပ်တိုက်၊<br>အမှတ်(၁)၊ ဗိုလ်ရာညွှန့်လမ်း၊<br>ဒဂုံမြို့နယ်။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (၀၂၄၃၁)<br>နေသစ်ရောင် အော့ဖ်ဆက်၊<br>၉၆(ခ)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။ |


လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖလေမ်း
တောင်ဒဂုံမြို့
ဖုန်း ၂၁၀၉၄၅


# အောင်ရဲယင်း

## အဆိပ်ကျွန်းမှ ကိန္နရီသိုင်း

ပထမပိုင်း

လှိုင်စာပေ
၁၅/၁၃၈၊
ဇွန်၊ ၂၀၁၅

## ၁။ ငါးမန်းစားနှင့် စကြာစား

တရုတ်ပြည်ကြီးအား မန်ချူးတို့ စိုးမိုးအုပ်ချုပ်စ အချိန်၊

မျိုးချစ် သိုင်းသမားများ၊ သူ့ကျွန် မခံလိုသူများကလည်း မန်ချူးတို့အား တော်လှန်တိုက်ခိုက်နေကြချိန်၊

ငွေခိုတောင်၏ လျှိုကြီးတစ်လျှိုထဲ၌ မျိုးချစ်သိုင်းသမား တစ်စု ယာယီ စခန်းချနေကြသည်။ စုစုပေါင်း အင်အား သုံးဆယ် ကျော်ခန့် ရှိသည်။

ထိုလူစု၏ ဦးစီးခေါင်းဆောင်မှာ ငါးမန်း စားတွဲရလား သော ‘ဝမ်ဝူကျောင်း’ ဖြစ်၏။ သူသည် မန်ချူးတို့ တရုတ်ပြည်ကြီးကို ကျူးကျော် ဝင်ရောက်စကတည်းက ယခုအချိန်အထိ လူအင်အားစုရုံးကာ မန်ချူးတို့အား တိုက်ခိုက်နေသူ ဖြစ်၏။

မန်ချူး တော်လှန်ရေး အင်အားစုထဲတွင် ငါးမန်းစား ဟူ၍ နာမည်ကျော်ကြားသောသူ တစ်ယောက် ရှိသည်။ သူ၏ နာမည်ရင်းကိုမူ သိသူနည်းလှသည်၊ သူအသုံးပြုသော စားမှာ ငါးမန်းဆူးယံကြီးနှင့် တူသဖြင့် ငါးမန်းစားဟု နာမည်တွင်ခြင်း ဖြစ်လေသည်၊

မင်းစာပေ

သူနှင့် သူ့လူများအားလုံး ငွေကြေးမက်မော၍ ရာထူးလိုချင်၍ နယ်ချဲ့တော်လှန်ရေးကို ဆင်နွှဲနေကြခြင်း မဟုတ်ချေ၊ ကိုယ့်ထမင်း ကိုယ်စားပြီး မျိုးချစ်စိတ်အပြည့်ဖြင့် ကိုယ်ကျိုးစွန့်ကာ တော်လှန်ရေး ဆင်နွှဲနေကြခြင်း ဖြစ်လေသည်၊

ယခုလည်း သူတို့သည် ချင်းစိန်တောင်၌ စခန်းချနေသော မန်ချူး တပ်ခွဲတစ်ခွဲအား ထိုးဖောက် တိုက်ခိုက်ခဲ့ကြသည်၊ မန်ချူးစစ်သားများ အထိနာကာ အကျအဆုံး များစွာဖြင့် ကစဉ့်ကလျား ထွက်ပြေးသွားကြသည်။

ငါးမန်းမား ဝမ်ဂူကျောင်း ဦးဆောင်သည့် တော်လှန်ရေးသမား အကျအဆုံးနည်းနည်းဖြင့် အောင်ပွဲဆင်နိုင်ခဲ့ကြသည်၊

သူတို့ လူစုထဲတွင် ဒဏ်ရာရသူ ခုနစ်ယောက် ပါလာသည်၊ သုံးယောက်က ဒဏ်ရာပြင်းထန်သဖြင့် လမ်းမလျှောက်နိုင်ချေ၊ အထမ်းဖြင့် သယ်လာခဲ့ကြရသည်၊

သူတို့အားလုံး တိုက်ပွဲကြီးတစ်ရပ်ကို ပြင်းထန်စွာ ဆင်နွှဲခဲ့ရသဖြင့် လွန်စွာ ပင်ပန်း နွမ်းနယ်နေကြသည်၊ ထို့ကြောင့် ဤလျှိုကြီးထဲ၌ ယာယီစခန်းချနေကြခြင်း ဖြစ်လေသည်။

ငါးမန်းမား ဝမ်ဂူကျောင်း ကျောက်တုံးကြီး တစ်တုံးကို မှီ၍ ခပ်လှဲလှဲ ထိုင်နေသည်၊ သူ၏ ဝဲဘက်ပခုံးတွင်လည်း ဓား ဒဏ်ရာ ရထားသည်။ ပြင်းပြင်းထန်ထန်တော့ မဟုတ်ချေ။

သူသည် အနစ်နာခံသော ဦးစီးခေါင်းဆောင် ဖြစ်သဖြင့် လက်အောက်ငယ်သားများထက် ပိုပြီး စိတ်ပန်း လူပန်း ဖြစ်နေသည်၊ အိပ်ရေးပျက်လွန်းသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်





ချင်သည်၊ သို့သော် ဤနေရာက စိတ်မချရသေးသဖြင့် အိပ်၍ မဖြစ်ချေ၊ မျက်လုံးအစုံကို မှိတ်၍ အသာမှေးနေမိသည်၊

သူ၏ စိတ်အာရုံတွင် ၁၀–နှစ်ရွယ် တစ်ဦးတည်းသော သားလေး 'ဝမ်လုံဖေး'ကို မြင်ယောင်မိသည်၊ ကျဆုံးသွားပြီ ဖြစ်သော ဇနီးသည် 'စွမ်းလိ'ကိုလည်း သတိရမိသည်၊

သူတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး သိုင်းပညာ ထက်မြက် ကြသည်။ နှစ်ယောက်သား လက်တွဲ၍ ဒုစရိုက်သမားများကို နှိမ်နင်းခဲ့သည်၊ နယ်ချဲ့ မန်ချူးတို့အား တိုက်ခိုက်ခဲ့ကြသည်။ ပြည်တွင်းသစ္စာဖောက် နယ်ချဲ့ လက်ကိုင်တုတ်များအား ဖော်ထုတ် သုတ်သင်ခဲ့ကြသည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က မန်ချူးတို့နှင့် တိုက်ပွဲတွင် စွမ်းလိ ကျဆုံးသွားသည်၊ သားလေး ဝမ်လုံဖေးသည် အမိမဲ့သား ဖြစ်ခဲ့ရသည်၊

ငါးမန်းမား ဝမ်ဂူကျောင်းသည် အားငယ်နေမည် ဖြစ်သော သားလေး အနီးတွင် ဂရုတစိုက်နေသင့်သော်လည်း မနေပါချေ၊ ဇနီးသည် ဆုံးပြီးနောက် မန်ချူးတော်လှန်ရေးကို ပို၍ ဆင်နွှဲခဲ့သည်၊

သားလေးနှင့် အနေနည်းသည်၊ အိမ်ပြန်လည်း ၁၀–ရက်ပြည့်အောင်ပင် မနေခဲ့၊ သားလေး ဝမ်လုံဖေးကို ညီဖြစ်သူအား စောင့်ရှောက်စေသည်၊ အခြွေအရံ အစေခံများနှင့်အတူ လိုလေသေးမရှိအောင် ထားသည်၊ သားလေးအတွက် နောက်ဆံ တင်းစရာ မလိုချေ၊

ပြီးတော့ သားလေး ပျင်းမှာကိုလည်း မပူချေ။ သားလေးနှင့် ကစားဖော် ညီမလေး 'လျှုလုံချင်း' ရှိသည်။

လျှုလုံချင်းမှာ ငါးနှစ်ရွယ်ရှိပြီ ဖြစ်၏။ အိမ်နီးချင်း မိတ်ဆွေ 'လျှုချောင်းကျို'၏ သမီးလေး ဖြစ်၏။

*

ငါးမန်းဓား ဝမ်ဝူကျောင်းနှင့် လျှုချောင်းကျို တို့သည် ကလေးဘဝ အရွယ်မှ ရင်းနှီး သိကျွမ်းခဲ့ကြသူများ ဖြစ်၏။ ညီအစ်ကိုရင်းတစ်မျှ ချစ်ခင်ခဲ့ကြသည်။ ဝမ်ဝူကျောင်းထက် လျှုချောင်းကျိုက ခြောက်နှစ်ခန့် အသက် ပိုငယ်သည်။

လျှုချောင်းကျို၏ဇနီးမှာ မန်ချူးလူမျိုးဖြစ်၏။ ထို့ကြောင့် သူသည် သိုင်းပညာ ထက်မြက်သော်လည်း နယ်ခြား မန်ချူးတို့အား တော်လှန်ရေး တိုက်ပွဲများ၌ ဝင်မပါချေ။ တော်လှန်ရေး သမားများကိုလည်း အပြစ်တင် နှောင့်ယှက်ခြင်း မပြုချေ။ ဒုစရိုက် သိုင်းသမားများ သိုင်းဂိုဏ်းများအား တိုက်ခိုက်ရာတွင်မူ ပါဝင်ဆင်နွှဲတတ်သည်။

လျှုချောင်းကျိုသည် သူ့ဇနီး 'ကန်းပိုရှေ့'အား လွန်စွာ ချစ်မြတ်နိုးသည်။ ကန်းပိုရှေ့က သူ့ထက် အသက်လည်းငယ်





သည်။ လွန်စွာလည်း ချောမောလှပသည်။ ထို့ကြောင့် သူသည် ကန်းပိုရှေ့အား အလိုလိုက် အကြိုက်ဆောင်သည်။ ကန်းပိုရှေ့ ဆန္ဒရှိသလို လုပ်စေသည်။ နေစေသည်။

ကန်းပိုရှေ့သည် မန်ချူးလူမျိုးဖြစ်သော်လည်း လူမျိုးရေး အစွဲ မရှိချေ။ ဝမ်ဝူကျောင်းကို တော်လှန်ရေး ခေါင်းဆောင် ဖြစ်မှန်း သိသော်လည်း မည်သူ့ကိုမှ ဖွင့်ဟ၍ မပြောချေ။ ဝမ်ဝူကျောင်းကိုလည်း အပြစ်မဆိုချေ။ မဝေဖန်ချေ။ အားပေးခြင်း ကန့်ကွက်ခြင်းမပြုချေ။ သူမသည်လည်း ဝမ်ဝူကျောင်းကို အစ်ကိုကြီးတစ်ယောက်လိုပင် ချစ်ခင်သည်။

မိသားစုနှစ်စု ဤသို့ ချစ်ခင်ရင်းနှီးကြသဖြင့် သားလေး ဝမ်လုံဖေးနှင့် သမီးလေး လျှုလုံချင်းတို့လည်း များစွာရင်းနှီး ချစ်ခင်ကြသည်။ တပူးတွဲတွဲ ရှိနေတတ်ကြသည်။

"တက်.... တက်ကြ"

"တိုက်.... တိုက်"

"ရန်သူ.... ရန်သူ"

"အား.... အီး"

ရုတ်တရက် အော်ဟစ်သံများ၊ တိုက်ခိုက်သံများ၊ ညည်းတွားသံများ ပေါ်လာသည်။

မှေးနေသော ဝမ်ဝူကျောင်း စိုးရိမ်တကြီး ဖြင့် ခုန်ထသည်။ သူ့ ခါးမှ ငါးမန်းဓားကိုလည်း ဖြုတ်ကိုင်ပြီး ဖြစ်နေသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်သည်။

မိမိ၏လူများအား မန်ချူး စစ်သားများက ထိုးဖောက် တိုက်ခိုက်နေသည်ကို တွေ့ရသည်။ ဝမ်ဝူကျောင်းပြေးသွားသည်။

"တိုက်ကြ.... တိုက်ကြ"

ဝမ်ဝူကျောင်း အော်ဟစ်ရင်း မန်ချူးစစ်သားများအား ဝင်တိုက်သည်။

"ဝှစ်.... ဝှစ်"

"ချွင်.... ဝှစ်"

"အွန့်.... အ"

သူနှင့် ယှဉ်မိသော မန်ချူးစစ်သားတိုင်း သူ၏ ငါးမန်းဓားချက်ဖြင့် အသက်ပျောက်သွားရသည်သာ ဖြစ်၏။ မန်ချူးစစ်သားများ မည်သူမှ သူ့ကို မယှဉ်နိုင်ကြချေ။ ထို့ကြောင့် မန်ချူးစစ်သားများသည် သူ့ကို ရှောင်ကြပြီး အခြား မျိုးချစ်သိုင်းသမားများသာ တိုက်ကြသည်။

"အား"

"အီး...."

"ဆုတ်.... ဆုတ်"

သူ့လူများ၏ ညည်းတွား အော်ဟစ်သံများကို ကြားရသဖြင့် ဝမ်ဝူကျောင်း လှည့်ကြည့်သည်။ ဓားနှစ်လက်ကို ကိုင်ထားသော မန်ချူး တပ်မှူး တစ်ယောက်က သူ့လူများကို တရကြမ်း လိုက်တိုက်နေကြောင်း တွေ့ရသည်။

ထိုမန်ချူးတပ်မှူး၏ လက်ချက်ဖြင့် သူ့လူတွေ တစ်ယောက်ပြီး တစ်ယောက် ကျနေသည်၊ မည်သူမှ မန်ချူး တပ်မှူးကို မယှဉ်နိုင်ကြချေ။

"နောက်ဆုတ်ကြ.... နောက်ဆုတ်ကြ"





ဝမ်ဝူကျောင်း အော်ပြောရင်း မန်ချူး တပ်မှူးဆီ ပြေးသွားသည်၊ မျိုးချစ်သိုင်းသမားများက ဆုတ်ခွာကြသည်။ ဝမ်ဝူကျောင်းက မန်ချူး တပ်မှူးရှေ့တွင် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ဟိတ်... နယ်ချဲ့ကောင်၊ မင်းနဲ့ ငါ တိုက်မယ်"

ဝမ်ဝူကျောင်း တင်းမာ ပြတ်သားစွာ ပြောလိုက်သည်။

မန်ချူးတပ်မှူးက ဝမ်ဝူကျောင်း လက်ထဲမှ ငါးမန်းဓားကို ကြည့်လိုက်ပြီး သုန်သုန်မှုန်မှုန်ဖြင့် ပြန်ပြောသည်။

"မင်းက ငါးမန်းဓားလား"

"ဟုတ်တယ်"

"မင်းကို ငါ တွေ့ချင်နေတာ ကြာပြီ။ သူပုန်တွေ ထဲမှာ မင်းက တော်တော် နာမည်ကြီးတာပဲ"

"ငါ သူပုန် မဟုတ်ဘူး။ မင်းတို့သာ သူခိုး ဓားပြတွေ၊ ငါတို့ တိုင်းပြည်ကို မတရားသဖြင့် သိမ်းပိုက်တယ်၊ ငါတို့ လူမျိုးတွေကို ဖိနှိပ် အုပ်ချုပ်တယ်။ ငါက မင်းတို့လို နယ်ချဲ့တွေကို တိုက်ထုတ်နေတဲ့ တော်လှန်ရေးသမား မျိုးချစ် သိုင်းသမား"

"ဘာပဲ ပြောပြော၊ မင်းက ငါတို့ရဲ့ ကေရာဇ်ကို ပုန်ကန်တာပဲ။ ငါတို့လူတွေ မင်းလက်ချက်နဲ့ အများကြီး သေခဲ့ရတယ်။ ဒီအတွက် မင်းလဲ အခု အသေဆိုးနဲ့ သေရမယ်။ မင်းကို ငါ သတ်မယ်"

မန်ချူးတပ်မှူး ပြောပြောဆိုဆို ဓားနှစ်လက်ကို ဆွဲယမ်းလျက် ဝမ်ဝူကျောင်းအား ဝင်တိုက်သည်၊ ဝမ်ဝူကျောင်းကလည်း ငါးမန်းဓားဖြင့် ပြန်တိုက်သည်။

*

ငါးမန်းဓားက သုံးပေခန့် ရှည်လျားသည်၊ အပြားကြီးသည်၊ ဓားသွား နှစ်ဖက်ရှိပြီး ဓားသွား တစ်လျှောက်တွင် ခွေးသွားစိပ်ကဲ့သို့ ဆူးချွန်များ ရှိနေသည်။

မန်ချူး တပ်မှူး၏ ဓားနှစ်လက်စလုံး အရွယ်တူ ပုံစံတူဖြစ်၏။ နှစ်ဖက်ချွန် အသွားရှိ၏၊ ဓားရိုးက အလယ်တွင်ရှိသည်၊ ဓားရိုးတွင် သံကွင်းကလေး တစ်ကွင်းစီ ပါရှိသည်၊ သူသည် လက်တစ်ဖက်တွင် ဓားတစ်လက်စီ ကိုင်၍ တိုက်ခိုက်ခြင်း ဖြစ်၏။

နှစ်ယောက်စလုံး ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်၊

မန်ချူးတပ်မှူးက သူ၏ ဝဲဘက်မှ ဓားဖြင့် ငါးမန်းဓားကို ချိတ်ဆွဲရန် အကြိမ်ကြိမ် ကြိုးစားသည်၊ သို့သော် မရချေ၊ ဝမ်ဝူကျောင်း၏ ဖိတိုက်ခြင်းကိုသာ ခံရသည်၊





ဝမ်ဝူကျောင်းက ''ငါးမန်း အမြီးရိုက်'' သိုင်းကွက်ဖြင့် တိုက်ခြင်း ဖြစ်၏၊ သူ့ဓားသိုင်းက အလှည့်အပြောင်းများသည်။ ဘယ်ဘက်ကို ထိုးဝင်မလို ဖြစ်ပြီးမှ ညာဘက်က ဝင်သည်၊ အပေါ်က ဝင်မလိုနှင့် အောက်က ဝင်သည်၊ အောက်က ဝင်မလိုနှင့် အပေါ်က ဝင်သည်၊ နောက်ကို ဝင်မလို ပုံနှင့် ရှေ့က ဝင်သည်။

ထို့ကြောင့် မန်ချူးတပ်မှူးလည်း တိုးစစ်မဆင်နိုင်ဘဲ ခုခံရှောင်တိမ်းနေရလေသည်။

မျိုးချစ် သိုင်းသမားများနှင့် မန်ချူး စစ်သားများလည်း တစ်ဖက်နှင့် တစ်ဖက် ပြင်းထန်စွာ တိုက်ခိုက်နေကြဆဲဖြစ်၏။ မန်ချူးစစ်သားများက ဝမ်ဝူကျောင်းကို ဝင်မတိုက်ရကြသကဲ့သို့ မျိုးချစ်သိုင်းသမားများကလည်း မန်ချူးတပ်မှူးအား ဝင်မတိုက်ရကြချေ။

ထို့ကြောင့် ဝမ်ဝူကျောင်းနှင့် မန်ချူး တပ်မှူးတို့သည် တစ်ယောက်ချင်းသာ ယှဉ်ပြိုင်တိုက်ခိုက် နေကြရသည်။

မန်ချူးတပ်မှူးလည်း အခြေမလှတော့သဖြင့် ခုခံ ရှောင်တိမ်းရင်း နှစ်ဖက်ချွန် ဓားနှစ်လက်ကို ညာဘက်၌ ပူးကိုင်လိုက်သည်။ တစ်ဆက်တည်း ဝဲဘက်လက်ဖြင့် နောက်ကျောမှ ဓားတစ်လက်ကို ဆွဲထုတ်၍ ကိုင်လိုက်ပြန်သည်၊ ထိုဓားမှာလည်း နှစ်ဖက်ချွန်ဓား ဖြစ်ပြီး ယာဘက်လက်မှ ဓားနှစ်လက်နှင့် တစ်ရွယ်တည်း တစ်ပုံစံတည်း ဖြစ်လေသည်၊

မန်ချူးတပ်မှူး၏ ညာလက်မှ ဓားနှစ်လက်က တရစပ်လည်ပတ်သွားသည်။ စကြာကဲ့သို့ လည်ပတ်သွားခြင်း ဖြစ်၏။

သူက စကြာကဲ့သို့ တရစပ် လည်ပတ်နေသော ဓားနှစ်လက်ဖြင့် ဝမ်ဝူကျောင်းအား တိုက်ခိုက်နေသကဲ့သို့ ဘယ်လက်မှ ဓားဖြင့်လည်း လေပွေပမာ တစ်ပြိုင်တည်း တိုက်ခိုက်သည်။

ဓားသုံးလက်ဖြင့် တစ်ပြိုင်တည်း ထိုးစစ် ဆင်လာသဖြင့် ဝမ်ဝူကျောင်း မျက်လုံးပြူးသွားသည်။

''ဟင်.... စကြာလေပွေ''

ဝမ်ဝူကျောင်း ထိတ်ထိတ်ပျာပျာနှင့် ရေရွတ်ကာ ကတိုက်ကရိုက် ဆုတ်ရှောင်သည်။

''ဟုတ်တယ်။ ငါ့ရဲ့ စကြာလေပွေ ဓားကွက်ကို ဘယ်လိုလူမျိုးမှ မရှောင်နိုင်သေးဘူး။ မင်းလဲ ရှောင်လို့ လွတ်လိမ့်မယ် မထင်နဲ့''

မန်ချူး တပ်မှူး ဝင့်ကြွားစွာ ပြောရင်း ဖိတိုက်သည်။

မျိုးချစ်ထောက်လှမ်းရေး သိုင်းသမားတိုင်း စကြာလေပွေသိုင်းကွက်အကြောင်းကို ကြားဖူးထားကြသည်။ စကြာလေပွေသိုင်းကို တတ်သည့် 'ထုံးပဲစီး' အကြောင်းကိုလည်း ကြားဖူးထားကြသည်။ ထုံးပဲစီးသည် လျှို့ဝှက်ဆန်းကြယ်သော စကြာလေပွေ ဓားသိုင်းကို တတ်မြောက်ထားသည်။ စကြာလေပွေသိုင်းကွက်ကို အသုံးပြုပြီး တိုက်ခိုက်ပါက ပြိုင်ဘက်တိုင်းအရေးနိမ့်ကြရမည်သာ ဖြစ်၏။ သူသည် ဓားနှစ်လက်ကို စကြာကဲ့သို့ လည်ပတ်စေလျက် ဓားတစ်လက်ကို လေပွေကဲ့သို့ ဝှေ့ယမ်းကာ ရန်သူအား တစ်ပြိုင်တည်း တိုက်ခိုက်တတ်သည်၊ ထို့ကြောင့် စကြာလေပွေသိုင်းဟု ခေါ်တွင်ခြင်း ဖြစ်လေသည်၊





မန်ချူး သိုင်းသမားများထဲတွင် ပြိုင်ဘက်ကင်း အဆင့်ရှိသူဟုပင် ပြောစမှတ် ပြုနေကြသည်။ ထုံးပဲစီး၏ ဓားချက်ကို ရှောင်နိုင်သူဟူ၍ မရှိသေးချေ၊ ချေဖျက်နိုင်သူဟူ၍လည်း မရှိသေးချေ၊ သူ့ဓားချက်ဖြင့် သေလျှင်သေ၊ မသေလျှင်လည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရကြသည်သာ ဖြစ်၏။

စကြာလေပွေသိုင်းက ထက်မြက် ရက်စက်သကဲ့သို့ ထုံးပဲစီးကလည်း ရက်စက် ကြမ်းကြုတ်သည်။ ရန်သူကို ရက်ရက်စက်စက် သတ်ဘတ်သည်။ သည်းခံခွင့်လွှတ်စိတ်ဆို၍ အနည်းငယ်မျှရှိသူ မဟုတ်ချေ။ သူ့လက်ချက်ဖြင့် မျိုးချစ်သိုင်းသမားများ၊ တော်လှန်ရေးသမားများ ကျဆုံးခဲ့ရသည်မှာ မနည်းတော့ချေ၊ သူ၏ စွမ်းဆောင်ချက်ကြောင့် မန်ချူးဧကရာဇ်ကလည်း သူ့ကို ချီးမြှင့် မြှောက်စားခဲ့သည်။ ယခုဆိုလျှင် တပ်မှူးကြီးရာထူးကိုပင် ရထားလေပြီ၊

*

ဝမ်ဝူကျောင်းလည်း ထိုအကြောင်းများကို ကြားဖူးထားသည်။ ယခု စကြာလေပွေ သိုင်းကွက်ကို မြင်ရမှ မိမိနှင့် တိုက်ခိုက်နေသူမှာ မန်ချူး တပ်မှူးကြီး ထုံးပဲစီး ဖြစ်နေကြောင်း သိရတော့သည်။

ဝမ်ဝူကျောင်းသည် ထိုးစစ်အသွင်မှ ခံစစ်အသွင်သို့ပြောင်းသွားသည်။ သူသည် ထုံးပဲစီး၏ ဓားသုံးလက်ကို လွတ်အောင် မနည်းကြီး ခုခံ ရှောင်တိမ်းနေရသည်။

"ချလွင်"

သူ၏ ငါးမန်းဓားဖြင့် စကြာကဲ့သို့ လည်ပတ်နေသော ဓားနှစ်လက်ကို ခုတ်ဖျက်သော်လည်း သူ၏ ဓားသာ ပြန်ကန်ထွက်သည်။ စကြာဓား နှစ်လက်ကမူ အရှိန် ပြင်းစွာ လည်ပတ်မြဲ လည်ပတ်နေ့သည်။ သူ့တစ်ကိုယ်လုံးကို ဓားသုံးလက်စလုံး လွှမ်းခြုံထားသည်။ ဓားသုံးလက်က သူ၏ ဦးခေါင်းမှ ခြေဖျားထိ နေရာအနှံ့ ပုံ့ဝဲနေသည်။

ဝမ်ဝူကျောင်း အကျဉ်းအကျပ်ထဲသို့ ရောက်သထက်ရောက်လာသည်။ ဓားစက်ကွင်းထဲမှ ဖောက်ထွက်၍ မရ ဖြစ်လာသည်။ ရှောင်တိမ်း၍ မရအောင် ဖြစ်လာသည်။

"ဝှစ်"

"အား"

လေပွေကဲ့သို့ လည်ပတ်နေသော ထုံးပဲစီး၏ ဓားက ဝမ်ဝူကျောင်း၏ ဘယ်ဘက်ပေါင်ကို ထိုးမိသွားသည်။ ဝမ်ဝူကျောင်း နောက်ကို တစ်ချက် ယိုင်သွားသည်။ လဲကျမသွားစေရန် ဖဇွဲတင်း၍ ထိန်းရပ်သည်။

စကြာကဲ့သို့ လည်ပတ်နေသော ဓားနှစ်လက်က သူ့ထံ တစ်ရှိန်ထိုး ဝင်လာပြန်သည်။ သူက ငါးမန်းဓားဖြင့်ပြန်ခုတ်သည်။ တစ်ပြိုင်နက်တည်းပင် ဘယ်ဘက်လက်ဝါးဖြင့် ထုံးပဲစီး၏ ရင်ဘတ်ကို အားကုန် ရိုက်သည်။





ဝမ်ဝူကျောင်း၏ ငါးမန်းဓား ကိုင်ထားသော ညာဘက်လက်က လက်ကောက်ဝတ်မှ တိတိရိရိပြတ်သွားသည်။ ပြတ်သွားသော လက်က ငါးမန်းဓားနှင့်အတူ မြေပေါ် ကျသည်။ သူလည်း ခွေကျသွားသည်။

ဝမ်ဝူကျောင်း၏ ပြင်းထန်သော ရိုက်ချက်မိပြီး ထုံးပဲစီးလည်း လွင့်သွားသည်။ မြေပေါ်ကို ဖင်ထိုင်လျက်ပစ်ကျသည်။ သူ့လက်ထဲမှ ဓားသုံးလက်ကမူ လွတ်မသွားချေ။ သူ့ပါးစပ်ထဲမှ သွေးများလည်း အန်ကျလာသည်။ သူလည်း အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားသည်။

ခေါင်းဆောင်နှစ်ဦးစလုံး ဒဏ်ရာ ပြင်းပြင်းထန်ထန်ရသွားကြသဖြင့် မျိုးချစ် သိုင်းသမားများနှင့် မန်ချူးတို့၏ တိုက်ပွဲလည်း အပိုလိုရပ်သွားကြသည်။ မျိုးချစ် သိုင်းသမားများထဲတွင် ဆယ့်ဘစ်ယောက်သာ အသက်ရှင်လျက် ကျန်တော့သည်။ ငါးယောက် ဒဏ်ရာရထားပြီး နှစ်ယောက်က ဒဏ်ရာ ပြင်းထန်သည်။

မန်ချူး စစ်သားများထဲတွင် ဆယ့်နှစ်ယောက်သာ အသက်ရှင်လျက် ကျန်တော့သည်။ ခုနစ်ယောက် ဒဏ်ရာရပြီး လေးယောက်က ဒဏ်ရာ ပြင်းထန်သည်။ မန်ချူး စစ်သားများက တပ်မှူးကြီး ထုံးပဲစီးအနီးသို့ ဝိုင်းအုံ၍ ရောက်လာကြသည်။

မျိုးချစ် သိုင်းသမားများလည်း ဝမ်ဝူကျောင်း အနီးသို့ ရောက်လာကြသည်။

ဝမ်ဝူကျောင်း၏ လက်ပြတ်နှင့် ပေါင်မှ ဒဏ်ရာမှ သွေးများ ဒလဟော စီးထွက်နေသည်။ သူသည် နာကျင်မှုဒဏ်ကို

မခံမရပ်နိုင်အောင် ခံနေရသည်။ ရန်သူကို ထကိုက်ချင်သော်လည်း စိတ်သွားတိုင်း ကိုယ်မပါချေ။ ရန်သူက ဝင်တိုက်လျှင်ပင် ခုခံနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။ သို့သော် သူက ဣန္ဒြေဆယ်ပြီး မာန်တင်းထားသည်။

လက်အောက်ငယ်သားများက သူ့ဒဏ်ရာကို ဆေးထည့်ပေးကြသည်။ အဝတ်ဖြင့် ပတ်စည်းပေးကြသည်။

အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားသော မန်ချူးတပ်မှူးကြီး ထုံးပဲစီးလည်း လက်ရှိအခြေအနေအရ ရန်သူကို တိုက်ခိုက်နိုင်စွမ်း မရှိချေ။ သူ့ကိုယ်သူ လဲကျမသွားစေရန်သာ ဣန္ဒြေဆယ်ပြီး ထိန်းထားရသည်။ သူ အားယူ၍ ထရပ်သည်။ လက်အောက် ငယ်သားများက သူ့ကို ထိန်းကိုင်ထားကြရသည်။ သူက အားတင်းပြီး ဝမ်ဝူကျောင်းအား လှမ်းပြောသည်။

"ဟိတ်.... ငါးမန်းမား ခုတော့ ရှိစေတော့၊ နောက်တစ်ကြိမ် ငါနဲ့ ထပ်တွေ့လို့ကတော့ မင်း သေပြီမှတ်"

ထုံးပဲစီး ပြောပြီး သူ့လူများကို ခေါ်၍ လှည့်ထွက်သွားသည်။ သူ့ လူများက သူ့ကို တွဲ၍ ခေါ်သွားကြရသည်။

ဝမ်ဝူကျောင်းကမူ ဒဏ်ရာရထားသော ဝဲဘက်ခြေထောက်ထောက်၍ မရသဖြင့် ထမရပ်နိုင်တော့ ပါချေ။

*



## ၂။ မီးလောင်ဒဏ်ရာ

ကျင်းလိန်မြို့၏ တောင်ဘက်ဖျားတွင် မဟူရာကျောက်သားဖြင့် တည်ဆောက်ထားသော ရှေးဟောင်း အိမ်ကြီးနှစ်အိမ်ရှိနေသည်။

မဟူရာအိမ်ကြီး နှစ်အိမ်က ဘေးချင်းယှဉ်လျက် ရှိနေသည်။ အိမ်ကြီး နှစ်အိမ်ကလည်း ပုံစံလည်း တူသည်၊ အရွယ်လည်း တူသည်။ ဗိသုကာ တစ်ဦးတည်းက ဦးဆောင် ဦးရွက်ပြု၍ ဆောက်လုပ်ခဲ့ကြောင်း ထင်ရှားသည်။

မည်သည့် ခေတ်ကာလက မည်သူ တည်ဆောက်ခဲ့ကြောင်းကိုတော့ မည်သူမှ မသိကြချေ။ ထိုအိမ်ကြီး နှစ်အိမ်၌ လက်ရှိနေထိုင်ကြသူများ ပင်လျှင် မသိကြချေ။ အိမ်ကြီး နှစ်အိမ်စလုံး နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီ ဖြစ်ကြောင်းတော့ သိနိုင်သည်။

ကျင်းလိန်မြို့တွင် နေထိုင်သူများသာမက အနီးပတ်ဝန်းကျင် မြို့ရွာများ၌ နေထိုင်ကြသူများ ပင်လျှင် ထိုမဟူရာ အိမ်ကြီးနှစ်လုံးကို သိကြသည်။ တစ်အိမ်ကို နေသူရိန်စံအိမ်၊ တစ်အိမ်ကို လစန္ဒာ စံအိမ်ဟု ခေါ်ကြသည်။ တစ်အိမ်တွင် 'နေသူရိန်' ဟူ၍လည်းကောင်း၊ တစ်အိမ်တွင် 'လစန္ဒာ' ဟူ၍ လည်း

ကောင်း ရေးထွင်းထားသောကြောင့် ဖြစ်၏၊ ထိုအိမ်ကြီးနှစ်အိမ်၌ နေထိုင်ကြသော မိသားစု နှစ်စု၏ ဆက်ဆံပုံကို သိသော ရင်းနှီးသူတို့ကမူ နေလညီနောင် စံအိမ်ဟု ခေါ်ကြသည်။ နေသူရိန် စံအိမ်၏ အရှင်သခင် ဝမ်ဝူကျောင်းနှင့် လစန္ဒာစံအိမ်၏ အရှင် လျူချောင်းကျီတို့သည် ညီအစ်ကိုရင်းတမျှ ချစ်ခင်ကြကြောင်း သိထားကြသောကြောင့် ဖြစ်သည်။

ထိုအိမ်ကြီး နှစ်အိမ်ကို ဝမ်ဝူကျောင်းနှင့် လျူချောင်းကျီတို့ ဘိုးဘွားများ လက်ထက်ကတည်းက ဝယ်ယူ နေထိုင်ခဲ့ကြခြင်း ဖြစ်၏။ ၎င်းတို့၏ ဘိုးဘွားများသည်လည်း တစ်မိသားစုနှင့် တစ်မိသားစု များစွာ ခင်မင်ရင်းနှီးခဲ့ကြသည်။ ၎င်းတို့၏ မိဘများ လက်ထက်တွင်လည်း ရင်းနှီး ခင်မင်ခဲ့ကြသည်။

ဝမ်ဝူကျောင်းကို နေသူရိန် စံအိမ်ကြီးတွင် မွေးသည်၊ လျူချောင်းကျီကိုလည်း လစန္ဒာ စံအိမ်ကြီးတွင် မွေးသည်။ ထို့ကြောင့် သူတို့သည် ငယ်စဉ်ကတည်းက ကစားဖော်ကစားဖက် ဖြစ်ခဲ့ပြီး ညီအစ်ကိုရင်းတမျှ ချစ်ခင်ခဲ့ကြခြင်း ဖြစ်လေသည်။

၎င်းတို့မှ မွေးဖွားသော ဝမ်လုံဖေးကလေးနှင့် လျူလုံချင်းကလေးတို့လည်း တတွဲတွဲ ဖြစ်ကြရပြန်သည်။

ထိုအိမ်ကြီးနှစ်အိမ်ကို ဝယ်ယူကြစဉ်က ကိုယ့်ဝင်း ကိုယ့်ခြံနှင့် ဖြစ်၏၊ အိမ်နှစ်အိမ်ကို ဝင်းတံတိုင်းကြီး ခြားထားသည်။ ၎င်းတို့၏ ဘိုးဘွားများက ထိုအိမ်ကြီးနှစ်အိမ်ကို ဝယ်ယူလိုက်ကြသောအခါ အိမ်နှစ်အိမ်ကို ခြားထားသည့် ဝင်းတံတိုင်း





ကြီးကို ဖြိုဖျက်လိုက်ကြသည်၊ ထိုအခါ အိမ်ကြီးနှစ်အိမ်သည် တစ်ဝင်းတည်း တစ်ခြံတည်း ဖြစ်သွားလေတော့သည်။

သုခိတာရေ
အမှတ် ၁၅/၁၃၈၊ မြေလမ်း
တောဝဥကြီး
ဖုန်း ၂၁၄၅၅

နေသူရိန် စံအိမ်ကြီးရှေ့တွင် ဝမ်လုံဖေးကလေးနှင့် လျူလုံချင်း ကလေးတို့ ထိုင်စကားပြောနေကြသည်၊ ဝမ်လုံဖေးက လျူလုံချင်းကို တရုတ် ရှေးဟောင်းပုံပြင်တစ်ပုဒ်ကို ဗွဲ့ကာ နွဲ့ကာဖြင့် ပြောပြနေခြင်း ဖြစ်၏။ လျူလုံချင်းကလည်း စိတ်ဝင်တစား နားထောင်နေသည်။

"သူ့ရဲ့ကောင်းကြီး ဝမ်ယု မြင်းစီးပြီး လူစိမ်းတောင်ကို တစ်ယောက်တည်း လာခဲ့တယ်။ သူ့မှာ ဓားတစ်လက်ပဲ ပါတယ်။ ဘီလူးကြီးတွေကို သတ်ပြီး မင်းသမီးလေးကို အရကယ်မယ် ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လူစိမ်းတောင်ကို ရောက်လာတာပဲ ညီမလေး"

"သူ့ရဲ့ကောင်းကြီး ဝမ်ယုက သိပ်ပြီး သတ္တိရှိတာပဲနော် အစ်ကိုကြီး။ စစ်သည်တော်တွေ အလုံးအရင်းနဲ့ လာပြီး ဘီလူးကြီးတွေကို တိုက်တာတောင် မနိုင်ဘူးနော်၊ သူ့ရဲ့ကောင်းကြီး ဝမ်ယု တစ်ယောက်တည်းနဲ့ နိုင်ပါ့မလား"

“သူရဲကောင်းကြီး ဝမ်ယုက သတ္တိလဲ ကောင်းတယ်၊ ဉာဏ်လဲ ကောင်းတယ်၊ တိုက်ရည် ခိုက်ရည်လဲ ကောင်းတယ်။ ဘီလူးတွေကို နိုင်တာပေါ့ ညီမလေးရဲ့။ လွယ်လွယ်ကူကူတော့ ဘယ်နိုင်ပါ့မလဲ။ ဇွဲရှိရှိနဲ့ တိုက်လို့နိုင်တာ ညီမလေးရဲ့”

“သူရဲကောင်းကြီး ဝမ်ယုက ဘီလူးကြီးတွေကို ဘယ်လို တိုက်လို့ နိုင်တာလဲ အစ်ကိုကြီး....၊ မင်းသမီးလေးကိုကော ကယ်နိုင်သလား ဟင်”

“ညီမလေးကလဲ သိပ်ပြီး ဆန္ဒစောတာပဲ။ ပုံပြင်ကို ဆုံးအောင် နားထောင်မှပေါ့။ ကြိုသိနေတော့ ဘယ်ကောင်းပါ့မလဲ”

“တာ.... အစ်ကိုကြီးကလဲ ညီမလေးက မင်းသမီးလေးကို သနားလို့ပါ။ မင်းသမီးလေး ဒုက္ခတွေ အများကြီး ရောက်ခဲ့တာ”

ဝမ်လုံဖေး ပြန်ပြောမည် ပြုသည်။ ထိုစဉ် မြင်းလှည်းတစ်စီး ခြံထဲကို ဝင်လာသည်။ သူတို့နှင့် မလှမ်းမဝေးတွင် ရပ်သည်။ ထို့ကြောင့် သူက မြင်းလှည်းကို အကဲခတ် ကြည့်သည်။

မြင်းလှည်းက အမိုးအကာ ရှိသည်။ ပြတင်းပေါက်တွင် အပြာရောင် လိုက်ကာ ချထားသည်။ မြင်းလှည်းမောင်းသူမှာ လူထွားကြီးတစ်ယောက်ဖြစ်သည်။ ထိုလူကို ဝမ်လုံဖေး မမြင်ဖူးပါချေ။

“အစ်ကိုကြီးတို့အိမ်ကို ဘယ်က ဧည့်သည်လာသလဲ မသိဘူး”

လျူလုံချင်းကလည်း မြင်းလှည်းကို ကြည့်ရင်းပြောသည်။





မြင်းလှည်းမောင်းသမား လူထွားကြီး လှည်းပေါ်မှ ခုန်ဆင်းသည်။ လှည်းတံခါးကို ဆွဲဖွင့်သည်။ မြင်းလှည်းထဲမှ လူကြီးတစ်ယောက်ကို တွဲခေါ်သည်။ လူကြီး၏ ညာဘက်လက်က ပြတ်နေသည်။ ဝဲဘက်ခြေထောက်က တန်းလန်း ဖြစ်နေတာ ချိုင်းထောက်ဖြင့် ထောက်ထားရသည်။

ဝမ်လုံဖေးနှင့် လျူလုံချင်းတို့ နှစ်ယောက် ထိုလူကြီးကို မြင်သောအခါ အံ့သြ ဟုန်လှုပ်သွားကြသည်။

“ဟင်.... ဖေဖေ”

“အို.... ဦးကြီး”

နှစ်ယောက်စလုံး စိုးရိမ်ပူပန်စွာဖြင့် ထိုလူကြီးထံပြေးလာကြသည်။ ထိုလူကြီးကား ဝမ်လုံဖေး၏ ဖခင် ငါးမန်းမား ဝမ်ဝူကျောင်း ဖြစ်၏။

“ဘယ်လိုဖြစ်ရတာလဲ ဖေဖေရယ်”

ဝမ်လုံဖေး ဝမ်းပန်းတနည်းဖြင့် မေးသည်။ လက်တစ်ဖက်ပြတ် ခြေတစ်ဖက် သုံးမရ ဖြစ်သွားသော ဖခင်ကြီးကို ကြည့်ရင်း မျက်ရည်များ စီးကျလာသည်။

ဝမ်ဝူကျောင်းကမူ ဝမ်းနည်း ပူဆွေးခြင်း၊ အားငယ်ခြင်း အလျဉ်းမရှိချေ။ တည်ငြိမ်စွာဖြင့် သားကလေး ဝမ်လုံဖေးကို ကြည့်ကာ လေသံအေးအေးဖြင့် ပြောသည်။

“စိတ်မကောင်းဖြစ်တာတော့ ဖြစ်ပါ လူလေး။ ဒါပေမယ့် မျက်ရည် မကျနဲ့။ လူလေးကို ဖေဖေ ခဏခဏ ပြောခဲ့တာ မေ့သွားပြီလား။ ယောကျ်ားဆိုတာ စိတ်ဓာတ် ခိုင်မာရတယ်။ လောကဓံကို ရင်ဆိုင်ရဲရတယ်။ ဘယ်လိုပဲ ပူဆွေးစရာနဲ့ကြုံရ

ကြုံရ မျက်ရည် မကျရဘူး။ မျက်ရည်ကျတာဟာ ယောက်ျား အလုပ် မဟုတ်ဘူး။ စိတ်ဓာတ်ကို ပျော့ညံ့စေတတ်တယ်။ မငိုနဲ့ လူလေး မငိုနဲ့"

ဝမ်လုံဖေးလည်း မျက်ရည်ကို သုတ်လိုက်ပြီး....

"ဖေဖေ ခုလို ဖြစ်လာလို့ ကျွန်တော် သိပ်ပြီး ဝမ်းနည်း သွားတာပါ ဖေဖေ၊ ဖေဖေ့ကို ခုလို ဖြစ်အောင် လုပ်လိုက် တာ ဘယ်သူလဲ ဟင်"

"လူလေး ငယ်ပါသေးတယ်။ သိသင့် သိထိုက်တဲ့ အချိန် ရောက်ရင် ဖေဖေ ပြောပြပါ့မယ်။ ကဲ-ကဲ အိမ်ထဲကို သွား ကြရအောင်"

"ဖေဖေတို့ကို သမီး သွားပြောမယ်"

လျှုလုံချင်းကလေး ပြောပြီး လစန္ဒာစံအိမ်ဆီသို့ ပြေးသွား သည်။

ဝမ်ပူကျောင်းက မြင်းလှည်းမောင်းသမား လူထွားကြီးကို လှည့်ပြောသည်။

"လုခွေ.... မင်းသွားတော့၊ လောလောဆယ် တော်လှန် ရေးမှာ ငါ မပါနိုင်သေးပေမယ့် မင်းတို့တွေ ဆက်ပြီး ဆင်နွှဲ ပါ။ ရန်သူကို ဘယ်တော့မှ အညံ့မခံနဲ့၊ လက်နက် မချနဲ့၊ လှေခွက်ချည်းကျန် အလံမလဲစေနဲ့။ ကဲ.... သွားပေတော့"

မြင်းလှည်းမောင်းသမား လုခွေလည်း ဝမ်ပူကျောင်းအား အရိုအသေပေးပြီး မှာစကားအတိုင်း တော်လှန်ရေးကို ဆင်နွှဲ မည် ဖြစ်ကြောင်း ပြောကာ မြင်းလှည်းပေါ် ပြန်တက်၍ မောင်းထွက်သွားလေသည်။





ဝမ်ပူကျောင်းတို့ သားအဖလည်း အိမ်ကြီးထဲသို့ ဝင်လာ ကြသည်။

*

ညီမဖြစ်သူ 'ဝမ်လုချွန်း' လည်း အစ်ကို၏ အဖြစ်ကို မြင်ရ သောအခါ ဝမ်းပန်းတနည်း ငိုကြွေးသည်။ အစေခံများလည်း ပျာယာခတ်သွားကြသည်။

မကြာမီ လျှုချောင်းကျိတို့ ဇနီးမောင်နှံလည်း သမီးလေး လျှုလုံချင်းနှင့်အတူ ပျာပျာသလဲ ရောက်လာကြသည်။ အဖြစ် အပျက်ကို မေးမြန်းကြသည်။ ဝမ်ပူကျောင်းလည်း ကန်းပိုရွှေ့ ရှေ့တွင် အဖြစ်မှန် ပြောရန်မသင့်သဖြင့် လူဆိုးများနှင့် တိုက် ခိုက်ရာမှ ဒဏ်ရာရခဲ့ကြောင်း လိုးလွှဲ၍ ပြောလိုက်သည်။

နောက်တစ်နေ့ လျှုချောင်းကျိနှင့် နှစ်ယောက်တည်း တွေ့ တော့မှ ဝမ်ပူကျောင်းလည်း အဖြစ်မှန်ကို ပြောပြလိုက်လေ သည်။

ထိုအခါ လျှုချောင်းကျိက ဝမ်ပူကျောင်းအား သတိပေး သည်။

"တပ်မှူးကြီး ထုံးပဲစီးလည်း အတွင်းဒဏ်ရာ ရသွားတယ် ဆိုတော့ အစ်ကို့အပေါ် အခဲကျေမှာ မဟုတ်ဘူး။ အစ်ကို့ကို ထပ်ပြီး ဒုက္ခပေးမှာ သေချာတယ် အစ်ကို။ ဒီမြို့ကနေ ဘယ်ကိုမှ မသွားတော့ရင် ကောင်းမယ်"

ဝမ်ဝူကျောင်းက....

"တစ်နှစ် နှစ်နှစ်အတွင်း အစ်ကိုလည်း သွားသွားလာလာ လုပ်နိုင်ဦးမှာ မဟုတ်ပါဘူး ညီလေးရယ်။ အစ်ကိုရဲ့ ဘယ်ဘက်ခြေထောက်က သုံးလို့မရတော့ဘူး။ အကြောတွေ သေသွားပြီ၊ ရန်သူကို တိုက်တဲ့နေရာမှာ အစ်ကိုက ညာလက်ကိုပဲ အဓိကထားတာ၊ အခု ညာလက်မရှိတော့ဘူး။ ဘယ်လက်နဲ့ ပြန်ကျင့်ရဦးမယ်။ အနည်းဆုံး နှစ်နှစ် သုံးနှစ်တော့ ကျင့်ရလိမ့်မယ်"

"အင်း....အစ်ကိုလည်း ဒီလိုဖြစ်လာမှပဲ အိမ်မြဲတော့မှာပဲ။ နို့မို့ ကျွန်တော်တို့ ညီအစ်ကိုတွေ စကားဝဝ ပြောရတယ်ကို မရှိဘူး"

အားလုံးပင် ဝမ်ဝူကျောင်း ဒုက္ခိတဘဝ ရောက်သွားသည့်အတွက် များစွာ စိတ်မကောင်းဖြစ်ကြသော်လည်း အိုးမကွာ အိမ်မကွာ နေသွားရတော့မည် ဖြစ်သဖြင့် ဝမ်းသာကြသည်။

ဝမ်ဝူကျောင်း အိမ်ပြန်ရောက်ပြီး ဆယ့်နှစ်ရက်မြောက်မှာ ဘုရား မွေးနေ့ဖြစ်၏။

ကျင်းလိန် မြို့သူမြို့သား အားလုံးလိုလိုပင် မြို့အရှေ့ဘက်ရှိ ဘုံကျောင်းသို့ သွားရောက်ကာ ပူဇော် ကန်တော့ကြသည်။ ဘုံကျောင်းတွင် တစ်နေ့လုံးလိုလို ကြက်ပျံမကျ စည်ကားသည်။





လျူချောင်းကျိတို့ မိသားစုသုံးယောက်နှင့်အတူ ဝမ်လုံဖေးတို့ ဇနီးလည်း ဘုံကျောင်းဆီသို့ ပူဇော်ကန်တော့ရန် ရောက်လာကြသည်။ ဝမ်ဝူကျောင်းကမူ ကောင်းစွာ သွားလာနိုင်ခြင်း မရှိသဖြင့် အိမ်တွင် ကျန်ခဲ့သည်။

ဘုံကျောင်း ပတ်ဝန်းကျင်တွင် ဗေဒင်ဆရာများ၊ ပန်းသည်များ၊ အမွှေးတိုင် ဖယောင်းတိုင် ရောင်းသူများ၊ စားသောက်ဖွယ်ရာ ရောင်းသူများဖြင့် စည်ကားနေသည်။

ဘုံကျောင်း အပြင်ဘက်နှင့် အတွင်းဘက်တွင် လူတွေကြိတ်ကြိတ်တိုးနေကြသည်။ ဘုံကျောင်းထဲတွင် ဖယောင်းတိုင်များ၊ အမွှေးတိုင်များ ထွန်းညှိထားကြသည်။ ဖယောင်းတိုင်များကို စု၍ ထွန်းထားသဖြင့် အရှိန်အဟုန်ကောင်းသော မီးတောက်ကြီးများ ဖြစ်နေသည်။ အမွှေးတိုင်မှ မွှေးရနံ့များလည်း သင်းထုံ ကြိုင်လှိုင်နေသည်။

ပူဇော် ကန်တော့သူများက ဖယောင်းတိုင်၊ အမွှေးတိုင်များကို တိုးကြိတ်၍ ထွန်းညှိ ပူဇော်ကြသည်။ တိုးကြိတ်၍ ရှိခိုးကန်တော့ကြသည်။

လျူချောင်းကျိတို့လည်း ဘုံကျောင်းကြီးအတွင်းသို့ ရောက်လာကြသည်။ ဝမ်လုံဖေးနှင့် လျူလုံချင်းကလေးတို့က တစ်ယောက် လက်ကို တစ်ယောက် ဆွဲလာကြသည်၊ သူတို့၏ လက်တင်ဖက်စီတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များကို ကိုင်လာကြသည်။

နောက်မှ လျူချောင်းကျိ၊ ကန်းပိုရွှေ့နှင့် ဝမ်လု့ချွန်းတို့ ပါလာကြသည်၊ သူတို့အားလုံး လူများကို တိုးဝှေ့လျက်

ဘုရားဆောင်ဆီသို့ လာကြသည်။ ပျော်ရွှင်နေကြသော ဝမ်လုံဖေးနှင့် လျှုလုံချင်းကလေးတို့ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းထားသော ဘုရားဆောင်ဆီ ဦးဆုံး ရောက်လာကြသည်၊ လျှုချောင်းကျိုတို့တစ်တွေ အတော်လှမ်းလှမ်းတွင် ကျန်နေခဲ့ကြသည်။

လျှုလုံချင်းကလေးက ဦးစွာ ဘုရားမီးပူဇော်မည်ပြုသည်။ ထိုစဉ် လူတိုးခံရသဖြင့် လျှုလုံချင်းလည်း မီးတောက်လောင်နေသော ဖယောင်းတိုင်များဆီ ယိမ်းယိုင်သွားသည်။ ဖယောင်းတိုင် မီးတောက်က သူမ၏ အင်္ကျီလည်ပင်းကို မီးစွဲလောင်တော့သည်။

"အား.... အား"

လျှုလုံချင်းလည်း ပူလောင်ခြင်းဝေဒနာကို ခံစားရသဖြင့် အော်ညည်းသည်။ သူမ၏ အဖြစ်ကို မြင်ရသူများ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသကဲ့သို့ ကြက်သေလည်းသေသွားကြသည်။

ဝမ်လုံဖေးကလေးသည်း တုန်လှုပ်သွားကာ ကြက်သေသေသွားသေးသည်၊ သို့သော် သူက ဦးဆုံး သတိဝင်လာသည်၊

"ညီမလေး.... ညီမလေး"

သူက စိုးရိမ်တကြီးဖြင့် ခေါ်ရင်း စွေ့စွေ့ ခုန်နေသော လျှုလုံချင်းကလေး၏ အနီးသို့ ရောက်လာသည်။ အင်္ကျီကို စွဲလောင်နေသည့် မီးကို လက်နှစ်ဖက်ဖြင့် ရိုက်၍ ငြိမ်းသတ်သည်။ သူ့လက်နှစ်ဖက်စလုံး ပူလောင်ခြင်း ဝေဒနာ ခံစားရသော်လည်း နောက်မတွန့်ချေ။ လက်နှစ်ဖက်ဖြင့် ထရစ် ရိုက်၍ ငြိမ်းသတ်သည်။





မီးငြိမ်းသွားတော့မှ လျှုချောင်းကျိုတို့လည်း လူအုပ်ကို တိုးဝှေ့၍ အနီးသို့ ရောက်လာကြသည်။

"သမီးလေး.... သမီးလေး"

လျှုချောင်းကျိုတို့ ဇနီး မောင်နှံလည်း စိုးရိမ်တကြီးဖြင့် လျှုလုံချင်းကလေးကို ပွေ့ဖက်ကြသည်။ လည်ပင်းမှ မီးလောင်ဒဏ်ရာကို ကြည့်ကြသည်။ လျှုလုံချင်းကလေး၏ လည်ပင်းတွင် မီးလောင်ရာ ဖြစ်သွားသည်။

"သားလေး"

ဝမ်လုချွန်းလည်း ထိတ်ထိတ်ပျာပျာဖြင့် ဝမ်လုံဖေးကို ပွေ့ဖက်သည်။ ဝမ်လုံဖေး၌ လက်ဝါးနှစ်ဖက်စလုံး မီးလောင်ခံရသဖြင့် တဟူးဟူး မှုတ်နေသည်။

အသက် ငါးနှစ်ကျော်အရွယ်သာရှိသေးသည့် လျှုလုံချင်းကလေးလည်း ပူလောင်သောဝေဒနာကို ခံစားရသဖြင့် ငိုကြွေးနေသည်။

အားလုံးပင် စိတ်မချမ်းမြေ့စွာဖြင့် အိမ်ပြန်ခဲ့ကြရသည်။

ဝမ်လုံဖေးနှင့် လျှုလုံချင်းတို့၏ မီးလောင်ဒဏ်ရာကို ကုသကြသော်လည်း သေရာပါ အမာရွတ်တော့ ကျန်နေခဲ့ကြလေသည်။

*

## ၃။ မဖောက်ပြားသော်လည်း မှောက်မှား

ဝမ်လုံဖေးနှင့် လျူလုံချင်းတို့ မီးလောင်ဒဏ်ရာရကြသဖြင့် မိသားစု နှစ်စုစလုံး စိတ်မချမ်းမသာ ဖြစ်ကြရသည်။ သို့သော် ဒဏ်ရာက စိုးရိမ်စရာကောင်းလောက်အောင် မပြင်းထန်သဖြင့် ရက်ပိုင်းမျှသာ စိတ်မချမ်းမသာ ဖြစ်ကြရပြီး နောက်ပိုင်းတွင် မိသားစု နှစ်စု ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

ထိုအဖြစ်အပျက်ဖြစ်ပြီး ၈ လကျော်တွင် လျူချောင်းကျိတို့ သားအဖမှာ ကြမ္မာဂိုဟ်ဆိုးနှင့် တိုးကြရလေသည်။ ဇနီးဖြစ်သူ ကန်းပိုရွှေ၏ ဖောက်ပြားမှုကြောင့် ဖြစ်လေ၏။

လျူချောင်းကျိတွင် 'တိန်ယန်' ဆိုသော လူယုံ တပည့်တစ်ယောက် ရှိသည်။ ကန်းပိုရွှေထက် နှစ်နှစ်ခန့် ငယ်သည်။ ရုပ်ချောသည်။ အပြောကောင်းသည်။ ကန်းပိုရွှေက တိန်ယန်ကို ဂရုစိုက်ပေးသည်။ နောက်ပိုင်း ကန်းပိုရွှေနှင့် တိန်ယန်တို့ ရင်းရင်းနှီးနှီး နေလာကြသည်။

ဝမ်ဝူကျောင်းကမူ ကန်းပိုရွှေနှင့် တိန်ယန်တို့ ဤမျှ အရောတဝင် နေကြသည်ကို သဘောမတွေ့ချေ။ ထို့ကြောင့် လျူချောင်းကျိနှင့် နှစ်ယောက်တည်း ဆုံသောအခါ သတိပေးမိသေးသည်။

"ညီလေးလျူ.... ကန်းပိုရွှေနဲ့ တိန်ယန်တို့ ဆက်ဆံပုံက သာမန်ထက် ပိုပြီး ရင်းနှီးလွန်းတယ်လို့ အစ်ကို ထင်တယ်။





ဒီအတိုင်းသာ လွှတ်ထားရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်။ ညီလေးအနေနဲ့ ကန်းပိုရွှေ့ကို သတိပေးသင့်တယ်။ ထိန်ထိန်းသိမ်းသိမ်းနေဖို့ ပြောသင့်တယ်"

ထိုအခါ လျူချောင်းကျိက ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။

"ကန်းပိုရွှေ့ကို ဒီလို ပြောလိုက်ရင် သူ့ကို မယုံကြည်ရာ ရောက်သွားမှာပေါ့ အစ်ကိုရယ်။ သူ့ကို ကျွန်တော် အလိုလိုက်ပေမယ့် ကျွန်တော့်ကို သူ သိပ်ချစ်မှန်း ကျွန်တော် သိပါတယ်။ ကျွန်တော့်အပေါ် သစ္စာရှိပါတယ်။ သူနဲ့ တိန်ယန်က မောင်နှမ ရင်းခြာတွေလို ချစ်ကြတာပါ။ ပြီးတော့ တိန်ယန်က ကျွန်တော့်ကို ချစ်ကြောက်ရိုသေတဲ့ သစ္စာရှိ လူယုံပါ။ ကျွန်တော်နဲ့ စပြီး နေလာကတည်းက ဒီနေ့အထိ ကျွန်တော့် အကျိုး ပျက်ပြားမယ့် အလုပ်မျိုး တစ်ခါမှ မလုပ်ခဲ့သေးပါဘူး။ စိုးရိမ်စရာ မလိုပါဘူး အစ်ကိုရယ်"

"မီးဆိုတာ မလောင်ခင်က တားရတယ် ညီလေး။ ကန်းပိုရွှေ့နဲ့ တိန်ယန်တို့ မောင်နှမရင်းတွေလို ချစ်ကြတယ် ဆိုဦး။ သွေးသား တော်စပ်ကြတာ မဟုတ်ဘူး။ အနေနီးပါများရင် ဖောက်ပြားတတ်တာ ဓမ္မတာပဲ ညီလေး။ လွန်ပြီးမှ ဆိုရင် ဘာမှ လုပ်လို့ရတော့မှာ မဟုတ်ဘူး"

"အစ်ကို ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော် စိတ်ဆင်းရဲရမယ့် ကိစ္စမျိုး မဖြစ်စေချင်လို့ သတိပေးမှန်းလည်း နားလည်ပါတယ်။ ဒါပေမယ့် ကန်းပိုရွှေ့ဟာ ကျွန်တော့် မျက်နှာကို မထောက်တောင် သမီးလေး မျက်နှာကို

ထောက်ထားပြီး ဒီလို ဖောက်ပြန်တဲ့ အလုပ်မျိုးကို လုပ်မှာ မဟုတ်ပါဘူး။ သူက သမီးလေးကို သိပ်ချစ်တာ။ အစ်ကိုရဲ့"

လျှူချောင်းကျိုက ဇနီးသည်အပေါ် ယုံကြည်လွန်းနေသဖြင့် ဝမ်ဝူကျောင်းလည်း ထပ်မံ၍ သတိပေးစကား မပြောတော့ချေ။ လျှူချောင်းကျို၏ နောင်ရေးကိုသာ တွေး၍ ပူပန်နေမိသည်။

တစ်နေ့ လျှူချောင်းကျိုလည်း တိန်ယန်နှင့်အတူ ကုန်ရောင်းကုန်ဝယ်လုပ်ရန် ခရီးထွက်သွားသည်။ သူတို့သည် ဖုဖိန်မြို့ကို ရောက်တိုင်း သူဌေးကြီး လျောင်ပိန်စင်း၏ စံအိမ်၌ ဝင်၍ တည်းခိုတတ်ကြသည်။

သူဌေးကြီး လျောင်ပိန်စင်းနှင့် လျှူချောင်းကျို တို့သည် ခင်မင်ရင်းနှီးကြသူများ ဖြစ်၏။

သူဌေးကြီး လျောင်ပိန်စင်းမှာ အသက် ၅၀–ကျော်ပြီ ဖြစ်သော်လည်း သူ၏ ဇနီးမှာ အသက် ၂၀-ကျော် အရွယ်သာ ရှိသေးသည်။ ထို့ကြောင့် သူဌေးကြီး လျောင်ပိန်စင်းသည် ငယ်ငယ်ရွယ်ရွယ် ဇနီးကလေးအား များစွာ ချစ်မြတ်နိုးပြီး အလိုလိုက်သည်။

လျှူချောင်းကျိုနှင့် တိန်ယန်တို့ သူဌေးကြီး လျောင်ပိန်စင်း၏ စံအိမ်သို့ ရောက်သွားချိန်တွင် သူဌေးကြီး ခရီးထွက်သွားသဖြင့် စံအိမ်တွင် မရှိချေ။ သူဌေးကြီး၏ ဇနီးချောကလေး 'စွမ်းဖုန်' က ဆီးကြို ဧည့်ဝတ်ပြုသည်။

ညပိုင်းတွင် စွမ်းဖုန်က လျှူချောင်းကျိုတို့အား စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံသည်။ စံအိမ်ကြီး အပေါ်ထပ်ရှိ





သီးသန့်ဆောင်ကလေးထဲ၌ ကျွေးမွေးဧည့်ခံခြင်း ဖြစ်၏။ သူမလည်း လျှူချောင်းကျိုတို့နှင့်အတူ စားသောက်သည်။

လျှူချောင်းကျိုသည် အရက်ကြိုက်သူ ဖြစ်၍ တစ်ခွက်ပြီး တစ်ခွက် သောက်သည်။ စွမ်းဖုန်လည်း အရက်များများ သောက်သည်။ သူတို့နှစ်ယောက် စကားများများလည်း ပြောဖြစ်ကြသည်။

တိန်ယန်က စကားတစ်ခွန်းစ နှစ်ခွန်းစသာ ဝင်ပြောတတ်သည်။ အရက်ကို နည်းနည်းပါးပါးသာ သောက်သည်။ လျှူချောင်းကျိုနှင့် စွမ်းဖုန်တို့ကို ကြည့်ရင်း အကြံထုတ်နေသည်။

*

မကြာမီ သူဌေးကြီး လျောင်ပိန်စင်း၏ ဘဏ္ဍာစိုးကြီး ရောက်လာသည်။ သူ့လက်ထဲ၌ ငွေရောင်သေတ္တာလေး တစ်လုံးလည်း ပါလာသည်။ သူက သေတ္တာလေးကို စွမ်းဖုန်ရှေ့တွင် အသာချရင်း ပြောသည်။

"သခင်မလေး အလိုရှိတဲ့ လက်ဝတ်ရတနာတွေပါပဲ"

"ထားခဲ့လေ"

စွမ်းဖုန် ပြန်ပြောတော့ ဘဏ္ဍာစိုးကြီးလည်း ပြန်ထွက်သွားသည်။

စွမ်းဖုန်က ငွေသေတ္တာလေး အဖုံးကို ဖွင့်လိုက်သည်။ သေတ္တာလေးနှင့် အပြည့် လက်ဝတ်ရတနာများကို လျှုချောင်းကျိကော တိန်ယန့်ပါ တွေ့မြင်ရသည်။ ရွှေ ငွေ ကျောက်သံ ပတ္တမြားများ၏ အရောင်က ဝင်းဝင်းလက်နေသည်။

စွမ်းဖုန်က ပတ္တမြားလည်ဆွဲ တစ်ကုံးကို မြှောက်ကိုင်ပြရင်း လျှုချောင်းကျိကို ပြောသည်။

"ဒီလက်ဝတ်ရတနာတွေကို ကျွန်မ ဝတ်ခဲ့တာ ကြာပါပြီ။ ကျွန်မအတွက် ပုံရိုးသွားလို့ မဝတ်ချင်တော့ဘူး။ ဒီလက်ဝတ်ရတနာတွေကို ရောင်းပြီး အသစ်ဝယ်ဝတ်မယ်လို့ စိတ်ကူးတယ်။ ရှင်က လက်ဝတ်ရတနာတွေကိုလည်း အရောင်းအဝယ် လုပ်နေတယ်ဆိုတော့ တန်ရာတန်ကြေး ပေးပြီး ဝယ်မယ်ဆိုရင် ကျွန်မ ရောင်းချင်တယ်။ ဘယ့်နှယ်လဲ"

လျှုချောင်းကျိက စွမ်းဖုန်လက်ထဲမှ ပတ္တမြားလည်ဆွဲကို ယူကြည့်သည်။ ပြီးမှ....

"ကျွန်တော် စိတ်ဝင်စားပါတယ်။ ခန့်မှန်းခြေ တန်ဖိုး ဘယ်လောက်လောက် ရှိမလဲ"

စွမ်းဖုန် စဉ်းစားလိုက်ပြီးမှ....

"အင်း....သုံးသိန်းကျော် လေးသိန်းဖိုးလောက်တော့ ရှိလိမ့်မယ် ထင်တယ်။ ရှင်ကြည့်ပြီး ဈေးဖြတ်ပါ။ ရှင့်ကို ကျွန်မ ယုံပါတယ်"





တိန်ယန်က လက်ဝတ်ရတနာများကို လိုချင်လောဘစိတ်ဖြင့် ကြည့်ကာ အကြံထုတ်နေသည်။

သူနှင့် ကန်းပိုရှေ့တို့နှစ်ယောက် ငြိစွန်းနေကြပြီ ဖြစ်၏။ မည်သူမှ မသိအောင် ဆိတ်ကွယ်ရာ၌ ဖောက်ပြန်နေသည်မှာ သုံးလကျော် ရှိနေပြီ ဖြစ်၏။ သူသည် ကန်းပိုရှေ့အား စွဲလမ်းနေပြီ ဖြစ်၏။ ကန်းပိုရှေ့ကို လျှုချောင်းကျိနှင့် ဝေးရာသို့ ခေါ်သွားပြီး အတူနေလိုသော စိတ်ဆန္ဒ ရှိနေသည်။

ကန်းပိုရှေ့လည်း တိန်ယန်နှင့် လိုက်နေလိုသော ဆန္ဒရှိ၏။ သို့သော် သူမက စတင် ဖောက်ပြားပြီး နောက်ယောကျ်ားယူသွားသည်ဆိုသော နာမည်ဆိုးရမည်ကိုတော့ မလိုလားချေ။ လျှုချောင်းကျိအား နာမည်ပျက်အောင် ဦးစွာလုပ်ပြီးမှထွက်လိုသည်။ ထို့ကြောင့် တိန်ယန်အား ကြံစည်ခိုင်းထားသည်။

တိန်ယန်ကလည်း လျှုချောင်းကျိအား နာမည် ဖျက်ရန် ကြံစည်ခဲ့သည်။ အခွင့်အလမ်းကို စောင့်ကြည့်ခဲ့သည်။

ယခုအခါ ဤအခွင့်အလမ်းကို ရပြီဟု တိန်ယန် တွေးမိသည်။ သူ့အိတ်ထဲ၌ အသင့် ဆောင်ထားသော ဆေးပုလင်းလေးကို လက်ဖြင့် စမ်းမိသည်။

ထိုစဉ် လျှုချောင်းကျိက ကျောက်မျက်ရတနာစီခြယ်ထားသော ကျောက်စိမ်းဆံထိုးလေးတစ်ခုကို ထပ်ယူကြည့်ပြီး စွမ်းဖုန်ကို ပြောသည်။

"မီးရောင် အားနည်းနေတယ်။ မီးလင်းလင်းနဲ့ ကြည့်ရမှ တန်ဖိုးမှန်ကို ဈေးဖြတ်လို့ရမှာ၊ မနက်ပြန်မှပဲ လင်းလင်းချင်းချင်း ကြည့်မယ်လေ"

"အခုပဲ ကြည့်ပါ၊ ဒီညပဲ ဈေးဖြတ်ပါ၊ ကျွန်မ သိချင်လို့ပါ။ ဟိုဘက် စားပွဲမှာ ရှင်းရှင်းလင်းလင်း သွားကြည့်ပေါ့လေ၊ ကျွန်မ စီစဉ်ပေးမယ်"

စွမ်းဖုန် ပြောပြီး သေတ္တာကလေးကို ယူကာ လျှုချောင်းကျိအား မလှမ်းမဝေး၍ စားပွဲလေးဆီ ခေါ်သွားသည်။ ထိုစားပွဲပေါ်ရှိ မှန်အိမ်ကြီးကို ထွန်းညှိလိုက်သည်၊ စားပွဲပတ်ဝန်းကျင်၌ ထိန်လင်းသွားသည်။

လျှုချောင်းကျိက မီးရောင်တွင် လက်ဝတ်ရတနာများကို တစ်ခုချင်း သေသေချာချာယူကြည့်သည်၊ စွမ်းဖုန်လည်း ရတနာများဆီ အာရုံရောက်နေသည်။

ထိုစဉ် စားသောက်စားပွဲ၌ ကျန်နေခဲ့သော တိန်ယန်က အိတ်ထဲမှ ဆေးပုလင်းလေးကို မသိမသာ ထုတ်ယူသည်။ ပုလင်းလေးထဲမှ အနီရောင်ဆေးလုံးလေး နှစ်လုံးကို ထုတ်ယူသည်။ လျှုချောင်းကျိနှင့် စွမ်းဖုန်တို့၏ အရက်ခွက် ထဲသို့ ဆေးလုံးတစ်လုံးစီ ထည့်လိုက်သည်။

သူ၏ လုပ်ရပ်ကို မည်သူမှ မမြင်လိုက်ကြချေ။

တိန်ယန်လည်း အကြံအောင်တော့မည် ဖြစ်သဖြင့် ကြိတ်၍ ဝမ်းသာနေသည်။ ဟန်မပျက် တို့ကနန်း ဆိတ်ကနန်း စားသောက်ရင်း လျှုချောင်းကျိနှင့် စွမ်းဖုန်တို့ကို အကဲခတ်ကြည့်နေသည်။

*





မကြာမီ လျှုချောင်းကျိလည်း လက်ဝတ် ရတနာများအားလုံးကို ကြည့်ပြီးသွားသည်။ လက်ဝတ် ရတနာများကို သေတ္တာလေးထဲ ပြန်ထည့်ရင်း စွမ်းဖုန်ကို ပြောသည်၊

"ဟုတ်တယ်.... ကာလတန်ဖိုး လေးသိန်းနီးပါး တန်ဖိုးရှိတယ်။ ကျွန်တော် မနက်ဖြန် တစ်ခေါက် ထပ်ကြည့်ပြီးရင် ဈေး အတိအကျ တွက်ပါ့မယ်။ ဒီ လက်ဝတ် ရတနာတွေကို ကျွန်တော်ပဲ ဝယ်ပါ့မယ်၊ ဒါပေမယ့် အခု ကျွန်တော်နဲ့ ဒီလောက် ငွေများများစားစားတော့ ပါမလာသေးဘူး"

"ကိစ္စမရှိပါဘူး။ မယုံရတဲ့ လူတွေမှ မဟုတ်တဲ။ ပေးနိုင်သလောက်ပဲ ပေးခဲ့ပြီး ယူသွားပေါ့။ နောက်တစ်ခေါက်လာမှ ရှင်းပေးပေါ့၊ ဖြစ်ပါတယ်"

နှစ်ယောက်သား စကားပြောရင်း စားသောက် စားပွဲဆီ ပြန်လာကြသည်၊ မူလနေရာတွင် ပြန်ထိုင်ကြသည်၊

လျှုချောင်းကျိလည်း ထိုင်လျှင် ထိုင်ချင်းပင် သူ၏ အရက်ခွက်ကို ယူပြီး တစ်ရှိန်ထိုး မော့သောက်လိုက်သည်၊ စွမ်းဖုန်လည်း ရတနာသေတ္တာလေးကို သူမ ရှေ့တွင်ချပြီး သူမ၏ အရက်ခွက်ကို ယူသောက်လိုက်သည်။

တိန်ယန်လည်း ဆေးခတ်ထားသည့်အရက်ကို လျှုချောင်းကျိနှင့် စွမ်းဖုန်တို့ နှစ်ယောက်စလုံး သောက်လိုက်ကြသဖြင့် လွန်စွာ ဝမ်းသာသွားကြသည်၊ သူ၏ အကြံအစည် သေချာပေါက် အောင်မြင်တော့မည် ဖြစ်၏။ သူက ငှက်ခြေဆယ်လိုက်ပြီး လျှုချောင်းကျိကို ပြောသည်၊

"ဆရာ.... ကျွန်တော်တော့ သိပ်အိပ်ချင်နေပြီ။ သွားအိပ်တော့မယ်၊ ဆရာတို့ စကားပြောချင် ပြောကြဦးပေါ့"

လျှုချောင်းကျိုကလည်း သွားခွင့်ပြုသည်။ တိန်ယန် သီးသန့်ခန်းထဲမှ ခပ်သွက်သွက် ထွက်သွားသည်။

လျှုချောင်းကျိုနှင့် စွမ်းဖုန်တို့လည်း ရောက်တတ်ရာရာ စကားများကို ပြောရင်း စားသောက်ကြသည်။ မကြာခင်မှာပင် သူတို့ နှစ်ယောက်စလုံး စိတ်လှုပ်ရှားလာကြသည်။ ထိန်းချုပ်၍ မရလောက်အောင် သွေးသားဆန္ဒ တောင့်တလာကြသည်။

တိန်ယန်၏ ဆေးစွမ်းပြလာခြင်း ဖြစ်၏။

တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း အသက်ပြင်းပြင်း ရှုနေမိ၏။

ဘာကိုမှ သတိမရကြတော့၊ ဘာကိုမှ ဂရုမစိုက်နိုင်ကြတော့။ ဆင်ခြင်မှုတရား ကင်းသွားသည်၊ လွန်ကျူးမိကြသည်၊

အိပ်မော ကျသွားကြသည်၊

အခန်းထဲသို့ တိန်ယန် ပြန်ဝင်လာပြီး တစ်ဦးနှင့် တစ်ဦး ဖက်၍ အိပ်ပျော်နေသော လျှုချောင်းကျိုနှင့် စွမ်းဖုန်တို့ကို ပြုံး၍ တစ်ချက်ကြည့်သည်၊ ထို့နောက် သေတ္တာလေးထဲမှ လက်ဝတ်ရတနာများကို အိတ်ကလေးတစ်လုံးထဲသို့ ထည့်သည်၊ ရတနာအိတ်ကို ရင်ဖုံးအင်္ကျီထဲထည့်ကာ အခန်းထဲမှ ပြန်ထွက်သွားသည်။

လျှုချောင်းကျို အိပ်ရာမှနိုးလာတော့ မိုးလင်းနေပြီ ဖြစ်၏။ သူ့ဘေးတွင် အဝတ်မလုံမလဲဖြင့် အိပ်ပျော်နေသော စွမ်းဖုန်





ကို တွေ့သောအခါ ညက အဖြစ်အပျက်ကို သတိရပြီး တုန်လှုပ်ချောက်ချားသွားသည်၊ ရှက်လည်း ရှက်မိသည်။ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင်လည်း ဖြစ်မိသည်၊

သူသည် စွမ်းဖုန်နှင့် မျက်နှာချင်း မဆိုင်ရဲတော့ချေ။ စွမ်းဖုန် နိုးလာသည်အထိ သူ မနေရဲချေ။

သူက အခန်းထဲမှ ကတိုက်ကရိုက် ထွက်ခဲ့သည်၊ အောက်ထပ်ကို ဆင်းခဲ့သည်။ စည့်ခန်းထဲ၌ ဣန္ဒြေမပျက် ထိုင်နေသော တိန်ယန်ကို တွေ့သဖြင့် ခုချက်ချင်း ခရီးဆက်မည် ဖြစ်ကြောင်း ပြောပြီး အထုပ်အပိုးများကို ယူစေသည်၊

လျှုချောင်းကျိုသည် ဘဏ္ဍာစိုးကြီးကိုသာ မလုံမလဲဖြင့် နှုတ်ဆက်၍ သူဌေးကြီး လျောင်ပိန်စင်း၏ စံအိမ်မှ တိန်ယန်နှင့်အတူ ကတိုက်ကရိုက် ထွက်လာခဲ့လေသည်။

သူသည် စိတ်အနှောင့်အယှက် ဖြစ်သွားသဖြင့် ရှေ့ခရီးကိုပင် မဆက်တော့ဘဲ ကျင်းလိန်မြို့ဆီသို့ ပြန်လာခဲ့သည်။

လျှုချောင်းကျိုသည် မဟုတ်မဟပ် အလုပ်မျိုးကို လုပ်ခဲ့ဖူးသူ မဟုတ်သဖြင့် ယခုလို လုပ်မိသော စိတ်ထဲ၌ မလုံမလဲ ဖြစ်နေမိသည်၊ ဣန္ဒြေမပျက်အောင် နေနေသော်လည်း သူ၏ အမူအရာက ခါတိုင်းနှင့် မတူဘဲ ထူးခြားနေသည်၊

သူက သူ၏ အမှားကို ဇနီးဖြစ်သူအား ဖွင့်ပြောလိုက်ရကောင်းလေမည်လားဟု တွေးမိသေးသည်၊ သို့သော် သူ့အတွေးကို ချက်ချင်းပင် ပြန်၍ ချေဖျက်လိုက်သည်၊

သူ၏ စိတ်များ ထူးထူးခြားခြား ဖောက်ပြန်မိသဖြင့် စွမ်းဖုန်နှင့် လွန်ကျူးမိခြင်း ဖြစ်၏။ စွမ်းဖုန်ကလည်း မိမိ

နည်းတူ စိတ်ဖောက်ပြန်သွားပုံ ရသည်။ မိမိတို့ သိုလိုလားလား ရှိသည်။

မိမိသည် ဤကဲ့သို့ ဖောက်ပြန်လိုသော စိတ်မျိုး တစ်ခါမှ မရှိဖူးချေ။ ကာမရာဂစိတ်လည်း နည်းပါးသူ ဖြစ်၏။ ဤသို့ ဖြစ်ရခြင်းမှာ ပယောဂ တစ်ခုခုကြောင့် ဖြစ်လိမ့်မည်။

သို့သော် ဇနီးဖြစ်သူ ကန်းပိုရွှေ့ကမူ မိမိစကားကို ယုံကြည် လက်ခံလိမ့်မည် မဟုတ်ချေ။ မိမိအပေါ် များစွာ အထင်သေး သွားပေလိမ့်မည်၊ ပြစ်တင် ရှုတ်ချခြင်း ပြုပေလိမ့်မည်။

ထို့ကြောင့် လျှုချောင်းကျိုလည်း ဇနီးဖြစ်သူအား ဖွင့်ဟ ဝန်ခံပြောဆိုခြင်း မရှိတော့ဘဲ ဖုံးကွယ်ထားလိုက်သည်။

သို့သော် ကန်းပိုရွှေ့ကမူ တိန်ယန်ထံမှ အဖြစ်အပျက် အကျိုးအကြောင်းကို သိထားပြီ ဖြစ်၏။ မသိချင်ယောင်ဆောင် ကာ လူသိသာမည့် အချိန်ကို စောင့်နေလိုက်သည်။

*



## ၄။ တရားခံမဟုတ်သော တရားခံ

လျှုချောင်းကျိုသည် စွမ်းဖုန်နှင့် ဖြစ်ခဲ့သောကိစ္စကို ဝမ်ဝူကျောင်းအား ပြောပြသင့်မသင့် စဉ်းစားသည်။ ဝမ်ဝူကျောင်း ကိုတော့ ပြောပြသင့်သည်ဟု ယူဆသည်။

ဝမ်ဝူကျောင်းသည် သူ့ထက် အသက်ကြီးသည်။ အတွေ့ အကြုံလည်း ရင့်ကျက်သည်။ စဉ်းစား ချင့်ချိန်နိုင်စွမ်းလည်းရှိ သည်။ သူ့အတွက် ဝမ်ဝူကျောင်းထံမှ အကြံကောင်း ဉာဏ် ကောင်းများ ရနိုင်မည် ဖြစ်၏။

သူသည် ဝမ်ဝူကျောင်းနှင့် နှစ်ယောက်တည်းတွေ့ရန်အကွက် ချောင်းနေသော်လည်း သူပြန်ရောက်လာသည့်နေ့ တစ်နေ့လုံး အခွင့်အရေး မရချေ။ ဝမ်ဝူကျောင်း၏အနီးတွင် ဝမ်လိုပေး နှင့် လျှုလုံချင်းတို့ ရှိနေသောကြောင့် ဖြစ်၏။

ဝမ်ဝူကျောင်းက သားဖြစ်သူ ဝမ်လိုပေးအား နှုတ်တိုက် ဖြင့် သိုင်းပညာ သင်ပေးနေသည်။ အနီးတွင် လျှုလုံချင်း ကလေးက ထိုင်၍ ကြည့်နေသည်။

ထို့ကြောင့် ထိုနေ့က ဤကိစ္စကို ဝမ်ဝူကျောင်းအား မပြော ဖြစ်ချေ။

နောက်တစ်နေ့တွင် လျှုချောင်းကျို ဖွင့်ဟ မပြောဘဲနှင့် ဤအကြောင်းကို စံအိမ်နှစ်အိမ်လုံးမှ လူများသာမက ကျင်း လိန် တစ်မြို့လုံးရှိ လူများ သိသွားကြလေတော့၏။

သူဌေးကြီး လျောင်ပိန်စင်း၏ ဘဏ္ဍာစိုးကြီးနှင့်အတူ ကျင်းလိန် မြို့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ လစန္ဒာစံအိမ်သို့ ရောက်လာကြသည်။ ဘဏ္ဍာစိုးကြီးက သူဌေးကြီး၏ဇနီး စွမ်းဖုန်အား လျှုချောင်းကျိုက အစမ္မ ကျင့်ကြံပြီး စွမ်းဖုန်၏ လက်ဝတ်ရတနာ လေးသိန်းဖိုးခန့်ကို ခိုးယူသွားကြောင်း စွပ်စွဲသည်၊

လျှုချောင်းကျိုလည်း မျက်နှာပျက်သွားသည်။ မခံချင်လည်း ဖြစ်သွားသည်။ အဖြစ်မှန်ကို ဖွင့်ဟ၍ ပြောရတော့၏။

မိမိနှင့် စွမ်းဖုန်တို့ နှစ်ဦးသဘောတူ မှားခဲ့မိခြင်းသာဖြစ်ကြောင်း၊ လက်ဝတ်ရတနာများကိုမူ တစ်ခုတစ်လေမျှပင် ယူမလာခဲ့ကြောင်း၊ မိမိသည်လည်း ငွေကြေးဥစ္စာ ပြည့်စုံသူဖြစ်၍ ဤကဲ့သို့ ခိုးဝှက်ခြင်း အလုပ်ကို မည်သည့်အခါမှ မလုပ်ကြောင်း ပြန်ရှင်းသည်။

သို့သော် သူ၏ စကားကို မည်သူမှ လက်မခံချေ။ မယုံကြည်ကြချေ။ ဘဏ္ဍာစိုးကြီးက ခံပြင်း ဒေါသဖြင့်ပြောသည်၊

"သခင်မလေး ကိုယ်တိုင် သူ့ကို မင်းက အစမ္မ ပြုကျင့်သွားတယ်လို့ ပြောတယ်၊ မင်းက နှစ်ဦးသဘောတူ ဖြစ်တာပါလို့ ပြောတယ်။ သခင်မလေးကိုယ်တိုင် သဘောတူမှတော့ ဒီအကြောင်းကို အရှက်ကွဲခံပြီး ဖွင့်ပြောပါ့မလား။ ဘယ်သူမှ မပြောဘဲ နေလိုက်မှာပေါ့။ မင်းယူသွားတဲ့ လက်ဝတ်ရတနာတွေကိုပဲ ပြန်ပေးပါ"

"လက်ဝတ်ရတနာ တစ်ခုမှ ကျွန်တော် မယူဘူး၊ ဘယ်လိုလုပ် ပြန်ပေးမလဲ"





"မင်း မယူရင် ဘယ်သူ ယူမှာလဲ၊ ဒီလက်ဝတ်ရတနာတွေကို ညဘက်က မင်းပဲကြည့်တယ်။ ပြီးတော့ မင်းက သခင်မလေးကို အိပ်ဆေးခတ်ပြီး အစမ္မ ပြုကျင့်တယ်။ သခင်မလေး မနိုးခင် လက်ဝတ်ရတနာတွေကို ယူပြီး အိမ်က ကတိုက်ကရိုက် ထွက်သွားတယ်။ ဒီတုန်းက မင်း မျက်စိပျက် မျက်နှာပျက် ဖြစ်နေတာ ငါ သတိထားမိသား။ ပြန်းစားကြီး ဘာဖြစ်လို့ အိမ်က ထွက်သွားတယ်ဆိုတာ ငါ စဉ်းစားမရဘူး။ သခင်မလေး နိုးလာတော့မှပဲ အကြောင်းစုံ သိရတော့တယ်။ တောက် မင်း တော်တော် သစ္စာမဲ့တဲ့ကောင်၊ ယုတ်မာတဲ့ကောင်၊ သခင်ကြီးက မင်းအပေါ် သိပ်ပြီး ကောင်းရှာတယ်၊ သူ့အိမ်မှာ မင်း လာတည်းတိုင်း လိုလေသေး မရှိအောင် ဧည့်ဝတ်ကျေတယ်။ သခင်ကြီးရဲ့ မျက်နှာကိုမှ မထောက်၊ မင်းလုပ်ရတယ်"

"စွမ်းဖုန်ကို ကျွန်တော် အစမ္မလည်း မကျင့်ဘူး၊ လက်ဝတ်ရတနာတွေကိုလည်း မယူဘူး"

"တော်ပြီ.... မင်းငြင်းနေလို့လည်း အပိုပဲ။ သခင်မလေး အတွက် ဒီလက်ဝတ်ရတနာလောက် ဆုံးရှုံးတာကို မမှုပါဘူး။ ပြန်မပေးချင်လည်း နေ၊ မင်းရဲ့ ယုတ်ကန်းမှုကို လူတွေသိကုန်ရင် ကျေနပ်ပြီလို့ သခင်မလေးက ပြောလိုက်တယ်။ ဒါမှ မင်းကို လူတွေက ဝေးဝေးရှောင်ကြမှာ ကြဉ်ကြမှာ"

ဘဏ္ဍာစိုးကြီး ဒေါသတကြီးဖြင့် ပြောပြီး လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့်အတူ ပြန်သွားသည်။ ယခင်က လျှုချောင်းကျိုအား လေးလေးစားစား ဆက်ဆံခဲ့ကြ[illegible] လုံခြုံရေးတပ်ဖွဲ့

ဝင်များလည်း ယခုမှ အထင်သေးသော အကြည့်၊ စက်ဆုပ်ရွံရှာသော အကြည့်များဖြင့် ကြည့်သွားကြသည်။

*

ကန်းပိုရွေ့က တစ်စခန်း ထလာပြန်သည်။ လျှူချောင်းကျိအား သစ္စာမဲ့သူ၊ ယုတ်မာသူ အဖြစ် ရန်တွေသည်၊ လျှူချောင်းကျိလို လူမျိုးနှင့် မပေါင်းနိုင်တော့ကြောင်း ပြောပြီး ဤ...၏ ဥစ္စာပစ္စည်းများကို ထည့်သို့ ထုပ်ပိုးသည်။ လျှူချောင်းပြန်ကျိက အမျိုးမျိုးရှင်းပြကာ တောင်းပန်သော်လည်း လက်မခံ အိမ်ပေါ်မှ ဆင်းသွားတော့သည်။

ကြူ လျှူချောင်းကျိမှာလည်း ရှက်ဒေါသ ဖြစ်ရသည်။ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရသည်။ မိမိ၏ဘဝ ပျက်ပြီဟု နားလည်လိုက်သည်။

ဝမ်ဂူကျောင်းလည်း ချိုင်းထောက်ဖြင့် ရောက်လာသည်၊ အဖြစ်အပျက် အကျိုးအကြောင်းကို မေးသည်။ လျှူချောင်းကျိက ဖြစ်ပျက်ပုံ အလုံးစုံကို အမှန်အတိုင်း ပြောပြလိုက်သည်၊

"ဒီအကြောင်းကို ကျွန်တော် ပြန်ရောက် လာလာချင်း အစ်ကို့ကို ဖွင့်ပြောပြီး တိုင်ပင်လို့ ပါပဲ။ ဒါပေမယ့် မနေ့က အစ်ကိုနဲ့ နှစ်ယောက်တည်း တွေ့ခွင့်မရတာနဲ့ မပြောဖြစ်ဘူး၊





ကျွန်တော် အဓမ္မ ပြုကျင့်တာ မဟုတ်ပါဘူး အစ်ကို။ ကျွန်တော့် စိတ်တွေ ထိန်းချုပ်လို့ မရအောင် ဖြစ်လာတယ်။ ရာဂစိတ်တွေ မပေါ်စဖူး ပေါ်လာတယ်။ သတိလက်လွှတ်ဖြစ်သွားတယ်၊ စွမ်းဖုန့်လဲ ဒီလိုဖြစ်တာပဲ။ ဒါကြောင့် ကျွန်တော်တို့ နှစ်ယောက် စိတ်တူ သဘောတူ မှားမိတာပါ၊ ကျွန်တော် အိပ်ရာက နိုးလာတော့ စွမ်းဖုန် မနိုးသေးဘူး။ သူ့ကို ကျွန်တော် မျက်နှာချင်းဆိုင်ဖို့ ခက်တာနဲ့ သူ မနိုးခင် ထွက်လာမိတာပါ။ လက်ဝတ် ရတနာတွေကို ကျွန်တော် မယူခဲ့ပါဘူး အစ်ကိုရယ်။ ကျွန်တော် စိတ်တွေ ထူပူနေလို့ လက်ဝတ်ရတနာတွေကိုတောင် မေ့နေတာပါ"

လျှူချောင်းကျိ တုန်ယင်စွာ ရှင်းပြတော့ ဝမ်ဂူကျောင်း စိတ်မချမ်းမြေ့စွာ သက်ပြင်းချ၍ ပြန်ပြောသည်။

"အင်း..... ညီလေးနဲ့ အစ်ကိုတို့ဟာ လူမှန်းသိတတ်စအရွယ်ကတည်းက အတူတူနေခဲ့ကြတာပါ၊ အစ်ကို့ရဲ့စိတ်ဓာတ်ကို ညီလေး အသိဆုံးဖြစ်သလို၊ ညီလေးရဲ့ စိတ်ဓာတ် ကိုလည်း အစ်ကို အသိဆုံးပါ၊ ညီလေးပြောတာ အမှန်တွေချည်းပဲ ဆိုတာ အစ်ကို ယုံကြည်တယ်။ ညီလေးဟာ သစ္စာ မမဲ့ဘူး၊ မဖောက်ပြန်တတ်ဘူး ဆိုတာ အစ်ကို သိတယ်။ ဒီကိစ္စမှာ ညီလေး ဘာကြောင့် ခုလို ဖြစ်ရတယ်ဆိုတာ အဖြေရှာရမယ်။ ညီလေးရဲ့ ပင်ကိုယ်စိတ်က ဖောက်ပြန်တတ်တာ မဟုတ်တော့ ညီလေး ခုလို ဖောက်ပြန်တာဟာ ပယောဂ တစ်ခုခုကြောင့်ပဲ ဖြစ်လိမ့်မယ်"

လျှူချောင်းကျိ တွေသွားပြီးမှ....

"ဘယ်လို ပယောဂမျိုးလဲ အစ်ကို"

"ဒီ ဖောက်ပြန်တဲ့စိတ်မျိုး ပေါ်လာအောင် ညီလေးအနေနဲ့ ဆေးငွေ့ ရှူမိချင်လဲ မိမယ်။ ဒါမှမဟုတ် ဒီလို ဆေးမျိုး ခတ်ထားတဲ့ အရက်ကို သောက်မိချင်လဲ မိမယ်။ ညီလေး စဉ်းစားကြည့်စမ်း"

လျှုချောင်းကျိ မျက်မှောင်ကြုံ့၍ စဉ်းစားသည်။ စဉ်းစားပြီးမှ ပြောသည်။

"စွမ်းဖုန်လဲ ကျွန်တော့်လိုပဲ စိတ်ဖောက်ပြန်တာပဲ အစ်ကို၊ သူသာ ဆန္ဒမရှိရင် ကျွန်တော် ဘယ်လောက်ပဲ ဖောက်ပြန် ဖောက်ပြန် ခုလို ဖြစ်မှာ မဟုတ်ဘူး၊ ဒါဆို သူလဲ ကျွန်တော့်လိုပဲ ဆေးမိတာပဲ ဖြစ်မယ်။ ဒါဆို ဒီဆေးကို ဘယ်သူခတ်တာလဲ၊ စွမ်းဖုန် ကိုယ်တိုင်ပဲ ခတ်တာလား"

"စွမ်းဖုန်တော့ မဖြစ်နိုင်ဘူး ညီလေး။ သူကိုယ်တိုင် ကြံစည်တယ် ဆိုရင် ဘယ်သူမှ မသိအောင် ဖုံးကွယ်ထားမှာပဲ"

"လက်ဝတ်ရတနာတွေကို ကျွန်တော် ကြည့်နေတုန်းကတော့ ဖောက်ပြန်တဲ့စိတ် မပေါ်သေးဘူး။ အရက်ပြန်သောက်ရင်းနဲ့ ဖောက်ပြန်တဲ့စိတ် ပေါ်လာတာ"

"အဲဒီ အခန်းထဲမှာ ညီလေးရယ်၊ စွမ်းဖုန်ရယ်၊ တိန်ယန်ရယ်ပဲ ရှိသလား။ တခြား ဘယ်သူ ရှိသေးသလဲ"

"တခြား ဘယ်သူမှ မရှိဘူး အစ်ကို။ ကျွန်တော်တို့ သုံးယောက်ပဲ ရှိတာ"

"ဒါဆို ညီလေးတို့ နှစ်ယောက်ကို ဆေးခတ်တာ တိန်ယန်ပဲ ဖြစ်လိမ့်မယ်။ လက်ဝတ်ရတနာတွေကို ခိုးတာလဲ ဒီကောင်ပဲ ဖြစ်မှာပဲ။ ဟုတ်တယ်။ ဒီကောင်ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး"

လျှုချောင်းကျိ တွေဝေသွားပြီးမှ....

"ဟုတ်ပါ့မလား အစ်ကို။ တိန်ယန်က ကျွန်တော့် အကျိုးပျက်အောင် တစ်ခါမှ လုပ်ဖူးတာ မဟုတ်ဘူး။ ကျွန်တော့်အပေါ် အများကြီး သစ္စာရှိခဲ့တာပါ"

"ညီလေးက ခုထိ သူ့အပေါ် အကောင်းထင်နေတုန်းပဲကိုး။ တစ်ခါက ညီလေးကို အစ်ကို သတိပေးခဲ့ဖူးတယ်။ ကန်းပိုရှေ့နဲ့ တိန်ယန် နေပုံထိုင်ပုံ မဟုတ်ဘူး။ ကန်းပိုရှေ့ကို ညီလေး ထိန်းထိန်းသိမ်းသိမ်း လုပ်ပါလို့၊ ဒါပေမယ့် ညီလေးက ညီလေးရဲ့ မိန်းမကိုရော တိန်ယန်ကိုပါ ယုံကြည် စိတ်ချတယ်။ အစ်ကိုရဲ့ စကားကို နားမဝင်ဘူး။ ဒါကြောင့် သူတို့နှစ်ယောက် ငြိစွန်းသွားကြမှာပဲ။ အခု ကန်းပိုရှေ့က ညီလေး ဖောက်ပြန်လို့ မပေါင်းနိုင်ပါဘူး ဆိုပြီး အိမ်ပေါ်က ဆင်းသွားပြီ။ တိန်ယန်ကော ရှိသေးရဲ့လား ကြည့်ပါဦး။ တိန်ယန်လဲ မရှိတော့ဘူး ဆိုရင်တော့ သူတို့ နှစ်ယောက် ထွက်သွားတာပဲ ဖြစ်လိမ့်မယ်။ ညီလေး နာမည်ပျက်အောင် သူတို့ နှစ်ယောက် ပေါင်းကြံတာပဲ ဖြစ်လိမ့်မယ်"

*

လျှုချောင်းကျိုလည်း ချက်ချင်းပင် အစေခံတစ်ယောက်ကို ခေါ်ကာ တိန်ယန်အား ရှာ၍ ခေါ်လာစေသည်။ အစေခံ ထွက်သွားသည်။

မကြာခင် အစေခံ ပြန်ရောက်လာသည်။ တိန်ယန်ကို ရှာမတွေ့ကြောင်း ပြောသည်။ လျှုချောင်းကျိုက အစေခံများကို လွှတ်ပြီး နေရာအနှံ့ တိန်ယန်ကို ရှာစေသည်။ သူကိုယ်တိုင် တိန်ယန်နေသော အခန်းထဲသို့ ဝင်ကြည့်သည်။ တိန်ယန်၏ အဝတ်အစား အသုံးအဆောင်ပစ္စည်းများ မရှိတော့ကြောင်း တွေ့ရသည်။

အစေခံတစ်ယောက်က လျှုချောင်းကျိုကို လာပြောသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် လျှုချောင်းကျိုတို့ စကားပြောနေကြချိန်တွင်ပင် အထုပ်အပိုးနှင့် ထွက်သွားသော တိန်ယန်ကို တွေ့လိုက်ကြောင်း ပြောသည်။

လျှုချောင်းကျိုလည်း ယခုမှ ဝမ်ဝူခကျောင်း ပြောသည့်အတိုင်း ဖြစ်နေကြောင်း သိရတော့၏။ သူလွန်စွာ ခံပြင်းသွားသည်။ ဒေါသ ဖြစ်သွားသည်။ ကန်းပိုရှေ့နှင့် တိန်ယန်တို့အား လွန်စွာ မုန်းတီး နာကြည်း သွားသည်။

လျှုချောင်းကျို ကိုယ်တိုင် ဓားတစ်လက်ကိုလွယ်ပြီး ကန်းပိုရှေ့နှင့် တိန်ယန်တို့အား တစ်မြို့လုံးနှံ့အောင် လိုက်ရှာသည်။ တွေ့သမျှ အသိမိတ်ဆွေများထံတွင် မေးမြန်း စုံစမ်းသည်။

သူ၏ မကောင်းသတင်းက ကျင်းလိန် တစ်မြို့လုံးသို့ ပျံ့နေပြီ ဖြစ်၏။





သူ့ကို ယခင်က လေးလေးစားစား ဆက်ဆံခဲ့ကြသော အပေါင်းအသင်း မိတ်ဆွေများ အားလုံးလိုလို ဆက်ဆံရေး ပြောင်းသွားကြသည်။ တချို့က သူ့ကို မျက်နှာထား တင်းတင်းဖြင့် ကြည့်၍ မျက်နှာလွှဲသွားကြသည်။ တချို့က လျှုချောင်းကျိုလို လူယုတ်မာမျိုးနှင့် မဆက်ဆံလိုကြောင်း ပြောင်ပြောင် တင်းတင်း ပြောကြသည်။ လျှုချောင်းကျိုကို ရှောင်ဖယ် ရှောင်ဖယ် လုပ်ကြသည်။

အချို့ကို လျှုချောင်းကျိုက ရှင်းပြသည်။ သို့သော် မည်သူမှ သူ့စကားကို မယုံကြည်ကြချေ။ လက်မခံကြချေ။ အားလုံးက စွမ်းဖုန်ကို အဓမ္မကျင့်ပြီး လက်ဝတ်ရတနာများ ခိုးယူခဲ့သူ ဟုသာ ထင်မြင်ကြသည်။

လျှုချောင်းကျို ရှက်လည်းရှက်၊ ဒေါသလည်းထွက်၊ ကြေကွဲဝမ်းနည်းခြင်းလည်း ဖြစ်ရလေသည်။ ကန်းပိုရှေ့နှင့် တိန်ယန်တို့ကိုလည်း ရှာမတွေ့ချေ။ သတင်းလည်း မရချေ။

လျှုချောင်းကျို စိတ်ဆင်းရဲခြင်း များစွာဖြင့် အိမ်ပြန်လာသည်။

ဝမ်ဝူခကျောင်းနှင့် ဝင်တွေ့ပြီး မိမိအား အသိအကျွမ်း မိတ်ဆွေများက လူယုတ်မာဟု ထင်နေကြကြောင်း၊ ဝိုင်းကြဉ်ကြကြောင်း၊ ရှောင်ကြကြောင်း ပြောပြလိုက်သည်။

"အဖြစ်မှန် မပေါ်ခင်သာ လူတွေက ညီလေးကို အထင်မှားကြမှာပါ။ အမှန်တရားဆိုတာ ကြာကြာ ဖုံးကွယ်လို့ မရပါဘူး။ တစ်နေ့နေ့မှာ ပေါ်လာမှာပါ။ ဒီအခါ လူတွေက ညီလေးကို ပြန်ပြီး တောင်းပန်ကြမှာပါ။ ဒီအတွက်တော့

စိတ်မဆင်းရဲပါနဲ့ ညီလေးရယ်။ ညီလေးအပေ ါ် သစ္စာမဲ့သွားတဲ့ မိန်းမအတွက်လည်း စိတ်မဆင်းရဲနဲ့"

ဝမ်ဝူကျောင်း ပြောတော့ လျှူချောင်းကျိုက....

"ဒီလို မိန်းမယုတ်ကို ကျွန်တော် မတမ်းတပါဘူး အစ်ကို၊ သမီးလေးရဲ့ မျက်နှာကိုမှ မထောက်၊ ခုလို လုပ်သွားတဲ့အတွက် သင်းကို နာကြည်းတယ်။ ပြီးတော့ ကျွန်တော့်ကို သင်းတို့က ယုတ်မာသွားကြတယ်၊ ဒါပေမယ့် လူတွေက ကျွန်တော့်ကို ယုတ်မာတယ်လို့ပဲ ထင်ကြတယ်။ ကျွန်တော့်ကို မကောင်း ပြောကြတယ်။ ရှုတ်ချဝေဖန်ကြတယ်။ ဒီအတွက်တော့ ကျွန်တော် အများကြီး စိတ်မကောင်းဘူး။ ကျွန်တော် ခံနိုင်ရည်ရှိသလောက်တော့ ခံမယ်အစ်ကို။ မခံနိုင်တဲ့အဆုံး ကျွန်တော်တို့ သားအဖ ရောက်ချင်ရာ ရောက် ပေါက်ချင်ရာ ပေါက် ထွက်သွားမယ်၊ လူတွေနဲ့ ဝေးရာကို ပြေးမယ်"

"စိတ်ထင်ရာတော့ မလုပ်ပါနဲ့ ညီလေးရယ်။ ကြားက ကလေး ဒုက္ခရောက်ပါလိမ့်မယ်"

ဝမ်ဝူကျောင်းက ကရုဏာစိတ်ဖြင့် သတိပေးသည်၊

လျှူချောင်းကျို ဘာမှ မပြောတော့ဘဲ ခေါင်းငိုက်စိုက်ချ၍ ထွက်သွားလေသည်။

*



## ၅။ မခွဲနိုင် မခွာရက်

နောက်ပိုင်းတွင်လည်း လူအားလုံးလိုလိုက လျှူချောင်းကျိုအား ကဲ့ရဲ့ အပြစ်ဆိုကြသည်။ ရှုတ်ချ ဝေဖန်ကြသည်။

လျှူချောင်းကျို၏ မကောင်းသတင်းကား ကျောင်းလိန်မြို့တွင်သာမက အနီးပတ်ဝန်းကျင် မြို့ရွာများသို့ပါ ပျံ့နှံ့သွားသည်။

လျှူချောင်းကျို အိမ်ပြင်သို့ ထွက်တိုင်း တွေ့သည့်လူတိုင်းက မုဒိန်းကောင်ဟုလည်းကောင်း၊ သူခိုးမားပြ ဟူ၍ လည်းကောင်း ခေါ်ကြသည်။

ထို့ကြောင့် လျှူချောင်းကျိုလည်း အိမ်ပြင်သို့ပင် မထွက်ရဲတော့ချေ။ အိမ်ထဲတွင်သာ အောင်းနေပြီး မိုးလင်းမှ မိုးချုပ်အရက်သာ သောက်နေမတော့၏။

ဝမ်ဝူကျောင်းတို့ မောင်နှမက လျှူချောင်းကျိုအား နှစ်သိမ့် ဖျောင်းဖျကြသော်လည်း မရတော့ချေ။

ခြောက်နှစ်ပင် မပြည့်သေးသော လျှူလိုချင်းကလေးမှာ ဖခင်နှင့် မိခင်၏ အကြောင်းကို ကြားသိသော်လည်း ငယ်သေးသဖြင့် ရှက်ရမှန်း မသိသေးချေ။ မိခင်ဖြစ်သူကို မတွေ့ရသဖြင့်သာ ဝမ်းနည်း အားငယ်နေရှာသည်။

ဝမ်လိုဖေးက လျှူလိုချင်း စိတ်ချမ်းသာအောင် ပျော်ရွှင်မှုဖြစ်အောင် ကြိုးစားသည်။ လျှူလိုချင်း အလိုဆန္ဒ မှန်သမျှ

လိုက်လျောသည်။ သူတို့ ကလေးနှစ်ယောက် တပူးတွဲတွဲ ဖြစ်နေကြသော်လည်း ဝမ်ပူကျောင်းနှင့် လျူချောင်းကျိတို့ကမူ နေ့စဉ် မတွေ့ဆုံမိကြချေ။

လျူချောင်းကျိက အခန်းတံခါးပိတ်ပြီး အရက်သောက်ရင်း အချိန်ကုန်နေသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် သူတို့နှစ်ဦး ရံဖန်ရံခါသာ တွေ့တတ်သည်။

စိုပြည်သော အသားအရေ၊ တောင့်တင်းကြံ့ခိုင်သည့်ခန္ဓာကိုယ်ရှိသော လျူချောင်းကျိသည် ယခုအခါ အသားအရေမွဲခြောက်လာသည်။ မျက်တွင်းဟောက်ပက် နားထင်ချက်လျက်ပိန်လှီလာသည်။

လူရုပ်ပင် မပေါ်တော့ချေ။

ဝမ်ပူကျောင်းလည်း တားချ၍မရသဖြင့် စိတ် မချမ်းမသာဖြစ်ရသည်။ လျူလုံချင်းကလေး ၆ နှစ်မြောက် တွင်မူ လျူချောင်းကျိက သမီးလေး မွေးနေ့ကို ကျင်းပသည်။ လူအနည်းငယ်ကို ဖိတ်ကြားသည်။ ထိုလူအနည်းငယ်မှာ လျူချောင်းကျိအား အခင်မင်မပျက် ဆက်ဆံကြသူများ ဖြစ်၏။

လျူလုံချင်း၏ မွေးနေ့ပွဲသို့ ဝမ်ပူကျောင်း၊ ဝမ်လုချွန်းနှင့် ဝမ်လုံဖေးတို့လည်း တက်ရောက်ကြသည်။ ဖိတ်ကြားထားသည့် ဧည့်သည် ခုနစ်ယောက်လည်း တက်ရောက်ကြသည်။

နေ့စဉ်ရက်ဆက် နေ့ရော ညပါ အရက် သောက်ခဲ့သော လျူချောင်းကျိကမူ ထိုနေ့က လုံးလုံး အရက်မသောက်ချေ။ ဧည့်သည်များကိုသာ အကောင်းစား အရက်၊ စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံသည်။





လျူချောင်းကျိ ကိုယ်တိုင်ကလည်း တစ်စားပွဲတည်း ဝင်ရောက် စားသောက်သည်။ သို့သော် တို့ကနန်း ဆိတ်ကနန်းသာ စားသောက်သည်။ အရက်ကိုမူ လုံးလုံး မသောက်ချေ။

အားလုံး စားသောက်ပြီးမှ လျူချောင်းကျိက စိတ်မချမ်းမြေ့စွာ ထရပ်၍ ဧည့်သည်အားလုံးကို မျက်လုံး ဝေ့ကြည့်ကာ ပြောသည်။

"ကျွန်တော့် မိတ်ဆွေများ အားလုံးကို အခုပဲ နှုတ်ဆက်လိုက်ပါတယ်။ မနက်ဖြန်ဆိုရင် ကျွန်တော်တို့ သားအဖ ဒီမြို့ ဒီဒေသက ပြောင်းရွှေ့ သွားကြပါတော့မယ်။ ဒီမြို့ ဒီဒေသကို ကျွန်တော် သေသည်အထိ ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ထားတာကြောင့် ကံမကုန်ရင် ပြန်ဆုံကြတာပေါ့ ဆိုတဲ့ စကားကိုလည်း မပြောလိုတော့ပါဘူး။ အားလုံးကို အပြီးအပိုင် နှုတ်ဆက်သွားခြင်းပါပဲ"

ယခုမှ ထိုစကားကို ဗြုန်းစားကြီး ကြားရသဖြင့် ဧည့်သည်များ အားလုံး အံ့သြသွားကြသည်။ စိတ်မကောင်း ဖြစ်သွားကြသည်။ ဝမ်ပူကျောင်းတို့ သားအဖကမူ အများထက်ပိုပြီး စိတ်မချမ်းမသာ ဖြစ်ကြရသည်။

"လျူချောင်းကျိ ဗြုန်းစားကြီးပါလား၊ ဒီမှာ နေရတာ ဘာဖြစ်လို့လဲ။ ဘယ်မှာ ပြောင်းနေမှာလဲ"

ဧည့်သည်တစ်ယောက်က မေးတော့ လျူချောင်းကျိ သက်ပြင်း ချ၍ ပြန်ပြောသည်။

"ကျွန်တော် ဒီအရပ် ဒီဒေသမှာ မနေချင်တော့ပါဘူး။ လူတွေက ကျွန်တော့်ကို လူယုတ်မာလို့ပဲ မြင်နေကြတယ်။

မဆက်ဆံချင်ကြဘူး။ သူတို့က သူတို့ဉာဏ်နဲ့ မစဉ်းစား မချင့်ချိန် ကြဘူး။ မမှန်သတင်းကို အမှန်လို့ပဲ ထင်နေကြတယ်။ ကျွန်တော့်ကို ရှောင်ကြတာ။ ဒါကြောင့် ဒီအသိုင်းအဝိုင်းမှာ ကျွန်တော် မနေချင်တော့ဘူး။ ဆက်နေရင် ကျွန်တော့် သမီးလေးပါ မျက်နှာငယ်ရလိမ့်မယ်။ ဒီဒေသက ထွက်သွားဖို့ပဲ ကျွန်တော် ဆုံးဖြတ်ထားတယ်။ ဘယ်မှာ နေမယ်ဆိုတာတော့ မစဉ်းစားရသေးဘူး။ အဆင်ပြေမယ့် နေရာမှာပဲ နေမယ်"

*

တစ်ယောက်က....

"ခင်ဗျားရဲ့ စိတ်ဓာတ်ကို ကျွန်တော် သိပါတယ်။ ထွက်နေတဲ့ သတင်းအတိုင်း ခင်ဗျား မလုပ်ဘူးဆိုတာလည်း ကျွန်တော်တို့ ယုံပါတယ်၊ ခင်ဗျားအပေါ် မကောင်းမြင်နေတဲ့ လူတွေထဲမှာ ကျွန်တော်တို့ မပါ ပါဘူး"

လျှူချောင်းကျိုက....

"မှန်ပါတယ်။ မိတ်ဆွေတို့က ကျွန်တော့်ကို မကောင်းထင်တဲ့ လူတွေထဲမှာ မပါဘူးဆိုတာ ကျွန်တော် သိလို့ မိတ်ဆွေတို့ကိုပဲ ရွေးဖိတ်ပြီး နှုတ်ဆက်ရတာပါ"





တစ်ယောက်က....

"မနက်ဖြန်ပဲ ပြောင်းတော့မယ် ဆိုတော့ အတော့်ကို မြန်းစားကြီး နိုင်တာပဲ၊ ကိုပြောဖို့တော့ ကောင်းပါတယ်ဗျာ"

လျှူချောင်းကျိုက....

"ကိုပြောရင် ဝိုင်းတားကြမယ်ဆိုတာ သိလို့ ဘယ်သူ့ကိုမှ ကျွန်တော် အသိမပေးပါဘူး၊ ကျွန်တော် အစ်ကိုရင်း တစ်ယောက်လို ချစ်တဲ့ အစ်ကို ဝမ်ဝူကျောင်းကိုတောင် ကြိုပြီး အသိမပေးပါဘူး၊ အခုမှ အစ်ကို ဝမ်ဝူကျောင်းလည်း သိတာပါ"

အားလုံးက ဝမ်ဝူကျောင်းကို ကြည့်ကြသည်၊ ဝမ်ဝူကျောင်းဘာတစ်ခွန်းမှ ဝင်မပြောဘဲ စိတ်မချမ်းမြေ့စွာ ငြိမ်နေသည်။

ဝမ်ဝူကျောင်း ဘာမှ ဝင်မပြောဘဲ ငြိမ်နေခြင်းမှာ အားလုံးထက် ပိုပြီး လျှူချောင်းကျိုး၏ စိတ်ဓာတ်ကို သိထားသောကြောင့် ဖြစ်လေသည်၊ လျှူချောင်းကျိုသည် ဆုံးဖြတ်ချက် တစ်ခုကို ချပြီးပါက ပြန်ပြင်တတ်သူ မဟုတ်ချေ။

လူရှင်းသွားတော့မှ လျှူချောင်းကျိုအား ဖျောင့်ဖျကြည့်ဦးမည် ဟူသော အတွေးဖြင့် ဝမ်ဝူကျောင်း ငြိမ်နေခြင်းလည်းဖြစ်၏။

"စဉ်းစဉ်းစားစားလဲ လုပ်ပါဗျာ"

"ဒီသမီးလေးနဲ့ စိတ်ထင်ရာ လျှောက်သွားနေလို့ ဖြစ်ပါ့မလား"

"ဟုတ်ပါတယ်၊ ဒီသမီးလေး ဒုက္ခရောက်နေပါ့မယ်"

"ကိုယ့်ဇာတိမြေမှာပဲ ဆက်ပြီး အခြေချတာ ကောင်းပါတယ်ဗျာ။ နောင် အမှန်တရား ပေါ်လာတော့လည်း လူတွေက အမြင်ကြည်လာမှာပါ"

တစ်ယောက်တစ်ပေါက် ပြောကြသည်။

"ကျွန်တော်တို့ သားအဖအပေါ် စေတနာ မေတ္တာထားပြီး ခုလို ပြောကြ ဆိုကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် အားလုံး စီစဉ်ပြီးပြီမို့ ဖျက်လို့ မဖြစ်တော့ပါဘူး။ ကျွန်တော် မနက်ဖြန်သွားဖို့ အစီအစဉ် လုပ်လိုက်ပါဦးမယ်။ အားလုံး ခွင့်ပြုကြပါဦး"

လျှုချောင်းကျီ ပြောပြီး မည်သူမှ မတားနိုင်ခင်မှာပင် နောက်ဘက်ခန်းထဲသို့ ဝင်သွားလေသည်၊

ဧည့်သည်များအားလုံး စိတ်မချမ်းမြေ့စွာ ပြောဆို ဝေဖန်ရင်း ကျန်နေခဲ့သည်၊ ဝမ်ဂူကျောင်းလည်း လျှုချောင်းကျိ ကိုယ်စား ဧည့်သည်များကို ဧည့်ခံနေရလေသည်၊

*

ဝမ်လုံဖေးလည်း လျှုလုံချင်း၏ လက်ကို ဆွဲကာ လစဉ္စာ အိမ်ကြီးထဲမှ ထွက်လာသည်။ အိမ်ကြီး အရှေ့ထောင့်ရှိ ကျောက်ခုံလေးပေါ်တွင် နှစ်ယောက်တွဲ၍ ထိုင်ကြသည်၊



သူတို့ နှစ်ယောက်စလုံး မျက်နှာမကောင်းကြချေ၊ အထူးသဖြင့် သိနားလည်နေပြီ ဖြစ်သော ဝမ်လုံဖေးက ပို၍ စိတ်မကောင်း ဖြစ်နေသည်။ သူ၏ ရင်ထဲတွင် ဆို့နေသည်၊ ချက်ချင်း စကားမပြောနိုင်ဘဲ ဖြစ်နေသေးသည်။ နောက်မှ တုန်ယင်စွာ စကားစသည်။

"ညီမလေးတို့ သားအဖ ဒီက ပြောင်းသွားကြတော့မယ်ဆိုတာ တကယ်ပဲလား"

"ညီမလေးလဲ မသိပါဘူး အစ်ကိုရယ်"

"ညီမလေးတို့က ဘယ်ကို သွားကြမှာလဲ"

"ဖေဖေက ညီမလေးကို ဒီအကြောင်း ဘာမှ ပြောတာမဟုတ်ဘူး၊ ညီမလေးလည်း ဒီနေ့မှ သိရတာ၊ ညီမလေး ဘယ်ပြောတတ်ပါ့မလဲ"

"ညီမလေးရဲ့ ဖေဖေ ပြောသလိုသာ ညီမလေးတို့ ဒီက ပြောင်းသွားကြရင်တော့ အစ်ကိုကြီးနဲ့ ညီမလေးတို့ နောင် ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်တော့ဘူးနော်"

"အို....ဘာလို့ ပြန်မတွေ့ရမှာလဲ အစ်ကိုကြီးရယ်၊ ညီမလေးက တွေ့ချင်တယ်ဆိုရင် ဖေဖေက ညီမလေးကို အစ်ကိုကြီးဆီ လိုက်ပို့မှာပေါ့"

"မဟုတ်သေးဘူး ညီမလေး၊ ညီမလေး ဖေဖေက ဒီကို ဘယ်တော့မှ ပြန်မလာဘူးလို့ ပြောတယ်၊ ဒါဆို ညီမလေးနဲ့ အစ်ကိုကြီးတို့ ဘယ်လိုလုပ် တွေ့နိုင်တော့မှာလဲ"

"ဒါဆိုလဲ ညီမလေး ရှိတဲ့နေရာကို အစ်ကိုကြီး လာတွေ့ပေါ့"

"ညီမလေးတို့က ဘယ်မှာ နေမယ်မှန်းမှ မသိဘဲ ဘယ်မှာ လာတွေ့ရမှာလဲ"

"ဖေဖေက ဦးကြီးကိုတော့ ပြောမှာပေါ့၊ အခု မပြောနိုင်ရင်တောင် ညီမလေးတို့ ရောက်တဲ့နေရာက အစ်ကိုကြီးတို့ဆီ အကြောင်းကြားမှာပေါ့၊ အစ်ကိုကြီးကလဲ စိုးရိမ်စရာမရှိ စိုးရိမ်မနေပါနဲ့၊ ညီမလေးတော့လေ အစ်ကိုကြီးနဲ့ ခွဲနေရမယ့် အတွက် သိပ်ပြီး ဝမ်းနည်းတယ်။ ဒါပေမယ့် နောက်ပြန်ပြီး တွေ့ရမှာကို တွေးပြီး ဝမ်းသာတယ်"

*

ဝမ်လုံဖေး သက်ပြင်းချလိုက်ကာ....

"အစ်ကိုကြီးစိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ ညီမလေးရယ်၊ ညီမလေးနဲ့ အခု ကွဲသွားပြီးရင် နောင်ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလို့ ထင်နေမိတယ်"

"မဟုတ်တာ အစ်ကိုကြီးရယ်၊ ပြန်တွေ့ရမှာပေါ့။ ပြန်မတွေ့ရဘူး ဆိုလို့ကတော့ ညီမလေး ဘယ်လိုက်ပါ့မလဲ"

"အင်း....ညီမလေးက ငယ်သေးတယ်။ စိုးရိမ် ပူပန်စိတ် ဘယ်ရှိဦးပါ့မလဲ"





"အံမယ်.... အစ်ကိုကြီးနဲ့ ခွဲနေရမှာကိုတော့ ညီမလေးက စိုးရိမ်တာပေါ့။ ညီမလေးမှ အစ်ကိုကြီးနဲ့ ခွဲမနေနိုင်တာ အခုလဲ ဖေဖေ့ကို ဒီကမပြောင်းဖို့ ပြောမလို့"

"ပြောကြည့်ပါဦး ညီမလေးရယ်။ အစ်ကိုကြီးလဲ ဦးလေးကို ဝိုင်းပြောပါ့မယ်"

လျှုလုံချင်း၏ မျက်နှာကလေး ပို၍ ညှိုးသွားသည်။ သက်ပြင်း ကလေး ချရင်း ဆွေးဆွေးမြည့်မြည့် ပြောသည်။

"ခုနေ မေမေသာရှိရင် သိပ်ကောင်းမှာပဲနော်၊ အစ်ကိုကြီး"

အဖြစ်မှန်ကို သိထားသော ဝမ်လုံဖေးလည်း ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားသည်။

လျှုလုံချင်းက မိခင်ကြီးကို သတိရတမ်းတစွာ ဆက်ပြောသည်။

"မေမေသာရှိရင်လေ ဖေဖေ့ကို ဒီကနေ မပြောင်းဖို့ ပြောပေးပါဆိုရင် မေမေက ပြောပေးမှာပဲ။ ဖေဖေက မေမေ့စကားဆိုရင် နားထောင်တယ်။ မေမေပြောရင် ဖေဖေလည်း မပြောင်းမှာ မဟုတ်ဘူး။ ခုနေ မေမေသာရောက်လာရင် သိပ်ကောင်းမှာပဲနော်၊ အစ်ကိုကြီး။ မေမေကလည်း ဘယ်သွားနေသလဲ မသိဘူး။ မေမေ ဘယ်သွားတယ်ဆိုတာ အစ်ကိုကြီး သိသလား ဟင်"

ဝမ်လုံဖေး သက်ပြင်းချလိုက်ကာ....

"အစ်ကိုကြီးလဲ မသိပါဘူး ညီမလေးရယ်"

"တိုနှစ်က ဘုံကျောင်းမှာ ဘုရားသွားပူဇော်တော့ မေမေလဲ ပါတယ်။ သိပ်ပျော်ဖို့ ကောင်းတာပဲ။ အင်း.... ဒီတုန်းက ညီမလေးရဲ့ အင်္ကျီကို မီးလောင်တော့ အစ်ကိုကြီး ငြိမ်းပေးလို့ပေါ့။ ဒါတောင် ညီမလေးရဲ့ လည်ပင်းမှာ မီးလောင်ခံရတယ်။ အစ်ကိုကြီးသာ ငြိမ်းမပေးရင် ဒီထက် ပိုဆိုးမယ်။ ညီမလေးရဲ့ လည်ပင်းက အမာရွတ်က မပျောက်တော့ဘူး"

လျှုလုံချင်း ပြောရင်း သူမ လည်ပင်းမှ အမာရွတ်လေးကို လက်ဖြင့် စမ်းကြည့်သည်။ ဝမ်လုံဖေးက....

"ဟုတ်တယ်။ ဒီတုန်းကသာ အဲဒီလိုမဖြစ်ရင် သိပ်ပြီး ပျော်ဖို့ ကောင်းမှာပဲ"

"အစ်ကိုကြီးရဲ့ လက်မှာလဲ မီးလောင်ရာ အမာရွတ် မပျောက်တော့ဘူးနော်။ ညီမလေးကြောင့် ဖြစ်ရတာ စိတ်မကောင်းလိုက်တာ"

လျှုလုံချင်းသည်း ပြောပြောဆိုဆို ဝမ်လုံဖေး၏ လက်နှစ်ဖက်ကို ဆွဲယူပြီး လက်ဝါးနှင့် လက်ချောင်းများမှ မီးလောင်အမာရွတ်ကို ကြည့်သည်။

ဝမ်လုံဖေးက....

"အစ်ကိုကြီးကတော့ အစ်ကိုကြီး လက်မှာ ဒီအမာရွတ်လေးတွေ ရှိနေတာ သိပ်ဖြီး ဝမ်းသာတယ်"

"ဟာ....အစ်ကိုကြီးကလဲ မဟုတ်တာ"

"ဟုတ်ပါတယ် ညီမလေးရဲ့၊ ညီမလေး ဒုက္ခရောက်ရင် အစ်ကိုကြီး ကြည့်မနေနိုင်ဘူး။ ညီမလေးအပေါ် အစ်ကိုကြီး





ဘယ်လောက်အထိ သံယောဇဉ်ရှိတယ်၊ ချစ်ခင်တွယ်တာတယ်ဆိုတာ ဒီအမာရွတ်က သက်သေပြနိုင်လို့ပေါ့"

"ညီမလေးကလဲ အစ်ကိုကြီးကို သိပ်ချစ်ပါတယ် နော်၊ အစ်ကိုကြီး ပြောတာ ဟုတ်တယ်။ ညီမလေးလေ လည်ပင်း အမာရွတ်ကို စမ်းမိတိုင်း အစ်ကိုကြီးကို သတိရတယ်၊ ပြီးတော့ ညီမလေးကို အစ်ကိုကြီး ဘယ်လောက်ချစ်တယ်ဆိုတာ တွေးမိလို့ သိပ်ဝမ်းသာတယ်"

"အင်း.... ညီမလေးနဲ့ အစ်ကိုကြီးတို့သာ ခွဲနေကြရရင် ဒီအမာရွတ်လေးတွေကို မြင်တိုင်း တစ်ယောက်ကို တစ်ယောက် သတိရကြမှာပဲနော်"

"ကဲပါ အစ်ကိုကြီးရယ်၊ စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့၊ ဖေဖေ့ကို ဒီက မပြောင်းဖို့ ညီမလေး ပြောပါ့မယ်။ မနေ့ကပြောတဲ့ ပုံပြင်လေးကို ဆက်ပြောပြပါဦး"

*

လျှုချောင်းကျီ၏ သီးသန့် နားနေခန်းထဲတွင် အပ်ကျသံ ပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

အခန်း အလယ်တွင် စားပွဲတစ်လုံး ရှိသည်။ စားပွဲကို တံတောင်နှစ်ဖက်ဖြင့် ထောက်ကာ လျှုချောင်းကျီ ခေါင်း ငိုက်စိုက်ချ၍ ထိုင်နေသည်။ သူ၏ မျက်လုံးအစုံက စားပွဲ မျက်နှာပြင်ကို ရီဝေစွာ ကြည့်နေသည်။ မလှုပ်မယှက် ကျောက် ရုပ်လို ငြိမ်နေသည်။

သူ့မျက်နှာက ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ မျက်တွင်းက ဟောက်ပက်ဖြစ်နေသည်။ နားထင် ပါးရင်းများ ချိုင့်ဝင်နေ သည်။ ပိန်လှီသော သူ့ခန္ဓာကိုယ်က အရိုးပြိုင်းပြိုင်း ကျနေ သည်။

သူ့ပုံပန်းသဏ္ဍာန် အနေအထားက အသက်ဝိညာဉ် ကင်း မဲ့သူနှင့် တူနေသည်။

သူ၏ စိတ်အစဉ်က ပျံ့လွင့်နေသည်။

ဝမ်ဝူကျောင်း ချိုင်းထောက်ထောက်လျက် အခန်းတွင်းသို့ ဝင်လာသည်။ လျှုချောင်းကျီ ရှေ့နားတွင် ရပ်သည်။ လျှု ချောင်းကျီကို ကြည့်၍ သက်ပြင်းမျှင်းမျှင်းချသည်။





လျှုချောင်းကျီကမူ ဝမ်ဝူကျောင်း၏ ချိုင်းထောက်ချသံ ခြေသံကိုလည်း မကြားချေ၊ သူ့ရှေ့သို့ ရောက်လာသည်ကို လည်း မမြင်ချေ။

"ညီလေး"

ဝမ်ဝူကျောင်းက ညင်သာစွာခေါ်ရင်း လျှုချောင်းကျီ၏ ပခုံးကို အသာအယာ ဆုပ်ကိုင်လိုက်သည်။

ထိုအခါမှ လျှုချောင်းကျီ သက်ဝင် လှုပ်ရှားလာသည်။ သူ့မျက်နှာ တဖြည်းဖြည်း မော့လာသည်။ ဝမ်ဝူကျောင်းကို ရီဝေမှုန်မှိုင်းသော မျက်လုံးအစုံဖြင့် ကြည့်သည်။

"ညီလေး ဒီကနေ ပြောင်းသွားတော့မယ်ဆိုတာ တကယ် ပဲလား ဟင်"

ဝမ်ဝူကျောင်း ညင်သာစွာ မေးလိုက်သည်။ ကြေကွဲခြင်း ဆို့နစ်ခြင်းကြောင့် သူ့အသံက တုန်ယင်နေသည်။

လျှုချောင်းကျီ ခေါင်းကို အသာအယာညိတ်ကာ....

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့ သားအဖ ဒီအရပ် ဒေသက အပြီးအပိုင် ထွက်သွားကြတော့မယ်"

"ညီလေးရယ်.... ညီလေးနဲ့ အစ်ကိုဟာ ညီအစ်ကိုရင်းချာ တွေထက်တောင် ပိုပြီး သံယောဇဉ် ရှိနေကြတဲ့ သူတွေပါ။ တကယ်ဆို ဒီလောက် အရေးကြီးတဲ့ကိစ္စကို အစ်ကိုကြီး သိ အောင် ကြိုပြောသင့်ပါတယ်။ အစ်ကိုကြီးကို ညီလေး ဆုံးဖြတ် ချက် မချခင် တိုင်ပင်သင့်ပါတယ်"

"ဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် အစ်ကို။ အစ်ကို့ကို ကြိုပြီး တိုင်ပင်ရင် အစ်ကိုက သေချာ

ပေါက် တားမယ်ဆိုတာ ကျွန်တော် သိလို့ မတိုင်ပင်တာပါ”

“ဒါတော့ ညီလေးရယ်.... တားသင့်တဲ့လမ်း ဆိုရင်တော့ တားရမှာပေါ့။ ညီလေးတို့အပေါ် အစ်ကို ဘယ်လောက်အထိ တွယ်တာတယ်ဆိုတာ ညီလေးလဲ သိပါတယ်”

“သိပါတယ် အစ်ကို... သိလို့လဲ ကျွန်တော် ကြိုမပြောတာပါ။ ကျွန်တော် ဒီအသိုင်းအဝိုင်း ဒီဒေသမှာ နေချင်စိတ် လုံးလုံး မရှိတော့ဘူး အစ်ကို။ ကျွန်တော် ခေါင်းမဖော်နိုင်လောက်အောင် အရှက်ရခဲ့တယ်။ အားလုံးက ကျွန်တော့်ကို မုဒိန်းကောင် လူဆိုးမားပြလို့ ဘင်နေကြတယ်၊ ဒါကြောင့် ဒီဒေသနဲ့ ဝေးရာကိုပဲ ပြေးတော့မယ်”

“လုံချင်းကလေးရဲ့ ရှေ့ရေးကိုလဲ ထည့်စဉ်းစားဦးမှပေါ့ ညီလေးရယ်၊ ကလေး ဒုက္ခရောက်ပါဦးမယ်ကွာ”

“ကျွန်တော့် သမီးလေးတော့ ဒုက္ခမရောက်စေရပါဘူး အစ်ကို၊ ကျွန်တော့် သမီးလေးရဲ့ ရှေ့ရေး ကောင်းသထက် ကောင်းအောင် ဦးစားပေးပြီး စီစဉ်မှာပါ အစ်ကို။ ဘယ် နေရာမှာပဲ ရောက်ရောက် ကျွန်တော့် သမီးလေးကို ပျော်ရွှင်အောင် ထားမှာပါ”

ဝမ်ဝူကျောင်း သက်ပြင်းရှည်ကြီးကို လေးလံစွာ ချလိုက်သည်။ မိမိအနေနှင့် လျှိုချောင်းကျိအား မည်သည့်နည်းနှင့်မျှ တား၍ရမည် မဟုတ်တော့ကြောင်း သိသွားသောကြောင့် ဖြစ်၏။ သူက ခေါင်းကို ခါယမ်းရင်း ပြတင်းပေါက်ဆီ လျှောက်သွားသည်။





ပြတင်းပေါက်မှ အပြင်ဘက်ကို ကြည့်သည်။ ကျောက်ခုံလေးပေါ်၌ ထိုင်နေသော သားဖြစ်သူ ဝမ်လုံဖေးနှင့် လျှိုလုံချင်း ကလေးကို အမှတ်မထင် လှမ်းမြင်လိုက်ရသဖြင့် ရင်ထဲ၌ ဆို့သွားမိပြန်သည်။ ကလေးနှစ်ယောက်၏ ချစ်ခင်တွယ်တာမှု အတိုင်းအတာကို သိထားသောကြောင့် ဖြစ်လေသည်။

*

“ညီလေး.... ဒီမှာ လာကြည့်စမ်းပါဦးကွယ်”

ဝမ်ဝူကျောင်း နောက်ကို လှည့်မကြည့်ဘဲ လျှိုချောင်း[illegible]တာကို ခေါ်လိုက်သည်။

“ဘာမြင်ရလို့လဲ အစ်ကို”

“ဟိုမှာလေ.... ညီလေးရဲ့သမီးနဲ့ အစ်ကိုရဲ့ သားကို လာကြည့်စမ်းပါဦး”

လျှိုချောင်းကျိ ထိုင်နေရာမှ ထရပ်သည်၊ ဝမ်ဝူကျောင်းထံသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ဝမ်ဝူကျောင်း ညွှန်ပြရာသို့ ကြည့်သည်၊ ကျောက်ခုံပေါ်တွင် အတူ ယှဉ်တွဲ ထိုင်၍ စကားပြောနေကြသော သမီးလေးနှင့် ဝမ်လုံဖေးတို့ကို တွေ့

ရသည်၊ ထိုမြင်ကွင်းကြောင့် လျှုချောင်းကျိလည်း စိမ်ာထိခိုက်ရပြန်သည်၊

ဝမ်ဝူကျောင်းက ဖျောင်းဖျသော လေသံဖြင့် ပြောသည်၊

"ဒီကလေးနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ဘယ်လောက်အထိ တွယ်တာကြတယ်၊ သံယောဇဉ်ရှိကြတယ် ဆိုတာအစ်ကိုလည်းသိတယ်၊ညီလေးလည်းသိပါတယ်၊ပြီးတော့ ညီလေးနဲ့အစ်ကိုတို့လည်းဒီကလေးတွေလိုပဲတွယ်တာခဲ့ကြတယ်၊ သံယောဇဉ်ကြီးခဲ့ကြတာပဲ မဟုတ်လား၊ ဒီကလေးတွေ အရွယ် တုန်းက ညီလေးနဲ့ အစ်ကိုတို့ ခွဲနေကြရမယ်ဆိုရင် ဘယ်လို ခံစားကြရမယ် ဆိုတာ ညီလေး စာနာ ကြည့်စေချင်တယ်၊ ကိုယ်ချင်းစာကြည့်စေချင်တယ်"

ဝမ်ဝူကျောင်း စကားဖြတ်ပြီး လျှုချောင်းကျိကို အကဲခတ်ကြည့်သည်၊ လျှုချောင်းကျိ သက်ပြင်းရှည်ကြီးကိုသာ ချနေရသည်၊ ဘာမှ ပြန်မပြောချေ။

ဝမ်ဝူကျောင်းသာ စကားဆက်ရပြန်သည်။

"ဒီကလေးနှစ်ယောက်ကို အစ်ကိုနဲ့ ညီလေးတို့ ရည်မှန်းထားတာ မေ့သွားပြီလား ညီလေး၊ ကလေးနှစ်ယောက် အရွယ် ရောက်လာရင် သူတို့ကို လက်ထပ်ပေးမယ်လို့ ရည်မှန်းထားတာလေ။ ခုတော့ ဒီရည်မှန်းချက်ကို အပျက်ခံတော့မှာလား ညီလေး။ အစ်ကို နောက်ဆုံးအနေနဲ့ တောင်းပန်ပါတယ် ညီလေးရယ်၊ ငယ်ငယ်လေးကတည်းက လည်ပင်းဖက်ပြီး ကြီးလာခဲ့ကြတဲ့ အစ်ကို့ကို ညီလေး ခွဲမသွား စေချင်သလို သံ





ယောဇဉ် တွယ်တာ နေပြီဖြစ်တဲ့ အစ်ကို့သားနဲ့ ညီလေးရဲ့ သမီးလေးကိုလဲ ခွဲမထုတ်ပါနဲ့ ညီလေးရယ်"

လျှုချောင်းကျိ သက်ပြင်းရှည်ကြီး ချသည်၊ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလျက် လေးပင်သော လေသံဖြင့် တစ်လုံးချင်း ပြန်ပြောသည်။

"မဖြစ်တော့ပါဘူး အစ်ကိုရယ်၊ ဒီလစန္ဒာ စံအိမ်ကြီးကို ကျွန်တော် ရောင်းလိုက်ပြီးပြီ"

ဝမ်ဝူကျောင်း လွန်စွာ အံ့သြသွားသည်။

"ဘာ....ဒီအိမ်ကို ရောင်းလိုက်ပြီးပြီ ဟုတ်လား၊ ဘယ်တုန်းက ရောင်းလိုက်တာလဲ"

"လေးငါးရက် ရှိပြီ အစ်ကို၊ ငွေလဲ အကြေယူပြီးပြီ"

"ဖြစ်မှဖြစ်ရလေ ညီလေး၊ ညီလေးမှာ ငွေလိုလို့လား၊ ငွေလိုရင်လဲ အစ်ကို့ကို ပြောရောပေါ့"

"ကျွန်တော့်မှာ ငွေကြေး ပြည့်ပြည့်စုံစုံ ရှိတယ်ဆိုတာ အစ်ကိုလဲ သိပါတယ်။ ကျွန်တော်တို့ သားအဖ တစ်သက် ထိုင်စားနိုင်လောက်အောင် ငွေရှိပါတယ်"

"ဒါနဲ့များ ညီလေးရယ်၊ ဘိုးစဉ်ဘောင်ဆက် လက်ထက် ကတည်းက နေလာခဲ့တဲ့ ဒီအိမ်ကြီးကို ဘာဖြစ်လို့ ရောင်းလိုက် ရတာလဲ"

"ဒီအိမ်ကြီးကို မရောင်းဘဲ ကျွန်တော် ထွက်သွားခဲ့ရင် တစ်နေ့နေ့မှာ အိမ်သံယောဇဉ်နဲ့ ကျွန်တော် ပြန်လာမိမှာစိုးလို့ ရောင်းလိုက်တာပဲ အစ်ကို၊ ဒီအရပ်ဒေသကို ကျွန်တော် ဘယ်တော့မှ ပြန်မလာချင်တော့ဘူး"

ဝမ်ဝူကျောင်း စိတ်လျော့လိုက်သည်။

"အစ်ကို နားလည်ပါပြီ ညီလေးရယ်။ နားလည်ပါပြီ။ ညီလေး အခုလောက်ထိ စီစဉ်ပြီးမှတော့ ဘယ်လိုမှ တားလို့ မရတော့ဘူးဆိုတာ သဘောပေါက်ပါပြီ။ ကောင်းပြီလေ၊ လက်ရှိအခြေအနေက ညီလေးကို လူတွေက အထင်မှားပြီး ပြစ်တင် ရှုတ်ချကြတယ်။ ဒါကြောင့် ဒီအသိုင်းအဝိုင်းမှာ ညီလေး မနေချင်တော့ဘူး။ ညီလေး ဆန္ဒရှိသလို သွားပါတော့၊ တစ်ခုတော့ရှိတယ် ညီလေး၊ အဖြစ်မှန် ပေါ်လာတဲ့တစ်ချိန်ကျရင် အစ်ကိုဘို့ဆီကို ညီလေး ပြန်လာစေချင်တယ်၊ ဒီကတိကိုတော့ ပေးပါ ညီလေး"

"ဒီကတိကိုတော့ ကျွန်တော်ပေးပါတယ် အစ်ကို၊ ဒီကြားထဲက ကျွန်တော် ဘယ်ကိုပဲရောက်ရောက်၊ ဘယ်မှာပဲ နေနေ ကျွန်တော်ရှိတဲ့ နေရာကို အစ်ကို သိအောင် အကြောင်းကြားပါ့မယ်။ အစ်ကိုတို့ သားအဖ ကျွန်တော်တို့ဆီကို လာလည်နိုင်ပါတယ်၊ ကျွန်တော်တို့ အစ်ကိုတို့တွေ ယာယီ ခွဲရခြင်းပါ အစ်ကိုရယ်"

*





နောက်တစ်နေ့တွင် လျူချောင်းကျိတို့ သားအဖလည်း လစန္ဒာ စံအိမ်ကြီးမှ အပြီးအပိုင် ထွက်ခွာသွားကြသည်။

ဝမ်ဝူကျောင်းနှင့် လျူချောင်းကျိတို့သည် လည်းကောင်း၊ ဝမ်လိုဖေးနှင့် လျူလိုချင်းကလေးတို့သည် လည်းကောင်း ကြေကွဲ ဝမ်းနည်းစွာ နှုတ်ဆက်ကြသည်။ လျူချောင်းကျိတို့အား ဝမ်ဝူကျောင်းတို့က မြို့ပြင်အထိ လိုက်ပို့ကြသည်။

တကယ်ခွဲကြရမည်ဆိုတော့ လျူလိုချင်း အသံထွက်အောင် ငိုသည်။ ဝမ်လိုဖေးလည်း မျက်ရည်များ စီးကျနေသည်။ ယောကျ်ားပီသလျှင် မျက်ရည်မကျရဟု ပြောထားသော ဝမ်ဝူကျောင်း ပင်လျှင် မျက်ရည်ကျမိသည်။

လျူချောင်းကျိတို့ သားအဖ ထွက်သွားသည်ကို ငေးကြည့်ကာ ကျန်ခဲ့သော ဝမ်ဝူကျောင်းတို့ သားအဖနှစ်ယောက်လုံး ရင်ထဲတွင် ဟာနေကြသည်။ သားအဖ နှစ်ယောက်စလုံး စကား မပြောနိုင်ဘဲ နေသူရိန် စံအိမ်သို့ ပြန်ခဲ့ကြသည်။

ဝမ်လိုဖေး ရက်ပေါင်း တော်တော်ကြာအောင် အိပ်မရ၊ စားမရ ဖြစ်ခဲ့ရသည်။ လျူလိုချင်းကို အမြဲတမ်း သတိရ တမ်းတနေမိသည်။ လျူလိုချင်းနှင့် ကစားခဲ့သော နေရာများတွင် တစ်ယောက်တည်း ငိုင်ငေး၍ ထိုင်နေတတ်သည်။ လျူလိုချင်းနှင့် ကစားခဲ့ပုံ၊ သွားလာခဲ့ပုံများကို ပြန်၍ မြင်ယောင်တိုင်း မျက်ရည်ဝဲမိသည်။

လျူလိုချင်းတို့ သားအဖ မည်သည့်အရပ်ကို ထွက်သွားကြောင်း၊ မည်သည့်ဒေသကို ရောက်နေကြောင်း မသိရချေ။ သတင်းလည်း မကြားရချေ။

လျှိုလုံချင်းတို့ သားအဖ ထွက်သွားပြီး သုံးလကျော်ကြာမှ လူကြုံနှင့် ရေးပို့လိုက်သော လျှိုချောင်းကျိ၏ စာကို ဝမ်ဝူကျောင်း ရသည်။

စာထဲတွင် မိမိတို့ သားအဖ ရှန်စီးပြည်နယ် လုဟတ်မြို့သို့ ရောက်နေကြကြောင်း၊ အခြေတကျ နေထိုင်ခြင်း မရှိသေးကြောင်း၊ ဝမ်ဝူကျောင်းတို့ သားအဖအား များစွာ သတိရကြောင်း၊ သမီးလေးမှာ ဝမ်လုံဖေးကို တမ်းတမ်းတတ ငိုကြွေးတတ်ကြောင်း၊ မိမိတို့ အခြေတကျ နေထိုင်ပါက ထပ်မံ၍ အကြောင်းကြားလိုက်ဦးမည် ဖြစ်ကြောင်း၊ ထိုအခါ ဝမ်ဝူကျောင်းတို့ သားအဖ လာလည်စေချင်ကြောင်း လျှိုချောင်းကျိက ရေးသားထားလေသည်။

စာကို ရသောအခါ ဝမ်လုံဖေးလည်း လုဟတ်မြို့သို့ လိုက်သွားလိုသော ဆန္ဒ ပြင်းပြင်းထန်ထန် ပေါ်လာသည်။ ဖခင်ဖြစ်သူ ဝမ်ဝူကျောင်းအား လိုက်သွားလိုကြောင်း ပူဆာသည်။

"ဖေဖေလဲ သွားချင်ပါတယ် လူလေးရယ်၊ သူတို့ သားအဖနဲ့ သိပ်ပြီး တွေ့ချင်ပါတယ်၊ ဒါပေမယ့် ဖေဖေ့ ခြေထောက်က ဒီလောက် ခရီးဝေးကို မသွားနိုင်သေးဘူး လူလေး၊ ပြီးတော့ သူတို့က လုဟတ်မြို့က ဒီစာကို ပေးလိုက်တာဆိုပေမယ့် အခြေချ နေထိုင်သေးတာ မဟုတ်တော့ အဲဒီမှာ ရှိချင်မှ ရှိတော့မယ်၊ လွဲကုန်လိမ့်မယ်၊ သူတို့ အခြေချ နေထိုင်တော့မှ ထပ်ပြီး အကြောင်းကြားမယ်လို့ ရေးထားတာပဲ လူလေးရယ် ဒီတော့မှပဲ ပိုင်ပိုင်နိုင်နိုင် သွားကြတာပေါ့"





ဝမ်ဝူကျောင်းက ဝမ်လုံဖေးအား ဖျောင်းဖျစကား ပြောသည်။ ဖခင်၏ စကားမှာ မှန်နေသဖြင့် ဝမ်လုံဖေးလည်း စိတ်လျှော့လိုက်ရလေသည်။

သူတို့ သားအဖနှစ်ယောက်စလုံး နောက်ထပ် ရောက်လာမည့် စာကို စောင့်မျှော်ကြသည်။

လျှိုချောင်းကျိထံမှ နောက်ထပ် စာရောက်မလာချေ။

ကြမ္မာ ဂြိုဟ်ဆိုးသာ သူတို့အပေါ် ကျရောက်လာသည်။ လျှိုချောင်းကျိတို့ မိသားစုအား ကျရောက်ခဲ့သော ကြမ္မာဂြိုဟ်ဆိုးထက် ပို၍ ဆိုးဝါးလေသည်။

လျှိုချောင်းကျိတို့ သားအဖ ထွက်ခွာသွားပြီး ခြောက်လခန့် အကြာ လပြည့်ညတွင် ဖြစ်လေသည်။

လပြည့်ဝန်းက ကောင်းကင်တွင် ထိန်ထိန်သာနေသည်။ မြူတိမ်ကင်းသဖြင့် ကြယ် ပွင့် လေးများ လည်း ဝင်းလက်တောက်ပနေကြသည်။

ကြယ်ရောင် လရောင်က လောကမြေပြင်ကို ဖြာကျနေသည်။

ရာသီဥတုက သာယာသည်။ လပြည့်ညက လှသည်။

ထိုညက ဝမ်ဝူကျောင်းတို့ မိသားစု၏ ဘဝသာ မလှမပ ဖြစ်သွားကြရလေသည်။

*

## ၇။ အသက်ဘေး

ထိုညက နေသူရိန်စံအိမ်၏ ဧည့်ခန်းထဲတွင် ဝမ်ဝူကျောင်း၊ ဝမ်လု့ချန်းနှင့် ဝမ်လုံဖေးတို့ ထိုင်၍ စကားပြောနေကြသည်၊ လျူချောင်းကျိတို့ သားအဖအကြောင်းကို တမ်းတမ်းတတဖြင့် ပြောနေကြခြင်း ဖြစ်၏။

ညဦး ပိုင်းဖြစ်သဖြင့် မည်သူမှ မအိပ်ကြသေးချေ။

ဝင်းတံခါး အိမ်တံခါးများကိုမူ ပိတ်ထားပြီး ဖြစ်၏၊

"ဟိတ် ငါးမန်းဓား.... မင်းအိမ်ကို ငါတို့ မန်ချူးတပ်သားတွေ ဝိုင်းထားပြီးပြီ၊ မင်း အေးအေးဆေးဆေး အဖမ်းခံပါ"

အိမ်ရှေ့ဘက်ဆီမှရုတ်တရက် အော်ပြောသံပေါ်လာသဖြင့် ဝမ်ဝူကျောင်းတို့ အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်၊ ထိုင်ရာမှ ထရပ်ကြသည်၊ ဝမ်ဝူကျောင်း ပိတ်ထားသော ရှေ့တံခါးဆီ ချိုင်းထောက်ထောက်၍ လာသည်။ အပေါက်ငယ်ကလေးမှ အပြင်ဘက်ကို ချောင်းကြသည်။

စံအိမ်အပြင်ဘက်တွင် မီးတုတ် ကိုယ်စီ ကိုင်ထားကြသော မန်ချူးစစ်သားများကို တွေ့ရသည်၊ မီးတုတ်များ၏ အလင်းရောင်က ပတ်ဝန်းကျင်တွင် ထိန်လင်းနေသည်။

မီးရောင်ဖြင့် မန်ချူး တပ်မှူးကြီး ထုံးပဲစီးကို မြင်ရသောအခါ ဝမ်ဝူကျောင်း အံ့ဩတုန်လှုပ်သွားသည်။ မိမိ ဤအိမ်





တွင် နေကြောင်း ထုံးပဲစီး မည်သို့ ခြေရာခံမိသွားသနည်း၊ ဝမ်ဝူကျောင်း စဉ်းစား၍ မရချေ။

သူသည် သူ့အတွက်ထက် သူ့သားလေးဝမ်လုံဖေးနှင့် ညီမဖြစ်သူ ဝမ်လု့ချန်းအတွက် ပို၍ စိုးရိမ်ပူပန်သွားသည်။ ထုံးပဲစီးသည် မျိုးချစ်တော်လှန်ရေးသမားများကို နှိမ်နင်းတိုက်ခိုက်ရာ၌ ကျူပင်ခုတ် ကျူငုတ်ပါ မကျန်အောင် သုတ်သင်တတ်သူဖြစ်၏။ တော်လှန်ရေးသမားကို သာမက ၎င်း၏ ဆွေမျိုးသားချင်းများကို အပြုတ် ရှင်းတတ်ကြောင်း ဝမ်ဝူကျောင်း ကြားဖူးထားသဖြင့် ဤသို့ စိုးရိမ်ပူပန်မိခြင်း ဖြစ်လေသည်။

"ဟိတ် ငါးမန်းဓား ... မင်းထွက်ပြီး အေးအေးဆေးဆေး အဖမ်းခံပါ။ ဒါဆို မင်းရဲ့ အိမ်သားတွေကို ဒုက္ခမပေးဘူး။ နို့မို့ဆိုရင်တော့ မင်းကိုသာ မဟုတ်ဘူး။ မင်းရဲ့ အိမ်သားအကုန်လုံးကိုပါ တစ်ယောက်မကျန် သတ်ပစ်ရလိမ့်မယ်"

ထုံးပဲစီးက ထပ်မံ၍ အော်ဟစ် ခြိမ်းခြောက်လိုက်ပြန်သည်။

ဝမ်ဝူကျောင်း ကြံရာမရဖြစ်သွားသည်၊ မိမိ အညံ့ခံသည့်တိုင်အောင် ထုံးပဲစီးက မိမိ၏ အိမ်သားများကို ဒုက္ခပေးလိမ့်မည်ဖြစ်ကြောင်း သိသည်။

မိမိအနေနှင့်လည်း နယ်ချဲ့ မန်ချူးကို ဒူးထောက်အညံ့ခံလိုစိတ် မရှိချေ၊ နယ်ချဲ့ကို အသေခံ၍ တိုက်မည်သာ ဖြစ်၏။

သို့သော် မိမိတို့ မျိုးဆက်၏ တစ်ဦးတည်းရင်သွေး ဝမ်လုံဖေး အန္တရာယ်ဖြစ်မည်ကိုတော့ မလိုလားပါချေ။ မိမိရင်သွေး

သည် မပြီးဆုံးသေးသော နယ်ချဲ့တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရဦးမည်လော့ဦးမည်။

ဤနှစ်ပိုင်းအတွင်း ဝမ်ဝူကျောင်းသည် သူ၏ ရည်မှန်းချက်၊ လုပ်ရပ်များကို ဝမ်လုံဖေးအား ဖွင့်ပြောခဲ့သည်။ မိမိကို ခုကဲ့သို့ ဘဝ ရောက်အောင် လုပ်သူမှာ မန်ချူးတပ်မှူးကြီး ထုံးပဲစီး ဖြစ်ကြောင်း၊ ထုံးပဲစီးအကြောင်း၊ ထုံးပဲစီး အသုံးပြုသော ကြောလေပွေ သိုင်းကွက် အကြောင်း၊ နယ်ချဲ့ မန်ချူးများ အကြောင်းတို့ကို ပြောခဲ့သည်။

သားဖြစ်သူ ဝမ်လုံဖေးကိုလည်း သိုင်းပညာ ဖိသင်ခဲ့သည်၊ နယ်ချဲ့ဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှိရေး၊ ဒုစရိုက် သမားများ နှိမ်နင်းရေး စသည့် စိတ်ဓာတ်များ ပေါ်ပေါက်အောင်လည်း လမ်းညွှန် ပြောပြခဲ့သည်။ အလေ့အကျင့် လုပ်ပေးခဲ့သည်။

သူသည် သိုင်းလောကအကြောင်း၊ နာမည်ကြီးသိုင်းသမားများအကြောင်း၊ သိုင်းဂိုဏ်းများအကြောင်းလည်း သားဖြစ်သူ သိရန် ပြောပြခဲ့သည်။

သူသည် သူ မရှိသည့်ကိုင်အောင် သားဖြစ်သူအား တော်လှန်ရေးကို ဆက်လက် ဆင်နွှဲစေချင်သည်။ သိုင်းလောကကို အကျိုးပြုစေချင်သေးသည်။ ထို့ကြောင့် သူသည် သားဖြစ်သူ ဝမ်လုံဖေးအား အန္တရာယ်ဖြစ်မှာ မလိုလားပါချေ။

ညည့်ခန်းထဲသို့ အိမ်ရှိ အစေခံ အားလုံးလိုလို ထိတ်ထိတ်လန့်လန့်ဖြင့် စုရုံး ရောက်နေကြပြီ ဖြစ်၏။





ဝမ်ဝူကျောင်းလည်း ညီမဖြစ်သူ ဝမ်လုချွန်းထံသို့ ပြန်လာကာ ကတိုက်ကရိုက် ပြောသည်။

"မန်ချူးတပ်သားတွေ အလုံးအရင်းနဲ့ ငါတို့အိမ်ကို ဝိုင်းထားပြီ ညီမ၊ အခြေအနေ မကောင်းဘူး။ လူလေးကို ခေါ်ပြီး ညီမတို့က လျှို့ဝှက်လမ်းက လွတ်အောင်ပြေးပါ၊ သင်းတို့ကို ငါ အတတ်နိုင်ဆုံး ခုခံထားမယ်"

"မေမေပါ လိုက်ခဲ့ပါ"

ဝမ်လုံဖေး စိုးရိမ်ထိတ်လန့်စွာ ပြောသည်။ ဝမ်လုချွန်းကလည်း....

"အစ်ကိုတစ်ယောက်တည်းနဲ့ ဘယ်ဖြစ်ပါ့မလဲ....၊ ကျွန်မတို့နဲ့ တစ်ပါတည်း လိုက်ခဲ့ပါ"

*

ထိုစဉ် မန်ချူးတပ်မှူး ထုံးပဲစီး၏ အသံ ပေါ်လာပြန်သည်။

"ဟေ့ကောင် ငါးမန်းဝါး.... မင်း ထွက်မလာဘူးလား။ မင်း ထွက်မလာရင် ငါတို့တွေ တံခါးတို ဖျက်ပြီး ဝင်လာရ

လိမ့်မယ်။ ဒါဆို တစ်အိမ်လုံးမှာ ရှိတဲ့လူတွေ အကုန်လုံး အသေပဲ"

"လုချွန်း.... အားလုံး မြန်မြန်သွားကြ။ ငါလိုက်လို့မဖြစ်ဘူး။ သူတို့ကို ငါ ခုခံမထားရင် အားလုံး သေကုန်လိမ့်မယ်၊ သွား သွား.... လိုတဲ့ပစ္စည်းတွေ မြန်မြန်ယူကြ။ လူလေးအတွက် စီစဉ်ထားတဲ့အိတ်ကို မမေ့နဲ့၊ အခုသွားယူ။ 'ကျောက်ကွမ်း' လာဦး"

ဝမ်ဝူကျောင်းက ညီမဖြစ်သူ ဝမ်လုချွန်းကို ပြောပြီး တစ်ဆက်တည်း အစေခံချုပ်ကြီး ကျောက်ကွမ်းကို ခေါ်လိုက်သည်။

ကျောက်ကွမ်းသည် ဝမ်ဝူကျောင်းထက် သုံးနှစ်ကျော်သာ ကြီးသည်။ ဝမ်ဝူကျောင်း၏ ဖခင် လက်ထက် ကတည်းက ကျောက်ကွမ်း၏ ဖခင်မှာ ဤနေသူရိန် စံအိမ် ဝင်းထဲမှာပင် မွေးသည်။ ကျောက်ကွမ်းလည်း ငယ်ငယ်လေးကတည်းက ဤအိမ်တွင် အစေခံလုပ်လာခဲ့သည်။ ကျောက်ကွမ်း လက်ပေါ်တွင် ဝမ်လုံဖေး ကြီးပြင်းခဲ့ရသည်ဆိုပါက မမှားချေ။

ကျောက်ကွမ်းက ဝမ်လုံဖေးကို တူသားရင်းတစ်ယောက်လို ချစ်သည်။ ဝမ်လုံဖေးကလည်း ကျောက်ကွမ်းကို အစေခံ တစ်ယောက်လို သဘောမထားချေ။ ဦးလေးသားချင်း တစ်ယောက်လိုသာ သဘောထားသည်။

ဝမ်ဝူကျောင်းအနီးသို့ ကျောက်ကွမ်း ရောက်လာသည်၊ ဝမ်လုချွန်းကမူ လိုအပ်သော ပစ္စည်းပစ္စယများယူရန် နောက်ဘက်ကို ပြေးဝင်သွားသည်။





ဝမ်ဝူကျောင်းက ကျောက်ကွမ်းကို ပြောသည်၊

"ကျောက်ကွမ်း.... လူလေးကို ဘေးအန္တရာယ် လွတ်တဲ့ နေရာအထိ မင်း နဲ့ လုချွန်းတို့ တာဝန်ယူပြီး ခေါ်သွားပါ။ ငါ့သားရဲ့အသက်ကို မင်းတို့ အသက်နဲ့ လဲပြီး ကာကွယ်ပါ။ မင်းတို့တွေ ဒီမြို့ထဲမှာ မခိုကြနဲ့။ မြို့မြောက်ဘက်က ကုန်းလိုင်တောင်ပေါ်ကိုပြေး။ ဟွာအင်းမြို့ကို အရောက်သွား။ ဟွာအင်းမြို့ကို ရောက်ရင် မင်းတို့အတွက် လုံခြုံပြီ။ ငါပြောတာ နားလည်လား"

"ဟုတ်ကဲ့.... နားလည်ပါတယ် သခင်ကြီး။ သခင်လေးရဲ့ အသက်ကို ကျွန်တော် အသက်နဲ့လဲပြီး ကာကွယ်ပါ့မယ်"

"ဒုန်း.... ဒုန်း.... ဝုန်း.... ဒုန်း"

တံခါးဆီမှ ထုရိုက်သံများ ပေါ်လာသည်။

ဝမ်လုချွန်းက ခရီးဆောင် အိတ်ကလေးတစ်လုံး အထုပ်တစ်ထုပ်ကိုဆွဲ၍ နောက်ဘက်ခန်းမှ အပြေး ထွက်လာသည်။

ဝမ်ဝူကျောင်းက ဒူးထောက်၍ သားဖြစ်သူ ဝမ်လုံဖေးကို နမ်းသည်။ ပြီးမှ ပြောသည်။

"ဒေါ်လေးတို့နဲ့ လိုက်သွား လူလေး.... ဖေဖေဆုံးမခဲ့တာ တွေကို မမေ့နဲ့။ ဖေဖေ ဖြစ်စေချင်တဲ့ လူမျိုးဖြစ်အောင် လူလေး ကြိုးစားပါ"

ဝမ်လုံဖေး ငိုမဲ့မဲ့ဖြင့် ပြန်ပြောသည်။

"ဖေဖေလဲ လိုက်ခဲ့ပါ။ ဖေဖေ တစ်ယောက်တည်း နေခဲ့ရင် သူတို့လက်ချက်နဲ့ ဖေဖေ သေမှာ"

ဝမ်ဝူကျောင်း မျက်နှာထားတင်းသွားသည်။ ဝမ်လုံဖေးကို လေသံမာမာဖြင့် ပြောသည်။

"လုံဖေး.... ငါ ပြောသလိုလုပ်၊ အားလုံး သေရမယ့် အရေးမှာ ငါ တစ်ယောက်တည်း အသေခံတာ အဓိပ္ပာယ်ရှိတယ်။ မင်းသာ ငါဖြစ်ချင်တဲ့ လူစားမျိုးဖြစ်အောင် အသက်ဆက်ရှင်ဖို့ လိုတယ်။ သွားကြ....သွားကြ။ အချိန်မရှိတော့ဘူး။"

"ဝုန်း.... ဝုန်း.... ဝုန်း"

"ပျက်တော့မယ်.... မြန်မြန်ဖျက်"

"ဝုန်း.... ဝုန်း"

တံခါးကို ထုရိုက် ဖျက်ဆီးသံ အော်ဟစ်သံများ အဆက်မပြတ် ပေါ်ထွက်နေဆဲ ဖြစ်၏။ တံခါးက ကျောက်တံခါးဖြစ်၏။ ထို့ကြောင့် အချိန်တိုတိုနှင့် မဖျက်နိုင်ကြခြင်းဖြစ်၏၊ ယခုမူ ကျောက်တံခါးမှာ ပြိုကျပျက်စီးတော့မည်ဖြစ်လေသည်။

ဧည့်ခန်းဆောင်ကြီး၏ နောက် ဘက် ထောင့် တွင် မြေအောက် လျှို့ဝှက် ဥမင်လမ်းကို သွားသော တံခါးပေါက် ရှိနေသည်။ ဦးစွာ အစေခံများ ဆင်းပြေးသွားကြပြီဖြစ်၍ တံခါးပေါက်က ပွင့်နေသည်။

ဝမ်လုံဖေးအား ကျောက်ကွမ်းက ထိုအပေါက်ဆီ ဆွဲခေါ်လာသည်။ ဝမ်လုံဖေး စိတ်အားတင်း၍ လိုက်ခဲ့သည်၊ နောက်ဆုံးမှ ဝမ်လုချွန်း ပြေးလိုက်လာသည်။

မြေအောက် လှေကားအတိုင်း ပြေးဆင်းခဲ့ကြသည်၊ နောက်ဆုံးမှ ဝမ်လုချွန်းက မြေအောက် အံဖုံးတံခါးကို ပိတ်သည်။





"ဝုန်း"

အံဖုံးတံခါး ပိတ်လု ပိတ်ခင်မှာပင် အိမ်ရှေ့ တံခါးမကြီး ပြိုကျသွားသံကို ဝမ်လုချွန်း ကြားရသည်။ ထို့ကြောင့် သူမက အံဖုံးတံခါးကို အနည်းငယ်ဟကာ အပြင်ကို ချောင်းကြည့်သည်။

အစ်ကိုဖြစ်သူ ဝမ်ဝူကျောင်းကို ပြိုပျက်သွားသော တံခါးပေါက် အနီး၌ တွေ့ရသည်။ ချိုင်းထောက်ထောက်၍ ရပ်နေပြီး ဝဲဘက်လက်က ငါးမန်းဓားကို ကိုင်ထားသည်။

*

"ယား"

"ဟိုင်း"

"တွေ့တဲ့လူ အကုန်သတ်၊ အကုန်သတ်"

တံခါးပေါက်မှ မန်ချူးတပ်သားများ ညာသံပေး၍ ပြေးဝင်လာကြသည်။ ဝမ်ဝူကျောင်းနှင့် ရင်ဆိုင်မိကြသည်၊ ဝမ်ဝူကျောင်းက ငါးမန်းဓားကို ဝှေ့ယမ်းလျက် ဆီးတိုက်သည်။

မအော်ဟစ် တိုက်ခိုက်သံများ ညံစီသွားသည်၊

မြေအောက်သို့ ရောက်နေသော ဝမ်လုံဖေးလည်း ဖခင်ကြီးအား စိုးရိမ်စိတ်ဖြင့် အနည်းငယ် ဟနေသောတံခါးပေါက်မှ

အပြင်ကို ချောင်းကြည့်သည်။ ဖခင်ကြီးက အိမ်ထဲ ပြေးဝင်လာသည်။ မန်ချူးစစ်သား မှန်သမျှ တိုက်ခိုက် သုတ်သင်နေကြောင်း တွေ့ရသောအခါ ဝမ်လုံဖေး အားတက်သွားသည်။

ဖခင်ကြီးအား အော်ဟစ် အားပေးလိုစိတ်ပင် ပေါ်လာသည်။ မဖြစ်လွန်း၍သာ အသံမထွက်ရဲဘဲ ငြိမ်နေရသည်။

ငါးမန်းဓားချက်ဖြင့် မန်ချူးတပ်သားများ တစ်ယောက်ပြီး တစ်ယောက် လဲကျကုန်သည်။ မည်သူမှ ဝမ်ဂူကျောင်းကို ဒဏ်ရာရအောင်ပင် မတိုက်နိုင်ကြချေ။

"အကုန်လုံး နောက်ဆုတ်။ အကုန်လုံး နောက်ဆုတ်"

အော်ဟစ် အမိန့်ပေးသံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ဖြင့် မန်ချူးတပ်သားများ နောက်ကို ခုန်ဆုတ်သွားသည်။ မန်ချူး တပ်မှူးကြီး ထုံးပဲစီး တံခါးပေါက်မှ ခုန်ဝင်လာသည်။ သူ့ ညာဘက်လက်တွင် နှစ်ဖက်ချွန် ဓားနှစ်လက်ကို စကြာပုံသဏ္ဍာန် ကိုင်ထားသကဲ့သို့ ဘယ်ဘက်လက်တွင်လည်း နှစ်ဖက်ချွန် ဓားတစ်လက် ကိုင်ထားသည်။ သူက ဝမ်ဂူကျောင်းနှင့် ငါးပေခန့်အကွာ၌ ရပ်လိုက်သည်။

"ဟေ့ကောင် ငါးမန်းဓား။ မင်းက ဒုက္ခိတဘဝ ရောက်နေတာတောင်မှ အစွယ် မကျိုးသေးပါလားကွ"

မန်ချူး တပ်မှူး ထုံးပဲစီး ဒေါသတကြီးဖြင့် ပြောသည်။ ဝမ်ဂူကျောင်း တည်ငြိမ်စွာ ပြန်ပြောသည်။

"ဟေ့ကောင် ထုံးပဲစီး၊ မင်းကို မသတ်ရမချင်း ငါ့အစွယ် မကျိုးဘူးကွ"





ဝမ်လုံဖေးလည်း ဖခင်ကြီး၏ စကားကို ကြားရမှ မန်ချူး တပ်မှူးကြီး ထုံးပဲစီး ဖြစ်ကြောင်း သိသွားသည်။ ထုံးပဲစီး ဖြစ်ကြောင်း သိသည်နှင့် ဖခင်ကြီးအတွက်လည်း စိုးရိမ်သွားသည်။

"ဟေ့ကောင်။ ငါ့လက်အောက်တွေကိုသာ မင်း နိုင်ချင်နိုင်မယ်။ ငါ့ကိုတော့ ယှဉ်နိုင်လိမ့်မယ် မထင်နဲ့။ မင်းကို ဒုက္ခိတဘဝရောက်အောင် ငါလုပ်ခဲ့တာ မေ့သွားပြီလား။ အဲဒီတုန်းက မင်း ကံကောင်းလွန်းလို့ မသေတာ။ အခုတော့ မင်း သေပြီမှတ်"

ထုံးပဲစီး ဒေါသတကြီးဖြင့် ပြောတော့ ဝမ်ဂူကျောင်း တည်ငြိမ်စွာ ပြန်ပြောသည်။

"မင်းလက်အောက် ဆယ်ယောက်ကျော်ကျော် ငါ့ လက်ချက်နဲ့ သေသွားကြပြီ။ မင်းကိုပါ ငါသတ်နိုင်ရင် သေရကျိုးနပ်ပြီ"

"ငါ မသေဘူး။ မင်းသာ သေမှာ"

ထုံးပဲစီး ပြောပြောဆိုဆို နှစ်ဖက်ချွန်ဓား သုံးလက်ဖြင့် ဝမ်ဂူကျောင်းအား ထရကြမ်း ဝင်တိုက်လေသည်။

ထုံးပဲစီး၏ ညာဘက်လက်မှ ဓားနှစ်လက်က စကြာကဲ့သို့ လည်ပတ်နေသည်။ ဝဲဘက်လက်မှ ဓားကမူ လေပွေကဲ့သို့ လှုပ်ရှားနေသည်။

ဝမ်ကျောင်း ငါးမန်းဓားဖြင့် ပြန်၍ ခုခံ တိုက်ခိုက်သည်။ သူ၏ တစ်ဖက်တည်းသာရှိသော ဝဲဘက်လက်က ငါးမန်းဓားကို ကိုင်ထားရသဖြင့် ချိုင်းမှ ချိုင်းထောက်ကို ထိန်းမထား

နိုင်ချေ၊ သူ နောက်ကို ဆုတ် ရှောင်လိုက် သော အခါ ချိုင်း ထောက် လွတ်သွားသည်။

သူ၏ ညာဘက်ခြေထောက်က မလှုပ်ရှားနိုင်ချေ၊ ဝဲဘက် ခြေထောက် တစ်ဖက်သို့သာ ထောက်၍ လှုပ်ရှား ရသည်၊ ခြေထောက်တစ်ဖက်တည်းနှင့် သူကိုယ်သူ မထိန်းနိုင် ဖြစ်လာသည်၊ ဟန်ချက်ပျက်ပြီး ဘေးသို့ ယိမ်းယိုင်သွားသည်၊

"အွန့်"

ထုံးပဲစီး၏ ဝဲဘက်လက်ရှိ နှစ်ဖက်ချွန်ဓားက ဝမ်ဝူကျောင်း ၏ ရင်အုံကို စိုက်ဝင်သွားသည်၊ ယာဘက်လက်မှ စကြာ ကဲ့သို့ လည်ပတ်နေသော ဓားနှစ်လက်က လည်ပင်းကို ဖြတ် သွားသည်။

ဝမ်ဝူကျောင်း ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားသည်၊ ခေါင်းမရှိသော ခန္ဓာကိုယ်က ကျောက်မင်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားသည်။

"ဖေဖေ.... ဖေဖေ"

တုန်လှုပ် ချောက်ချားဖွယ်ရာ မြင်ကွင်းကြောင့် ချောင်း ကြည့်နေသော ဝမ်လုံဖေး သတိလက်လွတ်ဖြစ်ကာ အော်လိုက် သည်၊ အနီးတွင် ရှိနေသော ဝမ်လုချွန်းက ဝမ်လုံဖေး ပါး စပ်ကို ကမန်းကတန်း ပိတ်သည်။

"ဝမ်ဝူကျောင်းရဲ့သားက ဟိုထဲမှာ သင်းရဲ့မျိုးဆက်ကိုပါ ဖြုတ်ရမယ်"

ထုံးပဲစီး ပြောရင်း ပြေးလာသည်၊

*





ဝမ်လုချွန်း အံ့ဂွက်တံခါးကို ကမန်းကတန်း ပိတ်သည်၊ အတွင်းမှ ဂလန့် ထိုးသည်။ အစေခံကြီး ကျောက်ကွမ်းက ငိုကြွေးနေသော ဝမ်လုံဖေးအား အောက်သို့ ဆွဲခေါ်သည်၊ ဥမင်လမ်းအတိုင်း ဆွဲပြေးသည်။

ဥမင်လမ်းမှာ ရှေးလူတို့ ဖောက်ထားသော လမ်းဖြစ်သဖြင့် ဖြောင့်တန်းသည်၊ ဥမင်လမ်း နံရံ တစ်ဖက်တစ်ချက်တွင် ရှေ့မှ ဦးစွာ ပြေးသော အစေခံများ ထွန်းညှိခဲ့သော မီးတုတ် များ ရှိနေသဖြင့် လင်းလင်းချင်းချင်း ရှိသည်။

ဝမ်လုံဖေးတို့နောက်မှ ဝမ်လုချွန်းလည်း ငိုကြွေးရင်း ပါ လာသည်၊ ဥမင်လမ်းက ရှည်လျားသည်၊

ဤ ဥမင်လမ်းကို ဝမ်လုံဖေးနှင့် လျူလျံချင်းတို့ပင် အကြိမ် ကြိမ် သွားဖူးသည်၊ မြို့ပြင်အထိ လမ်းပေါက်သည်၊

ငိုကြွေးရင်း ပြေးလာရသဖြင့် ဝမ်လုံဖေးကော ဝမ်လုချွန်း ပါ မောဟိုက်လာသည်၊ သိုင်းပညာ မတတ်သော ဝမ်လုချွန်း က ဝမ်လုံဖေးထက် ပိုမောသည်၊ သူမက ငိုကြွေးရင်းမှ မော ဟိုက်စွာ ပြောသည်။

"ခဏ နေကြပါဦး"

ဝမ်လုံဖေးနှင့် အစေခံကြီး ကျောက်ကွမ်းတို့ရပ်ပြီး နောက် လှည့်ကြည့်ကြသည်။ ဝမ်လုချွန်း ထိုင်လိုက်တော့ သူတို့လည်း ထိုင်လိုက်ကြသည်။

ဝမ်လုံဖေးနှင့် ဝမ်လုချွန်းတို့ ဝမ်ဝူကျောင်းကို တမ်းတ လျက် ငိုကြသည်။ အစေခံကြီး ကျောက်ကွမ်းလည်း မျက်ရည်

ဖြိုင်ဖြိုင် စီးကျနေသည်။ သူတို့သုံးယောက်စလုံး အတန်ကြာအောင် စကားမပြောနိုင်ကြချေ။

အတန်ကြာမှ ဝမ်လုံဖေး အံကို တင်းတင်း ကြိတ်ကာ ကြိမ်းဝါးလိုက်သည်။

"ဖေဖေ့ အတွက် ကျွန်တော် လက်စား ပြန်ချေမယ်၊ ထုံးပဲစီးဆိုတဲ့ လူကို သတ်မယ်၊ မန်ချူးတွေ အကုန်လုံးကို သတ်မယ်"

ဝမ်လုချွန်းလည်း အငိုရပ်သွားသည်။ သူမက ရှိုက်ရင်းမှ ဝမ်လုံဖေး လက်မောင်းကို ဆုပ်ကိုင်၍ ပြောသည်။

"ဟုတ်တယ်၊ လူလေးရဲ့ ဖေဖေအတွက် လူလေး လက်စားပြန်ချေရမယ်။ မန်ချူးတွေကို တိုက်ထုတ်ရမယ်၊ ဒီလို လုပ်နိုင်ဖို့ အတွက် လူလေး အခုထက် သိုင်းပညာပိုပြီး တော်အောင် သင်ရမယ်၊ လေ့ကျင့်ရမယ်။ ရော့–ဒီအိတ်ကို လူလေးကိုယ်နဲ့ မကွာ ယူထားပါ"

ဝမ်လုချွန်း ပြောရင်း သူမထံမှ ခရီးဆောင် အိတ်ကလေးကို ဝမ်လုံဖေး၏ ပခုံး၌ ချိတ်ပေးလိုက်သည်၊ ပြီးမှ ဆက်ပြောသည်။

"ဒေါ်လေးက သိုင်းပညာ မတတ်ပေမယ့် သိုင်းပညာရဲ့ သဘောတရားကိုတော့ နားလည်တယ်၊ လူလေးရဲ့ ဖေဖေက လူလေးကို ငါးမန်းအမြီးရိုက် ဓားသိုင်းကို ကိုယ်တိုင်သင်ပေးခဲ့တယ်၊ ငါးမန်းအမြီးရိုက် ဓားသိုင်းရဲ့ နောက်ဆက်တွဲသိုင်းရှိသေးတယ်၊ 'ကိန္နရီမောင်နှံ' သိုင်းလို့ ခေါ်တယ်။ အဲဒီ သိုင်းကျမ်းစာအုပ် ဒီအိတ်ထဲမှာ ရှိတယ်၊ ကိန္နရီမောင်နှံ သိုင်း





ကွက်ဟာ မပြည့်စုံသေးဘူးလို့ လူလေးရဲ့ ဖေဖေ ပြောဖူးတယ်၊ ကိန္နရီမောင်နှံ သိုင်းကို အောင်မြင်အောင် ကျင့်နိုင်မယ်ဆိုရင် ပြိုင်ဘက်ကင်းအဆင့် မရောက်သေးတာတောင် ထိပ်တန်း ဓားသမား ဖြစ်နိုင်တယ်တဲ့၊ အချိန်ရတော့မှ လူလေးဖွင့်ကြည့်ပေါ့"

အစေခံကြီး ကျောက်ကွမ်းက ဝမ်လုချွန်းကို ဖြတ်ပြောသည်။

"ကျုပ်တို့ ဒီထဲမှာ ကြာကြာနေလို့ မဖြစ်ဘူး သခင်မလေး၊ ကျုပ်တို့ မြေအောက်ခန်းထဲ ဝင်ပြေးတာ ဟိုကောင်တွေ သိသွားတယ်၊ အံဖုံးတံခါးကို ဖျက်ဝင်လို့ မရတောင် ထွက်ပေါက်ကို ရှာတွေ့သွားရင် ကျုပ်တို့ ချောင်ပိတ်မိနေမယ်၊ ကျုပ်တို့တွေ ဘေးလွတ်ရာ ရောက်တဲ့အထိ ဆက်သွားကြရအောင်"

ဝမ်လုချွန်းလည်း သဘောတူသည်။ သူတို့ သုံးယောက် ထရပ်ပြီး ဥမင်လမ်းအတိုင်း ဆက်လာခဲ့ကြသည်၊ ဥမင်လမ်းက တဖြည်းဖြည်း မြင့်လာသည်။

မကြာမီ တစ်ဖက် ထွက်ပေါက်သို့ ရောက်လာကြသည်။ ထွက်ပေါက်က လူတစ်ကိုယ်စာ ထွက်နိုင်ရုံသာ ကျယ်ဝန်းသည်၊ စော၍ ထွက်သွားသော အစေခံများက ဖွင့်ခဲ့သဖြင့် တံခါးက ပွင့်နေသည်။

အပေါက်တစ်ဖက်တွင် ချုံပင်များ ထူထပ်စွာ ပေါက်နေသည်၊ ထိုချုံပင်များက ရာသီမရွေး အစဉ်အမြဲ ပေါက်နေသဖြင့် အကြောင်းမသိသူများ အနေနှင့် ထိုအပေါက်ရှိကြောင်း မသိနိုင် မမြင်နိုင်ချေ။

ရှေ့ဆုံးမှ အစေခံကြီး ကျောက်ကွမ်း ထွက်သည်။ နောက်မှ ဝမ်လုံဖေး လိုက်ထွက်သည်။ နောက်ဆုံးမှ ဝမ်လုချွန်း ပါလာသည်။ သူတို့သုံးယောက် ချုံပင်များကို တိုးထွက်လိုက်သောအခါ တောင်စောင်း တစ်နေရာသို့ ရောက်လာကြသည်။

တောတောင်အနှံ့ လရောင်က ဖြာလင်းနေသည်။

*

## ၈။ တစ်ကောင်ကြွက်

ဘေးပတ်ဝန်းကျင်တွင် လူရိပ်လူယောင်ကို မတွေ့ရချေ။

"ကျုပ်တို့ လူတွေလည်း တစ်ယောက်မှ မတွေ့ပါလား။ တကယ်ဆို ဒီမှာပဲ စောင့်နေဖို့ သင့်တယ်"

အစေခံကြီး ဘေးပတ်ဝန်းကျင်ကို ကြည့်၍ ပြောလိုက်သောအခါ ဝမ်လုချွန်းက....

"သူတို့ကို ဒီက စောင့်နေဖို့ မမှာလိုက်လို့ စောင့်မနေတာလား မသိဘူး။ အခုအချိန်မှာ လူစုလူဝေးနဲ့ သွားလို့လည်း မကောင်းပါဘူး။ သူတို့သွားလိုရာ သွားကြပါစေ။ ကျွန်မတို့ ဘာသာ သွားကြမယ်"

"သခင်ကြီး မှာစကားအတိုင်း ကျုပ်တို့တွေ ကုန်းလိုင်တောင်က ဖြတ်ပြီး ဟွာအင်းမြို့အရောက် သွားကြတာပေါ့ သခင်မလေး။ ဟွာအင်းမြို့ကို ရောက်ရင်တော့ ဒီကောင်တွေရဲ့ ရန်ကို ကြောက်စရာ မလိုတော့ပါဘူး"

"သွားလေ၊ ဘယ်ပဲ သွားသွား ဒီနေရာနဲ့ ဝေးဖို့ပဲ အရေးကြီးပါတယ်"

အစေခံကြီး ကျောက်ကွမ်း ရှေ့မှ လျှောက်သည်၊ ဝမ်လုံဖေးနှင့် ဝမ်လုချွန်း နောက်မှထက်ကြပ်မကွာ လိုက်ခဲ့ကြသည်။ ဘေးပတ်ဝန်းကျင်တွင် လူနေအိမ်ခြေမရှိ။ လူရိပ်လူယောင်ကို မတွေ့ရချေ။ တိတ်ဆိတ် ငြိမ်သက်နေသည်။

အနီးပတ်ဝန်းကျင်၌ ရန်သူရှိပါက ကြားသွားမည် စိုးသဖြင့် သုံးယောက်စလုံး စကားမပြောကြဘဲ ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။

လရောင်က ထိန်ထိန်သာနေသည်။

ကုန်းလိုင်တောင်ပေါ်သို့ တက်လာခဲ့ကြသည်။ ကုန်းလိုင်တောင်က မြင့်သည်၊ ကျယ်ပြန့်သည်။ ထိုတောင်ကို ကျော်ပြီး တစ်မနက်ခရီး သွားလျှင် ဟွာအင်းမြို့သို့ ရောက်မည် ဖြစ်၏။

တောင်ပေါ်တက်လာပြီး အတန်ကြာသည်အထိ ထူးခြားမှုကို မတွေ့ရချေ။ တောင်ခုလတ် အရောက်တွင်မူ လဲကျနေသော လူနှစ်ယောက်ကို သူတို့ရှေ့တွင် လှမ်းမြင်ကြရသည်။

သတိထားပြီး ရှေ့တိုးကြည့်ကြသည်။ ထိုအခါ လူနှစ်ယောက်မှာ နေသူရိန်စံအိမ်မှ အစေခံနှစ်ယောက်ဖြစ်ကြောင်း မြင်ကြရသည်။ နှစ်ယောက်စလုံး သွေးသံရဲရဲဖြင့် သေဆုံးနေကြပြီ ဖြစ်၏။

အစေခံနှစ်ယောက်စလုံး ရန်သူ၏ လက်ချက်မိကာ သေရခြင်း ဖြစ်ကြောင်း သိလိုက်သဖြင့် ထိတ်လန့် စိုးရိမ်သွားကြသည်။ အနီးပတ်ဝန်းကျင်တွင် ရန်သူများ ရှိနိုင်ကြောင်းလည်း တွေးမိကြသည်။

သုံးယောက်သား စကားမပြောဘဲ တောင်ပေါ်ကို ခြေလှမ်း သွက်သွက်ဖြင့် ဆက်တက်သည်။

"ဟိတ်.... ဘယ်သူတွေလဲ၊ ရပ်"





ရုတ်တရက် နောက်ဘက် ခပ်လှမ်းလှမ်းမှ အော်ဟစ်အမိန့်ပေးသံ ပေါ်လာသည်။ အသံနှင့်အတူ လာသော ခြေသံများကိုလည်း ဝမ်လုံဖေးတို့ ကြားကြရသည်။

"မန်ချူးစစ်သားတွေ ဖြစ်လိမ့်မယ်၊ မရပ်နဲ့၊ ပြေး ပြေး"

အစေခံကြီးကျောက်ကွမ်း ထိတ်လန့်တကြီးဖြင့် ပြောရင်း ဝမ်လုံဖေး လက်ကို ဆွဲ၍ ပြေးသည်။ နောက်မှ ဝမ်လုချွန်း ထက်ကြပ်မကွာ ပြေးလိုက်လာသည်။

"ပြေးပြီ.... ပြေးပြီ.... လိုက်ကြ"

"ရပ်ကြစမ်း.... ရပ်ကြစမ်း"

မန်ချူး ဘာသာစကားဖြင့် အော်ဟစ်၍ ပြေးလိုက်လာကြသည်။ ဝမ်လုံဖေးတို့သည် မန်ချူးဘာသာစကားကို ကန်းပိုရှေ့ထံမှ သင်ကြားထားသဖြင့် ထမင်းစားရေသောက်လောက်တော့ နားလည်ထားကြသည်။ မန်ချူးစစ်သားများဖြစ်ကြောင်း သေချာသွားသဖြင့် နောက်ကို လှည့်မကြည့်ဘဲ ခြေကုန်သုတ် ပြေးကြသည်။

လျှိုကြီးတစ်လျှိုအနီးသို့ ရောက်လာကြသည်။

"လိုက်ကြ.... လိုက်ကြ.... သင်းတို့ ပြေးမလွတ်ဘူး"

"မိလို့ကတော့ အသေပဲ"

နောက်မှ အော်ဟစ်သံများ နီးသထက် နီးလာသည်။

"ဘာဖြစ်လို့လဲ"

အပေါ်ဘက်မှ အော်ဟစ်မေးမြန်းရင်း မန်ချူး စစ်သားများ ပြေးဆင်းလာကြသည်ကို လရောင်ဖြင့် ဝမ်လုံဖေးတို့ မြင်ကြရပြန်သည်။

"ရန်သူတွေဟော့.... မလွတ်စေနဲ့၊ သတ်ပစ်"

နောက်ဘက်မှ အော်ပြောသံ ပေါ်လာသည်။

ဝမ်လုံဖေးတို့လည်း ရန်သူများ ရှေ့နောက် ညှပ်ပိတ်ခြင်းကို ခံရသဖြင့် ရှေ့ဆက်ပြေး၍လည်း မရ၊ နောက်လှည့်ပြေး၍လည်းမရ ဖြစ်သွားသည်။

"လာ.... လာ.... လျှိုထဲ ဆင်းပြေးမယ်"

အစေခံကြီး ကျောက်ကွမ်း ပြောပြောဆိုဆို ဝမ်လုံဖေး၏ လက်ကို ဆွဲလျက် ညာဘက်ရှိ လျှိုကြီးထဲ ပြေးဆင်းသည်၊

*

လျှိုကြီးထဲ၌ သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသည်။ လျှိုကြီး၏ပုံသဏ္ဍာန်က ဒယ်အိုးကြီးတစ်လုံး ပက်လက်လှန်ထားသည်နှင့် တူသည်၊ လျှိုအောက်ခြေကမူ မြက်ရိုင်းတောသာ ရှိသည်။ မြက်ပင်များက ရှစ်ပေကျော် ကိုးပေခန့် ရှည်သည်။

မန်ချူး တပ်ဖွဲ့ဝင်များကလည်း ညာသံပေး၍ အော်ဟစ်ရင်း လျှိုကြီးထဲ ပြေးလိုက်လာကြသည်၊





ဝမ်လုံဖေးတို့ သုံးယောက် လျှိုအောက်ခြေသို့ ရောက်လာသည်နှင့် မြက်ရိုင်းတောထဲ ပြေးဝင်သည်။ မြက်ရိုင်းတောထဲတွင် ငြိမ်ပြီး ပုန်းနေလိုက်ကြသည်။

ဝမ်လုံဖေးတို့ကို မန်ချူးစစ်သားများ မျက်ခြည်ပြတ်သွားကြသည်။ လှုံ့ခဲ့၍ ရှာကြသည်၊ မီးတုတ်များကို ထွန်းကြသည်။ မီးတုတ်များ၏ မီးရောင်များက လျှိုကြီးနေရာအနှံ့ ထိန်လင်းသွားသည်။

မီးတုတ်ကိုယ်စီကိုင်ထားသော မန်ချူးစစ်သား လေး, ငါးယောက် ဝမ်လုံဖေးတို့ ပုန်းနေသည့် မြက်ရိုင်းတောအစပ်သို့ ရောက်လာကြသည်။

ဝမ်လုံဖေးတို့ မှောဟိုက်နေကြသော်လည်း မန်ချူးစစ်သားများ ကြားသွားမည်စိုးသဖြင့် အသက်ပြင်းပြင်းပင် မရှူရဲကြချေ။ ရင်တထိတ်ထိတ်ဖြင့် အခြေအနေကို စောင့်ကြည့်နေကြသည်။

မြက်ရိုင်းတောစပ်ကို ရောက်လာသည့် မန်ချူးစစ်သားများ၏ တစ်ယောက်တစ်ပေါက် ပြောဆိုသံကို ကြားကြရသည်။

"ဒီမြက်ရိုင်းတောထဲမှာ ဝင်ပုန်းနေလိမ့်မယ် ထင်တယ်"

"ဝင်ရှာရင် တွေ့မှာပဲ။ ဝင်ရှာကြရအောင်"

"တွေ့လို့ကတော့ လက်မနှေးနဲ့ သတ်သာပစ်"

"သူတို့တွေက ဘယ်သူလဲကွ"

"အလှမ်းဝေးလို့ သဲသဲကွဲကွဲ မမြင်ရပေမယ့် သူတို့ သုံးယောက်ထဲကနှစ်ယောက်က အမျိုးသမီးတစ်ယောက်၊ ချာတိတ်ကလေးပဲ။ သူတို့ နှစ်ယောက်ဟာ သူပုန် ဝမ်ဝူကျောင်းရဲ့ညီမ

နဲ့ သားပဲ ဖြစ်လိမ့်မယ်။ တပ်မှူးကြီးက သူတို့ကို မိရင် သတ်ပစ်ရမယ်လို့ အမိန့်ထုတ်ထားတယ်"

"နေသူရိန်အိမ်မှာ နေတဲ့ လူမှန်သမျှ သတ်ပစ်ရမယ်လို့တောင် တပ်မှူးကြီးက အမိန့်ထုတ်ထားတာကွ"

"ကဲ....မြက်ရိုင်းတောထဲ ဝင်ရှာကြမယ်"

"မဝင်နဲ့။ တို့ကို အလစ်ချောင်းတိုက်ရင် ခက်နေဦးမယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"မြက်ရိုင်းပင်တွေကို မီးရှို့မယ်။ ဒါဆို သင်းတို့ ထွက်လာကြမှာပဲ။ ထွက်မလာတော့လည်း မီးလောင်တိုက် သွင်းပြီးသား ဖြစ်တာပေါ့"

"အေး.... ကောင်းတယ်။ ကောင်းတယ်"

မန်ချူးစစ်သားများက မြက်ရိုင်းပင်များကို မီးရှို့ကြသည်၊ နွေဦးရာသီ ဖြစ်သဖြင့် မြက်ရိုင်းပင်များက ခြောက်စပြုနေပြီဖြစ်၍၊ လွယ်လွယ်နှင့် မီးတောက်လောင်သည်။

မီးတောက် မီးလျှံက ဝမ်လုံဖေးတို့ ပုန်းနေသောနေရာနှင့် နီးသထက် နီးလာသည်။ ဝမ်လုံဖေးတို့ ငြိမ်နေ၍ မဖြစ်တော့ချေ။ မြက်ရိုင်းတောထဲမှ စိုးရိမ်တကြီး ထွက်ပြေးသည်။

မန်ချူး စစ်သားအချို့ ဝမ်လုံဖေးတို့ကို လှမ်းမြင်သည်၊

"ဟိုမှာ ပြေးပြီ"

"ဟိုမှာဟေ့.... ဟိုမှာ"

"ကောင်လေးက ဝမ်ရူကျောင်းရဲ့ သားပဲ။ မလွတ်စေနဲ့၊ လိုက်ကြ"

"လိုက်ဟေ့.... လိုက်"





မန်ချူးစစ်သားများ အော်ဟစ်၍ လိုက် လာ ကြသည်။ ဝမ်လုံဖေးတို့ ကွေ့ရှောင်ကာ လျှိုပေါ် တက်ပြေးကြသည်။ ကိုယ်လွတ်ရန်း ပြေးကြခြင်းဖြစ်သဖြင့် ဝမ်လုံဖေးတို့နှင့် ဝမ်လုချွန်း လူချင်း ကွဲသွားကြသည်။ ပြေးမိပြေးရာ ပြေးကြသည်။

"ဂွစ်....ဂွစ်....ဂွစ်....ဂွစ်"

မန်ချူးစစ်သားများက ဝမ်လုံဖေးနှင့် အစေခံကြီး ကျောက်ကွမ်းတို့ကို ဒေါပျံ လက်နက်ပုန်း၊ အဆိပ်သံချွန် လက်နက်ပုန်းများဖြင့် လှမ်းပစ်ကြသည်။

ကိုယ်ဖော့ပညာတတ်သော ဝမ်လုံဖေးက ရှေ့မှ ပြေးနိုင်သည်။ အစေခံကြီး ကျောက်ကွမ်းကမူ ကိုယ်ဖော့ပညာ မတတ်သဖြင့် နောက်ဘက် မလှမ်းမဝေး ကျန်ခဲ့သည်။

"အား"

အစေခံကြီး ကျောက်ကွမ်း၏ စူးစူးဝါးဝါး အော်သံပေါ်လာသည်။

ဝမ်လုံဖေး နောက်ကို ဆတ်ခနဲ လှည့်ကြည့်သည်။ ကျောကော့ပြီး လဲကျသွားသော အစေခံကြီး ကျောက်ကွမ်းကို မြင်ရသဖြင့် စိုးရိမ်ပူပန်သွားသည်။ ကျောက်ကွမ်း လျှိုအောက်ကို တလိမ့်ခေါက်ကွေး ကျသွားသည်။

"ဦးလေးကျောက်"

ဝမ်လုံဖေး ခေါ်ရင်း ပြေးဆင်းမည် ပြုသည်။ သို့သော် မန်ချူးစစ်သားများ ပြေးတက်လာသည်ကို မြင်ရသဖြင့် ကိုယ်ကို ချာခနဲ ပြန်လှည့်ကာ လျှိုပေါ်သို့ ဆက်၍ ပြေးတက်သည်။

*

မန်ချူးစစ်သားများ၏ ညာသံပေး၍ အော်ဟစ်သံ၊ တစ်ဦးနှင့် တစ်ဦး အော်ဟစ်ပြောဆိုသံများ ညံစီနေသည်။

ဝမ်လုံဖေး လျှိုထိပ်နှင့် မလှမ်းမဝေးသို့အရောက် မီးတုတ်များ ကိုင်လျက် လျှိုထဲသို့ဆင်းလာကြသော မန်ချူးစစ်သားအချို့ကို လှမ်းမြင်ရပြန်သည်။ သူ့ နောက်မှလည်း လိုက်လာကြသည်။

ဝမ်လုံဖေး ကြံရာမရဖြစ်ပြီး ဘေးဘီဝဲယာနှင့် အပေါ်ကို မော့ကြည့်သည်။ သူ့ ပတ်ဝန်းကျင်တွင် အခက်အရွက်ဝေနေသော သစ်ပင်ကြီးများကို တွေ့ရသဖြင့် ရှည်ရှည်ဝေးဝေး မစဉ်းစားနိုင်တော့ဘဲ မန်ချူးစစ်သားများ မမြင်အောင် ကိုယ်ဖော့ ပညာသုံး၍ သစ်ပင်ကြီး တစ်ပင်ပေါ်သို့ လျှပ်တစ်ပြက် တက်သည်။ သစ်ပင်ထိပ်ဖျားအထိ တက်သည်။ အရွက်အလက်များ အထပ်ထပ် ဖုံးနေသည့်ကြားထဲ ဝင်ကာ ငြိမ်နေလိုက်သည်။

သူပုန်းနေသည့် သစ်ပင်ကြီးနားသို့ လျှိုထဲမှ ပြေးတက်လာသည့် မန်ချူးစစ်သားအချို့ ရောက်လာကြသည်။ ဟိုရှာဒီရှာ လုပ်ကြသည်။ တစ်ယောက်က လျှိုထိပ်မှဆင်းလာသည့် မန်ချူးစစ်သားများကို လှမ်းမေးသည်။

"ဟေ့.... ကောင်လေး အပေါ်ကို ပြေးတက်လာတာ မတွေ့ဘူးလား"

တစ်ယောက်က ပြန်အော်ပြောသည်။

"တက်လာလို့လား မတွေ့ပါဘူး။ ငါတို့အားလုံး သေချာကြည့်ခဲ့ကြတာပဲ"





"ဒီကောင် တက်သွားတာ ငါတို့ လှမ်းမြင်လိုက်ပါတယ်။ မင်းတို့ မတွေ့ဘူးဆိုရင် တစ်နေရာရာမှာ ပုန်းနေလို့ပဲ ဖြစ်မယ်"

"လူဖြန့်ပြီး ရှာကြရအောင်"

မန်ချူးစစ်သားများ မီးတုတ်ကိုယ်စီဖြင့် လူဖြန့်ရှာကြသည်။ သစ်ပင်များ အောက်သို့လည်း ရှာကြသည်။ သစ်ပင်များပေါ်သို့လည်း မော့ကြည့်ကြသည်။ ဝမ်လုံဖေး ပုန်းနေသော သစ်ပင် ပေါ်သို့လည်း မော့ကြည့်သည်။ ဝမ်လုံဖေး ရင်တထိတ်ထိတ် ဖြစ်နေသည်။

သစ်ရွက်သစ်ခက်များ အထပ်ထပ်ဖုံးနေသဖြင့် တစ်ကြောင်း ဝမ်လုံဖေး ရှိသည့်နေရာက မှောင်နေသဖြင့် တစ်ကြောင်း မည်သူမှ သူ့ကို မတွေ့ကြပါချေ။

မန်ချူးစစ်သားများလည်း ဟိုရှာဒီရှာလုပ်ရင်း ဝမ်လုံဖေး ရှိရာနှင့် တဖြည်းဖြည်း ဝေးသွားသည်။ မီးရောင်များလည်း တဖြည်းဖြည်း ပျောက်သွားသည်။ လရောင်သာ လွှမ်းခြုံလာသည်။

မန်ချူးစစ်သားများ၏ အချက်ပေး ပြောဆိုသံများလည်း တဖြည်းဖြည်း ဝေးသွားသည်။ မကြာမီ အသံများ လုံးလုံး ပျောက်သွားသည်။

လျှိုကြီးအတွင်း လေတိုက်သံ၊ သစ်ရွက် သစ်ခက်များ လှုပ်ခတ်သံမှအပ အခြား ဘာသံမှ မကြားရတော့ချေ။ လူရိပ် လူယောင်ကိုသည်း မတွေ့ရတော့ချေ။

ဝမ်လုံဖေး သစ်ပင်ပေါ်တွင် မလှုပ်မယှက် ငြိမ်မြဲ ငြိမ်နေသည်။ အခြေအနေကို စောင့်ကြည့်နေသည်။ သူသည် အဒေါ်ဖြစ်သူ ဝမ်လူချွန်းနှင့် အစေခံကြီး ကျောက်ကွမ်းတို့အတွက် လွန်စွာ စိုးရိမ်ပူပန်နေသည်။

ကျောက်ကွမ်း လက်နက်ပုန်း ထိပြီး အောက်သို့ တလိမ့်ခေါက်ကွေး ကျသွားသည်ကိုတော့ သူမြင်လိုက်သည်။ အဒေါ်ဖြစ်သူ ဝမ်လူချွန်း မည်သို့ ဖြစ်သွားကြောင်းကိုမူ သူ မသိမမြင်ပါချေ။ သူလိုပင် လျှိုကြီး တစ်နေရာရာ၌ ပုန်းနေလေသလား၊ ရန်သူ့လက်ချက် မိသွားလေသလား။ သူ မစဉ်းစားတတ်ပါချေ။

သူ သစ်ပင်ပေါ်မှ ဆင်းပြီး လျှိုကြီး နေရာအနှံ့ လိုက်ရှာချင်သည်။ သို့သော် မန်ချူးစစ်သားတချို့ ပုန်းလျှိုးပြီး ကျန်နေလျှင် သူ့ကို တွေ့သွားနိုင်သဖြင့် သစ်ပင်အောက်ကို မဆင်းရဲပါချေ။

အခြေအနေကို စောင့်ကြည့်ရင်း သူသည် အသေဆိုးနှင့် သေသွားရသော ဖခင်ကြီးကို သတိရ တမ်းတမိသည်။ ကြိတ်၍ ငိုမိသည်။ မန်ချူးတပ်မှူးကြီး ထုံးပဲစီးက ဖခင်ကြီးအား ဓားဖြင့် ပိုင်းလိုက်သည့် မြင်ကွင်းကို ပြန်၍ မြင်ယောင်မိသည်။

သူ အသံမထွက်အောင် ကြိတ်ငိုသည်။ အံကိုလည်း တင်းတင်း ကြိတ်မိသည်။

မန်ချူးတပ်မှူး ထုံးပဲစီးအား ပြန် လက်စားချေနိုင်သည် အထိ သူ အသက်ရှင်နေဖို့ လိုသည်။ အနည်းဆုံး ထိုမျှအထိ





အသက်ရှင်နိုင်ရန် သူ့အသက်ကိုသူ မွေးရမည်။ အသက်ဘေးအန္တရာယ်နှင့် ကြုံရမည့် ကိစ္စရပ်များကို ရှောင်တိမ်းရမည်။

မိုးသောက်ယံအချိန်အထိ ထူးခြားချက်ကို မတွေ့ရမှ သစ်ပင်ကြီးပေါ်က သူ ဆင်းသည်။ သတိ ကြီးစွာ ထားလျက် မျက်စိရှင်ရှင်ဖြင့် လျှိုထဲကို တဖြည်းဖြည်း ပြန် ဆင်းခဲ့သည်။ သူတက်လာသည့် လမ်းအတိုင်း [illegible]

လွင်စာပေ
အမှတ် ../၁၃၈၊ ဗိုလ်ဆမိုး
တောင်ဥက္ကလာ
ဖုန်း ၂၁၄၅၅

အတော်ကလေး ဆင်းလာမိသောအခါ သေဆုံးနေသော အစေခံကြီး ကျောက်ကွမ်း၏ အလောင်းကို တွေ့ရလေသည်။ ကျောက်ကွမ်း၏ နောက်စေ့နှင့်နောက်ကျောတွင် ဓားမြှောင်ကလေး သုံးလက် စိုက်ဝင်နေသည်ကို တွေ့ရသည်။ ဒဏ်ရာမှ စီးကျခဲ့သော သွေးများက ခြောက်သွေ့စပင် ပြုနေလေပြီ။

အစေခံကြီး ကျောက်ကွမ်းသည် ငယ်စဉ်ကတည်းက သူ့ကို ထိန်းကျောင်းခဲ့သူဖြစ်၍ သူက သံယောဇဉ်ဖြစ်နေသည်။ ယခုလို ကျောက်ကွမ်း ဖြစ်ရသည့်အတွက် သူများစွာ စိတ်ထိခိုက်သည်။ ငိုချင်သည်။

သို့သော် မငိုမိအောင် စိတ်ကိုထိန်းသည်။ အံကို တင်းတင်း ကြိတ်သည်။ အခြေအနေပေးလာသော တစ်နေ့တွင် ကျောက်

ကွမ်းအတွက် မန်ချူးတို့အား လက်စား ပြန်ချေမည်ဟု သူ သန္နိဋ္ဌာန်ချသည်။

အဒေါ်ဖြစ်သူ ဝမ်လုချွန်းကို ရှာလိုသဖြင့် ကျောက်ကွမ်း၏ အလောင်း အနီးမှ သူ ထွက်ခဲ့သည်။

လှိုဏ်ကြီး နေရာအနှံ့ ဝမ်လုချွန်းကို ရှာသည်။ လှိုဏ်ကြီးထဲ၌ မန်ချူးစစ်သား တစ်ယောက်မှ မရှိတော့ကြောင်း သေချာစွာ သိရသောအခါ ခပ်အုပ်အုပ် အသံပြုရင်း ရှာသည်။

"ဒေါ်လေး.... ဒေါ်လေးလုချွန်း"

ရောင်နီသန်းလာသည့် တိုင်အောင် သူသည် ဝမ်လုချွန်းကို မတွေ့ပါချေ။ ဒေါ်လေး ဝမ်လုချွန်း ထွက်ပြေး လွတ်မြောက်သွားပြီလားဟု သူ တွေးမိသည်။ ထွက်ပေါ်စပြုလာသော နေရောင်ဖြင့် သူ ဆက်ရှာသည်။

တောင်စောင်း တစ်နေရာသို့ အရောက်တွင် အသေဆိုးနှင့် သေနေသော ဒေါ်လေး ဝမ်လုချွန်းကို တွေ့ရသောအခါ ဝမ်လုံဖေး ရင်ဆို့သွားသည်။ မျက်ရည်ခန်းအောင် ငိုခဲ့ပြီးသည့် တိုင်အောင် ထိန်းချုပ်နိုင်စွမ်းမရှိသဖြင့် ထပ်မံ၍ ငိုကြွေးမိ ပြန်သည်။

ဝမ်လုချွန်း အလောင်း၏ ရင်ညွန့်တွင် ဓားဒဏ်ရာ ရှိနေသည်။ လည်ပင်းမှာ ပြတ်လုပြတ်ခင်ဖြစ်နေသည်။ မြေပြင်တွင် သွေးများ အိုင်ထွန်းနေသည်။

ဝမ်လုံဖေး အတန်ကြာအောင် ငိုကြွေးပြီးနောက် ဒေါ်လေး ဝမ်လုချွန်း၏ အလောင်းကို မြေမြှုပ် သင်္ဂြိုဟ်လိုက်သည်။





ပြီးနောက် အစေခံကြီး ကျောက်ကွမ်း၏ အလောင်းရှိရာသို့ ပြန်လာကာ မြေမြှုပ် သင်္ဂြိုဟ်လိုက်ပြန်သည်။

နေလည်း အတော်မြင့်လာသည်။

ဝမ်လုံဖေး လူပန်း စိတ်ပန်းဖြင့် ထိုင်ရင်း သူ့ဘဝ ရှေ့ခရီးစဉ်ကို စဉ်းစားသည်။ သူ အားကိုး အားထားရသော လူကြီးများ တစ်ယောက်မှ မရှိတော့ချေ။ ထို့ကြောင့် သူ့ဘဝ ရှေ့ခရီးစဉ် သူ့ဘာသာပင် လျှောက်ရပေတော့မည်။

လောလောဆယ် သူ ဘယ်သွား၍ ဘာလုပ်ရမှန်း မသိချေ။ နေသူရိန် စံအိမ်သို့လည်း သူ ပြန်သွား၍ မဖြစ်ချေ။ မန်ချူး အာဏာပိုင်များက သိမ်းပိုက်ထားမှာ သေချာသည်။ ပြန်သွားလို့ကတော့ ကိုယ့် သေတွင်းကိုယ်တူးသည်နှင့် တူပေလိမ့်မည်။

ထိုသို့ဆိုလျှင် မည်သည့်အရပ်ကို သွားပြီး မည်သို့နေမည်နည်း။

စဉ်းစားရင်း ဆာလောင်နေကြောင်း သတိထားမိသည်။ အစားအသောက်ရရန် ငွေရှိမှ ဖြစ်မည်။ သူ့တွင် ငွေမရှိချေ။

ဝမ်လုံဖေး ကျောတွင် ပိုးထားသည့် ခရီးဆောင် အိတ်ကလေးကို သတိရပြီး ဖြုတ်ယူသည်။ အိတ်ကို ဖွင့်ပြီး အိတ်ထဲမှ ပစ္စည်းများကို တစ်ခုချင်း ထုတ်ကြည့်သည်။

ဦးစွာ သိုင်းကျမ်းစာအုပ်ကလေး နှစ်အုပ်ကို တွေ့ရသည်။ တစ်အုပ်တွင် 'ငါးမန်းအမြီးရိုက် ဓားသိုင်းကျမ်း'ဟု ရေးထားသည်။ တစ်အုပ်တွင် 'ကိန္နရီမောင်နှံ သိုင်းကျမ်း'ဟု ရေးထားသည်။ သူက စာအုပ်နှစ်အုပ်စလုံး သူ၏ အင်္ကျီ အတွင်းအိတ်ထဲသို့ ထည့်သိမ်းလိုက်သည်။

သူ့ဖခင်ကြီး သုံးနေကျ မီးချောင်းပုံသဏ္ဌာန် ခဲတံမြှောင်လေးကိုလည်း တွေ့ရသည်။

ခရီးဆောင်အိတ်ထဲတွင် သစ်လွင်သော ပိုး၀တ်စုံ နှစ်စုံကိုလည်း တွေ့ရသည်၊ အိတ်ရှို့ကလေး တစ်လုံးကိုလည်း တွေ့ရသည်။ အိတ်ရှို့ကလေးကို ဖွင့်ကြည့်သောအခါ ရွှေစ ငွေစများ၊ ကျောက်သံ ပတ္တမြားများကို တွေ့ရသည်။ ရွှေငွေ ကျောက်သံပတ္တမြားများကို တွေ့ရသဖြင့် ၀မ်လုံဖေး အနည်းငယ် စိတ်သက်သာရာ ရမိသည်။ သူ၏ စားဝတ်နေရေးအတွက် အဆင်ပြေနိုင်သောကြောင့် ဖြစ်လေသည်။

တစ်မြို့မြို့ တစ်ရွာရွာကိုတော့ သူ သွားရမည် ဖြစ်၏၊ သို့မှသာ စားဖို့ နေဖို့ အဆင်ပြေမည်။ မန်ချူးအာဏာပိုင်တို့ ရန်နှင့် ဝေးသောနေရာမျိုးလည်း ဖြစ်ရမည်။ သူ အဆင်ပြေပြေ နားခိုနိုင်မည့် မြို့လည်း ဖြစ်ရမည်။

မည်သည့်နေရာကို သွားရမည်နည်း။

လျှုလုံချင်းကို လှစ်ခနဲ သတိရလိုက်သည်။ ဦးလေး လျှုချောင်းကျိ၏ စာကို အမှတ်ရသည်၊ စာထဲတွင် သူတို့သားအဖ လုဟတ်မြို့တွင် ရှိနေကြောင်း ရေးသားထားသည်။

လုဟတ်မြို့သို့သွားရန် ၀မ်လုံဖေး ဆုံးဖြတ်ချက် ချလိုက်လေသည်။

*



## ၉။ စာနာစိတ်ရှိသော သူဌေးကလေး

အခင်းဖြစ်ပွားပြီး ၁၈–ရက်မြောက်တွင် လုဟတ်မြို့သို့ ၀မ်လုံဖေး ရောက်လာသည်။ သူသည် လုဟတ်မြို့သို့ တစ်ခါမှ မရောက်ဖူးချေ။ မည်သည့်ပြည်နယ်တွင် ရှိကြောင်းပင် မသိချေ။ မန်ချူးအာဏာပိုင်များကို ရှောင်တိမ်းရင်း မေးမြန်းစုံစမ်းကာ ရောက်လာခြင်း ဖြစ်လေသည်။

လုဟတ်မြို့မှာ မြို့ကြီးဖြစ်၏။ အရောင်းအဝယ်ဖြစ်ထွန်းကာစည်ကားသည်။ လူစုံသည်။

ကျင်းလိန်မြို့နှင့် အလှမ်းဝေးလှသဖြင့် ဤမြို့တွင် မိမိကို သိသူ ရှိလိမ့်မည်မဟုတ်ဟု ၀မ်လုံဖေး ယုံကြည်သည်။

ခရီးရှည်ကို မနားတမ်းနှင်ခဲ့ရသဖြင့် သူ၏ ကိုယ်တွင် ဝတ်ထားသော ဝတ်စုံက မည်းညစ်နေသည်၊ သူ့ တစ်ကိုယ်လုံး ဖုံအလူးလူး သဲအလူးလူး ဖြစ်နေသည်။

တည်းခိုရိပ်သာတစ်ခုတွင် တည်းခိုပြီး လျှုလုံချင်းတို့ သားအဖကို ရှာရန် ၀မ်လုံဖေး ဆုံးဖြတ်ထားသည်။ လူနေထူထပ်လှပြီး ကျယ်ဝန်းလှသည့် မြို့ကြီး ဖြစ်သဖြင့် စုံစမ်း ရှာဖွေရန် လွယ်လိမ့်မည် မဟုတ်ဟုတော့ သူ တွက်ထားသည်။ သို့သော် လျှုလုံချင်းတို့ သားအဖကို မတွေ့မချင်း သို့မဟုတ် တိကျသော သတင်းကို မရမချင်း သူ စုံစမ်း ရှာဖွေမည်ဟု ဆုံးဖြတ်လိုက်သည်။

လျှိုလိုချင်းတို့ သားအဖကို တွေ့လျှင် သူ့ဘဝသည် အထီးကျန် ဆန်တော့မည် မဟုတ်တော့ချေ။ ဦးလေး လျှိုချောင်းကျိုက သူ့ကို သေချာပေါက် စောင့်ရှောက်လိမ့်မည် ဖြစ်ကြောင်း၊ သူ့ဘဝရှေ့ရေးကို စီစဉ်ပေးလိမ့်မည်ဖြစ်ကြောင်း ဝမ်လုံဖေး အပြည့်အဝ ယုံကြည်သည်။

အစားကောင်း အသောက်ကောင်း မစားရသည်မှာကြာပြီဖြစ်၍ ဝမ်လုံဖေးသည် ခန်းနားထည်ဝါသော စားသောက်ဆိုင် တစ်ဆိုင်ထဲသို့ ဝင်လာသည်။ ထို စားသောက်ဆိုင်မှာ အဆင့်အတန်းမြင့်သည်။ အထက်တန်းစား စားသောက်ဖွယ်ရာများကိုသာ ရောင်းချသကဲ့သို့ ဈေးနှုန်းလည်း ကြီးမြင့်သည်။

ထို့ကြောင့် အထက်တန်းစား ကုန်သည်ပွဲစားများ၊ သူဌေးသူကြွယ်များ၊ လူရည်သန့်များသာ လာရောက် စားသောက်ကြသည်။ တည်းခိုကြသည်။ စားသောက်ဆိုင်နှင့်အတူ တည်းခိုရိပ်သာလည်း ဖွင့်ထားသည်။

ထို စားသောက်ဆိုင်၏ နာမည်မှာ "ကျားဖုန်းနန့်"ဖြစ်လေသည်။

ဝမ်လုံဖေး စားသောက်ခန်းထဲသို့ ရောက်လာသောအခါ စားသောက်သူ အတော်များများ ရှိနေကြသည်။ စားသောက်နေသူများ အားလုံး ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသည်။ ဝတ်စားဆင်ယင်ပုံ မြင်ရုံဖြင့် အထက်တန်းလွှာမှ လူများ ဖြစ်ကြောင်း သိနိုင်သည်။

ဝမ်လုံဖေးသည် ကလေးအရွယ်မှ အခင်းဖြစ်ပွားသည့် ယအထိ အခြေအရံ အသင်းအပင်းနှင့် အဆင့်အတန်းမြင့်မြင့်





အထက်တန်းကျကျ နေထိုင်ခဲ့သူ ဖြစ်၏။ ထို့ကြောင့် ဤသို့ပင် နေထိုင် စားသောက်လိုသည်။

ယခု သူလာခဲ့သည့် ခရီးစဉ်တစ်လျှောက်လုံးတွင် မန်ချူး အာဏာပိုင်များ တင်းတင်းကျပ်ကျပ် အုပ်ချုပ်သည့် မြို့ကြီးရွာကြီးများကို ရှောင်ကွင်းလာခဲ့ရသဖြင့် ဖြစ်သလိုအိပ် ဖြစ်သလို စားလာခဲ့ရသည်။ ထို့ကြောင့် ကောင်းကောင်းအိပ်၊ ကောင်းကောင်း စားလိုသော စိတ်ဆန္ဒ ရှိနေသည်။ အဆင့်အတန်းမြင့်သော ဤကျားဖုန်းနန့် စားသောက်ဆိုင်တွင်းသို့ ဝင်လာခြင်း ဖြစ်လေသည်။

စားသောက်ခန်းထဲ၌ လူရည်သန့်များကိုသာ တွေ့ရသဖြင့် ဝမ်လုံဖေး ကျေနပ်သွားသည်။ စားပွဲတိုင်း လူရှိနေသည်။ တစ်ယောက်တည်း ထိုင်နေသော စားပွဲလည်း ရှိသည်။ နှစ်ယောက် တစ်တွဲထိုင်နေသည့် စားပွဲလည်း ရှိသည်။ ဝိုင်းအပြည့် ထိုင်နေသည့် လူစုလည်း ရှိသည်။

ဝမ်လုံဖေး စားပွဲထိုးများကို မျက်လုံးဝေ့၍ တစ်ချက်ကြည့်လိုက်ပြီးမှ ပိုးဝတ်ရုံကို အထက်တန်းကျကျဝတ်ထားသည့် လူတစ်ယောက်တည်းထိုင်နေသော စားပွဲဆီသို့ တန်းလျှောက်လာသည်။ ထိုလူက မျက်နှာပေါက်ဆိုးသည်။ ဝသော ခန္ဓာကိုယ်ရှိသည်။ ကောင်းပေ့ဆိုသည့် ဟင်းလျာများက စားပွဲတစ်ဝက်ပြည့်နေသည်။ ငွေရောင်တောက်နေသော တူ နှစ်ချောင်းဖြင့် ဟင်းလျာများကို ညှပ်ကာ မြိန်ရေရှက်ရေ စားသောက်နေသည်။

ထိုလူ စားသောက် နေပုံကို မြင်ရုံဖြင့် အစားကောင်း အသောက်ကောင်းကို မက်မောသူဖြစ်သကဲ့သို့ စားလုံးကြီးသူ ဖြစ်ကြောင်းလည်း သိနိုင်သည်။

ဝမ်လုံဖေးသည် ထိုလူနှင့် မျက်နှာချင်းဆိုင်ရှိ ခုံလွတ်တွင် အသာအယာ ဝင်ထိုင်လိုက်သည်။ လူဝကြီးက ဝမ်လုံဖေးကို မျက်လုံးလှန်ကြည့်ရင်း မျက်နှာကျော တင်းသွားသည်။ ခက်ထန် တင်းမာသော လေသံဖြင့် မေးသည်။

"ဟေ့ကောင်.... ငါ့စားပွဲမှာ ဘာဖြစ်လို့ လာထိုင်ရတာလဲ"

ဝမ်လုံဖေး ချေချေငံငံပင် ပြန်ပြောသည်။

"ကျွန်တော်လည်း ဗိုက်ဆာလို့ပါ ဦးရယ်"

"အီမယ်.... သူတောင်းစားက ရာရာစစ သွားသွား၊ ငါ့ စားပွဲမှာ လာမထိုင်နဲ့၊ မင်းကို ဘာမှ မကျွေးနိုင်ဘူး။ အော့ နှလုံး နာလိုက်တာ"

ဝမ်လုံဖေး၏ အသွင်အပြင်က သူတောင်းစားလေးလို ဖြစ်နေသဖြင့် လူဝကြီးက မထူမတန်သလို ဆက်ဆံခြင်း ဖြစ်၏။ မိမိကို သူတောင်းစားဟု ခေါ်လိုက်သဖြင့် ဝမ်လုံဖေး စိတ်ထဲ၌ မခံချင် ဖြစ်သွားသည်။ မိမိထက် အသက်ကြီးသူကို မိုက်မိုက်ရိုင်းရိုင်း မဆက်ဆံရဟု ဖခင်ကြီးက ဆုံးမထားသောကြောင့် သူ့စိတ်ကို ထိန်းပြီး ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောသည်။





"ကျွန်တော် သူတောင်းစား မဟုတ်ပါဘူး ဦးရယ်၊ လူကို ထံ အသိုင်းအဝိုင်းကပါ။ ဘယ်သူ့ဆီမှ တောင်းစားစရာ မလိုပါဘူး။ ကိုယ့်ငွေနဲ့ကိုယ် ဝယ်စားနိုင်ပါတယ်"

"ဟေ့ကောင်.... ပေါက်ကရတွေ လာပြောမနေနဲ့ သွား၊ ဟေ့ စားပွဲထိုး လာဦး"

လူဝကြီးက ဝမ်လုံဖေးကို ဟိန်းဟောက်ရင်း မလှမ်းမဝေး၌ ရပ်နေသည့် စားပွဲထိုးကို တစ်ဆက်တည်း လှမ်းခေါ်သည်။ ကျစ်လျစ်တောင့်တင်းသည့် ခန္ဓာကိုယ်ရှိသော စားပွဲထိုးလည်း လူဝကြီးအနီးသို့ သွက်လက်စွာ ရောက်လာသည်။ လူဝကြီးက မောက်မာတင်းမာသော လေသံဖြင့် စားပွဲထိုးကို ပြောသည်။

"ဘယ်လိုလဲကွ။ မင်းတို့ဆိုင်က အထက်တန်းကျတဲ့ လူရည်သန့်တွေပဲ စားသောက်ဆိုင်ဆိုကွ။ ဘာဖြစ်လို့ သူတောင်းစားတွေကို ဝင်ခွင့်ပေးရတာလဲ၊ ဒါဆို မင်းတို့ဆိုင် နာမည်ပျက်လိမ့်မယ်"

စားပွဲထိုး လူထွားကြီးက ကျိုးကျိုးနွံနွံ ပြန်ပြောသည်။

"ကျွန်တော်တို့ဆိုင်က အောက်တန်းစား သူတောင်းစား မပြောနဲ့၊ အလယ်အလတ် လူတန်းစားကိုတောင် လက်မခံပါဘူး ဆရာ"

"ဒါဆို ဒီသူတောင်းစားလေးကို ဆိုင်ထဲက ဆွဲထုတ်လိုက်"

"ဟုတ်ကဲ့ ဆရာ"

စားပွဲထိုးလူထွားကြီးက ဝမ်လုံဖေး အနီးသို့ ရောက်လာသည်။

"ဟော့ကောင် သူတောင်းစား၊ ခုချက်ချင်း ထွက်သွား၊ ပါးစပ်နဲ့ ပြောမရရင် ကန်ထုတ်ခံရလိမ့်မယ်"

ဝမ်လုံဖေး မခံချင် ဖြစ်သွားသည်။

"ကျွန်တော် သူတောင်းစား မဟုတ်ဘူး၊ ကျွန်တော် စားချင်တာကို ဝယ်စားမှာပါ"

"အံမယ် ကြီးကျယ်လို့ သွားစမ်းကွာ၊ သွားစမ်း"

စားပွဲထိုး လူထွားကြီးက ဝမ်လုံဖေး၏ အင်္ကျီကုတ်ပိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ဆွဲခေါ်သည်၊ ဝမ်လုံဖေး သုံးပေခန့် ပါသွားပြီးမှ ခံပြင်းစိတ်ဖြင့် ကိုယ်ကို လွန့်ကာ ရုန်းလိုက်သည်။

"ဘုံး"

"အင့်"

စားပွဲထိုး လူထွားကြီး ဖင်ထိုင်လျက် ပစ်ကျသွားသည်၊ မြီးညှောင့်ရိုး နာသွားသည်၊ ရှက်လည်းရှက် ဒေါသလည်း ထွက်သွားသည်။ ချက်ချင်း ဒေါသတကြီးဖြင့် ပြန်ထသည်၊

"ခွေးသူတောင်းစား၊ မင်းက ပညာ မဟောက်တခေါက် တတ်ထားတာကိုး။ ငါလိုလူမျိုးကို ပညာပြတဲ့အတွက် မင်း သေပြီမှတ်"

စားပွဲထိုး လူထွားကြီး ပြောပြောဆိုဆို ဝမ်လုံဖေးအား လက်သီးဖြင့် ထိုးသည်၊ လက်ဝါးဖြင့် ရိုက်သည်။

ဝမ်လုံဖေး ရှောင်တိမ်းသဖြင့် မထိချေ၊





လူထွားကြီး ဖိရိုက်သည်၊ ဖိထိုးသည်၊ ဝမ်လုံဖေး ရှောင်တိမ်းရင်းမှ အော်ပြောသည်။

"ခင်ဗျား မလုပ်နဲ့နော်၊ မလုပ်နဲ့"

*

လူတစ်ယောက် စားပွဲထိုး လူထွားကြီးအနီးသို့ လှစ်ခနဲ ရောက်လာသည်၊ စားပွဲထိုး လူထွားကြီးကို ဆွဲဖယ်သည်၊ လူထွားကြီး လွင့်၍ လဲကျသွားသည်။

ဝမ်လုံဖေး ထိုလူကို ကြည့်မိသည်။ အသက် ၃၀ ရွယ်ခန့် ရှိပြီး ခန့်ချော ချောသည်၊ သေးသွယ်သော ခန္ဓာကိုယ်ရှိသည်၊ အနီရောင် ဖဲဇာတ်ရုံကို သားနားစွာ ဝတ်ထားသည်၊ သူ့အသွင်အပြင်က သူဌေးလေး တစ်ယောက်နှင့် တူနေသည်၊

ထိုလူက မျက်နှာရှုံ့မဲ့၍ ထရပ်လာသော စားပွဲထိုးလူထွားကြီးကို ကြည့်၍ လေသံမာမာဖြင့် ပြောလိုက်သည်။

"မင်း အသက်အရွယ် မင်းခန္ဓာကိုယ်နဲ့ ဒီချာတိတ်ကို ဘာဖြစ်လို့ အနိုင်ကျင့်ရတာလဲ၊ မင်း သတ္တိရှိရင် ငါနဲ့ ယှဉ်စမ်း"

စားပွဲထိုး လူထွားကြီး မျက်စိပျက် မျက်နှာပျက်ဖြင့် ပြန်ပြောသည်။

"ကျွန်တော် အနိုင်ကျင့်တာ မဟုတ်ပါဘူး သူဌေးလေး၊ ဒီခွေးသူတောင်းစားလေးက ပါးစပ်နဲ့ ပြောမရလို့ပါ။ ဒီကောင်ကြောင့် ကျွန်တော်တို့ဆိုင်ကို လာပြီး အားပေးတဲ့ သူဌေးလေးတို့ စိတ်အနှောင့်အယှက် ဖြစ်ကြရတယ် မဟုတ်လား"

"လူလူချင်း စာနာစိတ်မရှိတဲ့ လူတွေသာ အနှောင့်အယှက် ဖြစ်ချင် ဖြစ်မယ်၊ ငါကတော့ အနှောင့်အယှက် မဖြစ်ဘူး၊ သူ့ခမျာ ဗိုက်ဆာလို့ ရောက်လာတာ။ သူစားချင်တာကို ငါ ကျွေးမယ်။ သူ့ကို ထပ်မနှင်နဲ့။ မင်းလုပ်စရာရှိတာ သွားလုပ်"

စားပွဲထိုး လူထွားကြီး ဘာမှ မပြောရဲတော့ဘဲ လှည့်ထွက်သွားသည်။

ဝယ်ရုံနီလူရွယ်က ဝမ်လုံဖေးကို လက်ဆွဲ၍ ပြောသည်၊

"လာ ချာတိတ်.... ငါ့စားပွဲကို လိုက်ခဲ့။ မင်းစားချင်တာ ငါကျွေးမယ်။ ဘယ်သူ့ကိုမှ မကြောက်နဲ့"

ဝမ်လုံဖေးလည်း ဝတ်ရုံနီလူငယ် ဆွဲခေါ်ရာသို့ လိုက်လာခဲ့သည်။ သူသည် ချက်ချင်းပင် ဝတ်ရုံနီ လူငယ်ကို လေးစားသွားသည်။

ဝတ်ရုံနီလူရွယ်က ဝမ်လုံဖေးအား စားပွဲတစ်လုံးဆီ ခေါ်လာသည်။ စားပွဲပေါ်တွင် စားလက်စ စားကောင်း သောက်ဖွယ်များ ရှိနေသေးသည်။ သူက ခုံတစ်လုံးတွင်ထိုင်သည်၊ သူ့မျက်နှာချင်းဆိုင်တွင် ဝမ်လုံဖေးကို ထိုင်စေသည်။

"မင်းရုပ်ရည် အပြောအဆိုကို မြင်ရုံနဲ့ မင်းဟာ သူတောင်းစား မဟုတ်မှန်း ငါသိတယ်။ မင်းကို ငါ့စားလက်စ မကျွေးဘူး။ မင်းဟာ စားကြွင်းစားကျန် စားတဲ့ လူတန်းစားထဲက





မဟုတ်မှန်း ငါ အကဲခတ်မိတယ်။ မင်းအတွက် ငါ သပ်သပ် မှာပေးမယ်"

ဝတ်ရုံနီလူရွယ်က စားပွဲထိုးတစ်ယောက်ကို ခေါ်ပြီး စားသောက်ဖွယ်ရာများကိုမှာသည်။ ပြီးမှ ဝမ်လုံဖေးကို ပြောသည်၊

"ငါက ငွေကြေးပြည့်စုံ ချမ်းသာပေမယ့် မရှိဆင်းရဲသားတွေကို မတူသလို မတန်သလိုလို မဆက်ဆံတတ်ဘူး။ အထင်အမြင်လည်း မသေးဘူး၊ ဘဝပေး အကြောင်း မကောင်းလို့ ဆင်းရဲနေတာပဲ။ ဒီလို လူတန်းစားမျိုးတွေကို ငါကူညီတယ်၊ ထောက်ပံ့တယ်။ စန်းရန်မြို့မှာ ငါနေတယ်၊ အခု ဒီမှာ လာတည်းပြီး အပန်းဖြေနေတာ ဆယ့်လေးငါးရက် ရှိသွားပြီ။ ငါ့နာမည် 'ရှောင်ယန်းခို'လို့ ခေါ်တယ်"

ဝမ်လုံဖေး လေးလေးစားစား ပြန်ပြောသည်၊

"ကျွန်တော့်နာမည် လုံဖေးလို့ ခေါ်ပါတယ်။ ကျွန်တော့် မိဘတွေလည်း ငွေကြေးပြည့်စုံ ချမ်းသာကြပါတယ်၊ သိုင်းပညာလည်း တတ်ပါတယ်၊ ကောင်းသူကယ် မကောင်းသူ ပယ်တဲ့ အလုပ်မျိုးတွေ လုပ်ပါတယ်၊ လူဆိုးတွေရဲ့ လက်ချက်နဲ့ ကျွန်တော့်မိဘတွေနဲ့ တစ်အိမ်သားလုံး သေကုန်ကြပါပြီ၊ ကျွန်တော်တောင် ကံကောင်းလို့ အသက်ဘေးက လွတ်ခဲ့တာပါ"

ဝမ်လုံဖေးက သူ၏ ဘဝ ဇာတ်မြစ်မှန်ကို မသိစေလိုသေးသဖြင့် တစ်မျိုး လှည့်ကာ ပြောလိုက်ခြင်း ဖြစ်၏။

ရှောင်ယန်းခို စိတ်မကောင်းဖြစ်သွားပြီး....

"ဖြစ်မှ ဖြစ်ရလေကွာ.... ဒါဆို မင်းအိမ်မှာ မင်း တစ်ယောက်တည်းပဲ ရှိတာပေါ့"

"လူဆိုးတွေက ကျွန်တော်တို့ အိမ်ကိုပါ မီးရှို့လိုက်ပါတယ်၊ ဒါကြောင့် ကျွန်တော်လည်း ခြေဦးတည့်ရာ သွားနေတာပါ"

"မင်းက ငယ်ငယ်လေးပဲ ရှိသေးတာပဲ၊ ခုလို သွားနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ မင်းမှာ တခြား အားကိုး အားထား မရှိတော့ဘူးလား"

"ကျွန်တော်နဲ့ သွေးသား မတော်စပ်ပေမယ့် ကျွန်တော့်ကို တူသားလိုချစ်တဲ့ ဦးလေး တစ်ယောက်တော့ ရှိပါတယ်၊ အဲဒီ ဦးလေး နာမည်က လျှူချောင်းကျိုပါ။ ဦးလေး လျှူချောင်းကျိုမှာ ကျွန်တော့်ထက် ငါးနှစ်ငယ်တဲ့ သမီး တစ်ယောက် ရှိပါတယ်။ လျှူလုံချင်းလို့ ခေါ်ပါတယ်။ သူတို့သားအဖ ဒီမြို့မှာ ရောက်နေတယ်လို့ သတင်း ကြားတာနဲ့ ကျွန်တော့်ရွာမလို့ ရောက်လာတာပါ"

*

"ဘယ်နေရာမှာ နေတယ်ဆိုတာ မင်း မသိဘူးလား"





"ဒါတော့ မသိပါဘူး"

"ဒါဆို ရှာတွေ့ဖို့ သိပ်မလွယ်လှဘူး၊ ဒီမြို့က သတော်ကျယ်တာကွ၊ လူနေ အိမ်ခြေလည်း သိပ်များတယ်၊ နေရပ်လိပ်စာ မသိဘဲနဲ့ မလွယ်ဘူး၊ အေးလေ.... ငါလည်း ကူပြီး စုံစမ်းပေးပါ့မယ်"

"ကျေးဇူးပါပဲ ဦးရယ်"

ထိုစဉ် စားပွဲထိုးက စားသောက်ဖွယ်ရာများ သယ်လာသည်။ ရှောင်ယန်းခိုက ဝမ်လုံဖေးရှေ့တွင် ချစေသည်၊ ဝမ်လုံဖေးကိုလည်း စိတ်တိုင်းကျ စားသောက်ရန် ပြောသည်။

ဝမ်လုံဖေးလည်း ဗိုက်ဆာဆာနှင့် အားပါးတရ စားသည်၊ အရသာရှိလွန်းလှသဖြင့် ခေါင်းပင် မဖော်ချေ၊ ရှောင်ယန်းခိုလည်း ဘာစကားမှ မပြောတော့ဘဲ ဝမ်လုံဖေးကို ကြည့်နေသည်။

ဝမ်လုံဖေး သူ့အတွက် ချပေးသော စားသောက်ဖွယ်ရာများကို တစ်ခဏနှင့် ကုန်အောင် စားလိုက်သည်။

"မင်း တော်တော့်ကို ဆာနေတာကိုး၊ ထပ်ယူဦးမလား"

"ဝပါပြီ.... မယူတော့ပါဘူး"

"ဒါဆို ငွေရှင်းလိုက်တော့မယ်"

"ဦး နေပါ.... ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်၊ ဦးကို ကျွန်တော် လေးစားလွန်းလို့ ဦးအတွက်လည်း ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်"

ရှောင်ယန်းခို မျက်မှောင်ကြုတ်သွားပြီး...

"အံမယ်.... မင်းမှာ ငွေဘယ်လောက်ကောင် ပါလာလို့လဲ"

ဝမ်လုံဖေး ပြန်မပြောဘဲ ခရီးဆောင် အိတ်ထဲမှ အိတ်ရှုံ့ကလေးကို ထုတ်ယူလိုက်သည်။ အိတ်ရှုံ့ကလေးကို ဖွင့်၍ စားပွဲပေါ် မှောက်သွန်ချသည်။

"ဒေါက်.... ဒေါက်.... ဒေါက်.... ဒေါက်.... ဒေါက်"

စားပွဲပေါ်၌ ရွှေစငွေစကျောက်မျက်ရတနာများ ဝင်းဝင်းလက်သွားသည်။

ရှောင်ယန်းခို အလွန်အမင်း အံ့သြသွားသည်။ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။ အနီးပတ်ဝန်းကျင်ရှိ လူများလည်း ရွှေငွေ ကျောက်သံပတ္တမြားများကို လှမ်းမြင်ကြရသဖြင့် အံ့သြကုန်ကြသည်။

"မင်း ပစ္စည်းတွေ မြန်မြန်ပြန်သိမ်းလိုက်"

ရှောင်ယန်းခို ပြောရင်း ဘေးပတ်ဝန်းကျင်ကို ကြည့်သည်၊

"ဘာဖြစ်လို့လဲ ဦး"

"မင်း ပစ္စည်းတွေ အမြန်ပြန်သိမ်းလိုက်ဦး။ ပြီးမှ ငါပြောပြမယ်"

ဝမ်လုံဖေး ဘာမှ မပြောတော့ဘဲ ရတနာများကို အိတ်ရှုံ့ကလေးထဲ ပြန်ကျုံးထည့်သည်။ ရှောင်ယန်းခို ခပ်တိုးတိုး မေးသည်။

"ဒီပစ္စည်းတွေ မင်း ဘယ်ကရသလဲ"

"ကျွန်တော့် မိဘတွေ စုဆောင်းထားခဲ့တာပါ။ ကျွန်တော့် ဖေဖေ မသေခင် ကျွန်တော့်ကို ပေးခဲ့တာပါ"





"ဒီပစ္စည်းတွေရဲ့ တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ မင်းသိသလား"

"ကျွန်တော် မသိပါဘူး"

"ဒီပစ္စည်းတွေရဲ့ တန်ဖိုးဟာ အနည်းဆုံး သုံးသိန်းကျော်ဖိုးလောက် ရှိလိမ့်မယ်လို့ အကြမ်းဖျဉ်း ငါခန့်မှန်းလို့ရတယ်၊ ဒီလောက် တန်ဖိုးများတဲ့ ပစ္စည်းတွေကို ခုလို လူတကာမြင်အောင် ဘာဖြစ်လို့ ပြရတာလဲ။ ဒီလိုလုပ်တာဟာ မင်းအတွက် အန္တရာယ်ကို ဖိတ်ခေါ်တာနဲ့ အတူတူပဲ၊ မင်းမှာ ဒီပစ္စည်းတွေ ရှိနေမှန်း မသမာသူတွေ သိသွားရင် လောဘဇောတိုက်ပြီး မင်းကို ဒုက္ခပေးကြလိမ့်မယ်။ နောက် ဘယ် တော့ မှ ဒီလို မလုပ်နဲ့"

"ဦးပြောတာ ဟုတ်တယ်၊ ဒါကို ကျွန်တော် မတွေးမိလို့ပါ"

"မင်း ဘယ်မှာတည်းမှာလဲ"

"ဒီမှာပဲတည်းပြီး ဦးလေး လျူတို့ သားအဖကို ရှာမယ်လို့ ကျွန်တော် စိတ်ကူးထားတယ် ဦး"

"အေး.... ကောင်းပါတယ်။ ငါလည်း ဒီမှာပဲ တည်းတော့ မင်းကို အနီးကပ် စောင့်ရှောက်နိုင်တာပေါ့။ မင်း တည်းခိုဖို့ ငါပဲ စီစဉ်ပေးမယ်။ အခုကျတဲ့ငွေကိုလည်း ငါပဲ ရှင်းလိုက်ပါ့မယ်၊ မင်းကို ငါက ခေါ်ကျွေးတာပဲဥစ္စာ၊ နောက်မှ မင်းကျွေးတဲ့အခါ ကျွေးပေါ့"

ဝမ်လုံဖေးလည်း လက်ခံလိုက်သည်။

ရှောင်ယန်းခိုက စားပွဲထိုး လူသွားကြီးကိုပင် လှမ်းခေါ်ပြီး ကျသင့်ငွေကို ရှင်းပေးသည်။ စားပွဲထိုး လူသွားကြီးလည်း ဝမ်လုံဖေးကို အထင်မသေးရဲတော့ဘဲ ချေချေငံငံ ဆက်ဆံသည်။

ရှောင်ယန်းခိုက သူ့အိပ်ခန်းနှင့် နှစ်ယောက်အိပ်ခန်းကို လဲလိုက်သည်။ ဝမ်လုံဖေးနှင့် တစ်ခန်းတည်းနေရန် ဖြစ်၏။ ဝမ်လုံဖေးလည်း ရှောင်ယန်းခိုအား တလေးတစား ရှိသည့်ပြင် အားကိုး အားထားလည်း ပြုမိသဖြင့် ဝမ်းပန်းတသာ လက်ခံလိုက်လေသည်။

*



၁၀။ ယုံမိမှား

ဝမ်လုံဖေးလည်း ရှောင်ယန်းခိုနှင့်ပင် တစ် ခန်း တည်း တည်းခိုသည်။

ရှောင်ယန်းခို ပြောသည့်အတိုင်း ရတနာအိတ်ကလေးကို သူ့ကိုယ်နှင့်မကွာ အမြဲတမ်း သိမ်းထားပြီး အသေးသုံးရန် ရွှေစငွေစ အနည်းငယ်သာ ထုတ်ထားသည်။

ရှောင်ယန်းခိုက ဝမ်လုံဖေးအား တန်ဖိုးကြီးသော အဝတ်သစ်များကို ဝတ်စေသည်။ သားသားနားနား ဝတ်ဆင်လိုက်သောအခါ ဝမ်လုံဖေးလည်း သူဌေးသားနှင့် တူသွားသည်။ စားသောက်ဆိုင်မှ စားပွဲထိုးများ၊ တည်းခိုရိပ်သာမှ အလုပ်သမားများပင် သူ့ကို သူဌေးလေးဟု ခေါ်လာကြသည်။

ဝမ်လုံဖေးနှင့် ရှောင်ယန်းခိုတို့ တတွဲတွဲသွားလာကြသည်။ စားသည့်အခါ အတူတူစားကြသည်။ နှစ်ယောက်သား လျှိုလုံချင်းတို့ သားအဖကိုလည်း ရှာကြသည်။ စုံစမ်းကြသည်။

ရက်ကြာလာသည်နှင့်အမျှ ဝမ်လုံဖေးလည်း ရှောင်ယန်းခိုအား ပို၍ ပို၍ ခင်မင် လေးစားလာသည်။

သူတို့သည် လျှိုလုံချင်းတို့ကို နေရာအနှံ့ ခြေချင်းထပ်မျှ ရှာကြသည့်တိုင်အောင် မတွေ့ကြချေ။ နောက်ဆုံး လျှိုလုံချင်းတို့ သားအဖ၏ သတင်းကို တည်းခိုရိပ်သာတစ်ခုမှ ကြားကြရသည်။

F.8

လွန်ခဲ့သော တစ်လခွဲခန့်က လျှုလုံချင်းတို့ သားအဖကို တည်းခိုရိပ်သာ၌ တည်းခို သွားကြကြောင်း၊ တစ်လ ကျော်ကျော် တည်းခိုပြီး လွန်ခဲ့သော ၁၀ ရက်က ဤမြို့မှ ထွက်သွားကြကြောင်း၊ မည်သည့်မြို့ရွာသို့ သွားသည်ကိုမသိကြောင်း၊ သူတို့ သားအဖကလည်း မည်သူ့ကိုမှ မပြောခဲ့ကြောင်း ဝမ်လုံဖေးတို့ သိကြရသည်။

ဝမ်လုံဖေးလည်း လျှုလုံချင်းတို့ သားအဖ ဤမြို့မှ ထွက်သွားသည့်ရက်ကို သိရသောအခါ မချင့်မရဲ ဖြစ်သွားသည်။ ဤမြို့သို့ ဘူရောက်နေသည်မှာ ၁၄-ရက် ရှိနေပြီ ဖြစ်၏။ နေ့စဉ်နေ့တိုင်းလည်း စုံစမ်းရှာဖွေခဲ့သည်၊ သူရောက်လာပြီး ၄-ရက်ခန့်အထိ ဤမြို့တွင်ပင် လျှုလုံချင်းတို့ သားအဖ ရှိနေကြသေးသည်။ သို့သော် မတွေ့မိကြဘဲ လွဲသွားရသည်။ ယခုမူ ခြေရာပျောက်သွားရလေပြီ၊ ဘယ်လိုက်ရှာမှန်း မသိတော့ချေ။

ဝမ်လုံဖေး လွန်စွာ စိတ်ဓာတ်ကျသွားသည်။ ရှောင်ယန်းခိုက အားပေး နှစ်သိမ့်သည့်စကား ပြောသည်။ စိတ်ပြေလက်ပျောက် သူနှင့်အတူ စန်းရန်မြို့ကို လိုက်ခဲ့ရန်ခေါ်သည်၊ သူ့အိမ်သို့ ပြန်ရောက်လျှင် သူ့လူများကို ဒေသအနှံ့ လွှတ်ပြီး လျှုလုံချင်းတို့ သားအဖ၏ သတင်းကို စုံစမ်းခိုင်းမည်ဟုလည်း ဆိုသည်။

ဝမ်လုံဖေးလည်း ရှောင်ယန်းခိုနှင့် လိုက်လည်ရန် သဘောတူလိုက်သည်။ သူတို့နှစ်ယောက် လုဟတ်မြို့မှ မနက်စောစောထွက်လာခဲ့ကြသည်။ လုဟတ်မြို့မှထွက်သည်နှင့် တောအုပ်ကို ဖြတ်ကြရသည်။ တောလမ်းအတိုင်း လာခဲ့ကြသည်၊ တော





လမ်းတွင် ပထမအစ၌ ခရီးသွားခရီးလာ ရှိသေးသော်လည်း နောက်ပိုင်း၌ အသွားအလာ မရှိတော့ဘဲ လူပြတ်လာသည်။

ဝမ်လုံဖေးသည် ဤဒေသသို့ မရောက်ဖူးချေ။ မည်သည့်ဘက်၌ စန်းရန်မြို့ ရှိကြောင်းလည်း မသိချေ၊ ထို့ကြောင့် ရှောင်ယန်းခို ခေါ်ရာသို့ လိုက်ပါခဲ့ရလေသည်။

တစ်နေရာအရောက် သူတို့ ရှေ့ဘက်မှအပြင်းနှင်လာသော မြင်းခွာသံကို ကြားကြရသည်။ မြင်းခွာသံက တဖြည်းဖြည်းနီးလာသည်။ မကြာမီ ဒုန်းစိုင်း၍ နှင်လာသော မြင်းတစ်ကောင်ကို တွေ့ရသည်။ မြင်းပေါ်တွင် အဘိုးကြီးတစ်ယောက် ပါလာသည်။

ထိုအဘိုးကြီးကို မြင်သည်နှင့် ရှောင်ယန်းခို ထိတ်ထိတ်ပျာပျာဖြင့် ဝမ်လုံဖေးကို ပြောသည်၊

"သတိထားဟေ့.... ဒီအဘိုးကြီးက နာမည်ကြီး ဓားပြပဲ၊ သူ ဘာပဲပြောပြော သူ့ကို မယုံနဲ့"

သူ့စကားဆုံးလျှင် ဆုံးချင်း မြင်းကို အပြင်းနှင်လာသော အဘိုးကြီးလည်း ဝမ်လုံဖေးတို့ အနီးသို့ ရောက်လာသည်၊ ဝမ်လုံဖေးတို့ ရှေ့တွင် မြင်းဖြင့် ပိတ်ရပ်လိုက်ကာ ရှောင်ယန်းခိုကို မျက်နှာထားတင်းတင်းဖြင့် ကြည့်၍ ပြောသည်၊

"ဟေ့ကောင်– ကလိန်ကကျစ်၊ မင်းဘယ်လိုပဲ ရှောင်ရှောင် ခုတော့ ငါနဲ့ ထိပ်တိုက်တွေ့ရပြီ မဟုတ်လား"

*

"ခင်ဗျား ဘာတွေလာပြောနေတာလဲ"

ရှောင်ယန်းခိုက ပြန်ဟောက်သည်။ အဘိုးကြီးက....

"ငါ့ဆီက ငွေတစ်သောင်း မင်းလိမ်ယူသွားတာ မေ့သွားပြီလား၊ မင်းကို ငါရှာနေတာ ကြာပြီ။ အခု လုဟတ်မြို့မှာ မင်းရောက်နေတယ်ဆိုတဲ့ သတင်းကို ကြားရလို့ ငါလိုက်လာတာ"

"ခင်ဗျား ဘာစကားပြောတာလဲ။ ကျုပ်က သိန်းသန်းချီပြီး ချမ်းသာတဲ့ သူဌေးဗျ။ ခင်ဗျားသာ နာမည်ကြီး သူခိုးမားပြ။ ခင်ဗျား ဘယ်လိုအကြံနဲ့ ရောက်လာတယ်ဆိုတာ ကျုပ်သိတယ်"

"ဟေ့ ကောင်.... ကလိန်ကကျစ်၊ မင်းက သူဌေးလို၊ ဘုန်းကြီးလို၊ သူတော်ကောင်းလို အမျိုးမျိုး အယောင်ဆောင်ပြီး လူတွေကို လိုက်လိမ်နေတဲ့ကောင်။ ခုလို လုဟတ်မြို့မှာ ချာတိတ်လေး တစ်ယောက်ဆီက ရတနာတွေကို မင်း လိမ်ယူဖို့ ကြံနေတယ်လို့ သတင်းကြားတယ်"

အဘိုးကြီး စကားဖြတ်လိုက်ပြီးမှ ဝမ်လုံဖေးကို ကြည့်၍ မေးသည်။

"ရတနာတွေကို ပိုင်တဲ့ ချာတိတ်ဆိုဟာ မင်းလား ကောင်လေး"

အဘိုးကြီးအား နာမည်ကြီး မားပြဟု သိထားရသဖြင့် ဝမ်လုံဖေးလည်း ထိတ်ခနဲ ဖြစ်သွားသည်။ ဘာပြန်ပြောရမှန်း မသိလည်း ဖြစ်သွားသည်။

ရှောင်ယန်းခို ဖြတ်ပြောသည်။





"ဩော်.... ခင်ဗျားက ဒီသတင်းကြားလို့ ကောင်လေးကို ဓားပြတိုက်ဖို့ လာတာကိုး။ ခင်ဗျား လုပ်ချင်တိုင်း လုပ်လို့ရမယ် မှတ်နေသလား။ ကျုပ်က ကောင်လေးကို ကာကွယ်စောင့်ရှောက် ရလိမ့်မယ်"

"ခွေးမသား၊ သူခိုးက လူကိုဟစ်လို့"

အဘိုးကြီး ဒေါသတကြီးဖြင့် ပြန်ပြောစဉ် ဝမ်လုံဖေးတို့ နောက်ဘက်မှ အပြင်းနှင်လာသော မြင်းခွာသံများ ပေါ်လာသည်။ မြင်းခွာသံများက ခဏနှင့် နီးလာသည်။ ဝမ်လုံဖေး လှည့်ကြည့်တော့ မြင်းကိုယ်စီဖြင့် လာနေသော လူတစ်စုကို တွေ့ရသည်။ လူ ၆-ယောက် မြင်း ၆-စီး ဖြစ်၏။ လူ ၆-ယောက်စလုံး ဓားရှည်တစ်လက်စီ ဆောင်ထားကြသည်။

"ဘာဖြစ်နေကြတာလဲ"

လူ ၆-ယောက်မှ အပြာရောင်ဝတ်စုံ ဝတ်ထားသည့် လူရွယ်က လှမ်းမေးရင်း ဝမ်လုံဖေးတို့ အနီးတွင် သူ့မြင်းကို ရပ်လိုက်သည်။ ကျန်မြင်း ငါးစီးလည်း ရပ်သွားကြသည်။

"ဒီအဘိုးကြီးက နာမည်ကြီး မားပြပဲ၊ အခု သူက ကျုပ်တို့ကို ဓားပြတိုက်မလို့ ရောက်လာတာ၊ ခင်ဗျားတို့ ကူညီနိုင်ရင် ကူညီပါဦး"

ရှောင်ယန်းခိုက ဝတ်စုံပြာကို ပြန်ပြောသည်။ ဝတ်စုံပြာ ဓားရှည်ကို ဆွဲထုတ်ကိုင်လိုက်ပြီး....

"ကျုပ်တို့ ချူးစန်းတောင် သိုင်းခြောက်ဖော်က သူခိုးဓားပြဆို သိပ်မုန်းတာ။ ခင်ဗျားတို့ နောက်ဆုတ်နေကြ၊ ဒီဓားပြကြီးကို ကျုပ်တို့ မောင်းထုတ်လိုက်မယ်"

ကျွန်လူ ငါးယောက်လည်း ဓားကိုယ်စီ ဆွဲထုတ်ကိုင်လိုက်ကြသည်။

ရှောင်ယန်းခိုလည်း ဝမ်လုံဖေး၏ လက်ကို ဆွဲ၍ နောက်ဆုတ်လိုက်သည်။

"ဟြော်....မင်းတို့က ချုံးစန်းတောင် သိုင်းခြောက်ဖော်ကိုး၊ မင်းတို့တွေ...."

အဘိုးကြီး၏ စကားမဆုံးခင် ချုံးစန်းတောင် သိုင်းခြောက်ဖော်လည်း မြင်းများကို ရှေ့တိုး၍ အဘိုးကြီးအား ဝိုင်းဝန်းတိုက်ခိုက်ကြသည်၊ အဘိုးကြီးကလည်း မြင်းပေါ်မှ မဆင်းဘဲ ပြန်လည် ခုခံတိုက်ခိုက်သည်။

ဝမ်လုံဖေးနှင့် ရှောင်ယန်းခိုတို့လည်း မလှမ်းမဝေးမှ ကြည့်နေကြသည်။

ချုံးစန်းတောင် သိုင်းခြောက်ဖော်မှာ ဓားကိုယ်စီဖြင့် ဝိုင်းတိုက်သော်သည်း အဘိုးအိုက လက်ဝါးနှစ်ဖက်ဖြင့်သာ ပြန်၍တိုက်သည်။

ချုံးစန်းတောင် သိုင်းခြောက်ဖော်တို့သည် ဓားသိုင်း၌ ထက်မြက်ကြောင်း ဝမ်လုံဖေး တွေ့ရသည်။ အဘိုးအိုကမူ သိုင်းပညာ ထက်မြက်ပုံ မရချေ။ သို့သော် အတွင်းအားကောင်းသူဖြစ်ကြောင်း သိနိုင်သည်၊ သူ့လက်ကို ဝှေ့ယမ်းလိုက်တိုင်း လေလှိုင်း ထန်သွားတတ်သည်။ သိုင်းခြောက်ဖော်၏ မြင်းများလေပြင်းတိုက်ခံရသဖြင့် နောက်ကို ပြန်ဆုတ်ကြသည်။

သိုင်းခြောက်ဖော်က သူတို့၏ မြင်းများကို အဘိုးကြီးထံ ပြန်တိုးစေသည်၊





ရှောင်ယန်းခိုလည်း ဝမ်လုံဖေးကို လေသံဖြင့် ပြောသည်၊

"ဟိုလူခြောက်ယောက် ဓားပြကြီးကို နိုင်မယ့်ပုံ မပေါ်ဘူး။ ဓားပြကြီးသာ နိုင်ရင် မင်းဆီက ရတနာတွေကို အရယူမှာပဲ။ ငါ့ကို ရတနာတွေ ခဏပေးစမ်း။ တစ်နေရာမှာ သွားဝှက်ထားလိုက်မယ်။ မင်းမှာ ရတနာတွေမရှိရင် ဒီဓားပြကြီးဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။ ဟြော်.... မင်း ငါ့ကို ယုံရဲ့လား၊ ယုံမှပေးပါ"

"ဟာ.... ဦးကလည်း ဦးကို ကျွန်တော် ယုံကြည်လေးစားပြီးသားပါ"

ဝမ်လုံဖေး ပြောရင်း ရွှေငွေရတနာများ ထည့်ထားသည့် အိတ်ကိုထုတ်ယူကာ ရှောင်ယန်းခိုအား ပေးသည်။ ရှောင်ယန်းခို အိတ်ရှုံ့ကလေးကို ယူလိုက်သည်။

"မင်း ဒီမှာ အခြေအနေကို စောင့်ကြည့်နေ။ ငါ အခုချက်ချင်း ပြန်လာခဲ့မယ်"

ရှောင်ယန်းခို ပြောပြီး ခင်သွက်သွက် လှည့်ထွက်သွားသည်၊ ချက်ချင်း သစ်ပင်များနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

*

ဝမ်လုံဖေး လှည့်မကြည့်ချေ။ ရှောင်ယန်းခိုကို သူ ယုံကြည်စိတ်ချသည်။ သူက ချုံးစန်းတောင် သိုင်းခြောက်ဖော်နှင့် အဘိုးကြီးကိုသာ စိတ်ဝင်တစား ကြည့်နေသည်။

အဘိုးကြီးက လက်နှစ်ဖက်ကို တရစပ် ဝှေ့ယမ်းသည်၊ သူ့ပတ်ဝန်းကျင်တွင် လေထန်နေသည်။ လေပြင်း တိုက်ခတ်မှုကြောင့် ချုံးစန်းတောင် သိုင်းခြောက်ဖော်တို့ ဆံပင်များ၊ အင်္ကျီများ လှုးလွန့်နေသည်၊ သူတို့ခြောက်ယောက်စလုံး ဓားများကို ဝှေ့ယမ်းနေသော်လည်း အဘိုးကြီး အနီးသို့ ကပ်မရဖြစ်နေကြသည်။

လေတိုက်သံများ တဟူးဟူး မြည်ဟည်းနေသည်။

လေရှိန် က မလှမ်းမဝေးတွင် ရပ်ကြည့်နေသည့် ဝမ်လုံဖေးထံသို့ပင် လာဟပ်သည်။ ဝမ်လုံဖေး အံ့သြနေသည်။ အဘိုးကြီး၏ ပညာစွမ်းကို စိတ်ထဲမှ ကြိတ်၍ ချီးကျူး၍ မဆုံးအောင်ဖြစ်နေမိသည်။

"မင်းတို့တွေ ခုထိတောင် နောက်ဆုတ် မသွားကြသေးဘူးလား။ ငါ လူမသတ်ချင်ဘူး။ သတ်လည်း မသတ်ခဲ့ဖူးဘူး။ သတ်ချင်ရင် မင်းတို့ အကုန်လုံးသေတာ ကြာပြီ။ ငါက လျော့လျော့ ပေါ့ပေါ့ လုပ်နေတာ၊ ဖယ်ကြ"

အဘိုးကြီး အော်ပြောပြီး လက်ဝါးနှစ်ဖက်ကို ရှေ့တိုးနောက်ငင် လုပ်လိုက်သည်။

"ဟူး....ဟူး....ဟူး"

"အ....အွန့်....အင်"





ပြင်းထန်သော လေရှိန် အတိုးခံရပြီး လူသုံးယောက် မြင်းပေါ်မှ ပြုတ်ကျသွားသည်။ မြင်းသုံးကောင် ကစဉ့်ကလျားဖြစ်သွားသည်၊ ကျန်မြင်းသုံးကောင်လည်း နောက်ဆုတ်သွားသည်၊ မည်သူမှ ရှေ့ပြန်မတိုးရဲကြချေ၊

"မင်းတို့ အရိုးတွေ အပိုင်းပိုင်းကျိုးအောင် ငါ သတ်နိုင်တယ်။ ကြည့်ကြ"

အဘိုးကြီး ပြောပြီး သူ့လက်ဝါးနှစ်ဖက်ကို နောက်ဆုတ်ကာ ရှေ့ကို ပြန်တွန်းထုတ်လိုက်သည်။

"ဝိုး.... ဟူး.... ဟူး"

"ဖြောင်း.... ဝုန်း"

အဘိုးကြီးရှေ့မှ သစ်ပင်ကြီး ပြင်းထန်သော လေရှိန်ဟပ်ကာ ထက်ပိုင်းကျိုး၍ လဲကျသွားသည်။

ချုံးစန်းတောင် သိုင်း ၆ ဖော် သာမက ဝမ်လုံဖေးပါ မျက်လုံးပြူးသွားသည်။

မြင်းပေါ်၌ရှိနေသော လူသုံးယောက် မြင်းကို အပြင်းနှင်၍ ထွက်ပြေးသွားသည်။ မြေပေါ် ပြုတ်ကျခဲ့သော လူသုံးယောက်လည်း သူတို့၏ မြင်းများပေါ်သို့ ထိတ်ထိတ်လန့်လန့်ဖြင့် ခုန်တက်ကြကာ ဒုန်းစိုင်း ထွက်ပြေးကြပြန်သည်။

အဘိုးကြီးက မလိုက်ချေ။ သူ့မြင်းပေါ်မှ ခုန်ဆင်းပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်ရင်း ဝမ်လုံဖေးထံ လျှောက်လာသည်၊ လျှောက်လာရင်း မေးသည်။

"ဟို ကလိန်ကကျစ်ကောင်ကွ"

ထိုအခါမှ ဝမ်လုံဖေးလည်း ရှောင်ယန်းခိုကို သတိရသွားသည်။ ရှောင်ယန်းခို ထွက်သွားရာဘက်သို့ လှည့်ကြည့်သည်၊ ရှောင်ယန်းခို၏ အရိပ်အယောင်ကို လုံးလုံး မတွေ့ရပါချေ။

"ကောင်လေး.... ငါမေးနေတာ ပြောလေ၊ ဟို ကလိန်ကကျစ် ဘယ်ရောက်သွားပြီလဲ"

ဝမ်လုံဖေးလည်း အဘိုးကြီး၏ပညာကို မြင်ရပြီဖြစ်၍ လန့်နေသည်။ အဘိုးကြီးကို မလိမ်ရဲချေ။ သူက ရှောင်ယန်းခို ထွက်သွားရာဘက်သို့ လက်ညှိုးထိုးပြပြီး....

"ဟိုဘက်ကို ထွက်သွားတယ်"

"ကြာပြီလား"

"ဟုတ်.... ဟုတ်ကဲ့"

"မင်းဆီက ရတနာတွေကော"

"ကျွန်.... ကျွန်တော့်ဆီမှာ မရှိပါဘူး။ ကျွန်တော့်မှာရွှေငွေစ အနည်းငယ်ပဲ ရှိပါတယ်၊ ဘကြီး လိုချင်ရင် ကျွန်တော့်မှာ ရှိသမျှ အကုန်ယူပါ"

"ကောင်လေး.... ငါက သူခိုး ဓားပြ မဟုတ်ဘူး။ မတရားတဲ့ အလုပ်မျိုးကိုလည်း မလုပ်ဘူး။ မင်းဆီက လိုချင်လို့ ငါမေးနေတာ မဟုတ်ဘူး။ မင်းဆီက ရတနာတွေ ကလိန်ကကျစ်လက်ထဲ ပါသွားမှာစိုးလို့ မေးနေတာ၊ မင်းမှာ ရတနာတွေရှိသေးသလား"

ယခုမှ ဝမ်လုံဖေးလည်း သူ၏ရတနာထုပ်ကို ရှောင်ယန်းခိုယူသွားလေပြီလားဟု တွေးမိလာသည်၊ စိုးရိမ်ပူပန်သွားသည်၊ အဘိုးကြီးကို အမှန်အတိုင်း ပြောပြလိုက်သည်။





"ကျွန်တော့်ရတနာတွေကို ဘကြီး ဓားပြတိုက်ယူမှာစိုးလို့ သူ သွားဝှက်ထားမယ်ဆိုပြီး ယူသွားတာပဲ။ ခုထိ ပြန်မလာသေးဘူး"

အဘိုးကြီး သက်ပြင်းချလိုက်သည်၊

*

"ဟင်.... မင်းတယ်ပြီး အ,ပါလား ကောင်လေး။ မင်းပစ္စည်းတွေ ဆုံးပြီလို့သာ သဘောထားလိုက်ပေတော့၊ မင်းဆီက ဒီကောင် လိမ်ယူသွားပြီ"

"ဟုတ်ပါ့မလား.... ကျွန်တော် သွားကြည့်မယ်"

"အေး.... သွားကြည့်ချင်ကြည့်၊ ဒါပေမယ့် ဒီကောင့်ကို မင်း တွေ့မှာ မဟုတ်တော့ဘူး။ ဒီကောင်က ကိုယ်ဖော့ပညာမှာ ငါ့ထက်တောင် ကောင်းသေးတယ်၊ ခုဆို အဝေးကြီး ရောက်သွားပြီ"

ဝမ်လုံဖေး လှည့်ပြီး ရှောင်ယန်းခို ထွက်သွားရာသို့ ပြေးခဲ့သည်၊ အဘိုးကြီးလည်း မြင်းပေါ် ပြန်တက်ပြီး ဝမ်လုံဖေးနောက်မှ လိုက်ခဲ့သည်။ သူတို့နှစ်ယောက်စလုံး အချိန်အတန်

ကြာသည်အထိ ရှောင်ယန်းခိုအား ရှာကြသော်လည်း မတွေ့တော့ချေ။

ဝမ်လုံဖေး စိတ်မကောင်း ဖြစ်ရုံက လွဲပြီး အလွန်အမင်း နှမြောခြင်း မဖြစ်ပါချေ။ ရတနာများကို သူ မသုံးစွဲတတ်သောကြောင့် ဖြစ်၏။

အဘိုးကြီးက ဝမ်လုံဖေးကို မေးသည်။

"ကောင်လေး.... မင်းရတနာတွေရဲ့တန်ဖိုးက ဘယ်လောက်ရှိသလဲ"

"ကျွန်တော်တို့ မသိပါဘူး ဘကြီး။ သူက သုံးသိန်းဖိုးလောက် တန်ဖိုးရှိတယ်လို့တော့ ပြောတာပဲ"

"ဟာ.... မနည်းပါလား။ ဒီကောင်က ဒီလို ပြောတယ်ဆိုရင်တော့ လေးငါးသိန်းဖိုး ရှိမှာပဲ။ နှမြောစရာပဲ၊ ဒါပေမယ့် ခုမှတော့ ဘာမှ မတတ်နိုင်ဘူး။ ဒီတစ်ခါ ဒီကောင့်ကို ငါ တွေ့လို့ကတော့ ကောင်းကောင်းကြီး ဆုံးမရမယ်၊ ငါက လူမသတ်တတ်ဘူး။ ဒါပေမယ့် ဒီကောင့် ခြေလက်တွေကို ရိုက်ချိုးပစ်ရမယ်။ ဒါမှ ဒီကောင် ကလိန်ကကျစ် ဆက်မလုပ်နိုင်မှာ။ ဒါနဲ့ နေပါဦး။ မင်းနဲ့ ဒီကလိန်ကကျစ်နဲ့ ဘယ်လို တွေ့ကြတာလဲ"

ဝမ်လုံဖေးလည်း လုဟတ်မြို့တွင် ရှောင်ယန်းခိုနှင့် မည်သို့တွေ့ခဲ့ပုံ မည်သို့ နေခဲ့ပုံတို့ကို ပြောပြလိုက်သည့်အပြင် ရှောင်ယန်းခိုအား ပြောပြခဲ့သကဲ့သို့ သူ့ ဘဝ အကြောင်းကိုလည်း ပြောပြလိုက်သည်။

အဘိုးကြီး စိတ်မကောင်းဖြစ်သွားသည်။





"မင်းအဖြစ်က တယ်ဆိုးပါလား။ ရေနွေးပူအိုးထဲက ခုန်ဆင်းတဲ့ငါး မီးပုံထဲကျသလို ဖြစ်နေပြီ၊ အခု မင်း ဘာဆက်လုပ်မလဲ။ ဘယ်သွားမလဲ"

"ကျွန်တော်လည်း ဘယ်သွားလို့ ဘာလုပ်ရမှန်း မသိတော့ပါဘူး ဘကြီးရယ်"

"အင်း.... မင်းကို ငါ ခေါ်သွားချင်ပါတယ်၊ ဒါပေမယ့် ငါက ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့လူဆိုတော့ ခက်တယ်"

လှောလောဆယ် မိမိအတွက် အားကိုး အားထား လိုကြောင်း၊ ပညာလိုကြောင်း ဝမ်လုံဖေး တွေးမိသည်၊ အဘိုးကြီး၏ ပညာကိုလည်း လိုချင်သည်။ သူက ချက်ချင်းပင် အဘိုးကြီးရှေ့၌ ဒူးထောက်လိုက်ပြီး တောင်းတောင်းပန်ပန်ဖြင့်ပြောသည်။

"ဘကြီးဆီမှာ ကျွန်တော် တပည့် ခံပါရစေ။ ဘကြီးကို ကျွန်တော် အားကိုးပါရစေ။ ကျွန်တော့်မှာ အားကိုး အားထား မရှိပါဘူး။ အတွေ့အကြုံလည်း မရှိပါဘူး၊ ဘကြီးနဲ့ လိုက်နေရမယ်ဆိုရင် အတွေ့အကြုံလည်း ရပါမယ်၊ ပညာလည်း ရပါမယ်။ ကျွန်တော် လိုက်ပါရစေ"

အဘိုးကြီး တစ်ချက်တွေသွားပြီးမှ....

"ငါက တပည့်မွေးဖူးတာ မဟုတ်ဘူး။ မွေးဖို့လည်း စိတ်မကူးဘူး။ ငါက အတွင်းအားပညာနဲ့ လေသိုင်း ပညာကိုပဲ လေ့ကျင့်ထားတာ။ တခြားသိုင်းပညာကို ထက်ထက်မြက်မြက် တတ်တာ မဟုတ်ဘူး"

"ကျွန်တော် ကိုတော့ ဘယ်သို့အဖြစ်မျိုးဖို့ တောင်းပန်ပါတယ် ဘကြီးရယ်၊ နို့မို့ ကျွန်တော် ဘယ်သွားရမှန်း၊ ဘာလုပ်ရမှန်း မသိလို့ပါ"

အဘိုးကြီး သက်ပြင်းတစ်ချက်ချလိုက်ကာ....

"အေးလေ.... မင်းကိုတော့ ငါသနားတယ်၊ ငါက သိုင်းလောကထဲမှာပဲ ကျင်လည် ကျက်စားနေတာ ဆိုတော့ ငါနဲ့ လိုက်ရင် မင်း အတွေ့အကြုံ ကောင်းကောင်း ရမှာပဲ၊ မင်း ဆန္ဒရှိရင် လိုက်ခဲ့လေ"

ဝမ်လုံဖေး ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"ငါ့ကို ဆရာလို့ တော့ မခေါ်နဲ့"

"ဟုတ်ကဲ့၊ ဘကြီး မကြိုက်ရင် မခေါ်ပါဘူး၊ ကျွန်တော့် နာမည် ဝမ်လုံဖေးပါ၊ ဘကြီး နာမည်ကိုလည်း သိပါရစေခင်ဗျာ"

"ငါ့နာမည် 'စိမ်းဖေ့ချူ' သိုင်းလောကသားတွေကတော့ ငါ့ကို 'ခြင်္သေ့ကြီး' လို့ ခေါ်ကြတယ်"



## ၁၁။ ပထမဆုံးတိုက်ပွဲ

ခြင်္သေ့ကြီး စိမ်းဖေ့ချူသည် မည်သည့်နေရာတွင်မှ အခြေတကျ နေလိုသူ မဟုတ်ချေ၊ သူ စိတ်ကြိုက်တွေ့သည့်နေရာမျိုးတွင်ပင် တစ်လပြည့်အောင် နေတတ်သူ မဟုတ်ချေ။ သိုင်းလောကထဲ၌ လှည့်လည် ကျက်စားနေရသည်ကို နှစ်သက်သူဖြစ်၏၊

ဝမ်လုံဖေးလည်း သူသွားရာနောက်သို့ တကောက်ကောက်လိုက်နေရသည်၊

ခြင်္သေ့ကြီး စိမ်းဖေ့ချူက ဝမ်လုံဖေးအား သွားရင်းလာရင်း သူတတ်ထားသည့် အတွင်းအားပညာနှင့် လေသိုင်းပညာကို သင်ပေးသည်။ တစ်နေရာပြီး တစ်နေရာ သွားနေသဖြင့် ဝမ်လုံဖေး ဒေသန္တရ ဗဟုသုတ သည်းရသည်၊ အတွေ့အကြုံလည်းရသည်၊ လူတွေအကြောင်း သိသထက် သိလာရသည်၊ ခြင်္သေ့ကြီး စိမ်းဖေ့ချူကလည်း ဝမ်လုံဖေး သိသင့်သိထိုက်တာ မှန်သမျှ ပြောပြသည်။

ဝမ်လုံဖေးသည် ဖခင်ကြီး သင်ပေးခဲ့သော ငါးမန်း အမြီးရိုက် ဓားသိုင်းကိုလည်း ဆက်ကျင့်သည်။ ကိန္နရီမောင်နှံ ဓားသိုင်းကိုလည်း ကျင့်လိုသဖြင့် သိုင်းကျမ်းစာအုပ်ကို လေ့လာသည်။ သို့သော် ကိန္နရီမောင်နှံ သိုင်းကွက်များမှာ အဆက်အစပ် မရှိဘဲ ဟာကွက်များ ရှိနေသဖြင့် ကျင့်ရခက်နေသည်၊

ဝမ်လုံဖေးသည် ခြသေ့ကြီး စိမ်းဖေ့ချူနှင့် တစ်နှစ်ကျော် ခဲ့ပြီးနောက် ခြသေ့ကြီး အကြောင်းကို ကောင်းစွာ သိသွားသည်၊ ခြသေ့ကြီးသည် အမှန် တကယ်ပင် မဟုတ်မတရား သော အလုပ်ကို လုပ်သူ မဟုတ်ချေ။ သူသည် မျိုးချစ် သိုင်း သမား မဟုတ်သဖြင့် နယ်ချဲ့ မန်ချူးတို့အား တော်လှန်တိုက် ခိုက်သော အလုပ်ကို မလုပ်ချေ။ မန်ချူးတို့နှင့်လည်း ဆက် သွယ် ပေါင်းသင်းခြင်း မပြုချေ။ ဘာသိ ဘာသာ နေသည်၊ ဒုစရိုက်သိုင်းသမားများကိုမူ အခါအားလျော်စွာ ဆုံးမတတ် သည်၊

ဝမ်လုံဖေးသည် ခြသေ့ကြီး စိမ်းဖေ့ချူ၏ စိတ်နေသဘော ထားကို သဘောကျသည်၊ ထို့ကြောင့် တစ်နှစ်ကျော်အကြာ တွင် သူ့ဘဝ ဇာစ်မြစ်မှန်ကို ပြောပြလိုက်သည်။ သူ့မိဘများ အကြောင်း၊ သူ့အကြောင်းကိုလည်း အမှန်အတိုင်း ပြောပြ လိုက်သည်၊ သူ၏ ရည်မှန်းချက်ကိုလည်း ပြောပြသည်၊

ထိုအခါ ခြသေ့ကြီး စိမ်းဖေ့ချူက....

"ငါလည်း ငါတို့တိုင်းပြည်ကို တိုင်းတစ်ပါးသားတွေ လာ ပြီး အုပ်ချုပ်နေတာ သဘောမကျပါဘူး။ မန်ချူးတွေ တို့ တိုင်းပြည်ကို စပြီး ကျူးကျော်စတုန်းကတော့ ငါ တိုက်ခဲ့သေး တယ်၊ အခုတော့ သူတို့က အခြေခိုင်နေပြီ၊ သူတို့ကို ပြန် မောင်းထုတ်နိုင်ဖို့ဆိုတာ မလွယ်ဘူး။ ဒါကြောင့် ငါလည်း သူတို့နဲ့ ပတ်ပတ်သက်သက် ဘာမှမလုပ်ဘူး၊ မင်းကတော့ မင်း မိဘတွေအတွက် လက်စားပြန်ချေရဦးမယ်၊ မင်းမိဘတွေ လုပ် ခဲ့တဲ့ အစဉ်အလာအတိုင်း ဆက်ပြီး လုပ်ရဦးမယ်၊ မင်း အစ





အစဉ်အတိုင်း လုပ်ပါ။ ငါ မကန့်ကွက်ပါဘူး၊ မန်ချူးတပ်မှူး ကြီး ထုံးဝဲစီးအကြောင်းကို ငါလည်း ကြား ဖူး ထား တယ်၊ သူ့ကို ယှဉ်နိုင်ဖို့ မင်း အများကြီး ကြိုးစားရလိမ့်ဦးမယ်"

ဝမ်လုံဖေးက ကိန္နရီမောင်နှံ သိုင်းကျမ်းကို ခြသေ့ကြီး စိမ်းဖေ့ချူ အားပြ၍ သိုင်းကွက်၏ သဘောတရားများကို မေး ကြည့်သည်၊ စိမ်းဖေ့ချူ သိုင်းကျမ်းကို အစအဆုံး သေချာ စွာ ကြည့်ပြီးမှ ပြောသည်။

"အင်း....ဓားသိုင်းတွေကတော့ အတော့်ကို အဆင့်မြင့် ပဲ၊ ဒါပေမယ့် တစ်ကွက်နဲ့ တစ်ကွက် ဆက်စပ်မှုမရှိဘဲ ဟာ ကွက် မြုပ်ကွက် အများကြီးရှိနေတယ်၊ ဒီဟာကွက် မြုပ်ကွက် ကို ငါလည်း မဖော်နိုင်ဘူး၊ ဒီအတိုင်း ကျင့်လို့ကတော့ ထိ ရောက်မှု ရှိမှာမဟုတ်ဘူး။ မင်း မကျင့်နဲ့ဦး"

ထို့ကြောင့် ဝမ်လုံဖေးလည်း ကိန္နရီမောင်နှံ သိုင်းကို လေ့ ကျင့်ရန် မကြိုးစားတော့ဘဲ သိုင်းကျမ်း စာအုပ်ကို သိမ်းလိုက် သည်။ သူသည် ခြသေ့ကြီး စိမ်းဖေ့ချူ၏ 'တောင်ပြို'အတွင်း အားနှင့် 'တောင်ပြို' လေသိုင်းကိုသာ သင်ယူလေ့ကျင့်ခဲ့သည်၊

သူသည် လက်ဝါးနှစ်ဖက်မှ မီးလောင်ရာ အမာရွတ်ကို မြင်တိုင်း လျူလုံချင်းကို များစွာ သတိရမိသည်။ ရောက်သည့် နေရာတိုင်း လျူလုံချင်းတို့ သားအဖကို စုံစမ်းရှာဖွေသည်၊ သို့ သော် သတင်း အစအနကိုပင် မကြားရပါချေ၊

ဝမ်လုံဖေးသည် ခြသေ့ကြီး စိမ်းဖေ့ချူနှင့် နေရာအနှံ့ကို ရောက်သဖြင့် အသိအကျွမ်းပိုပေါလာသည်၊ အချို့ကို သာမန် ကာ လျှံကာသာ သိသည်၊ အချို့ကိုမူ ရင်းရင်းနှီးနှီး သိသည်၊

F.9

သူသည် ခြသေ့မင်း စိမ်းဖွေချူနှင့် သွားလာ နေထိုင်ရသည်ကို သဘောကျသည်၊ စိုးရိမ်ပူပန်စရာ၊ စိတ်ဆင်းရဲစရာဆို၍ မဖြစ်စလောက်သာ ရှိသည်၊ စိတ်ချမ်းသာစွာ နေရခြင်းက ပိုများမည်။

ခြသေ့ကြီး စိမ်းဖေ့ချူတွင် ရောဂါဆိုးတစ်ခု ရှိသည်၊ ထိုရောဂါဒဏ်ကို သူသည် မကြာခဏ ခံရတတ်သည်။ ကုသသော်လည်း မပျောက်ကင်းချေ၊ ထိုအတွက် ဝမ်လုံဖေး စိုးရိမ်မကင်းဖြစ်ရသည်၊ သူက အတတ်နိုင်ဆုံး ပြုစုသည်။

ဝမ်လုံဖေး အသက် ၁၇-နှစ်ကျော် အရွယ်တွင် ခြသေ့ကြီး စိမ်းဖေ့ချူလည်း သွေးတိုးရောဂါဖြင့်ပင် ရုတ်တရက် သေဆုံးသွားလေတော့သည်။

*

ထင်းထိုင်တောင်။

မြင့်မား သွယ်တန်းသော်လည်း တောင်တက် လမ်းများက ပြေပြစ်သည်၊ တောင်ဆင်း တောင်တက် ခရီးကို မြင်းဖြင့် နှင်၍ ရသည်။

လူငယ်တစ်ယောက် မြင်းတစ်စီးဖြင့် တောင်ပေါ်လမ်းအတိုင်း ခရီးနှင်လာသည်၊ လူငယ်က အရပ်မြင့်သည်၊ ခန္ဓာ





ကိုယ် သေးသွယ်သည်။ မိန်းမချော ချောသည်၊ အမည်းရောင် ဝတ်စုံကို ဝတ်ထားသည်။ အမည်းရောင် ဝတ်စုံက ဟောင်းနွမ်းနေပြီ ဖြစ်သဖြင့် မည်းနက်တောက်ပြောင်ခြင်း မရှိတော့ချေ၊ သူ၏ ကျောတွင် ဓားရှည်တစ်လက် လွယ်ထားသည်၊ ဓားရှည်က အညံ့စားထဲက ဖြစ်ကြောင်း မြင်ရုံနှင့် သိနိုင်သည်။

လူငယ်စီးလာသော မြင်းကလည်း အမည်းရောင် ဖြစ်၏။ မြင်းမ ဖြစ်၏။ ပိန်လှီသော ခန္ဓာကိုယ် ရှိသည်၊ အမွေးအမှင်များက မည်းနက်တောက်ပြောင်ခြင်း မရှိဘဲ မွဲခြောက်နေသည်။ ထိုမြင်းမ ခြေလှမ်းလာပုံက လှုပ်လီ လှုပ်လဲ့ ဖြစ်၏။ နှေးကွေးလှသည်။ ဘုံးဘုံး လဲကျသွားမယောင် ဖြစ်၏။

မြင်းပေါ်မှ လူငယ်သည်လည်း ခေါင်းကိုင်းကာ ငိုင်တွေနေသည်၊ သူ့ခေါင်းက အနည်းငယ် ကိုင်းနေသည်၊ စိတ်ဓာတ်ကျနေသည့် အမူအရာမျိုး ဖြစ်၏။ သူသည် မြင်းကို ယခုထက်မြန်အောင် မနှင်ချေ၊ ဇက်ကြိုးကို လွှတ်ထားသည်၊ မြင်းသွားချင်သလို သွားပေစေဟု သဘောထားနေပုံမျိုး ဖြစ်၏။

သူကား ဝမ်လုံဖေး ဖြစ်သည်၊

သူသည် ခြသေ့ကြီး စိမ်းဖေ့ချူနှင့် ငါးနှစ်ကျော်ကျော် သွားလာ နေထိုင်ခဲ့ရသည်။ သူ့အတွက် အဆင်ပြေသည်။ သူ၏ စိတ်ဓာတ် တက်ကြွခဲ့ရသည်၊ ခြသေ့ကြီးသည် ခြေသလုံးအိမ်တိုင် သွားလာနေသူဖြစ်၍ ငွေကြေးပြည့်စုံခြင်း မရှိချေ၊ သူ့တွင်လည်း ငွေမရှိချေ။ သို့သော် စိတ်ချမ်းသာစွာ နေနိုင်ခဲ့သည်။

ခြသေ့်ကြီး စိမ်းဖေချူ ရုတ်တရက် ကွယ်လွန်သွားသော အခါ သူ စိတ်ဓာတ်ကျသွားသည်။ အားကိုးအားထားမဲ့သွားသည်။

ခြသေ့်ကြီး စိမ်းဖေချူ၏ အလောင်းကို သူအကောင်းဆုံး ဖြစ်အောင် သင်္ဂြိုဟ်လိုက်သည်။ သင်္ဂြိုဟ်စရိတ် ကုန်သွားသဖြင့် သူ့တွင် လျှံငွေ ငါးဆယ်ကျော်သာ ကျန်တော့သည်။ ထို လျှံငွေ ငါးဆယ်ကို ခြိုးခြိုးခြံခြံ သုံးခဲ့သော်လည်း လေးရက်နှင့် ကုန်သွားသည်။

ထို့ကြောင့် သူသည် သူ၏မြင်းကောင်းကို ရောင်းပြီး ယခု စီးလာသော မြင်းအိုမကြီးကို ဈေးပေါပေါနှင့် ဝယ်၍ စီးခဲ့သည်။ သူ့တွင် လျှံငွေ သုံးဆယ်ကျော်သာ ရှိသည်။ ချွေချွေတာတာ သုံးပါက နှစ်ရက်သာ သုံးရမည်။

သူ ထွက်သာ လာရသော်လည်း သူ့ ခရီးစဉ်က ဦးတည်ချက် မရှိချေ။ ရောက်လိုရာရောက်ဟု သဘောထားလျက် ထွက်လာခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် သူသည် မြင်းအိုမကြီးကို မနှင်ဘဲ မြင်းအိုမကြီး သွားလိုရာသို့ ခေါင်းငိုက်စိုက်ချ၍ လိုက်ပါလာခြင်း ဖြစ်လေသည်။

ရောက်လိုရာ ရောက်၊ ရောက်ချင်သည့်အချိန် ရောက်ဟု သဘောထားလိုက်သည်။ သူက အတွေးဖြင့် လိုက်ပါလာသည်။ ပူပူနွေးနွေး သေကွဲ ကွဲခဲ့ရသော ခြသေ့်ကြီး စိမ်းဖေချူ အကြောင်းကိုလည်း တွေးသည်။ မိဘများ အကြောင်းကိုလည်း တွေးသည်။ ရှင်ကွဲ ကွဲနေသော လျှူလုံချင်း အကြောင်းကိုလည်း သူ တွေးသည်။





သူသည် သိုင်းလောကထဲ၌ ကျင်လည်ကျက်စားခဲ့တော့မှ သိုင်းသမားများ အကြောင်း၊ သိုင်းဂိုဏ်းများ အကြောင်းကို ပို၍ သိခဲ့ရသည်။ မန်ချူးကရာဇ်ကို သစ္စာခံလိုက်သော သိုင်းသမားများ၊ သိုင်းဂိုဏ်းများ ရှိသကဲ့သို့ မန်ချူးကို တော်လှန်ပုန်ကန်နေသော သိုင်းသမား၊ သိုင်းဂိုဏ်းများလည်း ရှိသည်။

တောင်စောင်းဘက်နေရာအရောက် ရုတ်တရက် ထွက်ပေါ်လာသော အော်ဟစ် တိုက်ခိုက်သံများကို သူ ကြားရသည်။ သူ နားစွင့်ထောင်သည်။ မန်ချူး ဘာသာစကားဖြင့် အော်ပြောသံ များကိုလည်း ကြားရသည်။

မန်ချူးစစ်သားများနှင့် မည်သူတို့ တိုက်ခိုက် နေကြလေသနည်း။

သူ တွေးရင်း သံချေးတက်နေသော ဓားရှည်ကို ဆွဲထုတ်ကိုင်လိုက်သည်။ တိုက်ပွဲဖြစ်နေရာသို့ ဦးတည်ပြီး မြင်းကို နှင်သည်။ မြင်းအိုမကြီးက ခုန်းစိုင်း၍ ပြေးသည်။ သို့သော် မြင်းကောင်းတစ်စီး မှန်မှန်သွားသလောက်သာ မြန်သည်။

ဝမ်လုံဖေး စိတ်မရှည်ဖြစ်လာပြီး မြင်းအိုမကြီး၏ အင်ပါးကို ဓားရှက်ဖြင့် တဖြန်းဖြန်း ရိုက်၍ နှင်သည်။ မြင်းအိုမကြီး ကြောက်ကြောက်နှင့် အားကုန် ပြေးသည်။

*

မကြာမီ တိုက်ပွဲဖြစ်နေရာကို လှမ်းမြင်နိုင်သည့် နေရာသို့ ရောက်လာသည်။ မန်ချူး တပ်သား ဆယ်ယောက်ခန့်က လူ သုံးယောက်ကို ဝိုင်းတိုက်နေကြခြင်း ဖြစ်၏။

ဝမ်လုံဖေးလည်း မြင်းအိုမကြီးကို တိုက်ပွဲဆီသို့ တရကြမ်း နှင်သည်။ မြင်းအိုမကြီးလည်း ခြေကုန်ပြေးသည်။ တိုက်ပွဲနှင့် ပေ ၃၀ ခန့်အကွာသို့ အရောက် မြင်းအိုမကြီး အမောဆို့ကာ ခေါင်းစိုက်၍ ပစ်လဲသည်။

ဝမ်လုံဖေး အကာမနှာစေရန် ကိုယ်ဖော့ပညာသုံး၍ ကျွမ်း ပစ်လိုက်သည်။ သူ့ခန္ဓာကိုယ် တစ်ပတ်လည်သွားပြီး မြေပေါ် သို့ အသာကျသည်။ တိုက်ပွဲဆီကို ကြည့်သည်။ မန်ချူးတပ် သားများကို ပြန်လည် ခုခံတိုက်ခိုက်နေသော လူသုံးယောက် အနက် တစ်ယောက်ကို သူ သိသည်။ ခြင်္သေ့ကြီး စိမ်းဖေ့ချူ နှင့်အတူ သွားလာရင်း ထိုလူနှင့် သိခဲ့ရခြင်း ဖြစ်၏။

ထိုလူ့နာမည်က 'ကောက်ထိုက်' ဖြစ်၏။ မန်ချူးတို့အား တော်လှန်တိုက်ခိုက်နေသော မျိုးချစ်သိုင်းသမား တစ်ယောက် ဖြစ်၏။ ယခု ကောက်ထိုက်နှင့်အတူ မန်ချူးတပ်သားများအား တိုက်ခိုက်နေသော လူနှစ်ယောက်မှာလည်း မျိုးချစ်သိုင်းသမား များပင် ဖြစ်လိမ့်မည်ဟု ဝမ်လုံဖေး တွေးမိသည်။

"ဦးလေးကောက်ထိုက် တိုက်.... တိုက်.... ကျွန်တော်လဲ ဝင်တိုက်မယ်"

ဝမ်လုံဖေး အော်ပြောရင်း တိုက်ပွဲထဲပြေးဝင်သည်။ မန်ချူး တပ်သားတစ်ယောက်က သူ့ကို ဓားဖြင့် ဆီးခုတ်သည်။ သူ





ရှောင်ပေးပြီး သံချေးတက်နေသော ဓားဖြင့်ပင် ပင့်ထိုးသည်။ သူ့ဓားဦးက မန်ချူးစစ်သား၏ ရင်အုံထဲ စိုက်ဝင်သွားသည်။

"အွန့်"

မန်ချူးစစ်သား ခွေကျသွားသည်။

သူတို့လူတစ်ယောက် ဝမ်လုံဖေး လက်ချက်ဖြင့် သေသွား သဖြင့် မန်ချူးစစ်သားများ ဒေါသူသွားကြသည်။ ဝမ်လုံဖေးကို ဖိတိုက်ကြသည်။ ဝမ်လုံဖေးကလည်း ငါးမန်းအမြီးရိုက်သိုင်း ကွက်ဖြင့် ပြန်လည်တိုက်ခိုက်သည်။

ကောက်ထိုက် ဆိုသူလည်း ယခုမှ ဝမ်လုံဖေးကို မည်သူ မည်ဝါမှန်း သိသွားပြီး အော်၍ သတိပေးသည်။

"လုံဖေး.... သတိထား"

မန်ချူး တပ်သားများထဲမှ ခေါင်းဆောင် ဖြစ်ပုံရသော မန်ချူးစစ်သားလူထွားကြီး အော်ဟစ်အမိန့်ပေးရင်း ကြီးမား လှသော ဓားမကြီးဖြင့် ဝမ်လုံဖေးကို ဖိ တိုက် သည်။ သူ၏ တိုက်ခိုက်မှုက အရှိန်အဟုန်ပြင်းသည်။

ဝမ်လုံဖေး သူ့ဓားဖြင့် ဓားမကြီးကို ရိုက်ဖယ်သည်။ သူ၏ သံချေးတက်နေသော ဓားသာ ထက်ပိုင်းပြတ်သွားသည်။ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး နောက်ကို ဆုတ်ရှောင်သည်။

သို့သော် ဝမ်လုံဖေး လုံးလုံးလွတ်အောင် မရှောင်နိုင်ချေ။ သူ့ ဝဲဘက်ပခုံးနှင့် ညာဘက် လက်မောင်းတွင် ဓားထိသွား သည်။

ဝမ်လုံဖေးသည် ခြင်္သေ့ကြီး စိမ်းဖေ့ချူ၏ တောင်ပြို အတွင်းအားပညာနှင့် တောင်ပြိုလေသိုင်းကို ရခဲ့သော်လည်း

တိုက်ပွဲ အတွေ့အကြုံမရှိသေးသဖြင့် ထုတ်သုံးရန် မေ့နေသည်၊ ငါးမန်းအမြီးရိုက်သိုင်းကွက်ကိုသာ ထုတ်သုံးခဲ့သည်။ ယခုသူ၏ ဓား ကျိုးသွားပြီး လက်နှစ်ဖက်စလုံး ဒဏ်ရာ ရသွားသော အခါ ငါးမန်း အမြီးရိုက်သိုင်းကွက်မှာ မထိရောက်တော့ချေ၊

ဝမ်လုံဖေးနောက်တွင် မတ်စောက်သော ချောက်ကမ်းပါး ကြီး ရှိနေသည်၊ တောင်ကမ်းပါးယံက မတ်စောက်သော် လည်း ချောက်ကမူ မနက်ချေ။

ဝမ်လုံဖေး၏ လက် နှစ်ဖက်စလုံး ဒဏ်ရာ ရသွားသဖြင့် သွက်လက်စွာ မလှုပ်ရှားနိုင်တော့ချေ၊ ထိုစဉ် မန်ချူးစစ်သား လူထွားကြီးက ဝမ်လုံဖေးအား ဓားမကြီးဖြင့် မိုးခုတ်သည်၊ ဝမ်လုံဖေး ဓားကို ကတိုက်ကရိုက် ရှောင်ပေးလိုက်သဖြင့် လွတ်သွားသည်။

မန်ချူးစစ်သား လူထွားကြီးက ဝမ်လုံဖေးကို ဘယ်ဘက် လက်ဝါးဖြင့် အရှိန်ပြင်းစွာ ရိုက်လိုက်ပြန်သည်။ ထိုလက်ဝါး ရိုက်ချက်ကိုမူ ဝမ်လုံဖေး မရှောင်နိုင်ချေ။

"ဝုန်း"

"အွန့်"

ဝမ်လုံဖေး ပြင်းထန်သော ရိုက်ချက်မိပြီး နောက်ကို လွင့် သွားသည်၊ ချောက်ထဲ ကျသွားသည်။ အောက်ဘက်မရောက် ခင် သတိမေ့သွားလေသည်။

*



## ၁၂။ အဆိပ်ငါးမျိုးဂိုဏ်း

လှည်းဝင်ရိုးသံ၊ လှည်းဘီး ကြိတ်သံ၊ မြင်းခွာသံများကို ဝမ်လုံဖေး ဦးဆုံး ကြားရသည်။ သူ့ခန္ဓာကိုယ်လည်း လှုပ်ယမ်းနေကြောင်း သတိထားမိသည်။ ထို့ကြောင့် ခရီးနှင်နေသော မြင်းလှည်းတစ်စီးပေါ် ရောက်နေကြောင်း သိသည်။

သူ့တစ်ကိုယ်လုံး နာကျင်နေသည်။ ရင်ထဲတွင် မီးမြိုက်ခြင်း ခံရသကဲ့သို့ ပူလောင်နေသည်။ ခေါင်းထဲ တွင်လည်း မခံမရပ်နိုင်လောက်အောင် ကိုက်ခဲသည်။ သူ့ တစ်ကိုယ်လုံး လှုပ်မရ ဖြစ်နေသည်။

သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်၊ မျက်လုံးကို ဖွင့်ကြည့်သည်။ သူ့ခန္ဓာကိုယ်က ပက်လက်အနေအထား ဖြစ် သဖြင့် မြင်းလှည်း အမိုးကိုသာ မြင်ရသည်။

သူ၏ ခေါင်းကို စောင်းငဲ့၍ မရသဖြင့် ဘေးပတ်ဝန်းကျင် ကိုမူ မမြင်ရပါချေ၊ မြင်းလှည်းပေါ်၌ မည်သူပါလာကြောင်း မသိပါချေ။

မိမိကို ရန်သူက ဖမ်းခေါ်လာခြင်းလောဟု တွေးမိသည်၊ သို့သော် ထိုသို့ဖြစ်လိမ့်မည် မဟုတ်ချေ၊ ရန်သူသာ ဆိုပါက တကူးတက ဖမ်းခေါ်လာမည် မဟုတ်ဘဲ သတ်လိုက်မည်သာ ဖြစ်၏၊ တစ်ဦးဦးက ကယ်တင်လာခြင်းပင် ဖြစ်နိုင်သည်။

ထိုသူမှာ မည်သူနည်း၊ မိမိအား မည်သည့်အရပ်သို့ ခေါ်လာလေသနည်း။

ဝမ်လုံဖေး ကယ်တင်လာသူကို သိလို မြင်လိုသဖြင့် အားတင်းကာ လှည်းဦးဆီ ကြည့်မည် ပြုသည်။

"ခုန်း"

"အင်း"

လှည်းဘီးက ချိုင့်တစ်ခုထဲကျသွားသဖြင့်မခံမရပ်နိုင်အောင် နာကျင်သွားသည်။ သူအသံ တွက်သည်ဆိုရုံမျှ ညည်းတွားလိုက်မိသည်။ မျက်လုံးကို ပြန်မှိတ်ထားလိုက်မိသည်။

လှည်းဦးဆီမှ အမျိုးသမီးတစ်ယောက်၏ အော်ပြောသံကိုမှ ကြားလိုက်ရသည်။

"ရှင့်ကို ဖြည်းဖြည်းမောင်းပါလို့ ပြောထားတာ မေ့သွားပြီလား၊ ကောင်လေးရဲ့ အရိုးသာ ထပ်ကျိုးသွားရင် ရှင့်ကို ကျွန်မ အသတ်ပဲ"

မြင်းလှည်း အရှိန်နှေးသွားသည်၊ လှည်းက လှုပ်ခါခြင်း မရှိတော့"

အမျိုးသမီး၏အသံ ပေါ်လာပြန်သည်။

"ဒီလောက်ကြီး ဘာဖြစ်လို့ နှေးသွားရတာလဲ၊ နှေးစရာလည်း မလိုဘူး။ မြန်စရာလည်း မလိုဘူး"

အမျိုးသမီးက စကားကို တစ်မျိုးပြီးတစ်မျိုး ပြောနေသဖြင့် ဝမ်လုံဖေးလည်း မမြင်ရသော လှည်းဆရာတို့ သနားသွားသည်။ မြန်တော့လည်း မြန်လို့ အပြစ်တင်သည်။ နှေးတော့လည်း အပြစ်ပြောသည်။





အမှတ် ၁၅/၁၃၈

"ဗုန်း"

"အား....အမလေး....ကျွတ်...[illegible]"

လှည်းတစ်ချက် ဆောင့်လိုက်ပြန်သဖြင့် ဝမ်လုံဖေး မခံမရပ်နိုင်လောက်အောင် နာကျင်သွားပြန်သည်၊ ယခုတစ်ခါ အသံထွက်အောင် ညည်းညူလိုက်မိသည်။

"ဩော်....မင်း သတိရလာပြီကိုး"

အမျိုးသမီး၏ အသံကို ဝမ်လုံဖေး ကြားရသော်လည်း နာကျင်လွန်းနေသဖြင့် အမျိုးသမီးရှိရာကို မကြည့်နိုင်ပါချေ။ ညည်းတွား၍သာ ပြောလိုက်မိသည်။

"လှည်းကို ဖြည်းဖြည်းမောင်းပါ၊ နာလွန်းလို့ပါ"

အမျိုးသမီး၏ အသံကို ကြားရသည်၊

"သည်ထက် အရှိန်လျှော့ပြီး မောင်းလို့တော့ မဖြစ်ဘူးကွယ့်။ နာပေမယ့် အောင့်ခံပါဦး၊ မင်းအတွက် နောက်ပိုင်းရန်က အေးသေးတာ မဟုတ်ဘူး။ မုံကျင်းမြို့ကို ရောက်မှ နားကြတာပေါ့"

ဝမ်လုံဖေး ပြန်ပြောသော်လည်း အသံမထွက်ချေ၊ စိတ်ထဲမှသာ တွေးလိုက်မိသည်။

"ဒီအမျိုးသမီးက ဘယ်သူလဲ၊ ဒီအသံမျိုး ငါ မကြားဖူးပါဘူး၊ ငါ့ရဲ့ ရန်သူတော့ မဖြစ်နိုင်ဘူး၊ သူက ဘယ်လိုကနေ ဘယ်လို ငါ့ကို ကယ်ခဲ့တာလဲ"

ဝမ်လုံဖေး တွေးရင်း ခေါင်းထဲ၌ မိုက်ခနဲဖြစ်ကာ သတိမေ့သွားပြန်လေသည်။

*

ဝမ်လုံဖေး ပြန်၍သတိရလာသောအခါ ခေါင်းထဲ၌မူးဝေ ထိုက်ခဲခြင်းမရှိကြောင်း ဦးစွာ သတိထားမိသည်။ သူ့ရင်ထဲ တွင်မူ ပူလောင်နေသေးသည်။ ဓားဒဏ်ရာ ရထားသည့် နှစ်နေရာမှလည်း လွန်စွာ နာကျင်နေကာ လက် နှစ်ဖက်စလုံး လှုပ်၍ မရချေ။ ခြေထောက် နှစ်ဖက်စလုံးလည်း ထုံကျင်နေသဖြင့် လှုပ်၍ မရချေ။

သူ မျက်လုံးအစုံကို ဖွင့်ကြည့်သည်။ အိပ်ခန်းတစ်ခန်းထဲ ရောက်နေကြောင်း မြင်ရသည်။ အခန်း၏ ဖွဲ့စည်းပုံကို မြင်ရုံဖြင့် တည်းခိုရိပ်သာတစ်ခုထဲတွင်ဖြစ်လိမ့်မည်ဟု တွေးမိသည်။

မည်သည့်မြို့ မည်သည့်တည်းခိုရိပ်သာသို့ ရောက်နေကြောင်းတော့ စဉ်းစား မရချေ။ သူ့ ရင်ထဲတွင် ပူလောင်နေသဖြင့် ရေသောက်ချင်နေသည်။ သူက ခေါင်းကို ငဲ့ကြည့်သည်။ အခန်းထဲ၌ မည်သူကိုမှ မတွေ့ရချေ။ အခန်းတံခါးပိတ်ထားသည်။ ရေအိုးကို တွေ့ခဲ့သော်လည်း သူ ထမသောက်နိုင်ချေ။

"ရေ.... ရေ.... ရေ"

သူ အသံကျယ်ကျယ်ဖြင့် ရေရွတ်လိုက်သည်။

အခန်းတံခါး ပွင့်သွားသည်။ အမျိုးသမီး တစ်ယောက် အခန်းထဲကို ဝင်လာသည်။ မီးခိုးရောင်ဝတ်စုံကို ဝတ်ထားပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသည်။ အသက် ၃၀ ရွယ်ခန့် ရှိသည်။ ရုပ်ရည်က ကြည့်ပျော်ရှုပျော်ရှိသည်။ ကျောတွင် ဓား ရှည်တစ်လက် လွယ်ထားသည်။

သူမ မည်သူ မည်သို့ဝါမှန်း ဝမ်လုံဖေး မသိချေ။





ဝမ်လုံဖေး သတိရနေကြောင်း တွေ့ရသောအခါ သူမက အနီးသို့ ကပ်လာပြီး ပြုံး၍ ပြောသည်။

"မင်း သတိရနေပြီကိုး။ ငါက မင်း သတိရလာရင် ဆာနေမှာဝိုးလို့ မင်းအတွက် စားစရာ သွားမှာနေတာ"

"ရေ.... ရေသောက်ချင်တယ်"

ဝမ်လုံဖေး ပြေးတော့ သူမက ချက်ချင်းပင် ရေတစ်ခွက်ကို ခပ်ယူ၍ ပါးစပ်ထဲသို့ ဖြည်းဖြည်းချင်း လောင်းထည့်ပေးသည်။ ရေသောက်လိုက်ရသဖြင့် ဝမ်လုံဖေး နေသာထိုင်သာ ရှိသွားသည်။

"ကျွန်တော်....ကျွန်တော် ဘယ်ကိုရောက်နေသလဲ"

ဝမ်လုံဖေးမေးတော့ အမျိုးသမီး ညင်သာစွာပြန်ပြောသည်။

"မုံကျင်းမြို့က တည်းခိုရိပ်သာ တစ်ခုမှာ ရောက်နေတာကွယ့်"

ထိုစဉ် အလုပ်သမား တစ်ယောက်က စားသောက်ဖွယ်ရာများကို သယ်ပြီး အခန်းထဲ ဝင်လာသည်။

ဝမ်လုံဖေး ဟင်းရနံ့များကို ရသဖြင့် ဗိုက်ဆာလာသည်။

အလုပ်သမားက လင်ဗန်းကို စားပွဲပေါ်ချပြီး ပြန်ထွက်သွားသည်၊ အမျိုးသမီးက တံခါးကို ထပိတ်ပြီး လင်ဗန်းကို ဝမ်လုံဖေးအနီး ယူလာသည်။ ဝမ်လုံဖေး ဘေးတွင် ထိုင်ရင်း ပြောသည်။

"မင်းက အတွင်းဒဏ်ရာလဲ ပြင်းပြင်းထန်ထန် ရထားတယ်။ လက်နှစ်ဖက်စလုံးလည်း ဒဏ်ရာရထားတယ်၊ မင်းလက်တွေ လှုပ်လို့ရဦးမှာ မဟုတ်ဘူး၊ မင်းကို ငါ ခွံ့ကျွေးမယ်"

အမျိုးသမီး ပြောပြီး ဝမ်လုံဖေးအား ထမင်းနှင့် ဟင်းကို ခူး ကျွေးသည်။ မိမိဘာသာ စား၍ မရသဖြင့် ဝမ်လုံဖေး ကသိကအောက်တော့ နိုင်သည်။ ရှက်လည်း ရှက်နေသည်၊

ဝမ်လုံဖေး၏ စိတ်သဘောကို သူမက အကဲခတ်မိပြီး ပြောသည်။

"ဘာလဲ.... ငါခူး တာကို စားရလို့ မင်းရှက်နေသလား။ မင်းဘာသာ မင်းမှ မစားနိုင်ဘဲ၊ ရှက်ရင် ငတ်သွားမှာပေါ့"

ဝမ်လုံဖေး ရှက်စိတ်ပျောက်ပြီး စားသည်။ စားသောက်ရင်းမှ စိတ်ရှည်လက်ရှည်ဖြင့် ထမင်းခူး ကျွေးနေသော အမျိုးသမီး၏ မျက်နှာကို အကဲခတ်ကြည့်သည်။ သိလိုသောဆန္ဒ ပေါ်ပေါက် လာသဖြင့် မေးမိသည်။

"မမက ဘယ်သူလဲ။ ကျွန်တော့်ကို ဘယ်လို ကယ်လာတာလဲ"

အမျိုးသမီးက ဝမ်လုံဖေးကို မျက်မှောင်ကြုတ် ကြည့်၍ ပြန်မေးသည်။

"မင်း.... ငါ့ကို တကယ်ပဲ မသိဘူးလား"

"တကယ် မသိလို့ မေးတာပါ မမ"

"မင်းက မှတ်ဉာဏ်တယ်နည်းတာကိုး။ လွန်ခဲ့တဲ့ သုံးနှစ် ကျော်လောက်က မင်းနဲ့ ခြသေ့်ကြီးတို့ ကုန်ရင်မြို့ကို ရောက်ကြတုန်းက စားသောက်ဆိုင်တစ်ခုမှာ ငါနဲ့ တွေ့ကြတယ်လေ၊ တစ်စားပွဲတည်း စားခဲ့ကြသေးတယ်၊ ခြသေ့်ကြီးဟာ ငါ့ရဲ့ ဆရာဆိုလည်း မမှားဘူး။ သူ့ကျေးဇူး ငါ့မှာရှိတယ်၊ သူ့ကို ငါ လေးစားတယ်။ ဒီတုန်းက မင်းအကူအညီလိုတဲ့အခါ ပေး ဖို့ မင်း အခက်အခဲရှိတဲ့အခါ ကူညီဖို့ ငါ့ကို မှာသေးတယ်။ ငါ့ကို သူက မြွေနဂါးသခင်မ လို့ ခေါ်တယ်၊ မင်း မမှတ်မိဘူးလား"

ဝမ်လုံဖေး စဉ်းစားသော်လည်း မမှတ်မိချေ။

"ကျွန်တော် ခေါင်းတွေ ဝေနေလို့လားတော့ မသိဘူး မမှတ်မိဘူး မမ"

*

အမျိုးသမီးက ထမင်းခူးရင်းမှ ပြောသည်။

"ထားပါတော့လေ။ ခြသေ့်ကြီး မဆုံးခင် တစ်လကျော်လောက်က သူနဲ့ငါ ထပ်တွေ့ကြသေးတယ်။ ဒီတုန်းက မင်းက အတွင်းအားကျင့်စဉ် ဝင်နေလို့ ငါရောက်လာတာကို မသိဘူး။ ငါကတော့ မင်းကို မြင်တယ်။ ဒီတုန်းကလည်း ခြသေ့်ကြီးက မင်း အကူအညီလိုတဲ့အခါ ပေးဖို့ ငါ့ကို ထပ်မှာတယ်။ ခြသေ့်ကြီး ရုတ်တရက် ဆုံးသွားပြီဆိုတဲ့ သတင်းကို ကြားကြားချင်း ငါလာခဲ့တယ်။ ငါရောက်လာတော့ သူ့ကို သဂြိုဟ်ပြီးသွားတာ ဆယ်ရက်လောက် ရှိနေပြီ၊ မင်းကိုလည်း မတွေ့ရဘူး။ ငါ ပြန်လာခဲ့တယ်။ ထင်းထိုင် တောင်ပေါ်ကို ရောက်





မင်းစာပေ

တော့ မင်းကို မန်ချူးစစ်သားတွေ ဝိုင်းတိုက်နေတာ တွေ့ရတယ်။ ငါ ဝင်ကူဦးမလို့ပဲ။ အဲဒီအချိန်မှာ မင်းချောက်ထဲကို ကျသွားတယ်။ ငါလည်း ချောက်ထဲကို ဆင်းကြည့်တယ်၊ ချောက်က မနက်လို့ တော်သေးတာပေါ့။ မင်း မသေသေးမှန်း သိရလို့ ငါ ကယ်ထုတ်လာခဲ့တာပဲ"

"ကျေးဇူးတင်ပါတယ် မမရယ်၊ မမသာ မကယ်ရင် ကျွန်တော်တော့ သေပြီ။ မမနာမည်ကို ပြောပါဦး"

"ငါ့နာမည် 'ဟွာချင်ချင်'ပါ"

"ကျွန်တော် ဝပါပြီ မမ"

ဟွာချင်ချင်ဆိုသော အမျိုးသမီးက လင်ဗန်းကို စားပွဲပေါ် သွားတင်သည်။ ဝမ်လုံဖေးအနီးသို့ ပြန်လာမည်အပြု တံခါးခေါက်သံ ပေါ်လာသည်။

"ဒေါက်.... ဒေါက်... ဒေါက်.... ဒေါက်"

ဝမ်လုံဖေးနှင့် ဟွာချင်ချင်တို့ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း လိုလို ပိတ်ထားသော တံခါးဆီ ကြည့်လိုက်ကြသည်။ ဟွာချင်ချင်က လေသံမာမာဖြင့် မေးသည်။

"ဘယ်သူလဲ"

အပြင်မှ လေသံမာမာဖြင့် ပြန်ပြောသံ ပေါ်လာသည်၊

"ငါတို့ ဒီအခန်း စစ်ဆေးစရာရှိလို့ တံခါးဖွင့်စမ်း"

ဝမ်လုံဖေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ဟွာချင်ချင်က စိုးရိမ်ခြင်း မရှိဘဲ လေသံမာမာဖြင့် ပြန်ပြောသည်၊

"နင်တို့က ဘာကောင်တွေမို့ စစ်ဆေးရမှာလဲ"

"ဘာကောင်တွေလဲဆိုတာ သိချင်ရင် တံခါးဖွင့်"





"မဖွင့်နိုင်ဘူး"

"မဖွင့်ရင် တံခါးကို ဖျက်ပြီး ဝင်ရလိမ့်မယ်"

"တောက်.... သူများရဲ့ အဆောက်အအုံကို ဖျက်စရာမလိုဘူး။ ဒီလောက်တောင် စစ်ချင်ရင် ဖွင့်ပေးမယ်"

ဟွာချင်ချင် ဒေါသတကြီး ပြောပြီး တံခါးဆီ လျှောက်လာသည်။ တံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်။ တံခါးပေါက်ဝတွင် မန်ချူး ကေရာဇ်၏ သစ္စာခံ လုံခြုံရေးတပ်ဖွဲ့ ဝတ်စုံကိုယ်စီဝတ်ထားသည့် လူငါးယောက်ကို တွေ့ရသည်။ လက်ထဲတွင် ဓားကိုယ်စီ အသင့်ကိုင်ထားကြသည်။ ငါးယောက်စလုံး၏ မျက်နှာထားက တင်းမာ ခက်ထန်နေသည်၊

ဟွာချင်ချင် ခါးထောက်ပြီး မျက်နှာထား တင်းတင်းဖြင့် ပြောသည်။

"အခန်းထဲကို ဝင်ရဲတဲ့သူ ဝင်ကြည့်စမ်း"

ငါးယောက်စလုံး သူမကို ကျော်ပြီး အခန်းထဲကို ကြည့်ကြသည်။ ခုတင်ပေါ်မှ ဝမ်လုံဖေးကို မြင်သောအခါ အခန်းထဲကို ဝင်မည် ပြုကြသည်။

"ဟာ.... မြွေနဂါးသခင်မ"

ငါးယောက်အနက် တစ်ယောက်က ထိတ်လန့်တကြီးပြောလိုက်သည်။ အခန်းထဲသို့ ဝင်မည်ပြုသည့် ကျန်လူလေးယောက်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြကာ ဟွာချင်ချင်ကို ကြည့်ကြသည်။ ယခုမှ ဟွာချင်ချင်၏ ဆံကေသာ၌ ထိုးထားသော မြွေနှင့်နဂါး ယှက်လိန်နေသည့်ပုံ ဆံထိုးကလေးကို မြင်ကြပြီး မျက်လုံးပြူးသွားကြသည်။ ထိတ်လန့်တကြီး

ဖြင့် နောက်ဆုတ် သွားကြသည်။ တစ်မုဟုတ်ချင်း သူတို့၏ မျက်နှာများ သွေးဆုတ်ပြီး ဖြူဖတ်ဖြူရော် ဖြစ်ကုန်ကြသည်။

ရှေ့ဆုံးမှ လူက တုန်ယင်သောလေသံဖြင့် ဟွာချင်ချင်ကို တောင်းပန်စကား ပြောသည်။

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ မြွေနဂါးသခင်မ။ အဆိပ်ငါးမျိုးဂိုဏ်းက မြွေနဂါးသခင်မ ဒီမှာရှိမှန်း မသိလို့ပါ"

အဆိပ်ငါးမျိုးဂိုဏ်းဆိုသည့် နာမည်ကို ကြားရသောအခါ ဝမ်လုံဖေး စိတ်လှုပ်ရှားသွားသည်။ အဆိပ်ငါးမျိုး ဂိုဏ်းသည် နာမည်ကျော်ကြားလွန်းလှသော ဂိုဏ်းကြီး တစ်ဂိုဏ်း ဖြစ်၏။ မန်ချူးကေရာဇ်ကိုယ်တိုင် အဆိပ်ငါးမျိုးဂိုဏ်းအား နယ်မြေဒေသကို အပိုင်စားပေးထားရသည်။

*

ယခုမှ ဟွာချင်ချင်မှာ မြွေနဂါးသခင်မဘွဲ့ရ အဆိပ်ငါးမျိုး ဂိုဏ်းဝင်ဖြစ်မှန်း သိရသဖြင့် ဝမ်လုံဖေး အလွန်အမင်း အံ့သြသွားမိသည်။

ဟွာချင်ချင် လေသံ တင်းတင်းဖြင့် ပြန်ပြောသည်။

"ရှင်တို့ကို ခွင့်လွှတ်ဖို့ မလွှတ်ဖို့က ရှင်တို့ပေါ်မှာပဲ မူတည်တယ်။ ကျွန်မ မေးတာကို ဖြေကြစမ်းပါဦး"





"မေးပါ.... မေးပါ"

ငါးယောက်ထဲမှ တစ်ယောက်က မျာမျာသလဲ ပြန်ပြောသည်။

"အခန်းထဲမှာ ရှင်တို့ ဘာတွေ့ကြသလဲ"

အားလုံး အခန်းထဲမှ ဝမ်လုံဖေးကို တစ်ချက် လှမ်းကြည့်ကြသည်။ ပြီးမှ တစ်ယောက်က ပြောသည်။

"ဘာမှ မတွေ့ပါဘူး"

"ဒဏ်ရာ ရထားတဲ့ ကောင်လေးတစ်ယောက်နဲ့ ကျွန်မတို့ မတွေ့ဘူးလား"

"မ.... မတွေ့ပါဘူး။ ဒဏ်ရာရထားတဲ့ ကောင်လေးကိုလည်း မတွေ့ပါဘူး။ မြွေနဂါး သခင်မကိုလည်း မတွေ့ပါဘူး"

"အားလုံးဖြေ"

"ကျွန်တော်တို့လည်း မတွေ့ကြပါဘူး"

ကျွန်လေးယောက် သံပြိုင်ဖြေကြသည်။ ဟွာချင်ချင်က....

"ကောင်းတယ်.... ရှင်တို့အတွက် ဘာကိုမှ မတွေ့တာ အကောင်းဆုံးပဲ။ ရှင်တို့ကို ကျွန်မ သေသေချာချာမှတ်ထားလိုက်ပြီ။ ကျွန်မတို့ အဆိပ်ငါးမျိုးဂိုဏ်းဟာ အဆိပ်ပညာမှာ ဘယ်လောက်အထိ တော်တယ်ဆိုတာ ရှင်တို့လည်း ကောင်းကောင်းကြီး သိထားကြမှာပါ။ အဲ- ကျွန်မနဲ့ ကောင်လေး အကြောင်း ပေါက်ကြား သွားလို့ကတော့ ရှင်တို့ အားလုံး အသေဆိုးနဲ့ သေပြီသာမှတ်"

"ကျွန်.... ကျွန်တော်တို့ မပြောရဲပါဘူး"

"ဒါဆို ရှင်တို့ သွားနိုင်ပြီ"

ဟွာချင်ချင် သွားခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် မြို့လုံခြုံရေး တပ်ဖွဲ့ဝင် ငါးယောက်တို့လည်း သူ့ထက်ငါ ဦးအောင် ထွက်ပြေးသွားကြတော့၏။

ဟွာချင်ချင် တံခါးပြန်ပိတ်ပြီး ဝမ်လုံဖေးထံ လျှောက်လာသည်။ ဝမ်လုံဖေး အံ့သြစိတ်ဖြင့် မေးသည်။

"မမက အဆိပ်ငါးမျိုးဂိုဏ်းကလား"

"အေး.... ဟုတ်တယ်"

ဟွာချင်ချင် ဖြေရင်း ခုတင်ဘေးရှိ ခုံပေါ်တွင် ထိုင်သည်။

"ကျွန်တော် သိထားသလောက်တော့ မမတို့ အဆိပ်ငါးမျိုး ဂိုဏ်းဟာ မန်ချူးကေရာဇ်ကိုယ်တိုင် ချီးမြှင့်မြှောက်စားထားတဲ့ ဂိုဏ်းပဲ။ ကျွန်တော်က မန်ချူးကို ဆန့်ကျင်တော်လှန်တဲ့သူ။ ဒါနဲ့တောင် ကျွန်တော့်ကို မမက ဘာဖြစ်လို့ ကယ်ရတာလဲ"

"မင်းက ခြင်္သေ့ကြီးရဲ့လူ ဖြစ်နေလို့။ ပြီးတော့ ခြင်္သေ့ကြီး ကိုယ်တိုင် မင်းကို အတတ်နိုင်ဆုံး ကူညီဖို့ မှာခဲ့လို့"

ဟွာချင်ချင် စကားဖြတ်လိုက်ပြီးမှ ဆက်ပြောသည်၊

"အခုဆိုရင် မန်ချူးအာဏာပိုင်တွေက မင်းကို လိုက်ဖမ်းနေကြတယ်။ မင်းကို လွှန်ခဲ့တဲ့ငါးနှစ်ကျော်က ကွယ်လွန်သွားတဲ့ တော်လှန်ရေးခေါင်းဆောင်ကြီး ဝမ်ရူကျောင်းရဲ့သားမှန်း သိသွားကြပြီ။ အခု မင်းမှာလည်း ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတယ်။ မန်ချူးတွေရဲ့ ရန်က လွတ်မယ့် နေရာဆိုလို့ မင်းအတွက် ငါတို့ဂိုဏ်းကပိုင်တဲ့ နယ်ခြား ဒေသပဲ ရှိတယ်။ အခု ငါက မင်းကို အဲဒီ ပို့ပေးမယ်။ အေး.... တစ်ခုတော့





ရှိတယ်။ မင်းဟာ မန်ချူးတွေကို ဆန့်ကျင်တော်လှန်နေတဲ့လူဆိုတာ ဘယ်သူမှ မသိစေနဲ့။ သိလို့ကတော့ မင်းသေမှာပဲ။ မသိသရွေ့ မင်း အေးအေးဆေးဆေး နေနိုင်တယ်"

ဝမ်လုံဖေးလည်း ယခုအခြေအနေတွင် ဟွာချင်ချင်မှ တစ်ပါး အားကိုးရန် အခြားလူ မရှိသဖြင့် သူမ၏ အစီအစဉ်ကို မဆန့်ကျင်ရဲချေ။ တကယ်တော့ သူသည် အဆိပ်ငါးမျိုးဂိုဏ်း၏ ပိုင်နက်ဖြစ်သော နယ်ခြားဒေသ၌ မနေလိုပါချေ။ မန်ချူးကေရာဇ် အားကိုး အားထားပြုသော အဆိပ်ငါးမျိုးဂိုဏ်းကိုလည်း မနှစ်မြို့ပါချေ။

လောလောဆယ် မိမိ၏ အသက်ဘေး အန္တရာယ်မှ လွတ်မြောက်အောင် ကူညီနေသဖြင့် ဝမ်လုံဖေးလည်း ငြိမ်နေလိုက်လေသည်။

*

## ၁၃။ အပြစ်ဒဏ်

ဟွာချင်ချင်သည် ယခင်ပုံစံအတိုင်း ဝမ်လုံဖေးအား မြင်းလှည်းပေါ်တင်၍ ခရီးဆက်နှင်ခဲ့ပြန်သည်။

မည်သည့် အနှောင့်အယှက်မှ မရှိဘဲ ခရီးဆက်နိုင်ခဲ့ကြသည်။

ငါးရက်မြောက်နေ့တွင် သူတို့သည် နယ်ခြားဒေသသို့ ရောက်လာကြသည်။

နယ်ခြားဒေသသည် အဆိပ်ငါးမျိုးဂိုဏ်း၏ ပိုင်စိုးရာဒေသဖြစ်သဖြင့် မည်သည့် အန္တရာယ်ကိုမှ ဟွာချင်ချင် ဂရုမစိုက်တော့ချေ။

ဝမ်လုံဖေးသည် ခရီးစဉ်တစ်လျှောက်လုံး အမိုးအကာ အလုံပိတ်ထားသော မြင်းလှည်းထဲမှ လိုက်ပါခဲ့ရသည်။ နယ်ခြားဒေသသို့ ရောက်သောအခါ ဟွာချင်ချင်က ပတ်ပတ်လည်မှ အကာများကို ဖြုတ်လိုက်သည်။ ထိုအခါမှ ဝမ်လုံဖေးလည်း လေကောင်း လေသန့်ကို ရှူရတော့၏။ ဘေးပတ်ဝန်းကျင်ရှုခင်းကို မြင်ရတော့၏။

ဟွာချင်ချင် ကုသပြုစုမှုကြောင့် ဝမ်လုံဖေး ရထားသည့်မားဒဏ်ရာက အတော်သက်သာနေပြီ ဖြစ်သော်လည်း အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားသဖြင့် မလှုပ်ရှားနိုင်သေးချေ။





သူတို့ မြင်းလှည်းက တောင်တန်းကြီးပေါ်သို့ ဦးတည်ခရီးနှင်နေသည်။ ထိုတောင်တန်းကြီးမှာ ဗွာစန်းတောင်ကဲ့သို့ မမြင့်မားသော်လည်း အကွေ့အကောက် များလှလေသည်။

မြင်းလှည်းက တောင်ပတ်လမ်းမှ ခပ်မှန်မှန် တက်ခဲ့သည်။

"ရပ်လိုက်"

ရုတ်တရက် အော်ဟစ်အမိန့်ပေးသံ ပေါ်လာသဖြင့် မြင်းလှည်း ရပ်သွားသည်။

တောင်ပတ်လမ်းအတိုင်း လူတစ်စု ဆင်းလာသည်။ တောအုပ်ထဲမှလည်း လူတစ်စု ထွက်လာသည်။

တောင်ပတ်လမ်းမှ ဆင်းလာသော လူစုမှာ ငါးယောက်ဖြစ်ကာ တစ်ဦးက အသက်-၅၀ ဝန်းကျင်အရွယ် လူကြီးဖြစ်ပြီး ကိုယ်ပေါ်တွင် အနီရောင်ဝတ်စုံ ဝတ်ထားသည်။ ထိုလူကြီးနှင့် ပါလာသူ လေးယောက်မှာ လူရွယ်များဖြစ်ပြီး အညိုရောင်ဝတ်စုံကိုယ်စီ ဝတ်ထားကြသည်။ ၎င်းတို့ ငါးယောက်က မြင်းလှည်းရှေ့တွင် ရပ်လိုက်ကြသည်။

တောထဲမှ ထွက်လာသူမှာ သုံးယောက်ဖြစ်ပြီး ၎င်းတို့ကိုယ်ပေါ်တွင်လည်း အညိုရောင်ဝတ်စုံကို ဆင်တူဝတ်ထားကြသည်။ ၎င်းတို့ သုံးဦးစလုံး မြင်းလှည်း နောက်၌ ရပ်လိုက်ကြသည်။

ဝတ်စုံညို ခုနစ်ယောက်စလုံး၏ အင်္ကျီရင်ဘတ်တွင် လက်ချောင်း ငါးချောင်း ထောင်ထားသော လက်ဝါးပုံ ရေးထွင်းထားသဖြင့် မြင်ရုံနှင့် အဆိပ်ငါးမျိုး ဂိုဏ်းဝင်များဖြစ်ကြောင်း သိနိုင်သည်။

အနီရောင် ဝတ်ရုံလူကြီး၏ မျက်နှာထားက တင်းမာနေသယောင် ရှိနေပြီး ဝတ်စုံညိုများအားလုံး မျက်နှာမကြည်မသာ ဖြစ်နေကြသည်။

ဟွာချင်ချင်က ပြုံးရွှင်စွာဖြင့် ဝတ်ရုံနီကြီးကို လှမ်းပြောသည်။

''ကျွန်မပါ ဂိုဏ်းမှူးကြီး 'ထန်'ရဲ့၊ ဂိုဏ်းချုပ်ကြီးဆီ အရေးတကြီး သတင်းပို့စရာရှိလို့ ခဏပြန်လာတာပါ''

ဂိုဏ်းမှူးကြီး ထန် ဆိုသော ဝတ်ရုံနီကြီးက မြင်းလှည်းပေါ်တွင် မှီထိုင်နေသော ဝမ်လုံဖေးကို တစ်ချက် အကဲခတ်ကြည့်ကာ ဟွာချင်ချင်ကို မျက်နှာထား သုန်သုန်မှုန်မှုန်ဖြင့် မေးသည်။

''ဒီကောင်လေးက ဘယ်သူလဲ''

''ကျွန်မရဲ့ မောင်ဝမ်းကွဲလေးပါ ဂိုဏ်းမှူးကြီး ထန်။ ရန်သူတွေရဲ့ လက်ချက်နဲ့ အတွင်းဒဏ်ရာ ရလာလို့ ဒီကို ကျွန်မ ခေါ်လာခဲ့တာပါ''

''ရန်သူတွေဆိုတာ ဘယ်သူတွေလဲ။ မန်ချူး ကေရာဇ်မင်းမြတ်ရဲ့ သစ္စာခံတွေကို ပြောတာလား''

ဟွာချင်ချင် မသိမသာ မျက်နှာပျက်သွားပြီးမှ....

''အို.... ဂိုဏ်းမှူးကြီးထန် ဘယ်လို ပြောလိုက်တာလဲ၊ ကျွန်မဟာ အဆိပ်ငါးမျိုးဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူး တစ်ယောက်ပါ၊ ကျွန်မတို့ အဆိပ်ငါးမျိုးဂိုဏ်းဟာ မန်ချူးကေရာဇ်ရဲ့ သစ္စာခံဂိုဏ်းပါ။ မန်ချူးကေရာဇ်မင်းမြတ်ရဲ့ သစ္စာခံတွေနဲ့ ကျွန်မတို့





ဟာ အတူတူပါပဲ။ ကျွန်မက သူတို့ကို ရန်သူလို့ သတ်မှတ်ပါမလား''

''ဟွာချင်ချင်၊ ဒါကတော့ နင့်အကြောင်းကို နင်သိမှာပါ''

ဟွာချင်ချင် မျက်နှာတင်းသွားပြီး....

''ဂိုဏ်းမှူးကြီးထန်၊ ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မဟာ ဂိုဏ်းချုပ်ကြီးရဲ့ တာဝန်ပေးချက်အရ မြေလတ်ပိုင်းကိုသွားပြီး ကျွန်မတို့ အဆိပ်ငါးမျိုးဂိုဏ်းနဲ့ ကေရာဇ်မင်းမြတ်ရဲ့ အကျိုးကို သယ်ပိုးနေတဲ့ သူပါ။ ဒါကို ဂိုဏ်းချုပ်ကြီး ကိုယ်တိုင်လည်း သိတယ်။ ဂိုဏ်းဝင် အတော်များများလည်း သိကြတယ်။ မန်ချူး အာဏာပိုင်တွေကတောင် ကျွန်မကို လေးလေးစားစား ဆက်ဆံကြတယ်''

ဂိုဏ်းမှူးကြီးထန် ဆိုသူက လှောင်ပြုံး ပြုံးလိုက်တာ....

''နင့်လုပ်ရပ်အမှန်တွေကို မသိခင်ကတော့ ဂိုဏ်းချုပ်ကြီးက နင့်ကို ယုံကြည်စိတ်ချပါလိမ့်မယ်။ အခု နင့်လုပ်ရပ်တွေကို သိတော့ ဂိုဏ်းချုပ်ကြီးက နင့်ကို မယုံတော့ဘူး''

ဟွာချင်ချင် အတော်ကြီး မျက်နှာ ပျက်သွားပြီးမှ ငြ ဆယ်လိုက်ကာ....

"ကျွန်မက ဘာလုပ်လို့ ဂိုဏ်းချုပ်ကြီးက မယုံရတာလဲ"

"ဒါတော့ ဂိုဏ်းချုပ်ကြီးနဲ့တွေ့ရင် နင် သိရမှာပေါ့၊ နင့်ကို တွေ့တဲ့နေရာမှာ အရခေါ်ခဲ့ဖို့ လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်ကတည်းက 'ဟူကွေ'တို့ကို ဂိုဏ်းချုပ်ကြီးက လွှတ်လိုက်တယ်။ ဟူကွေတို့ ခုထိ ပြန်ရောက်မလာသေးလို့ ဂိုဏ်းချုပ်ကြီးက ငါ့ကို တာဝန်ပေးပြီး အခု ထပ်လွှတ်တယ်။ ဒီမှာတင် နင်နဲ့ တွေ့ရလို့ ငါတို့အတွက် အများကြီး အဆင်ပြေသွားတယ်။ ငါတို့နဲ့ ဂိုဏ်းချုပ်ကြီးဆီကို အေးအေးဆေးဆေး လိုက်ခဲ့။ အေးအေးဆေးဆေးနဲ့ ခေါ်လို့မရရင်တော့ နင့်ကို ဖြစ်တဲ့နည်းနဲ့ အရခေါ်သွားရလိမ့်မယ်"

ဟွာချင်ချင် မျက်မှောင်ကြုံ့သွားပြီး ဝမ်လုံဖေးကို လှည့်ကြည့်သည်။ သူမ မျက်စိမျက်နှာ ပျက်နေကြောင်း ဝမ်လုံဖေး တွေ့ရသည်။ မိမိ၏ ကျေးဇူးရှင် ဟွာချင်ချင်သည် အဆိပ်ငါးမျိုးဂိုဏ်းကို အကျိုးမဲ့အောင် လုပ်နေသူလောဟု ဝမ်လုံဖေး တွေးမိသည်။

ဟွာချင်ချင် လေသံမာမာဖြင့် ဂိုဏ်းမှူးကြီး ထန်ကို ပြန်ပြောသည်။

"ကျွန်မက ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဖို့ လာခဲ့တာပဲ။ ရှင်မခေါ်လည်း ဂိုဏ်းချုပ်ကြီးကို သွားတွေ့မှာပဲ။ ရှင်တို့နဲ့ လိုက်စရာ မလိုဘူး။ ကျွန်မ မောင်လေးကို သမားတော်ကြီး မို့ဆီ သွား





ပို့ပြီးရင် ဂိုဏ်းချုပ်ကြီးဆီ ကျွန်မဘာသာ ကျွန်မ လာခဲ့မယ်။ ရှင်တို့ သွားနှင့်"

ဂိုဏ်းမှူးကြီးထန် မျက်နှာမဲ့သွားကာ....

"နင် ဉာဏ်မများနဲ့၊ ငါ့ကို ဒီလိုလိမ့်လို့ မရဘူး၊ နင့်ကို တွေ့တာနဲ့ အမိအရ ခေါ်လာခဲ့ဖို့ ဂိုဏ်းချုပ်ကြီးက ငါ့ကို တာဝန်ပေးထားတယ်။ အေးအေးဆေးဆေး လိုက်ခဲ့မလား။ အကြမ်းဖက်ပြီး ခေါ်ရမလား။ ဒါပဲပြော"

ဟွာချင်ချင် မျက်နှာထား တင်းသွားကာ....

"မြေနဂါး သခင်မဘွဲ့ကို ကျွန်မ ရထားတာ ရှင်မေ့နေပြီလား။ ကျွန်မကို လွယ်လွယ်နဲ့ ရှင်ယှဉ်နိုင်လို့လား"

"ဘာလဲ၊ နင်က ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို ဆန့်ကျင်တယ်ပေါ့"

"ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို ကျွန်မ ဆန့်ကျင်တာ မဟုတ်ဘူး။ ဂိုဏ်းချုပ်ကြီးက ကျွန်မကို တွေ့ချင်တယ်၊ ကျွန်မကလည်း ဂိုဏ်းချုပ်ကြီးကို လာတွေ့ပါ့မယ်လို့ ပြောပြီးပြီပဲ။ ရှင် အကြမ်းဖက်စရာ ဘာလိုသလဲ"

"ငါနဲ့ တစ်ခါတည်း အေးအေးဆေးဆေး လိုက်ခဲ့၊ ဒါဆို အကြမ်းဖက်စရာ မလိုဘူး။ ငါ့တာဝန်က နင့်ကို ဂိုဏ်းချုပ်ကြီးဆီ အရောက်ပို့ပေးဖို့၊ အေးအေးဆေးဆေး မလိုက်ရင် အကြမ်းဖက်ပြီး ခေါ်ခဲ့ဖို့ ငါ့ကို ဂိုဏ်းချုပ်ကြီးက အမိန့်ပေးထားတယ်။ အကြမ်းဖက်ရပြီဆိုတာနဲ့ နင်ဟာ ဂိုဏ်းချုပ်ကြီးကို ဆန့်ကျင်ရာ ရောက်သွားပြီ။ အဆိပ်ငါးမျိုး ဂိုဏ်းကို ဆန့်ကျင်ရာ ရောက်သွားပြီ"

ဟွာချင်ချင် တွေသွားပြီးမှ....

"ကောင်းပြီ၊ ကျွန်မ လိုက်ခဲ့မယ်၊ ကျွန်မ မောင်လေး အတွက် ဘယ်လိုလုပ်မလဲ"

"နင့်အတွက်ပဲ နင်ပူစမ်းပါ၊ သူ့အတွက် ပူမနေစမ်းပါနဲ့"

"မပူလို့ ရမလား၊ ကျွန်မ မောင်လေး ရထားတဲ့ အတွင်း ဒဏ်ရာက ပြင်းတယ်၊ အချိန်မီ ဆေးကုနိုင်မှ ဖြစ်မယ်"

ဂိုဏ်းမှူးကြီး ထန် မျက်မှောင်ကြုံ့ စဉ်းစားလိုက်ပြီးမှ....

"နင့်မောင်ကို အဆိပ်ကျွန်းပေါ် ပို့လိုက်ပါ့မယ်"

"ဟာ"

ဟွာချင်ချင် ခံပြင်းစွာ ရေရွတ်လိုက်သည်။ သူမက စိုးရိမ်ပူပန်စွာဖြင့် ဝမ်လုံဖေးကို လှည့်ကြည့်သည်။

အဆိပ်ကျွန်း။

ထိုနာမည်ကို ဝမ်လုံဖေး မကြားဖူးချေ။ နာမည်ကို ကြားရုံဖြင့် မကောင်းသော နေရာမှန်းတော့ ဝမ်လုံဖေး သိသည်၊ သူသည် ဟွာချင်ချင်ကို အားကိုးပြီး ပါလာသူ ဖြစ်၍ သူမကို အားကိုးတကြီးဖြင့် ပြန်ကြည့်မိသည်။

ဂိုဏ်းမှူးကြီးထန် ပြောပြန်သည်။

"နင်သာ အပြစ်မရှိဘူး၊ ပြစ်ဒဏ် မကျခံရဘူး ဆိုရင် နင့်မောင် အတွက်လည်း ဘာမှ စိုးရိမ်စရာမလိုဘူး။ အဆိပ်ကျွန်း အုပ်ချုပ်ရေးမှူးကြီး 'စီမိန်လိန်'က နင့်မောင်ရဲ့ အတွင်း ဒဏ်ရာကို ပျောက်အောင် ကုသနိုင်စွမ်း ရှိပါတယ်။ နင်အပြစ် ဒဏ် မခံရရင် နင့် မောင်ကိုလည်း ဘေးမသီ ရန်မခ ပြန်လွှတ် မယ်။ အဲ....နင် အပြစ်ဒဏ် ခံရရင်တော့"





ဂိုဏ်းမှူးကြီးထန် စကားဖြတ်ပြီး အဓိပ္ပာယ်ပါပါ ပြုံးလိုက်သည်။ မည်သို့သော အဓိပ္ပာယ် ဆောင်ကြောင်း ဝမ်လုံဖေးကော ဟွာချင်ချင်ပါ သိကြသည်။

"ကျွန်မ သဘောမတူဘူး"

ဟွာချင်ချင် အော်ပြောလိုက်သည်။ ဂိုဏ်းမှူးကြီးထန် မဲ့ပြုံး ပြုံးလိုက်ကာ....

"ခုချိန်မှာ နင့်ဆန္ဒ နင့်သဘောအတိုင်း ဘာမှ လုပ်ခွင့် မရှိဘူး။ နင် ငါတို့နဲ့ လိုက်ခဲ့"

ဂိုဏ်းမှူးကြီးထန် စကားဖြတ်ပြီး မြင်းလှည်းနောက်ရှိ လူ သုံးယောက်ကို လှမ်း၍ အမိန့်ပေးသည်။

"လောင်လု၊ မင်းတို့ သုံးယောက်က ဟိုကောင့်ကို အဆိပ် ကျွန်း ခေါ်သွားပြီး စီမိန်လိန်ရဲ့ လက်ကို အပ်လိုက်၊ ဒီကောင် ရထားတဲ့ ဒဏ်ရာကို ကုထားခိုင်း၊ နောက်ထပ် အမိန့် မလာ မချင်း ကြည့်ထားဖို့ပြော"

"ဟုတ်ကဲ့ ဂိုဏ်းမှူးကြီး"

လောင်လုဆိုသူ ရိုကျိုးစွာ ပြန်ပြောပြီး ကျန်နှစ်ယောက် နှင့် အတူ မြင်းလှည်းပေါ်သို့ ခုန်တက်သည်။

ဝမ်လုံဖေးကမူ ခြေလက်များပင် မလှုပ်နိုင်သဖြင့် မည်သို့မှ ခုခံရှောင်တိမ်းနိုင်စွမ်း မရှိပါချေ။

*

ဟွာချင်ချင်က လောင်လုတို့နှင့် ဝမ်လုံဖေးကြားသို့ ခုန်ဝင်လိုက်ကာ လောင်လုတို့အား လေသံမာမာဖြင့် ပြောသည်။

"ရှင်တို့ ခုချက်ချင်း လှည်းပေါ်က ပြန်ဆင်းကြ။ မဆင်းလို့ကတော့ ကျွန်မ အကြောင်း ကောင်းကောင်းသိသွားမယ်"

လောင်လုတို့ ဆုံးယောက် မျက်နှာပျက်သွားကြပြီး စိုးရိမ်စိတ်ဖြင့် ဂိုဏ်းမှူးကြီး ထန်ကို အားကိုးတကြီး လှမ်းကြည့်ကြသည်။ သူတို့၏ အမူအရာကို မြင်ရုံဖြင့် ဟွာချင်ချင်ကို မယှဉ်နိုင်ကြောင်း သိနိုင်သည်။

"ဟွာချင်ချင်.... တို့ကို ခုခံလို့ကတော့ နင့်ရဲ့အပြစ်ပိုကြီးသွားမှာပေါ့။ မြင်းလှည်းပေါ်က နင်ဆင်းလိုက်ပါ"

ဂိုဏ်းမှူးကြီးထန် လှမ်းပြောတော့ ဟွာချင်ချင် နောက်ကို လှည့်မကြည့်ဘဲ လေသံမာမာဖြင့် ပြန်ပြောသည်။

"မဆင်းနိုင်ဘူး။ ကျွန်မ မောင်ကို အဆိပ်ကျွန်း မပို့ရဘူး။ ကျွန်မနဲ့အတူ ခေါ်မယ်။ သူက ကျွန်မကို အားကိုးတကြီးနဲ့ လိုက်လာတာ။ သူ့ကို ကာကွယ် စောင့်ရှောက်ဖို့ ကျွန်မမှာ ဝတ္တရားရှိတယ်"

ဟွာချင်ချင် စကားဖြတ်လိုက်ပြီးမှ သိုင်းကွက် နင်းကာ ညာလက်ဝါးကို မြှောက်ရင်း လောင်လုတို့ သုံးယောက်ကို အော်ပြောသည်။

"ရှင်တို့ ခုချက်ချင်း လှည်းပေါ်က ဆင်း၊ မဆင်းရင် သေပြီမှတ်"





လောင်လုတို့ သုံးယောက်စလုံး ထိတ်လန့်တကြီးဖြင့် မြင်းလှည်းပေါ်မှ ပြန်ခုန်ဆင်းသွားကြသည်။ ယခုမှ ဟွာချင်ချင်လည်း ဂိုဏ်းမှူးကြီးထန်ဘက်သို့ မျက်နှာပြန်လှည့်သည်။

ဝမ်လုံဖေးသည် မိမိအား အစွမ်းကုန် အကာအကွယ်ပေးနေသော ဟွာချင်ချင်အား ပို၍ ကျေးဇူးတင် မိသည်။ မိမိကြောင့် ဟွာချင်ချင် ပိုပြီး ဒုက္ခရောက်မှာကိုလည်း စိုးရိမ်မိသည်။ သို့သော် ယခုအချိန်တွင် ဟွာချင်ချင်မှတစ်ပါး အခြားအားကိုးအားထား မရှိသဖြင့် ဘာမှ မပြောမိချေ။

"နင်က ဒီပုံစံမျိုးလုပ်လာမှတော့ နင့်ကို အကျဉ်းသားတစ်ယောက်လို ဖမ်းခေါ်သွားရတော့မှာပေါ့"

ဂိုဏ်းမှူးကြီးထန် ပြောပြီး ရှေ့တိုးလာသည်။

"လာခဲ့.... လာခဲ့.... ရှင့်လောက်တော့ ကျွန်မ မမှုဘူး"

ဟွာချင်ချင် အော်ပြောရင်း မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ ဂိုဏ်းမှူးကြီး ထန်နှင့်ရင်ဆိုင်ရန်အသင့်ပြင်လိုက်လေသည်။

"ဟွာချင်ချင်.... ငါလည်း အဆိပ်လက်ချောင်းဘွဲ့ရထားသူပါ၊ နင့်ကို ငါ မယှဉ်နိုင်ဦးတောင် ယှဉ်နိုင်မယ့်သူ ရောက်လာလိမ့်ဦးမယ်"

ဂိုဏ်းမှူးကြီးထန် ပြောပြီး စူးရှကျယ်လောင်စွာ အသံပြုလိုက်သည်။ သူ့အသံက တောတောင်အနှံ့ ပဲ့တင်ထပ် သွားသည်။

တစ်စုံတစ်ယောက်ကို အချက်ပေးလိုက်ခြင်း ဖြစ်ကြောင်း ဝမ်လုံဖေး ရိပ်မိသော်လည်း မည်သူ့ကို အချက်ပေးမှန်း မသိချေ။

ဟွာချင်ချင်ကမူ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သူမက ဂိုဏ်းမှူးကြီး ထန်ထံ ခုန်ဝင်ပြီး လက်ဝါးဖြင့် လွဲရိုက်သည်၊ သူမ၏ လက်ဝါး လွှဲလိုက်သည်နှင့် ပြင်းထန်သော လေရှိန်လည်း ပေါ်လာသည်၊

"ဟူး.... ဟူး"

ဂိုဏ်းမှူးကြီးထန်က သူမ၏ လက်ဝါးကို ညာဘက် လက်ညှိုးဖြင့် ဆီးထိုးသည်၊ ယခုအခါ သူ့ လက်ညှိုးက ညိုမည်းနေသည်၊

ဟွာချင်ချင်မှာ ဂိုဏ်းမှူးကြီးထန်၏ လက်ညှိုးနှင့် သူမ၏ လက်ဝါးကို မထိရဲသဖြင့် ရုတ်ခြည်း ပြန်ရုတ်လိုက်သည်၊ ကိုယ်ကို ချာခနဲ လှည့်ပြီး ဂိုဏ်းမှူးကြီး ထန်၏ ခေါင်းကို လွှဲရိုက်ပြန်သည်၊

"ဝုန်း"

ပြင်းထန်သော လေလှိုင်းလုံးကြီး တစ်လုံးက ဂိုဏ်းမှူးကြီးထန်၏ ကိုယ်ကို တိုးသဖြင့် အနည်းငယ် ယိမ်းယိုင်သွားသည်၊ သူက ဟန်ချက်ပြန်ထိန်းပြီး ဟွာချင်ချင်၏ လည်ပင်းကို လက်ညှိုးဖြင့် ပြန်ထိုးသည်၊

ဟွာချင်ချင် နောက်ကို ကတိုက်ကရိုက် ခုန်ဆုတ်ရှောင်လိုက်ရသည်၊

ဂိုဏ်းမှူးကြီး ထန်၊ ဟွာချင်ချင်ထံ ခုန်ဝင်၍ လက်ညှိုးနှစ်ချောင်းနှင့် ထိုးနှက်ရင်း တရကြမ်း လိုက်တိုက်သည်၊ ညိုမည်းနေသော သူ့ လက်ညှိုးနှစ်ချောင်းကို လှုပ်ယမ်းလိုက်တိုင်း စိမ်းဖန့်ဖန့် အရောင်များ ဖြာထွက်သွားတတ်သည်။





ဟွာချင်ချင် ပြန်လည် ထိုးစစ်မဆင်နိုင်ဘဲ လှည့်ပတ်ရှောင်တိမ်းနေရသည်။

ထိုစဉ် မြင်းလှည်းရှေ့မှ ဝတ်စုံညိုနှစ်ယောက်က ဟွာချင်ချင် နောက်သို့ တိတ်တဆိတ် ခုန်ဝင်လာကြပြီး လက်ထဲမှ ဓားကိုယ်စီဖြင့် တစ်ပြိုင်တည်း လွှဲခုတ်ကြသည်။

ဟွာချင်ချင် နောက်ပြန် မကြည့်ဘဲ သူမ၏ လက်နှစ်ဖက်ကို နောက်ပြန် လွှဲလိုက်သည်။

"အုံး.... ဘုံး"

"အွန့်.... အား"

ဝတ်စုံညိုနှစ်ယောက်စလုံး ပြင်းထန်သော လက်ဝါးရိုက်ချက် ထိပြီး လူတခြား ဓားတခြား ဖြစ်ကာ နောက်ကို လွင့်သွားကြသည်၊ မြေပေါ် ပစ်ကျသွားကြပြီး ပြန်မထနိုင်တော့ချေ။

*

## ၁၄။ အဆိပ်ကျွန်းသို့

သူ့လူနှစ်ယောက်၏ အဖြစ်ကို မြင်ရသောအခါ ဂိုဏ်းမှူးကြီး ထန် ပို၍ ဒေါပွသွားသည်။

“ဟင်.... နင်က ငါ့လူနှစ်ယောက်ကို ရက်ရက်စက်စက် လုပ်လိုက်တယ်ပေါ့”

ဟွာချင်ချင် လေသံမာမာဖြင့် ပြန်ပြောသည်။

“ကျွန်မကို ဘာဖြစ်လို့ အလစ် ဝင်တိုက်ရတာလဲ။ ဒီလို လုပ်လို့ကတော့ ခုလိုပဲ ခံသွားရမှာပဲ”

“တောက်.... နင် သိမယ်”

ဂိုဏ်းမှူးကြီးထန် ကြိမ်းဝါးလိုက်ပြီး ခြေနှစ်ဖက်ကို ခွဲရပ်သည်။ ဒူးကို ကွေးသည်၊ ဘယ်လက်ဝါးကို ရင်ဘတ်၌ ကပ်သည်။ ညာလက်ဝါးကို ရှေ့တည့်တည့် ဆန့်ထုတ်သည်။ တစ်မုဟုတ်ချင်း သူ့လက်ချောင်း ၁၀-ချောင်းစလုံး ညိုမည်းလာသည်။

ဂိုဏ်းမှူးကြီးထန်က မိမိကို အဆိပ်လက်ချောင်း သိုင်းဖြင့် တိုက်ခိုက်တော့မည်မှန်း ဟွာချင်ချင် သိသဖြင့် စိုးရိမ်ထိတ်လန့်သွားသည်။ သူမက ချက်ချင်းပင် အင်္ကျီတွင်းမှ အရာနှစ်ခုကို ထုတ်ကိုင်လိုက်သည်။

ထိုအရာနှစ်ခုမှာ မြွေရုပ်ပုံ ထွင်းထားသော ဆံထိုး တစ်ချောင်းနှင့် နဂါးရုပ်ထွင်းထားသော ဆံထိုးတစ်ချောင်း ဖြစ်





၏။ ဆံထိုးနှစ်ချောင်းစလုံး တစ်မိုက်ခန့်စီ ရှည်ကြသည်၊ မြွေရုပ်ပုံ ဆံထိုးက မဟူရာရောင် အဆင်းရှိပြီး နဂါးရုပ်ပုံ ဆံထိုးက ပတ္တမြားရောင် အဆင်းရှိသည်။

ဟွာချင်ချင်က လက်တစ်ဖက်စီ၌ ကိုင်ထားသည့် ဆံထိုးနှစ်ချောင်းကို လှုပ်ခါလိုက်သည်။

“ကလစ်....ကလစ်”

အသံသဲ့သဲ့ပေါ်လာပြီး တစ်မိုက်ခန့်သာ ရှည်သော ဆံထိုးနှစ်ချောင်းစလုံး တစ်တောင်နီးပါးခန့် ရှည်သွားကြသည်။

ဟွာချင်ချင်က မြွေရုပ်နှင့် နဂါးရုပ်၏ ခေါင်းပိုင်းမှ ကိုင်ထားခြင်း ဖြစ်၏။ အမြီးနှစ်ခုစလုံးက အပ်လို ချွန်နေကြသည်။

မြွေနဂါး ဆံထိုးနှစ်ချောင်းကို မြင်တော့ ဂိုဏ်းမှူးကြီးထန် မျက်နှာကွက်ခနဲ ပျက်သွားသည်။

မလှုပ်နိုင် မယှက်နိုင်ဖြစ်ကာ အားအင်ဆုတ်ယုတ်နေသော ဝမ်လုံဖေးအဖို့ အခြေအနေကို ကြည့်နေရုံမှ လွဲပြီး ဘာမှ မတတ်နိုင်ပါချေ။

ဝတ်စုံညိုများလည်း မိမိတို့ အုပ်စုမှ နှစ်ယောက် ခံလိုက်ရသဖြင့် မည်သူမှ ဟွာချင်ချင်ကို ဝင်မတိုက်ရဲကြပါချေ။ မြင်းလှည်းကိုသာ ဝိုင်း၍ ရပ်နေကြလေသည်။

“ယား”

“ဟိုင်း”

ဟွာချင်ချင်နှင့် ဂိုဏ်းမှူးကြီးထန်တို့ ပြိုင်တူလိုလို အော်ဟစ်မာန်သွင်းကာ ရှေ့ဘက်ကို ခုန်လိုက်ကြသည်။ သူတို့နှစ်ယောက် ဘေးချင်းကပ် လူချင်းပူးသွားကြသည်။

ဟွာချင်ချင်က နဂါးအမြီး၊ မြွေအမြီးဖြင့် ဂိုဏ်းမှူးကြီးထန်၏ လည်ပင်းနှင့် ခါးကို ထိုးသည်။ ဂိုဏ်းမှူးကြီးထန် လွတ်အောင် ရှောင်ရင်း ဟွာချင်ချင်၏ လည်ပင်းနှင့် ခန္ဓာကိုယ်ကို လက်ချောင်းများဖြင့် တရစပ် ပြန်ထိုးသည်။ ဟွာချင်ချင် ရှောင်ရင်း ရှေ့ကို ခုန်ထွက်သည်။ ဂိုဏ်းမှူးကြီးထန်လည်း ရှေ့ကို ခုန်သည်။

တစ်ဦးနှင့် တစ်ဦး ၁၅-ပေခန့်အကွာ ကျော်ပေးလိုက်ရောက်သွားကြပြီးမှ နောက်ကို ပြန်လှည့်ကြသည်။ မျက်နှာချင်းဆိုင် ပြန်အကျတွင် ဂိုဏ်းမှူးကြီးထန်က ဟွာချင်ချင်ထံ ဦးစွာ ခုန်လိုက်သည်။ ခုန်ရင်း သူ့လက်နှစ်ဖက်ကို တရစပ် ဝှေ့ယမ်းသည်။ သူ့လက်နှစ်ဖက်မှ စိမ်းဖန့်ဖန့်အရောင်များက ဟွာချင်ချင် ထံ ဖြာသွားသည်။

ဟွာချင်ချင်ကလည်း နဂါးရုပ်ခေါင်းနှင့် မြွေရုပ်ခေါင်းကို ဂိုဏ်းမှူးကြီးထန်ဘက်သို့လှည့်ပေးလိုက်သည်။ နဂါးရုပ်ပါးစပ်မှ အမည်းရောင် အခိုးအငွေ့များ ပန်းထွက်လာသကဲ့ မြွေရုပ်ပါးစပ်ထဲမှလည်း အနီရောင် အငွေ့များ ပန်းထွက်လာသည်။ အငွေ့များက ခုန်ဝင်လာသော ဂိုဏ်းမှူးကြီးထန်ကို လွှမ်းခြုံသွားသည်။

နှစ်ယောက်စလုံး ခြေလှမ်းများ ယိမ်းယိုင်သွားကြသည်။ ဦးစွာ ဟွာချင်ချင် လဲကျသွားသည်။

*





"မမ....မမ"

ဝမ်လုံဖေး စိုးရိမ်တကြီးဖြင့် အော်ခေါ်လိုက်သည်။ သူ့အသံက ခပ်တိုးတိုးသာ ထွက်သည်။ ထို့မျှ အားပြုလိုက်ရုံဖြင့် မောဟိုက်ပင်ပန်းခြင်းလည်း ဖြစ်သွားသည်။

ဂိုဏ်းမှူးကြီးထန် ခြေလှမ်းယိမ်းယိုင်စွာဖြင့် လဲကျနေသော ဟွာချင်ချင်ထံ လျှောက်လာသည်။ သို့သော် ခြေလှမ်းသုံးလှမ်းခန့်သာ လျှောက်နိုင်ပြီး မဟန်နိုင်တော့ဘဲ လဲကျသွားလေသည်။

"ဂိုဏ်းမှူးကြီး"

ဝတ်စုံညိုတစ်ဦးက စိုးရိမ်တကြီး အော်ဟစ်ရင်း ဂိုဏ်းမှူးကြီး ထန်ဆီ ပြေးသွားမည် ပြုသည်။

"ဟေ့ကောင်.... မသွားနဲ့ဦး၊ အဆိပ်ငွေ့တွေ ရှိသေးတယ်"

အခြား ဝတ်စုံညိုတစ်ဦးက ကမန်းကတန်း ဟန့်တားလိုက်သည်။ ထိုအခါ ဂိုဏ်းမှူးကြီးဆီ ပြေးမည်ပြုသည့် ဝတ်စုံညိုလည်း ရှေ့ဆက် မတိုးရဲတော့ဘဲ အရှိန်တန့်ရပ်၍ နောက်ကိုပင် ပြန်ဆုတ်သွားလေသည်။

မည်သူမှ ဟွာချင်ချင်နှင့် ဂိုဏ်းမှူးကြီးထန် ရှိရာသို့ မလာရဲကြဘဲ အခြေအနေကို စောင့်ကြည့်နေကြသည်။

ဝမ်လုံဖေး ဇွဲတင်း၍ လှုပ်ရှားကြည့်သေးသော်လည်း လှုပ်၍မရသဖြင့် အားလျော့လိုက်သည်။

ထိုစဉ် တောင်ပေါ်မှ လူရိပ်တစ်ရိပ် အပြေးဆင်းလာသည်ကို ဝမ်လုံဖေး လှမ်းတွေ့ရသည်။ ကိုယ်ဖော့ပညာ ထက်မြက်သူဖြစ်သဖြင့် ခဏနှင့် မြင်းလှည်းအနီးသို့ ရောက်လာသည်။

ထိုလူမှာ အသက် ၆၀-ကျော်အရွယ် အဘိုးကြီးတစ်ယောက်ဖြစ်ပြီး ကိုယ်ပေါ်တွင် အမည်းရောင်ဝတ်ရုံကို ဝတ်ထားသည်၊ လက်ထဲတွင် ကျားပွတ်တစ်ချောင်းကို ဆွဲ၍ ကိုင်ထားသည်၊ ကျားပွတ်တွင် ကင်းခြေများ၏ ခြေချောင်းကလေးများကဲ့သို့ အချောင်းကလေးများ ရှိနေသည်။

အဘိုးကြီးက အရပ်မြင့်သည်။ ခြေတံ လက်တံ ရှည်သည်၊ သွယ်လျသော မျက်နှာက စုတ်ချွန်းချွန်းဖြစ်နေသည်၊ မျက်ပေါက် ကျဉ်းပြီး ရှည်လျားသော နှာခေါင်းက ကောက်နေသည်၊ ပါးစပ်ပြဲပြီး မေးဖျားက ရှေ့ကို ငေါထွက်နေသည်၊ အရုပ်ဆိုးသည့်မြင် မျက်နှာပေါက်ဆိုးသဖြင့် အနည်းငယ်မျှကြည့်၍ မကောင်းချေ။

အဘိုးကြီးကို မြင်သည်နှင့် ဝတ်စုံညိုများအားလုံး များများသလဲဖြင့် အရိုအသေ ပြုလိုက်ကြသည်။ အဘိုးကြီးက သတိမေ့လဲကျနေသော ဟွာချင်ချင်နှင့် ဂိုဏ်းမှူးကြီးထန်ကို ကြည့်ကာ အံ့ဩသယောင် ဖြစ်သွားသည်။ ဝတ်စုံညို တစ်ယောက်ကို လှည့်မေးသည်။

"ဟွာချင်ချင်က ဘယ်လိုကနေ ဘယ်လို ရောက်လာတာလဲကွ။ ထန်လျောင်စင်းနဲ့ ဘယ်လို ဖြစ်ကြတာလဲ"

ဂိုဏ်းမှူးကြီးထန်၏ နာမည်အပြည့်အစုံမှာ ထန်လျောင်စင်း ဖြစ်ကြောင်း ဝမ်လုံဖေး သိသွားသည်။

အမေးခံရသော ဝတ်စုံညိုက အဘိုးကြီးကို ကျိုးကျိုးနွံနွံ ပြန်ပြောသည်။





"မြွေနဂါး သခင်မကို မြင်းလှည်းနဲ့ တောင်ပေါ်ကိုအလာ ဒီနေရာမှာ ကျွန်တော်တို့နဲ့ တွေ့ပါတယ်။ ဒု-ဂိုဏ်းချုပ်ကြီးခင်ဗျား"

ထိုဝတ်စုံညို ဤသို့ စကားအစချီကာ ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြလိုက်သည်။ ဒု-ဂိုဏ်းချုပ်ဆိုသော အဘိုးကြီးက ဝတ်စုံညို၏ စကားကို နားထောင်ရင်း လှည်းပေါ်မှ ဝမ်လုံဖေးကို မျက်နှာထား တင်းတင်းဖြင့် မကြာမကြာ လှမ်းကြည့်တတ်သည်။ ဝတ်စုံညို၏ စကားဆုံးသွားတော့ အဘိုးကြီးက မကျေမနပ်နှင့် ပြောသည်။

"ဒါဆို ထန်လျောင်စင်းက မြွေနဂါး အဆိပ်ငွေ့ သင့်တာပေါ့။ ဟွာချင်ချင်က ထန်လျောင်စင်းကို ပြန်တိုက်တယ်ဆိုတော့ တို့ကြားထားတဲ့သတင်းက မှန်ဖို့ သေချာသွားပြီ။ ဒီကောင်မကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင် စစ်ဆေးလိုက်ရင် အမှန်အတိုင်း ပေါ်လာမှာပဲ"

ဒု-ဂိုဏ်းချုပ် အဘိုးကြီး ပြောပြီး သတိမေ့နေသော ဟွာချင်ချင်ထံ တန်းလျှောက်လာသည်။ ဟွာချင်ချင်၏ အင်္ကျီအိတ်ထဲသို့ လက်နှိုက်၍ ရှာသည်၊ သူ့လက်ထဲတွင် ဆေးပုလင်းသေးသေး လေးငါးလုံး ပါလာသည်၊ ဆေးပုလင်းများထဲတွင် အရောင်တစ်မျိုးစီ ဆေးလုံးလေးများ ရှိနေသည်။

*

အဘိုးကြီးက ဆေးတစ်ပုလင်းထဲမှ အဖြူရောင် ဆေးလုံးတစ်လုံးကို ထုတ်ယူကာ သတိမေ့နေသော ဂိုဏ်းမှူးကြီးထန်လျောင်စင်းထံ လျှောက်လာသည်။ အဖြူရောင် ဆေးလုံးကို ထန်လျောင်စင်းပါးစပ်ထဲသို့ ထည့်သည်။ ထန်လျောင်စင်း၏ မျက်နှာကို ခဏမျှ အကဲခတ်ကြည့်သည်။

ပြီးမှ မြင်းလှည်းဆီ လျှောက်လာသည်။ ဝမ်လုံဖေးကို မျက်နှာတားတင်းတင်းဖြင့် ကြည့်၍ လေသံမာမာဖြင့် မေးသည်။

"မင်းက ဟွာချင်ချင်ရဲ့ မောင်ဝမ်းကွဲဆို"

"ဟုတ်တယ်"

ဝမ်လုံဖေး လေသံပြတ်ဖြင့် ပြန်ပြောသည်။ သို့သော် သူ့အသံက အားပျော့လွန်းလှသည်။

ဒု ဂိုဏ်းချုပ် အဘိုးကြီး၏ အသံကမူ ခက်ထန်လှသည်၊ အားမာန်ပါလှသည်။

"မင်းနာမည် ဘယ်လို ခေါ်သလဲ"

ဝမ်လုံဖေး မဖြေချေ။

"မင်း.... ဘယ်လိုဖြစ်ပြီး ဒဏ်ရာရတာလဲ"

ဝမ်လုံဖေး မဖြေချေ။

ဒု ဂိုဏ်းချုပ်အဘိုးကြီး ဒေါပွသွားသည်။

"ဟေ့ကောင်.... မေးတာ ဖြေလေကွာ"

ဝမ်လုံဖေး ပါးစပ်ပိတ်မြဲ ပိတ်ထားသည်။

"ခွေးမသား"

"ဖြန်း"





"အား...."

ဒု ဂိုဏ်းချုပ် အဘိုးကြီး၏ လက်ဝါးက ဝမ်လုံဖေး၏ မျက်နှာပေါ် အရှိန်ပြင်းစွာ ကျသွားသည်။ ဝမ်လုံဖေး မြင်းလှည်းပေါ်မှ လွင့်ကျသည်။ မြေပေါ်ကို ပစ်ကျပြီး ပါးစပ်ထဲမှ သွေးများ စီးထွက်လာသည်။

"လောင်လု မင်းတို့သုံးယောက် ဒီကောင့်ကို ထန်လျောင်စင်းရဲ့ အစီအစဉ်အတိုင်း အဆိပ်ကျွန်းကို သွားပို့လိုက်ကြ"

ဒု ဂိုဏ်းချုပ် အဘိုးကြီး လှမ်း၍ အမိန့်ပေးတော့ လောင်လုတို့ သုံးယောက် ဝမ်လုံဖေးထံ လျှောက်လာကြသည်။ ဝမ်လုံဖေး၏ လက်တစ်ဖက်စီကို ဆွဲပြီး တရွတ်တိုက် ဆွဲခေါ်ကြသည်။

ဝမ်လုံဖေး အော်ဟစ်ရုန်းကန်သော်လည်း သူ့ ခြေလက်များ လှုပ်၍ မရပါချေ။ အသံလည်း မထွက်ပါချေ။ လောင်လုတို့ သုံးယောက် ဆွဲခေါ်ရာသို့ တရွတ်တိုက် ပါလာသည်။

ဝမ်လုံဖေးသည် သူ၏ ကျေးဇူးရှင် ဟွာချင်ချင် အတွက်လည်း စိုးရိမ်မိသည်။ သူကိုယ်တိုင် အန္တရာယ်တွင်းသို့ သက်ဆင်းရမည် ဖြစ်သဖြင့် သူမအတွက် မည်သို့မှ မတတ်နိုင်ပါချေ။

လောင်လုတို့က ဝမ်လုံဖေးအား တောင်အောက်သို့ ပြန်ဆွဲချလာကြသည်။ ပေတစ်ရာခန့် ဆင်းခဲ့ပြီးနောက် တောအုပ်ထဲသို့ ကွေ့ချိုးဝင်သည်။ တောလမ်းအတိုင်း ဆွဲခေါ်လာကြပြန်သည်။ ဝမ်လုံဖေး ခေါင်းထောင်၍ ရှေ့ကို ကြည့်လာခဲ့သည်။

အတန်ကြာအောင် တောလမ်းအတိုင်း လာခဲ့ပြီးနောက် ကျယ်ဝန်းလှသော လှိုဏ်ဂူကြီးတစ်လှိုဏ် အစပ်သို့ ရောက်လာသည်၊

ဝမ်လုံဖေး မြင်ရသော မြင်ကွင်းကြောင့် လွန်စွာ အံ့ဩ ဘနန်း ဖြစ်သွားသည်။ လှိုဏ်ဂူကြီးမှာ မျက်စိတစ်ဆုံး ကျယ်ဝန်း လှသည်။ လှိုဏ်ဂူကြီး၏ အောက်ခြေတွင် ရေကန်ကျယ်ကြီး တစ်ကန် ရှိနေသည်။ ရေကန်ကြီးမှာ ပင်လယ်တမျှ ကျယ်ဝန်းလှသဖြင့် တစ်ဖက်ကမ်းကို လှမ်းမမြင်ရပါချေ။ ရေကန်ကြီး၏ အလယ်တွင်မူ ကျွန်းကလေးတစ်ကျွန်းကို ခပ်ရေးရေး လှမ်း မြင်ရသည်။

လောင်လုတို့ သုံးယောက်က ဝမ်လုံဖေးအား လှိုဏ်ဂူကြီးထဲသို့ ဆွဲချလာကြသည်။ ဝမ်လုံဖေး တစ်ကိုယ်လုံး ထုံကျင်နေသဖြင့် နာကျင်ရမှန်းပင် မသိတော့ချေ။ မြေကြီးနှင့် ခြေထောက်နှစ် ဖက်စလုံး တရွတ်တိုက် ပါလာသဖြင့် ဖိနပ် နှစ်ဖက်စလုံး ပေါက်ပြဲကုန်သည်။

*

အတန်ကြာသောအခါ လှိုဏ်ဂူကြီး၏ အောက်ခြေရှိ ရေကန် အစပ်သို့ ရောက်လာသည်၊ ကမ်းစပ်တွင် လှေသုံးစင်း ရှိနေ





သည်။ လှေသုံးစင်းစလုံး အရွယ်ကြီးသည်၊ လူသုံးလေးဆယ် လိုက်ပါနိုင်အောင် ကျယ်ဝန်းသည်၊ လှေဆိပ်တွင် တန်းလျား တစ်လုံးလည်း ရှိသည်။ အစောင့်များလည်း ရှိသည်။

လောင်လု တဲတန်းလျားထဲ ဝင်သွားသည်။ မကြာမီ တဲ တန်းလျားထဲမှ လောင်လု ပြန်ထွက်လာသည်။ သူ့နောက်မှ အဆိပ်ငါးမျိုးဂိုဏ်း၏ ဝတ်စုံ ဝတ်ထားသည့် လူဆယ်ယောက် ပါလာပြီး ၎င်းတို့၏ လက်ထဲ၌ ခတ်တက်တစ်ချောင်းစီ ကိုင် လာကြသည်။

ဝမ်လုံဖေးကို ဆွဲခေါ်လာသူနှစ်ယောက်က လှေကြီးပေါ် ဆွဲတင်သည်။ လောင်လုနှင့် လှေထိုးသား ဆယ်ယောက်တို့ လည်း လှေကြီးပေါ် တက်လာကြသည်။ လှေထိုးသားများက တစ်ဖက် ငါးယောက်စီ လူခွဲပြီး လှော်ခတ်ကြသည်။

လှေကြီးက ကမ်းစပ်မှ ခွာထွက်လာသည်။

မကြာမီ ဝမ်လုံဖေးအနီးသို့ လောင်လု ရောက်လာပြီး သူ့ လူနှစ်ယောက်ကို ပြောသည်။

"ဒီကောင့်ကို ဆွဲထူထားစမ်း"

လောင်လု ပြောသည့် အတိုင်း ဝတ်စုံညို နှစ်ယောက်က ဝမ်လုံဖေးကို ဆွဲယူထူလိုက်ကြသည်။ ဝမ်လုံဖေး မတ်တတ်ရပ် လျက် အနေအထား ဖြစ်သွားသောအခါ ဘေး ပတ်လည်မှ ကန်ရေပြင်ကို မြင်ရသည်။ ကန်အလယ်မှ ကျွန်းကိုလည်း ခပ်ပျပျ မြင်ရသည်။

လောင်လုက ကျွန်းဆီသို့ ညွှန်ပြ၍ ပြောသည်။

"အဲဒီကျွန်းက မင်းကိုပို့မယ့် အဆိပ်ကျွန်းပဲ။ အဲဒီကျွန်းကို ရောက်သွားသူတိုင်း ကျွန်းပေါ်မှာပဲ ရူးကြရတယ်၊ သေကြရတယ်၊ မင်းလည်း ဒီလိုပဲ ဖြစ်ရမှာပဲ။ ဘယ်လောက်ပဲ ရေကူး ကျွမ်းကျင်တဲ့သူပဲ ဖြစ်ဖြစ် ဒီလောက် အဝေးကြီးကို ရေကူးပြီး မပြေးနိုင်ဘူး။ ရေကူး ကျွမ်းကျင်လွန်းလို့ ကူးနိုင်တယ်ပဲ ထားဦး၊ ကျွန်းနဲ့ ပေဘစ်ရာမရောက်ခင်မှာ အပိုင်းပိုင်း အစစဖြစ်ပြီး သေမှာပဲ၊ ကန်ထဲကို သေသေချာချာ ကြည့်လိုက်စမ်း"

ယခုမှ ဝမ်လုံဖေးလည်း ကန်ထဲကို သေသေချာချာကြည့်မိသည်။ ကန်ထဲတွင် သစ်တုံးကြီးများ မျောပါနေသည်ကို တွေ့ရသည်၊ ဆယ့်လေးငါးခု၊ အခုနှစ်ဆယ်ခန့် ရှိသည်။

လောင်လုက ရေကန်ထဲသို့ အသားတုံးများ ပစ်ချလိုက်သည်။ ထိုအခါ သစ်တုံးကြီးများ လှုပ်ရှားသွားသည်။ ငြိမ်သက်သော ကန်ရေပြင်က တဝုန်းဝုန်း လှုပ်ခါသွားသည်။

ဝမ်လုံဖေး မျက်လုံးပြူးသွားသည်။ သစ်တုံးကြီးများဟု သူ ထင်ထားသော အရာများမှာ မိကျောင်းကြီးများ ဖြစ်နေလေသည်၊ မိကျောင်းကြီးများက ပစ်ချလိုက်သော အသားတုံးများကို လုယက် စားကြသည်။

လောင်လု လေသံတင်းတင်းဖြင့် ပြောသည်။

"မင်း.... မြင်တယ် မဟုတ်လား။ ဒီ ရေကန်ကြီးထဲမှာ မိကျောင်းတွေ ထောင်နဲ့ချီပြီး ရှိတယ်။ အဆိပ်ကျွန်း ပတ်ပတ်လည်မှာ ပိုပြီး များတယ်။ ရေကူးပြေးမယ် ဆိုလို့ကတော့ မိကျောင်းစာဖြစ်မှာ အသေအချာပဲ။ ဖောင်ဖွဲ့ပြီး ပြေးရင်





လည်း တစ်စစီ ဖြစ်မှာပဲ၊ တို့တောင် ဒီရေကန်ထဲမှာ လှေ သေးသေး သုံးပြီး မဖြတ်ရဲဘူး၊ ဒီ လှေကြီးတွေနဲ့မှ ဖြတ်ရဲတယ်"

လောင်လု ခြိမ်းခြောက် ပြောဆိုနေခြင်းမဟုတ်ကြောင်း မိကျောင်းကြီးများကို မြင်ရ၍ဖြင့် ဝမ်လုံဖေး သိသည်၊

လောင်လု ပြန်ထွက်သွားတော့ ဝတ်စုံညို နှစ်ယောက်က ဝမ်လုံဖေးအား ကုန်းပတ်ပေါ်တွင် ပြန်ပစ်ချထားလိုက်သည်။ ဝမ်လုံဖေး မောဟိုက်နွမ်းနယ်လွန်းသဖြင့် မှိန်းနေမိသည်၊

အဆိပ်ကျွန်းသို့ ရောက်လျှင် မည်သို့သော အခြေအနေဆိုးများနှင့် ကြုံတွေ့လိမ့်မည်နည်း၊ မမ ဟွာချင်ချင်ကော မည်သို့သော အခြေအနေ ဆိုးများနှင့် ကြုံတွေ့လိမ့်မည်နည်း၊ မမ ဟွာချင်ချင်သည် အဆိပ်ငါးမျိုးဂိုဏ်းမှ ဂိုဏ်းခွဲမှူးတစ်ဦးဖြစ်သော်လည်း အဆိပ်ငါးမျိုးဂိုဏ်းအား အကျိုးမဲ့အောင် မည်သို့ လုပ်ခဲ့လေသနည်း။

ဝမ်လုံဖေး စဉ်းစားရင်းမှ ခေါင်းထဲ၌ တရိပ်ရိပ် မူးလာသည်။ သတိလစ်ချင်သလိုလို ဖြစ်လာသည်။ သတိမလစ်အောင် စိတ်ကို ထိန်းထားသော်လည်း နောက်ဆုံးတွင် မရတော့ဘဲ သတိမေ့သွားလေတော့၏။

*

## ၁၅။ အရူးကျွန်းမှ လူကေရီ

ဝမ်လုံဖေး သတိရလာသောအခါ ကျောက်ဂူတစ်ဂူထဲရောက်နေကြောင်း တွေ့ရသည်။ ကျောက်ဂူအလယ်တွင် မီးပုံတစ်ပုံ ဖိုထားသဖြင့် ကျောက်ဂူအတွင်းကို မြင်ရသည်။

သူ၏ ခြေလက်များကို လှုပ်၍ မရသေးပါချေ၊ ရင်ထဲတွင် ပူလောင်နေပြီး အသက်ရှူမဝသလို သည်း ဖြစ်နေသည်၊ သူက ပက်လက်အနေအထားမှ ခေါင်းကို လှည့်ကြည့်သည်၊

မီးပုံအနီးတွင် လူတစ်ယောက် ဆောင့်ကြောင့် ထိုင်နေကြောင်း တွေ့ရသည်။ ဖွေးဖွေးဖြူ၍ ရှည်လျားလှသောဆံပင်များက သူ့ကိုယ်ပေါ်သို့ ဖြန့်ကျ အုပ်မိုးထားသည်၊ ထိုသူ၏ မျက်နှာကို မမြင်ရသော်လည်း ဖွေးဖွေးဖြူနေမသောဆံပင်များကြောင့် အဘိုးအိုဖြစ်ကြောင်း သိနိုင်သည်။

ဂူထဲတွင် တိတ်ဆိတ် ငြိမ်သက်နေပြီး ထို အဘိုးအိုမှလွဲ၍ အခြား မည်သူမှ မရှိချေ၊ အဘိုးအိုက မီးပုံကို မျက်နှာပြုပြီး ဝမ်လုံဖေးအား ကျောခိုင်းလျက် အနေအထား ထိုင်နေခြင်း ဖြစ်၏။

"ဒီမယ်.... ဒီမယ်"

ဝမ်လုံဖေး အသံပြုလိုက်သည်၊ သူ့အသံက ကျယ်လောင်ခြင်း မရှိသော်လည်း တိတ်ဆိတ်လွန်းလှသည့် ဂူကြီးထဲတွင် ဖြစ်သဖြင့် အဘိုးအို ကောင်းစွာ ကြားနိုင်လောက်သည်၊ သို့





သော် အဘိုးအိုက လှည့်မကြည့်ပါချေ။ လှုပ်ပင် မလှုပ်ပါချေ။

"ဒီမယ်.... ဒီမယ်"

ဝမ်လုံဖေး ထပ်၍ အသံပြုလိုက်သည်၊ သူ့အသံက အနည်းငယ် ပို၍ ကျယ်သွားသည်၊ အဘိုးအို လှုပ်ရှားလာသည်။ ဆောင့်ကြောင့်ထိုင်လျက်မှ ဇွေ့ခနဲ ဇွေ့ခနဲ ခုန်ကာ ဝမ်လုံဖေးဘက် လှည့်လာသည်။

"ဟီး.... ဟီး.... ဟီး.... ဟီး.... ဟီး"

"ဟဲ.... ဟဲ.... ဟဲ.... ဟဲ.... ဟဲ"

ဝမ်လုံဖေးကို မြင်တော့ အဘိုးအိုက ပါးစပ်ဖြဲကာ ချောက်ချားဖွယ်ရာ အသံမျိုးဖြင့် ရယ်လေသည်။ အဘိုးအို၏ရုပ်သွင် အမူအရာ ပုံပန်းသဏ္ဍာန်ကလည်း ကြောက်စရာ ကောင်းလှသည်။

အဘိုးအို ဆောင့်ကြောင့် ထိုင်နေသဖြင့် ရှည်လျားသောဆံပင်များက မြေကြီးအထိ ပုံကျနေသည်၊ ရှည်လျားသော မုတ်ဆိတ်မွေးများကလည်း မြေကြီးနှင့် ထိနေသည်။ မျက်နှာပြင်မှ အရေခွံက အထပ်ထပ်တွန့်နေသဖြင့် ဖြုပ်ထသလိုဖြစ်ကာ ကြည့်ရ ဆိုးလှသည်။ ကိုယ်ပေါ်တွင် အဝတ်ဝတ်ထားသော်လည်း အရောင်အဆင်း မပေါ်တော့ဘဲ ဟောင်းနွမ်းစုတ်ပြဲနေသည်။

မီးပုံကို ကျောပေးလျက်ရှိသဖြင့် အဘိုးအို၏ ရုပ်သွင်ပုံပန်းသဏ္ဍာန်ကို ဝမ်လုံဖေး မထင်မရှား မြင်ရခြင်းဖြစ်လေရာ မြင်

လျှင် မြင်ချင်း မကောင်းဆိုးဝါး တစ္ဆေ သူရဲ များလားဟု ထင်လိုက်မိသည်။

ဝမ်လုံဖေး ကြောင်၍ ကြည့်နေစဉ် အဘိုးအို တဟဲဟဲရယ်၍ ဝမ်လုံဖေးထံ တိုးလာသည်။ လမ်းလျှောက်လာခြင်းမဟုတ်ဘဲ ဆောင့်ကြောင့် ထိုင်လျက် ဆတ်ခနဲ ဆတ်ခနဲ ခုန်ကာ တိုးတိုးလာခြင်း ဖြစ်လေသည်။

ဝမ်လုံဖေး မျက်လုံးပြူးသွားသည်။ သူ၏ ခြေလက်များကို မလှုပ်ရှားနိုင်သဖြင့် သူ့အခြေအနေက မည်သူ့ကိုမှ ခုခံကာကွယ်နိုင်စွမ်း မရှိချေ။ ယခုအခါ ကလေးငယ်တစ်ယောက်က ရန်ပြုလာသည့်တိုင်အောင် ငြိမ်ခံနေရမည့် ဘဝမျိုးဖြစ်၏။ အဘိုးအို၏ အသွင်က သတိကင်းလွတ်နေသည့် သူရူး တစ်ယောက်လို ဖြစ်နေပြီး ရန်ပြုမည့် အသွင်မျိုး ဖြစ်နေသဖြင့် ဝမ်လုံဖေး ထိတ်လန့်သွားခြင်း ဖြစ်၏။

"ငါ့ကို ခေါ်သလား၊ ငါ့ကို ခေါ်သလား။ ဟဲ...ဟဲ... ဟဲ...ဟဲ.... ဟီး....ဟီး....ဟီး"

အဘိုးအို ဆောင့်ကြောင့်ထိုင်လျက် ခုန်လာရင်းမှ မှုမှုန်သည့် လေသံမျိုးဖြင့်ပြောရင်း ရှေ့ကို တိုးမြဲ တိုးလာသည်။

"မလာနဲ့ သွား.... သွား"

ဝမ်လုံဖေး ကြောက်ကြောက်လန့်လန့်နှင့် အော်လိုက်သည်။ သူ့အသံက စောစောကထက် ပို၍ ကျယ်လောင်သွားသည်။

"ဟီး....ဟီး....ဟီး.... ခေါ်ပြီးမှ သွားခိုင်းလို့ မရဘူး၊ မရဘူး"





အဘိုးအို ပြောရင်း ဝမ်လုံဖေးအနီးသို့ ရောက်လာသည်။ ဆတ်ခနဲ ထရပ်သော်လည်း မတ်မတ် မရပ်နိုင်ချေ။ ခါးက ကုန်းနေသည်။ အဘိုးအို လက်နှစ်ဖက်ကို တွေးချည်ဆန့်ချည် လုပ်ကာ တဟီးဟီး တဟားဟား ရယ်မောရင်း ခုန်ဆွခုန်ဆွဖြင့် ဝမ်လုံဖေးအနီးမှကပ်လျက် တစ်ပတ်ပြီးတစ်ပတ် လှည့်နေလေသည်။

ဝမ်လုံဖေး မလှုပ်ရှားနိုင်ချေ။ ပက်လက် အနေအထားမှ မျက်လုံး အပြူးသားဖြင့်သာ အဘိုးအိုကို ကြည့်နေမိသည်။ မိမိကို လှည့်ပင်းညှစ်သတ်လေမလားဟု တွေးရင်း ထိတ်လန့်နေသည်။

*

"ရှီတုံ.... ဒါ ဘာလုပ်တာလဲ။ ရပ်လိုက်စမ်း"

ရုတ်တရက် ပြတ်သားကျယ်လောင်သော အမိန့်သံတစ်သံ ပေါ်ထွက်လာသည်။ အဘိုးအို တန့်ရပ်သွားသည်။ အရယ်လည်း ရပ်သွားသည်၊ သူ့မျက်နှာက ထိတ်လန့် ကြောက်ရွံ့သည့် အသွင်မျိုး ပေါ်လာပြီး ဘေးပတ်ဝန်းကျင်ကို ပျာပျာသလဲ ကြည့်ကာ နောက်ဆုတ်သွားသည်။

ဝမ်လုံဖေး အသံလာရာသို့ ခေါင်းငဲ့ကြည့်သည်။ ဂူပေါက်မှ ခန္ဓာကိုယ် ထွားကျိုင်းသော လူတစ်ယောက် ဝင်လာကြောင်း မြင်ရသည်။ လူထွားကြီး၏ လက်ထဲတွင် ကျာပွတ်တစ်ချောင်းကို ခွေ၍ ကိုင်ထားသည်။ ထိုလူမှာ အသက် ၅၀–ကျော် အရွယ်ခန့်ရှိပြီး ခက်ထန်ကြမ်းတမ်းသော ရုပ်သွင်မျိုးရှိသည်၊ ကိုယ်ပေါ်တွင် အဖြူရောင် ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်၊ အနီးသို့ ရောက်လာသော လူထွားကြီးက ဝမ်လုံဖေးကို တစ်ချက်ကြည့်သည်။

"ဩော်.... မင်း သတိရနေပြီကိုး"

လူထွားကြီး ပြောပြီး ထိတ်လန့်ကြောက်ရွံ့စွာ ရပ်နေသော အဘိုးအို အနီးသို့ လျှောက်သွားသည်၊

"ရီတုံ၊ အလုပ် မလုပ်ဘဲ ဒီမှာ ဘာလာလုပ်နေတာလဲ"

လူထွားကြီး ခက်ထန်စွာ မေးတော့ အဘိုးအို လက်နှစ်ဖက်ဖြင့် ကာရင်း ကြောက်လန့်စွာ ပြန်ပြောသည်၊

"မလုပ်ပါနဲ့ သခင်ကြီး။ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

"ဘာ အခုမှ ကြောက်နေတာလဲ"

လူထွားကြီး ပြောရင်း အဘိုးအို ရီတုံကို ကျာပွတ်ဖြင့် ရွယ်သည်။

"အံမယ်လေး.... မရိုက်ပါနဲ့၊ ကြောက်ပါတယ်။ ကြောက်ပါတယ်"

အဘိုးအို အော်ဟစ်ရင်း ခုန်ဆွ ခုန်ဆွဖြင့် ဂူထဲမှ ပြေးထွက်လေသည်၊





လူထွားကြီးက ကျာပွတ်ကို ခါး၌ပတ်ပြီး ဝမ်လုံဖေး အနီးသို့ ပြန်လျှောက်လာသည်။ ဝမ်လုံဖေးကို စေ့စေ့ကြည့်၍ ပြောသည်။

"ဒီအဆိပ်ကျွန်းသပေါ်ကို အပြစ်ဒဏ်ခံဖို့ ရောက်လာတဲ့ လူတွေထဲမှာ မင်းဟာ အသက်အငယ်ဆုံးပဲ၊ အသက်ကြီးသူတွေ အတွက် ဘဝဆုံးရတာ နှမြောစရာ မဟုတ်ပေမယ့် မင်းလို လောကစည်းစိမ်ကို မခံရသေးတဲ့ လူငယ် တစ်ယောက်အဖို့ ဘဝဆုံးရမှာတော့ နှမြောစရာပဲ။ ဘာပဲဖြစ်ဖြစ် ငါကတော့ တာဝန်ကို ကျေပွန်အောင် လုပ်ရမှာပဲ"

လူထွားကြီးမှာ ရုပ်ရည်ကြမ်းတမ်းလှသော်လည်း စိတ်နေစိတ်ထား သိပ်မဆိုးလှဟု ဝမ်လုံဖေး အကဲခတ်မိသည်။ သူက အရဲစွန့်ပြီး မေးလိုက်သည်၊

"ဦးကြီးက ဘယ်သူလဲဟင်။ ကျွန်တော်က ဘာဖြစ်ကျူးလွန်လို့ အပြစ်ဒဏ်ခံရမှာလဲ။ ဦးကြီးတို့ အဆိပ်ငါးမျိုးဂိုဏ်းနဲ့ ကျွန်တော် မပတ်သက်ခဲ့ဖူးပါဘူး"

လူထွားကြီးက မျက်နှာထားတင်းတင်းဖြင့် ပြန်ပြောသော်လည်း သူ့လေသံက ခက်ထန်မာကျောခြင်း မရှိချေ။

"ငါက ဒီအဆိပ်ကျွန်းရဲ့ အုပ်ချုပ်ရေးမှူးကြီး စီမိန့်လိန်ပဲ။ လောင်လုတ္တို ပြောပြလို့ ငါ သိပြီးပြီ။ မင်းဟာ တို့ဂိုဏ်းနဲ့ ဘယ်လိုမှ မပတ်သက်ခဲ့ပေမယ့် မင်းရဲ့ အစ်မ ဟွာချင်ချင်ဟာ တို့ဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူးတစ်ယောက်ပဲ။ အေး....မင်းရဲ့ အစ်မကသာ တို့ဂိုဏ်းအပေါ် သစ္စာရှိမယ်ဆိုရင်တော့ သူလည်း အပြစ်ဒဏ် ကျခံစရာ မလိုဘူး။ မင်းလည်း ဒုက္ခရောက်မှာ မဟုတ်

ဘူး။ တို့ဂိုဏ်းဟာ မန်ချူးကေရာဇ်ရဲ့ လက်အောက်ခံဂိုဏ်း၊ မန်ချူးကေရာဇ်ရဲ့ အကျိုးအတွက် ရပ်တည်နေတဲ့ဂိုဏ်း၊ မင်းရဲ့ အစ်မက တို့ဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူးဖြစ်ပေမယ့် တို့ဂိုဏ်းရဲ့ မူဝါဒ အတိုင်း မကျင့်သုံးဘူး၊ လျှို့ဝှက်ပြီး မျိုးချစ်သိုင်းသမားတွေနဲ့ ဆက်သွယ်နေတယ်၊ မန်ချူးကေရာဇ်ကို ပုန်ကန်ရာမှာ နောက် ကွယ်က မျိုးချစ်သိုင်းသမားတွေကို ကူညီနေတယ်။ ဒါကြောင့် ဟွာချင်ချင်လည်း အပြစ်ဒဏ် ခံရမှာပဲ။ သူနဲ့အတူ ပါလာတဲ့ မင်းလည်း အပြစ်ဒဏ် ခံရမှာပဲ"

ယခုမှ ဝမ်လုံဖေးလည်း ဟွာချင်ချင်၏ လုပ်ရပ်များကို သိရသဖြင့် အံ့သြမိသည်။ ဘာပြန်ပြောရမှန်း မသိဘဲ ငြိမ်နေ မိသည်။

အုပ်ချုပ်ရေးမှူးကြီး စီမိန်လိန်က ဆက်ပြောသည်။

"လောလောဆယ် မင်းရထားတဲ့ အတွင်းဒဏ်ရာကို ငါ ကုပေးမယ်။ ပြီးရင် ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို စောင့်ရမယ်၊ ဂိုဏ်းချုပ်ကြီးဆီက အမိန့်ရောက်လာမှ အမိန့်အတိုင်း မင်းကို စီရင်ရမယ်။ ဒီကြားထဲ ထွက်ပြေးဖို့တော့ စိတ်မကူးနဲ့။ ထွက် ပြေးလို့လည်း လွတ်မှာ မဟုတ်ဘူး။ ငါ့ရဲ့ အဆိပ်ကျွန်းမှာ လှေတစ်စီးမှ မထားဘူး။ လိုအပ်မှ ဒီက အချက်ပြပြီး လှမ်း ခေါ်တာ။ ရေကူးပြေးရင်လည်း မိကျောင်းစာ မိမှာပဲ"

စီမိန်လိန် ပြောပြီး ဝမ်လုံဖေး၏ သွေးကြောများကို လက် ညှိုး နှစ်ချောင်းဖြင့် လိုက်ထောက်သည်။

မကြာမီ မိမိကိုယ်ထဲမှ သွေးကြောများ လည်ပတ်လာသကဲ့ သို့ ဝမ်လုံဖေး ခံစားရသည်။ ရင်ထဲမှ ပူလောင်ခြင်း ဝေဒနာ





လည်း အနည်းငယ် လျော့သွားသည်။ သူ၏ ခြေလက်များကို လည်း အနည်းငယ် လှုပ်ရှားလာနိုင်သည်။

စီမိန်လိန်က ဝမ်လုံဖေးအား ဆေးတစ်လုံး တိုက်၍ ပြော သည်။

"သုံးလေးရက်အတွင်း မင်း ကောင်းသွားလိမ့်မယ်။ မင်း ကို ကောင်းကောင်းထားမယ်၊ ကောင်းကောင်း ကျွေးမယ်၊ ဒီဂူထဲမှာပဲ မင်းနေပါ။ အရူးတွေနဲ့ သွားစကားမပြောနဲ့"

စီမိန်လိန်၏ စကားကို နားထောင်ရင်း ဝမ်လုံဖေး မျက်လုံး စင်းလာသည်။ အိပ်ချင်လာသည်၊ သူက တစ်ချက်သန်းဝေရင်း မေးသည်။

"အရူးတွေဆိုတာ ဘယ်သူလဲ ဦးကြီး"

"အခု မင်းတွေ့လိုက်တဲ့ အဘိုးကြီး ရီတုံလို လူစားမျိုးတွေ ပေါ့။ ဒီကျွန်းပေါ်မှာ အများကြီး ရှိတယ်"

စီမိန်လိန် ပြောပြီး ဂူထဲမှ ထွက်သွားသည်။

ဝမ်လုံဖေး အံ့သြရင်း ကျန်နေခဲ့သည်။ ခုနက မိမိတွေ့လိုက် ရသော အဘိုးအိုမှာ စိတ်ဖောက်ပြန်နေသည်။ ထိုကဲ့သို့ စိတ် ဖောက်ပြန်နေသူများ ထိုကျွန်းပေါ်တွင် အများကြီး ရှိနေ ကြောင်း စီမိန်လိန် ပြောသွားသည်။ ထိုလူများ မည်ကဲ့သို့ စိတ်ဖောက်ပြန် နေကြလေသနည်း။

ဝမ်လုံဖေး စဉ်းစားရင်း သူ့အတွင်းအိတ်ထဲ၌ ထည့်ထား သော ငါးမန်းသိုင်းကျမ်းစာအုပ်နှင့် ကိန္နရီမောင်နှံသိုင်းကျမ်း စာအုပ်ကို သတိရမိသည်။ လှုပ်ရှား၍ ရနေပြီဖြစ်သော လက် နှစ်ဖက်ဖြင့် အသာစမ်းကြည့်သည်။ စာအုပ်ကလေး နှစ်အုပ်

ရှိသေးကြောင်း စမ်းမိသဖြင့် အနည်းငယ် စိတ်အေးသွားသည်။

မိမိ၏ ခြေလက်များကို တစ်ခဏအတွင်း လှုပ်ရှားလာနိုင်အောင် ကုသနိုင်သည့် စီမိန်လိန်မှာ ဆေးပညာသာမက သိုင်းပညာပါ ထက်မြက်လိမ့်မည်ဟု ဝမ်လုံဖေး တွေးမိသည်။ တွေးရင်း အိပ်ချင်စိတ်ကို မထိန်းနိုင်တော့ဘဲ အိပ်ပျော်သွားလေသည်။

*

အချိန်မည်မျှ ကြာသွားသည် မသိချေ။

မျက်နှာပြင်မှ အေးစက်စက် အထိအတွေ့ကြောင့် ဝမ်လုံဖေး လန့်နိုးလာသည်။ မျက်လုံးအစုံကို ဖွင့်လျှင် ဖွင့်ချင်း သူ့ကို မျက်တောင်မခတ် စိုက်ကြည့်နေသော ချောမောလှပသည့် မျက်နှာကလေးကို မြင်ရသဖြင့် အံ့ဩသွားမိသည်။ သူ့ ကမန်းကတန်း ထထိုင်မည် ပြုသည်။

"အို.... မထနဲ့လေ။ အစ်ကိုက လှုပ်လှုပ်ရှားရှား လုပ်ဖို့ မကောင်းသေးဘူး"



မိန်းမလှလေးက ဝမ်လုံဖေး ရင်ဘတ်ကို ဖိလိုက်ရင်း ပြောသည်။

ဝမ်လုံဖေး ပြန်ပြီး လှဲနေလိုက်မိသည်။ သူ့ခေါင်းထဲ၌ မူးနောက်နောက်တော့ ဖြစ်နေသေးသည်။

မိန်းမလှလေး၏ လက်ထဲ၌ ရေစို ပဝါတစ်ထည်ကို ဝမ်လုံဖေး တွေ့ရသည်။ မိမိ၏ မျက်နှာကို သူမက ရေပတ်တိုက်သဖြင့် မိမိလန့်နိုးလာခြင်း ဖြစ်လိမ့်မည်ဟု တွေးမိသည်။

"အစ်ကို့ မျက်နှာမှာ ညစ်ပတ်ပေကျံနေလို့ ကျွန်မက သန့်ရှင်းသွားအောင် ရေပတ်တိုက်ပေးတာပါ။ အခုတော့ အစ်ကို့မျက်နှာက သန့်သွားပြီ။ အစ်ကိုက လူချောပဲ"

မိန်းမလှလေး ပြုံး၍ပြောသည်။ သူမ၏ အပြုံးက နှစ်လိုဖွယ်ရာ ကောင်းလှသည်။ ဝမ်လုံဖေး ခေါင်းကို စောင်းငဲ့ကြည့်တော့ သူမ ဘေးတွင် စားသောက်ဖွယ်ရာများ ထည့်ထားသည့် လင်ပန်းတစ်ချပ်ကို တွေ့ရသည်။

"မင်းက ဘယ်သူလဲ"

ဝမ်လုံဖေး လေသံအေးအေးဖြင့် မေးတော့ သူမက....

"ကျွန်မနာမည် စီရှုရှန်ပါ။ ကျွန်မရဲ့ ဖေဖေက ဒီအဆိပ်ကျွန်းရဲ့ အုပ်ချုပ်ရေးမှူးကြီး စီမိန်လိန်ပါ။ ဖေဖေ ခိုင်းလို့ အစ်ကို့ဆီ စားစရာ လာပို့တာပါ"

"ဟင်....မင်းက အုပ်ချုပ်ရေးမှူးကြီးရဲ့ သမီး"

ဝမ်လုံဖေး အံ့ဩစွာ ရေရွတ်လိုက်မိသည်။ စီမိန်လိန်က ရုပ်ရည် ကြမ်းတမ်း ခက်ထန်သလောက် သူမကမူ လှပသိမ်မွေ့နေသည်။

"အစ်ကို့အတွက် ထမင်းရယ်၊ ငါးဟင်းရယ်၊ အသီးအရွက်ကြော်ရယ် ယူလာတယ်။ ကျွန်မ ခွံ့ကျွေးရမလားဟင်"

သူမက ဟန်ဆောင်ခြင်းမရှိသော စေတနာ အမှန်ဖြင့် ပြောခြင်းဖြစ်ကြောင်း ဝမ်လုံဖေး အကဲခတ်မိသည်။ ဤအခြေအနေမျိုးတွင် မိမိအပေါ် စေတနာထားသူ ရှိနေသဖြင့် ဝမ်းသာ အားတက်ခြင်းလည်း ဖြစ်မိသည်။ သို့သော် မိမိ၏ လက်နှစ်ဖက်စလုံး လှုပ်ရှားနိုင်ပြီ ဖြစ်၍ သူမ ခွံ့ကျွေးမည်ကို မခံထိုက်ချေ။ ဗိုက်ထဲတွင် ဆာလောင်နေသည်ကတော့ အမှန်ပင်။

"နေပါစေ.... ငါ့ဘာသာ စားလို့ရပါတယ်။ ငါ့အတွက် စားစရာလာပို့တာပဲ ကျေးဇူး တင်လှပါပြီ"

ဝမ်လုံဖေး ပြောရင်း ဖြည်းဖြည်းချင်း ထိုင်သည်။ စီရှုရှန်သာ မိန်းမလှလေးက ဖေးမပေးသည်။ ဝမ်လုံဖေး ရှေ့ စားစရာ လင်ပန်းကို အသာချပေးသည်။

ဝမ်လုံဖေး ဟန်မဆောင်နိုင်တော့ဘဲ ထမင်းနှင့် ဟင်းများကို အားပါးတရ စားသည်။ စီရှုရှန်က သူ့ကို မျက်တောင်မခတ် ရွှန်းလဲ့စွာကြည့်နေသည်။ ဝမ်လုံဖေး စားရင်းမှ မော့ကြည့်တော့ သူမနှင့် မျက်နှာချင်းဆိုင်မိသည်။ သူမက မျက်နှာလွှဲမသွားဘဲ ပြုံး၍ ကြည့်ရင်းမှ ပြောသည်။

"အစ်ကို အတော်ဆာနေတယ်နဲ့တူတယ်။ အဝသာ စား အစ်ကို၊ မဝသေးရင် ကျွန်မ သွားပြီး ယူပေးဦးမယ်"

ယခုမှ ဝမ်လုံဖေးလည်း သူမကို သေသေချာချာ ကြည့်မိသည်။ သူမ၏ အသက်မှာ အသက် ၁၆ နှစ်ကျော် ၁၇ နှစ်





အတွင်း ရှိပေလိမ့်မည်။ သူမ၏ မျက်နှာက နူးညံ့သော်လည်း ခန္ဓာကိုယ်က တောင့်တင်း ဖွံ့ထွားသည်။ မိမိကို ပရိယာယ်သုံး၍ ဟန်ဆောင်ပြောဆိုနေခြင်း မဟုတ်ဘဲ စိတ်ရင်းအတိုင်း ပြောနေခြင်းဖြစ်ကြောင်း အကဲခတ်မိသည်။

အကျဉ်းအကျပ်ထဲ၌ ရောက်နေသော မိမိအဖို့ သူမ၏ အကူအညီကိုလည်း ရနိုင်ကြောင်း တွေးမိသည်။ ထိုအတွေးကြောင့် ဝမ်လုံဖေးလည်း သူမကို ကောင်းကောင်းမွန်မွန် ပြန်ပြောသည်။

"ဒီလောက်ဆို ဝပါပြီ ညီမရယ်.... အစ်ကို့ကို ဂရုတစိုက်ရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အစ်ကိုကလည်း ကျေးဇူးတင် စကားပဲ ပြောနေတာပဲ။ အစ်ကိုက ချောလည်း ချောတယ်၊ အသက်လည်း ငယ်တယ်။ ဒါကြောင့် အစ်ကို့ကို ကျွန်မက ဂရုစိုက်တာပေါ့။ ဒီကျွန်းပေါ်မှာ အသက်ကြီးကြီးတွေ ရုပ်ဆိုးဆိုးတွေ အရူးတွေချည်းပဲ တွေ့နေရတာ။ အစ်ကိုလိုလူမျိုးကို ဒီတစ်ခါပဲ တွေ့ရသေးတယ်။ ဒါကြောင့် ကျွန်မ သဘောကျတာ"

သူမ၏ အမူအရာက ကလေးဆန်သည်။ အပြောအဆို ပွင့်လင်းသည်။ သူမ၏ အပြောကြောင့် ဝမ်လုံဖေးပင် အနေရခက်သွားလေသည်။

*

## ၁၆။ အဆက်အစပ်မရှိသော ကိန္နရီသိုင်း

"အဆိပ်ကျွန်းဆိုတာ ဘယ်လိုကျွန်းမျိုးလဲ ညီမ....။ ညီမ ဖေဖေကလည်း ဒီကျွန်းပေါ်မှာ အရူးတွေ အများကြီးရှိတယ်လို့ ပြောဖူးတယ်။ သူတို့က ဘယ်လိုဖြစ်ပြီး ရူးကြတာလဲ"

ဝမ်လုံဖေး မေးတော့ မိန်းမလှ စီရှူရှန် တွေသွားပြီးမှ....

"ဒီကျွန်းပေါ်မှာ အဆိပ်ပင်တွေ အမျိုးမျိုးရှိတယ်အစ်ကို၊ သဘာဝအလျောက် ပေါက်လာတာတော့ မဟုတ်ဘူး။ အဆိပ်ငါးမျိုးဂိုဏ်းက တမင်သက်သက် စိုက်ထားခဲ့တာ။ ဒါကြောင့်လည်း ဒီကျွန်းကို အဆိပ်ကျွန်းလို့ နာမည်ပေးထားတာ၊ အဆိပ်ငါးမျိုးဂိုဏ်းဟာ ဒီကျွန်းပေါ်က အဆိပ်ပင်တွေကို အမျိုးမျိုး အသုံးချတယ်လေ၊ အင်း.... ဒီကျွန်းပေါ်ရောက်လာတဲ့ လူတွေ ဘာကြောင့် ရူးကုန်ကြတယ်ဆိုတာတော့ မကြာခင် အစ်ကို ကိုယ်တိုင် သိလာမှာပါ။ ကျွန်မ ကြိုပြီးမပြောရဲဘူး။ အစ်ကိုကြီး 'ဖန်းတောက်စန်း' ကို ကြောက်တယ်"

ဝမ်လုံဖေး မျက်မှောင်ကြုတ်သွားပြီး....

"အစ်ကိုကြီး ဖန်းတောက်စန်းဆိုတာ ဘယ်သူလဲ"

"ဒီ အဆိပ်ကျွန်းရဲ့ လက်ထောက် အုပ်ချုပ်ရေးမှူးပေါ့၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကမှ ဒီကျွန်းပေါ်ကို ရောက်လာတာ၊ ဖေဖေ လုပ်တာကိုင်တာ ပျော့ညံ့တယ်ဆိုပြီး ဂိုဏ်းချုပ်ကြီးက





အစ်ကိုကြီး ဖန်းတောက်စန်းကို ဒီကျွန်းပေါ် လွှတ်လိုက်တာ။ သူကတော့ ကြမ်းတယ်၊ ရက်စက်တယ်။ ဒီကျွန်းပေါ် ရောက်လာတဲ့ အကျဉ်းသားတွေကို ပြတ်ပြတ်သားသား ဆက်ဆံတယ်။ ဖေဖေလည်း ကြမ်းတမ်းရက်စက်တာပါပဲ။ ဒါပေမယ့် အစ်ကိုကြီး ဖန်းတောက်စန်းကိုတော့ မမီဘူး။ တစ်ခါတစ်ခါ အစ်ကိုကြီး ဖန်းတောက်စန်းရဲ့ လုပ်ရပ်တွေကို ဖေဖေ မကြိုက်ပေမယ့် ဘာမှ မပြောရဲဘူး"

"ညီမက အစ်ကိုကြီးလို့ ခေါ်ရအောင် သူ့အသက်က ဘယ်လောက်ရှိသေးလို့လဲ"

"ညီမထက် အသက် ၂၀ ကျော်ကျော် ပိုကြီးတယ်။ အမှန်တော့ ဦးလေးအရွယ်ပဲ။ ဒါပေမယ့် သူက သူ့ကို ဦးလေးလို့ ခေါ်တာ မကြိုက်ဘူး။ အစ်ကိုကြီးလို့ ခေါ်ရမယ်ဆိုလို့ ကျွန်မလည်း ခေါ်ရတာ။ ဖေဖေကိုယ်တိုင်က သူ့ကို လန့်နေရတော့ ကျွန်မလည်း ပြောင်ပြောင်တင်းတင်း မဆန့်ကျင်ရဲဘူး"

"သူက ညီမဖေဖေရဲ့ လက်ထောက်ပဲ၊ သူ့ကို ဘာဖြစ်လို့ ကြောက်ရမှာလဲ"

မိန်းမလှလေး စီရှူရှန် သက်ပြင်းချလိုက်ကာ....

"အစ်ကိုကြီး ဖန်းတောက်စန်းက ဂိုဏ်းချုပ်ကြီးရဲ့ လူယုံအစ်ကိုရဲ့။ ပြီးတော့ ဖေဖေထက်လည်း သိုင်းပညာ ပိုပြီးတော်တယ်၊ ဒါကြောင့် ဖေဖေတောင် သူ့ကို သတိထားပြီး ဆက်ဆံနေရတာပေါ့"

ဤအတိုင်းဆိုလျှင် စီရှုရှန်၏ ဖခင် စီမိန်လိန်၏ ရန်ထက် ဖန်းတောက်စန်း၏ ရန်က ပို၍ ကြောက်စရာ ကောင်းနေကြောင်း ဝမ်လုံဖေး တွေးမိသည်။

"အင်း....ဒီအတိုင်းဆို ညီမ ဖေဖေထက် ဖန်းတောက်စန်းဆိုတဲ့ လူကို ပိုပြီး ကြောက်ရမလို ဖြစ်နေပြီ။ ညီမတို့သားအဖက အစ်ကို့ကို ညှာချင်တဲ့ တိုင်အောင် ဒီလူကတော့ ညှာမှာ မဟုတ်ဘူး"

"သိပ်တော့ မစိုးရိမ်ပါနဲ့ အစ်ကိုရယ်။ အစ်ကို့ကို ကျွန်မ မြင်မြင်ချင်း ခင်တယ်၊ အစ်ကို ဒုက္ခရောက်မှာကို ညီမ မမြင်ရက်ဘူး။ အစ်ကို့ကို ညီမ အစွမ်းကုန် ကူညီပါ့မယ်။ ဂိုဏ်းချုပ်ကြီးက ဘယ်လိုပဲ အမိန့်ပေးပေး အစ်ကို့ အပေါ်ကိုတော့ ညှာတာဖို့ အစ်ကိုကြီး ဖန်းတောက်စန်းကို ကျွန်မ တောင်းပန်ပါ့မယ်၊ အစ်ကိုကြီးဖန်းတောက်စန်းက ကျွန်မစကားကိုတော့ အလေးထားပါတယ်။ သူက ကျွန်မကို သဘောကျနေတာ၊ ကျွန်မကတော့ သူ့ကို သဘောမကျပါဘူး။ ဘယ်သူ့ကိုမှလည်း သဘောမကျခဲ့ဘူး။ အခုတော့"

စီရှုရှန် စကားဖြတ်ပြီး ရှက်ပြုံး ပြုံး၍ ဝမ်လုံဖေးကို အဓိပ္ပာယ်ပါပါ ကြည့်သည်။ သူမ၏ အကြည့်ကို ဝမ်လုံဖေး နားလည်သည်။ သူမ၏ အပြုံး၊ သူမ၏ အပြော၊ သူမ၏ စိတ်နေ သဘောထားက နှစ်ခြိုက်စရာ ကောင်းသည်။ ဝမ်လုံဖေးလည်း နှစ်ခြိုက် သဘောကျမိသည်။ သို့သော် သူ၏ သူငယ်ချင်းလည်း ဖြစ်၊ အချစ်ဦးလည်း ဖြစ်သော လျူလုံချင်း၏ မျက်နှာကလေးကို ကွက်ခနဲ မြင်ယောင်လိုက်မိ သောအခါ





ဖောက်လွဲ ဖောက်ပြန် လုပ်လိုစိတ်များ ပျောက်သွားလေသည်။

"လျူလုံချင်းကို ငါ တွေ့အောင်ရှာမယ်၊ သူက လွဲပြီး ဘယ်သူ့ကိုမှ ငါ မချစ်နိုင်ဘူး၊ သူ့ကို မတွေ့ခင် သေချင်လည်း သေသွားပါစေ"

ဝမ်လုံဖေး တွေးရင်း သူ့အကြည့်ကို စီရှုရှန်ထံမှလွှဲလိုက်သည်။

'အစ်ကို ဘာမှ မစိုးရိမ်နဲ့နော်၊ အစ်ကို့ကို ညှာတာဖို့ ဖေဖေ့ကိုလည်း ကျွန်မ ပြောပေးမယ်။ နောင်ဆို အစ်ကို့အတွက် ဒီထက်ကောင်းတဲ့ စားစရာတွေကိုလည်း ယူလာမယ်။ ထွက်ပြေးဖို့တော့ မကြံပါနဲ့ အစ်ကို။ အသက်ရှင်လျက် အစ်ကို လွတ်မှာ မဟုတ်ဘူး။ ကဲ.... သိပ်ကြာနေလို့ မကောင်းဘူး၊ ညီမ သွားမယ်"

စီရှုရှန် ပြောပြီး လင်ပန်းကိုယူကာ ဂူထဲမှထွက်သွားသည်။

*

အစာစားလိုက်ရသဖြင့် ဝမ်လုံဖေး အနည်းငယ် လန်းလန်းဆန်းဆန်း ဖြစ်လာသည်။ ခေါင်းမူးလည်း ပျောက်သွား

သည်။ သူ အားတင်း၍ ထ ရပ်ကြည့်သေးသည်။ ရပ်၍တော့ မရချေ၊ ထို့ကြောင့် ဂူနံရံကိုမှီ၍ ငြိမ်နေလိုက်သည်။

ဂူပေါက်မှ အပြင်ဘက်ကို လှမ်းမြင်နေရသည်။ သစ်ပင် ချုံနွယ်ပင်များကိုသာ မြင်ရသည်။ လူရိပ်လူယောင်ကို မတွေ့ရဘဲ တိတ်ဆိတ်နေသည်။

ဝမ်လုံဖေး သူ ဦးစွာတွေ့ခဲ့သည့် အဘိုးအို ရီတုံ ဆိုသူကို သတိရလိုက်မိသည်။ အဘိုးအို ရီတုံမှာ ရူးသွပ်နေသူဖြစ်ကြောင်း သိရသည်၊ အဘိုးအို ရီတုံ ကဲ့သို့ စိတ်မမှန်သူများ ဤကျွန်းပေါ်၌ များစွာ ရှိနေကြောင်းလည်း သိရသည်။

ထိုလူများအားလုံး အဆိပ်ကျွန်းမှ အကျဉ်းသားများဖြစ်ကြ၏။ ရူးသွပ်သဖြင့် ဤကျွန်းပေါ်သို့ ပို့လိုက်ခြင်းတော့ မဖြစ်နိုင်ပါချေ။ ဤကျွန်းပေါ်ရောက်ပြီးမှ စိတ် ဖောက်ပြန်သွားခြင်းသာ ဖြစ်ပေလိမ့်မည်၊ ထိုအကျဉ်းသားများ စိတ်ဖောက်ပြန်အောင် မည်သို့ လုပ်လိုက်ကြလေသနည်း။

မိမိကိုကော ဘဝဆုံးအောင် ဤသို့ လုပ်လိမ့်မည်လော။

သို့သော် အဘိုးအို ရီတုံအား တုပ်နှောင်ဖမ်း ဆီးထားခြင်းတော့ မဟုတ်ချေ။ မိမိကိုလည်း တုပ်နှောင် ဖမ်းဆီးထားခြင်း မရှိချေ၊ သွားလိုရာ သွားလာနိုင်သည့် အခြေအနေမျိုး ရှိနေသည်။

ဤအဆိပ်ကျွန်းပေါ်မှာ ထွက်ပြေး လွတ်မြောက်နိုင်ရန် လမ်းစမရှိသဖြင့် တုပ်နှောင် အကျဉ်းချထားခြင်းမပြုဘဲ ယခုကဲ့သို့ လွှတ်ထားခြင်းလော။

ဝမ်လုံဖေး စဉ်းစားရင်း အချိန်ကုန်လာသည်။





ဂူအပြင်ဘက်မှ နေရောင်လည်း အားပျော့လာသည်၊

ဂူထဲသို့ အုပ်ချုပ်ရေးမှူးကြီး စီမိန်လိန် ဝင်လာပြန်သည်။ ဝမ်လုံဖေး၏ အခြေအနေကို မေးသည်၊ သက်သာလာကြောင်း ဝမ်လုံဖေးက ချေချေငံငံ ပြန်ပြောသည်။

စီမိန်လိန်က ဝမ်လုံဖေးကို လှဲအိပ်စေသည်၊ ထို့နောက် လက်ညှိုးနှစ်ချောင်းဖြင့် သွေးကြောများကို ထောက်ပေးပြန်သည်။ အတန်ကြာအောင် ထောက်ပြီးနောက် ဝမ်လုံဖေး၏ ကျောမှ လက်ဝါးကပ်ကာ အတွင်းအားဖြင့် ကုသပေးပြန်သည်၊ ဆေးတစ်လုံးကိုလည်း တိုက်သည်၊

ဝမ်လုံဖေး၏ အခြေအနေ ပိုကောင်းလာသည်၊

"သုံးရက်အတွင်း ဂူပြင်ကို မင်း မထွက်နဲ့ဦး။ ငါ့စကားကို နားမထောင်ဘဲ ထွက်လို့ကတော့ မင်း ဒုက္ခရောက်ပြီမှတ်"

စီမိန်လိန်ပြောတော့ ဝမ်လုံဖေးက....

"ဟုတ်ကဲ့ မထွက်ပါဘူး ဦးကြီး၊ ဦးကြီးစကားကို ကျွန်တော် နားထောင်ပါ့မယ်"

စီမိန်လိန်က ကရုဏာသက်အောင် ဝမ်လုံဖေးက ကျိုးကျိုးနွံနွံ ပြန်ပြောလိုက်သည်။ မိန်းမလှလေး စီရှုရှန်၏ စကားအရ သူမတို့ သားအဖ၏ အကြောင်းနှင့် စိတ်နေစိတ်ထားကို ဝမ်လုံဖေး သိတန်သလောက် သိထားနေပြီဖြစ်၍ ဤသို့ ဆက်ဆံခြင်း ဖြစ်လေသည်။

စီမိန်လိန် ပြန်ထွက်သွားတော့ ဂူပြင်တွင်မှောင်နေပြီဖြစ်၏။

မီးပုံထဲသို့ ထင်း သုံးလေးတုံး ထည့်သွားသဖြင့် ဂူထဲတွင်မူ လင်းနေသည်။

ဝမ်လုံဖေး ဂူနံရံကိုမှီ၍ ထိုင်နေစဉ် အဘိုးကြီး ရီတုံ ဂူထဲသို့ ခြေကားယားလက်ကားယားဖြင့် ဝင်လာသည်။ ဝမ်လုံဖေးသည် ပထမတွေ့စက အကြောင်းမသိသဖြင့် အဘိုးအို ရီတုံကို ကြောက်လန့်မိသော်လည်း ယခုမူ မကြောက်ချေ။ ကရုဏာပင် သက်မိသည်။

"ဟီး....ဟီး....ဟီး ဟဲ....ဟဲ....ဟဲ...."

အဘိုးအို ရီတုံ ခြောက်ကင်ကပ်သသံဖြင့် ရယ်ရင်း ဝမ်လုံဖေးထံ ခန္ဓာကိုယ် ယိမ်းထိုးလျက် ရောက်လာသည်။ ဝမ်လုံဖေးရှေ့တွင် ဆောင့်ကြောင့်ထိုင်သည်။ သူ့မျက်နှာကို ဘယ်ယိမ်းညာယိမ်း လုပ်လျက် ဝမ်လုံဖေးကို မျက်လုံးပြူးပြီး ကြည့်ရင်း လက်ညှိုးထိုးကာ မေးသည်။

"မင်း.... ဘယ်သူလဲ။ မနချူးလူလား။ လူဆိုးဂိုဏ်းသားလား"

ဝမ်လုံဖေး ကောင်းကောင်းမွန်မွန် ပြန်ပြောသည်။

"မဟုတ်ပါဘူး ဘဘကြီး။ ကျွန်တော့်ကို ဒီကျွန်းပေါ် ဖမ်းခေါ်လာကြတာပါ"

"ဟီး....ဟီး....ဟီး။ မလိမ်ပါနဲ့"

"ကျွန်တော် အမှန်အတိုင်း ပြောတာပါ။ ကျွန်တော်က အားကိုးအားထား မရှိတဲ့ တစ်ကောင်ကြွက်ပါ"

"အဟင့်....အဟင့်....အဟီး။ ငါလည်း တစ်ကောင်ကြွက်ပါပဲကွာ"

အဘိုးအို ရီတုံ မျက်နှာကို လက်ဝါးအုပ်လျက် ငိုလေသည်။ ချက်ချင်းရယ်ပြီး ပြောပြန်သည်။





"ဟဲ....ဟဲ....ဟဲ....ဟဲ။ ငါက ထိပ်တန်း သိုင်းပညာရှင်ကြီးကွ။ ဘယ်သူ့ကိုမှ ကြောက်တာ မဟုတ်ပါဘူး။ မင်း ယုံရဲ့လား"

ဝမ်လုံဖေး အလိုက်အထိုက် ပြန်ပြောရသည်။

"ယုံပါတယ် ဘဘကြီးရယ်၊ ယုံပါတယ်၊ ဘဘကြီး နာမည်က ရီထုံနော်"

"ဟုတ်မှာပေါ့။ သူတို့က ငါ့ကို ရီတုံလို့ပဲ ခေါ်ကြတယ်၊ ဒီဂူထဲမှာ ငါနေခဲ့တာ ကြာပြီ။ ဘယ်သူလာနေတာမှ ငါ မကြိုက်ဘူး။ မင်းကိုတော့ သနားလို့ ငါ နေခွင့်ပြုလိုက်မယ်၊ အေး.... ငါ မျက်စိနောက်အောင်တော့ မနေနဲ့၊ ငြိမ်ငြိမ်နေ"

"ဟုတ်ကဲ့။ ကောင်းပါပြီ ဘဘကြီးရယ်"

"ဟီး....ဟီး....ဟီး၊ မင်း မဆိုးဘူး"

အဘိုးအို ရီတုံ ဆောင့်ကြောင့်ထိုင်လျက်မှ ခုန်ဆွ ခုန်ဆွ လုပ်လျက် လှည့်ထွက်သွားသည်။ မီးပုံ တစ်ဖက်ဆီအထိ သွားပြီး လှဲအိပ်သည်။

ဝမ်လုံဖေးက အဘိုးအို ရီတုံအား လှမ်းကြည့်နေမိသည်။ မကြာမီ အဘိုးအို ရီတုံထံမှ ဟောက်သံ ပေါ်လာသည်။ အဘိုးအို ရီတုံ အိပ်မောကျသွားမှန်းသိရမှ ဝမ်လုံဖေး သက်ပြင်းချမိသည်။

သူလည်း လှဲအိပ်ရင်း ငယ်စဉ်က မိဘများနှင့်အတူ တင့်တောင်း တင့်တယ် နေခဲ့ရပုံများ၊ လျူလုံချင်းနှင့် ပျော်ရွှင်စွာ နေခဲ့ပုံများကို ပြန်လည်သတိရ တမ်းတမိသည်။ ဤသို့ အဖြစ်ဆိုးမျိုးသို့ ရောက်လိမ့်မည်ဟု သူ လုံးလုံး ထင်မထားချေ။

သို့အပေါ် ကျေးဇူးရှိသော ဟွာချင်ချင်လည်း မည်သို့သောအန္တရာယ်နှင့် တွေ့နေပြီနည်း။ ဟွာချင်ချင်မှာ အဆိပ်ငါးမျိုး ဂိုဏ်းထဲသို့ ဝင်ထားသော်လည်း အဆိပ်ငါးမျိုးဂိုဏ်းကို ဆန့်ကျင်လျက် မျိုးချစ် သိုင်းသမားများနှင့် ပူးပေါင်း၍ မန်ချူးတို့အား တော်လှန်နေသူ ဖြစ်ပါက လေးစားစရာကောင်းလှသည်။

ဖြစ်နိုင်လျှင် ဟွာချင်ချင်ကို အသက်စွန့်၍ ကယ်လိုက်ချင်သည်။

သို့သော် သူကိုယ်တိုင် အန္တရာယ်တွင်းထဲ ကျရောက်နေသဖြင့် မည်သို့မျှ မတတ်နိုင်ပါချေ။

ဝမ်လုံဖေး စဉ်းစားရင်း အိပ်ပျော်သွားလေသည်။

*

အိပ်မက်ထဲတွင် နေသူရိန် အိမ်နှင့် လစန္ဒာ အိမ်ကို မြင်ရသည်။ မိဘများနှင့် ပျော်ရွှင်စွာ နေခဲ့ပုံ၊ လျှူလုံချင်းနှင့် ရှင်မြူးစွာ ကစားခဲ့ကြပုံများကိုလည်း တွေ့ရသည်။

နေသူရိန် အိမ်ကို မီး ဗွဲလောင်သည်။ ချိုင်းထောက်ဖြင့် ဖခင်ကြီးကို မီးဝိုင်းနေသည်။ ဖခင်ကြီး ထိတ်လန့်တကြီးဖြင့် ဟိုပြေးရမလို ဒီပြေးရမလို ဖြစ်နေသည်။





မီးတောက်ထဲမှ မန်ချူးတပ်မှူးကြီး ထုံးပဲစီး ခုန်ထွက်လာသည်။ ထုံးပဲစီး၏ လက်ထဲ၌ နှစ်ဖက်ချွန် ဓားကြီးတစ်လက်ကို ကိုင်ထားသည်။ ထုံးပဲစီးက ဖခင်ကြီးကို ဓားဖြင့် လိုက်ပိုင်းသည်။

"ဖေဖေ....ဖေဖေ။ ပြေး....ပြေး"

ဝမ်လုံဖေး စိုးရိမ်တကြီး အော်သည်။

ထုံးပဲစီး၏ ဓားက ဖခင်ကြီး၏ လည်ပင်းကို ပိုင်းမိသွားသည်။ ဖခင်ကြီး ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားသည်။

"ဖေဖေ....ဖေ့ဖေ"

ဝမ်လုံဖေး ယူကြုံးမရ အော်လိုက်သည်။

လန့်နိုးလာသည်။ နိုးနိုးချင်း သူ့ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေသော အဘိုးအို ရိုတုံ၏ မျက်နှာကြီးကို မြင်ရသောအခါ ပို၍ လန့်သွားသည်။

"ဟီး....ဟီး....ဟီး။ ဖေဖေနဲ့ ဘယ်သူ့ကို မင်း ခေါ်တာလဲ။ ငါ့ကို ခေါ်တာလား"

အဘိုးအို ရိုတုံ သွားဖြဲ၍မေးတော့ ဝမ်လုံဖေး ကမန်းကတန်း ပြန်ပြောမိသည်။

"မဟုတ်ပါဘူး။ မဟုတ်ပါဘူး။ ကျွန်တော့် အဖေကို အိပ်မက် မက်နေလို့ပါ"

"မင်း အဖေက ဘာဖြစ်လို့လဲ"

"လူသတ်ခံရတယ်"

"စောစောသေတော့လဲ အေးတာပေါ့ကွ။ ဟီး....ဟီး....ဟီး...."

အဘိုးအိုရီတုံ ပြောပြီး အဆက်မပြတ်ရယ်ကာ ခါးကိုင်းကိုင်းဖြင့် ခြေကားယား လက်ကားယား လျှောက်လျက် ဂူထဲမှ ထွက်သွားလေသည်။

ထိုအခါမှ ဂူပြင်တွင် နေထွက်နေပြီဖြစ်ကြောင်း ဝမ်လုံဖေး မြင်ရသည်။

ဝမ်လုံဖေး ထရပ်ကြည့်သည်။ ရပ်၍ရပြီ ဖြစ်သော်လည်း ခြေလှမ်း၍ မရချေ။ သူ့ ခန္ဓာကိုယ်က ယိမ်းယိုင်နေသဖြင့် ပြန်ထိုင်လိုက်ရသည်။

သူက လေးဘက်ထောက်၍ သွားကြည့်သည်။ ထိုသို့တော့ သွား၍ ရသည်။ သူက လေးဘက်ထောက်လျက် ပြာကျနေပြီ ဖြစ်သော မီးပုံကို ပတ်နေသည်။ ထိုစဉ် ဂူထဲသို့ မိန်းမလှလေး စီရှုရှန် ဝင်လာသည်။ သူမ လက်တစ်ဖက်တွင် စားစရာ ထည့်ထားသော လင်ဗန်းတစ်ချပ် ကိုင်ထားပြီး လက်တစ်ဖက်က ရေအိုးတစ်လုံးကို ပိုက်ထားသည်။

"အစ်ကို ဘာလုပ်နေတာလဲ"

သူမ၏ မေးသံကို ကြားရမှ ဝမ်လုံဖေး ရပ်လိုက်ပြီး သူမကို ကြည့်ပြီး ပြန်ပြောသည်။

"သွေးလေလျှောက်အောင်လို့ လှုပ်လှုပ်ရှားရှား လုပ်နေတာပါ ညီမ"

ဝမ်လုံဖေး အနီးသို့ စီရှုရှန် ရောက်လာသည်။ ရေအိုးကိုချပြီး ဝမ်လုံဖေးကို ကိုယ်လက် သန့်စင်စေသည်။ ဝမ်လုံဖေး မျက်နှာသစ် ပလုပ်ကျင်းပြီး ခြေလက်များကို ရေဆွတ်လိုက်သောအခါ ပို၍ လန်းဆန်းသွားသည်။





စီရှုရှန်က ပါလာသော မနက်စာကို ဝမ်လုံဖေးအား ကျွေးသည်။ မနက်စာက ပေါက်စီသုံးလုံးနှင့် ဆန်ပြုတ်တစ်ပန်းကန် ဖြစ်၏။ ပေါက်စီမုန့်ကို သူမကိုယ်တိုင် လုပ်ကြောင်းလည်း စီရှုရှန်က ပြောသည်။

ဝမ်လုံဖေး ဆန်ပြုတ်တစ်ပန်းကန်နှင့် ပေါက်စီတစ်လုံးကို စားရုံဖြင့် အတော်ကြီး အာသာပြေသွားသည်။ ဝမ်လုံဖေးက ဝပြီဖြစ်ကြောင်း ပြောသောအခါ စီရှုရှန်က ကျန်ပေါက်စီနှစ်လုံးကို ဆာသောအခါ စားရန် ယူထားစေသည်။ ဝမ်လုံဖေးလည်း ယူထားလိုက်သည်။

စီရှုရှန်က ဝမ်လုံဖေးအား မစိုးရိမ် မပူပန်ရန်နှင့် အဖေးဆို သူမက အစွမ်းကုန် ကူညီမည်ဖြစ်ကြောင်း ဝမ်လုံဖေးကို ချစ်ခင်တွယ်တာပါကြောင်း ပြောပြီး ပြန်ထွက်သွားသည်။

ဝမ်လုံဖေး ဂူပေါက်ဝနားသို့ လေးဘက်ထောက်၍ လာသည်။ ဂူဝမှ အပြင်ကို လှမ်းကြည့်သည်။ ထူထပ်စွာ ပေါက်ရောက်နေသော သစ်ပင်များကိုသာ တွေ့ရသည်။ လူရိပ် လူယောင်ကို မမြင်ရချေ။ လူသံ သူသံကို မကြားရချေ။

ဂူပြင်သို့ ထွက်ကြည့်ရန် ဆန္ဒ ဖြစ်ပေါ်မိသေးသည်။ သို့သော် ဂူပြင်မထွက်ရန် စီမိန်လိန်တို့ သားအဖ နှစ်ယောက်စလုံး မှာထားသဖြင့် မထွက်တော့ချေ။

သူ ပျင်းပျင်းနှင့် ကိန္နရီမောင်နှံ သိုင်းကျမ်းကို ထုတ်ကြည့်မိသည်။ တစ်ရွက်ချင်း လှန်ကာ သေချာစွာ လေ့လာကြည့်သည်။ ဓားသိုင်းကွက် ၃၆–ကွက် ရှိသည်။ သိုင်းလက်ာများ

လည်း ပါသည်၊ သိုင်းဟန်ချီနေသော အရုပ်များလည်း ရေး ထားသည်၊

သို့သော် သိုင်းကွက် တစ်ကွက်နှင့်တစ်ကွက်အကူးအပြောင်း မှာ ဆက်စပ်မှု မရှိကြောင်း တွေ့ရသည်၊ အဘယ်ကြောင့် အဆက်အစပ် မမိသနည်း၊ ဝမ်လုံဖေး စဉ်းစားသော်လည်း စဉ်းစား၍ မရချေ၊

သိုင်းကွက်များက ထူးခြားဆန်းပြားပြီး ထက်မြက်လိမ့်မည် ဖြစ်ကြောင်းတော့ သူ သိသည်၊

ဝမ်လုံဖေး လက်တွေ့ လေ့ကျင့်ချင်သော်လည်း ကောင်း စွာ မရပ်နိုင်သေးသဖြင့် မလေ့ကျင့်နိုင်ချေ။ အခြေအနေပေး လျှင် ပေးသလို လေ့ကျင့်သွားမည်ဟုတော့ ဝမ်လုံဖေး ဆုံးဖြတ် ချက် ချလိုက်သည်၊

သူ့အနေဖြင့် သိုင်းပညာ ပို၍ ထက်မြက်မှသာ ရန်သူကို ပို၍ ရင်ဆိုင်နိုင်မည် ဖြစ်၏၊

သူသည် ကိန္နရီမောင်နှံသိုင်းကွက် ၃၆-ကွက်စလုံး လေ့လာ ပြီးသော်လည်း သဘောမပေါက်ချေ။ ဟာကွက်များ ရှိနေ ကြောင်း သိမှသည်၊

စဉ်းစားလေ သူ့ခေါင်းထဲ ရှုပ်လာလေဖြစ်သဖြင့် သိုင်း ကျမ်း စာအုပ်ကို ပြန်ပိတ်လိုက်သည်၊ သိုင်းကျမ်း နှစ်အုပ်ကို သူ့ကိုယ်တွင် ထားသည်ထက် တစ်နေရာရာတွင် ဝှက်ထားပါ က ပိုကောင်းမည်ဟု တွေးမိကာ ဂူထောင့်မှ ကျောက်တုံး တစ်တုံးအောက်တွင် ဝှက်ထားလိုက်လေသည်၊

*



## ၁၇။ ငရဲပန်း အဆိပ်

သုံးရက်အတွင်း၌ ဝမ်လုံဖေးသည် စီရှုရှန်တို့ သားအဖနှင့် အတိုးအဲ ရီတု မှလွဲပြီး မည်သူ့ကိုမှ မတွေ့ရချေ၊

စိမ်းလိန်က ကုသပေးသဖြင့် ဝမ်လုံဖေး၏ အတွင်းဒဏ်ရာ လည်း ပျောက်သလောက် ရှိလာသည်။ သွားနိုင် လာနိုင် ဖြစ် လာသည်။ သို့သော် သူသည် ဂူပြင်သို့ မထွက်ချေ၊ မည်သူမှ မရှိချိန်တွင် ကိန္နရီမောင်နှံ သိုင်းကို စ၍ လေ့ကျင့်သည်၊ ဓား မရှိသဖြင့် ထင်းချောင်း တစ်ချောင်းဖြင့် လေ့ကျင့်သည်၊

သို့သော် သိုင်းကွက် တစ်ကွက်နှင့် တစ်ကွက် အကူး အပြောင်းတွင် အဆက်အစပ်မရှိဘဲ လစ်ဟာနေသဖြင့် လေ့ ကျင့်ရ ခက်နေသည်။

စီရှုရှန်က သူ့အတွက် အစားအစာ တစ်နေ့သုံးကြိမ် မှန် မှန် လာပို့တတ်သည်၊ သူမကို ဤ အဆိပ်ကျွန်း၌ပင် မွေး ကြောင်း၊ သူမ၏ မိခင်မှာ သူမ သုံးနှစ်သမီး အရွယ်မှာပင် ဆုံးသွားကြောင်း၊ ဖခင်ကြီးနှင့် နေခဲ့ရကြောင်း၊ အဆိပ်ငါးမျိုး ဂိုဏ်း စခန်းချုပ်ရှိရာ 'ထေ့မုစန်း' တောင်တစ်ဝိုက်မှ လွဲ၍ အခြားကို မရောက်ဖူးကြောင်း စီရှုရှန် ပြောပြ၍ ဝမ်လုံဖေး သိရသည်။

ထိုသုံးရက်အတွက် စီရှုရှန်သည် ဝမ်လုံဖေးကို ပို၍ ရင်းရင်း နှီးနှီး ဆက်ဆံလာသည်၊

အဘိုးအို ရီတု သည် မိုးလင်းသည်နှင့် ဂူထဲမှ ထွက်သွားတတ်ပြီး မိုးချုပ်မှ ပြန်လာတတ်သည်။ ဝမ်လုံဖေးက အဘိုးအို ရီတု အား တစ်နေကုန် မည်သည့်နေရာသို့ သွားနေကြောင်း မေးသော်လည်း အဘိုးအို ရီတု က မဖြေချေ။ ဟီးဟီး ဟားဟားနှင့် ပေါက်တတ်ကရ စကားသာ ပြောနေတတ်သည်။

ဝမ်လုံဖေးက စီရှုရှန်လာပို့သော စားစရာများထဲမှ ယူသိမ်းထားသည့် စားစရာများကို အဘိုးအို ရီတု ပြန်ရောက်လာသောအခါ ထုတ်ကျွေးတတ်သည်။ ထို့ကြောင့် အဘိုးအိုရီတု လည်း ဝမ်လုံဖေး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ဘဲ ကောင်းကောင်းမွန်မွန် ဆက်ဆံလာသည်။

တစ်မနက်တွင် စီရှုရှန် ရောက်လာပြီး ကျွန်းပေါ်၌ လျှောက်ကြည့်ရန် ဝမ်လုံဖေးအား ခေါ်သည်။ ဝမ်လုံဖေးလည်း သူမနှင့် လိုက်ပါလာခဲ့သည်။

ဂူပြင်ကို ထွက်မှ သူနေခဲ့သော ဂူမှာ ကျောက်တောင်တစ်တောင်မှ ဖြစ်ပေါ်နေသော ဂူမှန်း ဝမ်လုံဖေး သိရသည်။ ပတ်ပတ် လည်တွင် မြင့်မားလှသော သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသည်။ အရောင်အမျိုးမျိုး သီးပွင့်နေသော အပင်ကြီးများကိုလည်း တွေ့ရသည်။ အသီးသီးသော အပင်တိုင်း လုံးဝန်းသော ပင်စည်ရှိပြီး ပေသုံးဆယ်ခန့်အထိ အခက်အလက် မရှိဘဲ ပြောင်ချောနေသည်။ ပေသုံးဆယ် အထက်တွင်သာ အခက် အလက် အရွက်နှင့် အသီးများ သီးနေသည်။

အသီးများမှာ စားချင်စဖွယ် ဖြစ်၏။





ဝမ်လုံဖေး အသီးသီးနေသော အပင်ကြီးများကို မော့ကြည့်ရင်း စီရှုရှန်အား ပြောမိသည်။

"အသီးတွေက စားချင်စရာပဲ ညီမ။ ဘာ အသီးတွေလဲ ဟင်...."

စီရှုရှန် ပခုံးတစ်ချက် တွန့်လိုက်ရင်း....

"မစားချင်နဲ့ အစ်ကို။ ဒီကျွန်းပေါ်မှာ သီးနေတဲ့ အသီးတွေ အားလုံး အဆိပ်သီးတွေချည်းပဲ။ သုံးတတ်ရင်တော့ ဆေးပေါ့။ မသုံးတတ်ရင်တော့ ဘေးပဲ"

ဝမ်လုံဖေး လန့်သွားသည်။

"ဟင်....အဆိပ်သီးတွေ ဟုတ်လား။ ဒီအပင်တွေကို ဘယ်သူ စိုက်ခဲ့တာလဲ ညီမ"

"ဖေဖေ စိုက်ခဲ့တာပေါ့ အစ်ကို။ ဖေဖေက အဆိပ်ပင်တွေအကြောင်းကို ကျွမ်းကျွမ်းကျင်ကျင် သိတယ်။ ဒါကြောင့်လည်း ဖေဖေဟာ ဒီကျွန်းရဲ့ အုပ်ချုပ်ရေးမှူးကြီး ဖြစ်နေတာပေါ့။ ခုတော့ ဖေဖေလည်း ဒီကျွန်းပေါ်မှာ မနေချင်တော့ပါဘူး။ ကျွန်မကြောင့်ပေါ့"

"ဟင်.... ညီမကြောင့် ဟုတ်လား။ ဘာဖြစ်လို့လဲ"

"ဖေဖေဟာ အဆိပ်ငါးမျိုးဂိုဏ်းဝင် ဖြစ်ပေမယ့် ကျွန်မကို အဆိပ်ငါးမျိုး ဂိုဏ်းဝင် တစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျသွားမှာကိုတော့ မလိုလားဘူး။ သေသည်အထိ ဒီမှာ နေသွားရမှာကို မလိုလားဘူး။ ကျွန်မကို အဆိပ်ငါးမျိုး ဂိုဏ်းထဲ မဝင်ခိုင်းဘူး။ ကျွန်မကလည်း ဝင်ချင်စိတ် မရှိဘူး။ အဆိပ်ငါးမျိုး ဂိုဏ်းဝင်တွေကိုလည်း သဘောမကျပါဘူး။ သူတို့က

မဟုတ်တာ လုပ်နေတဲ့ သူတွေပဲ၊ ဖေဖေ့ကိုတောင် အဆိပ်ငါးမျိုး ဂိုဏ်းထဲက ထွက်ပြီး တစ်နေရာမှာ ကျွန်မတို့ သားအဖ သွားနေကြဖို့ ပြောသေးတယ်။ ဖေဖေကလည်း ထွက်သွားချင်ပုံပါပဲ၊ ဒါပေမယ့် အဆိပ်ငါးမျိုးဂိုဏ်းက သူထွက်ပြီး တစ်နေရာမှာ သွားနေတာနဲ့ ဂိုဏ်းချုပ်ကြီးက လိုက်ရှာပြီး သတ်မှာပဲတဲ့။ ကျွန်မပါ အသတ်ခံရလိမ့်မယ်တဲ့''

''ဂိုဏ်းချုပ်ကြီးက ညီမတို့ အဖေကို အဆိပ်ငါးမျိုး ဂိုဏ်းထဲက ထွက်ခွင့် မပြုဘူးလား''

''ဖေဖေက အဆိပ်ငါးမျိုးဂိုဏ်းရဲ့ အတွင်းရေးတွေကို အတော်ကြီး သိထားတော့ ဖေဖေ့ကို ဘယ် ထွက်ခွင့်ပေးပါ့မလဲ။ အစ်ကိုကြီး ဖန်းတောက်စန်း ဒီကျွန်းပေါ် ရောက်လာတော့ ပိုဆိုး သွားတယ်။ သူနဲ့ သူ့လူတွေက ကျွန်မတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြတာ။ ကျွန်မတို့ သားအဖလည်း အကျဉ်းသားတစ်ပိုင်း ဖြစ်နေကြတာ။ ပိုဆိုးတာက အစ်ကိုကြီး ဖန်းတောက်စန်းက ဖေဖေ့ဆီမှာ ကျွန်မနဲ့ လက်ထပ်ခွင့် တောင်းထားတာပဲ''

''ဟင်.... ဟုတ်လား။ ညီမ ဖေဖေရဲ့ ဆန္ဒကကော''

''ကျွန်မကော ဖေဖေကော အစ်ကိုကြီး ဖန်းတောက်စန်းကို သဘောမကျကြဘူး။ ဒါပေမယ့် ပြောင်ပြောင်တင်းတင်းလည်း မဆန့်ကျင်ရဲဘူး။ ဖေဖေကတော့ အချိန်ဆွဲတဲ့အနေနဲ့ ကျွန်မ အသက် ၁၈-နှစ် ပြည့်မှပဲ လက်ထပ်ခွင့် ပြုမယ်လို့ ပြောထားတယ်။ ဖေဖေသာ မရှိရင် ဖြစ်လိုရာဖြစ် ကျွန်မ





ထွက်ပြေးတယ်။ ဖေဖေရှိနေတော့ ဖေဖေ့ကို ထားခဲ့ပြီး ထွက်ပြေးလို့ မဖြစ်ဘူး''

ဝမ်လုံဖေးလည်း သူမတို့ သားအဖ၏ အခြေအနေမှန်ကို သိရသောအခါ စိတ်မကောင်း ဖြစ်မိသည်။ ...ပန်ကြ...

''ဖန်းတောက်စန်းဆိုတဲ့ လူက ဘယ်မှာရှိနေသ...ကိုယ်စီ...

''ဒီကျွန်းရဲ့ တောင်ဘက်မှာ နေတယ် အစ်ကို... မြောက်ဘက်မှာ နေတယ်။ ရှေ့နားမှာ ကျွန်မပျို ဖြစ်သွားတယ်။ အခုတော့ အစ်ကိုကြီး ဖန်းတောက်စန်း ကျွန်ုသူ့ လက်ကို မရှိဘူး အစ်ကို။ အစ်ကို ဒီကိုရောက်လာတဲ့နေ့ကပဲ ဂိုဏ်း အရှိန်ကြီးနဲ့ တွေ့ဖို့ တောင်ပေါ်ကို တက်သွားဘယ်၊ ဒီနေ့ မနက်ဖြန်တော့ ပြန်ရောက်လိမ့်မယ် ထင်တယ်''

ဝမ်လုံဖေး စကားပြန်ပြောမည် ပြုပြီးမှ လူသုံးယောက်ကို လှမ်းမြင်ရသဖြင့် မပြောဖြစ်တော့ချေ။ ထိုလူ သုံးယောက်၏ အပြုအမူမှာ ဘစ်မျိုး ဆန်းနေသဖြင့် ရပ်ကြည့်နေမိသည်။

တစ်ယောက်က ဝမ်းလျားထိုး၍ လည်းကောင်း၊ တစ်ယောက်က လေးဘက်ထောက်၍လည်းကောင်း၊ တစ်ယောက်က ကင်းမြီးကောက် ထောင် ၍ လည်း ကောင်း၊ တဟီးဟီး တဟားဟား ရယ်မောလျက် ပြေးတမ်း လိုက်တမ်း ကစားနေကြသည်၊ တစ်ယောက်ကို တစ်ယောက် မိသောအခါ လုံးထွေးသတ်ပုတ်ကြပြန်သည်။ ဖူးရောင် သွေးထွက်အောင် သတ်ပုတ်ရင်းမှ ရယ်မောနေကြသည်။

၎င်းတို့၏ အပြုအမူများကို မြင်ရဖြင့် စိတ်ဖောက်ပြန်နေသူများ ဖြစ်ကြောင်း သိနိုင်သည်။ ဝမ်လုံဖေး စိတ်မချမ်းမြေ့စွာ သက်ပြင်း ချမိသည်။

"သူတို့က ရှုးနေကြတယ် အစ်ကို။ ဘယ်လူမျိုးကမှ ကုလို့ တစ်မှာ မဟုတ်တော့ဘူး။ ဒီဘဝနဲ့ပဲ သေကြရမှာ"

သတ်မှာပြောတော့ ဝမ်လုံဖေး လှည့်မေးသည်။

"ဂိုဏ်းခွဲသား ရူးမှာတော့ မဟုတ်ဘူး။ ဘယ်လိုဖြစ်ပြီး ထဲက ထွက်လာတာလဲ ညီမ"

"ကြီး ဖန်းတောက်စန်းရဲ့ လက်ချက်ပေါ့ အစ်ကို။ ပေါ် ရောက်လာတဲ့ အကျဉ်းသား မှန်သမျှ ရူးအောင် အလုပ်ပစ်တယ်။ ပြီးတော့ စိုက်ပျိုးရေးအလုပ်တွေ၊ မွေးမြူရေး အလုပ်တွေမှာ ခိုင်းတယ်။ ခိုင်းလို့ မရတော့လောက်အောင် ဆိုးဆိုးရွားရွား ရူးသွားတဲ့ လူတွေကိုတော့ မထားဘူး။ မြစ်ထဲ ပစ်ချပြီး မိကျောင်းစာ ကျွေးလိုက်တယ်"

"ကျွတ်....ကျွတ်....ကျွတ်.... ဖြစ်ရလေ"

"ဖေဖေလည်း အရင်ကတော့ ဒီအလုပ်မျိုးတွေလုပ်ခဲ့တယ်၊ အခု မလုပ်တာ လေးငါးနှစ်ရှိသွားပြီ။ အစ်ကိုကြီးဖန်းတောက် စန်းကလည်း ဇွတ်မခိုင်းဘူး။ သူ့ဘာသာသူ လုပ်တယ်။ ဖေဖေ့ကိုတော့ အဆိပ်ပင်တွေကိုပဲ ဂရုစိုက်ခိုင်းတယ်။ အကျဉ်းသားတွေကိုပဲ ကြပ်မတ်ခိုင်းတယ်"

ထိုစဉ် လုံးထွေး သတ်ပုတ်နေသော လူသုံးယောက်ဆီသို့ ကျာပွတ် ကိုယ်စီ ကိုင်ထားသော လူနှစ်ယောက် ရောက်လာကြသည်။ နှစ်ယောက်စလုံး အဆိပ်ငါးမျိုး ဂိုဏ်း၏ ဝတ်စုံကို





ဝတ်ထားကြသည်။ ဂိုဏ်းသားနှစ်ယောက်က သတ်ပုတ်နေသော လူသုံးယောက်ကို ကျာပွတ်ဖြင့် တရစပ် ရိုက်ကြသည်။

စိတ်ဖောက်ပြန်နေသော အကျဉ်းသားသုံးယောက်တို့လည်း ဒူးထောက်၍ ဂိုဏ်းသားနှစ်ယောက်ကို ရှိခိုး တောင်းပန်ကြသည်။ ဂိုဏ်းသားနှစ်ယောက်က အရိုက်မရပ်ဘဲ ကျာပွတ်ကိုယ်စီဖြင့် ဆက်ရိုက်ကြသည်။

မတရား ရိုက်နှက်နေသဖြင့် ဝမ်လုံဖေး မခံချင် ဖြစ်သွားသည်။ ထိုနေရာသို့ သွားမည်ပြုသည်။ စီရှုရှန်က သူ့လက်ကို ဖမ်းဆွဲထားလိုက်ပြီး ခေါင်းခါယမ်းပြသဖြင့် ဝမ်လုံဖေး အရှိန် ပြန်သတ်လိုက်ရသည်။

စိတ်ဖောက်ပြန်နေသော အကျဉ်းသား သုံးယောက်စလုံး အော်ဟစ်၍ ခြေကုန်သုတ် ပြေးကြသည်။ ဂိုဏ်းသားနှစ်ယောက် က ၎င်းတို့နောက်သို့ ပြေးလိုက်သွားကြသည်။ ခဏနှင့် ဝမ်လုံဖေးတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားကြသည်။

ထိုအခါမှ စီရှုရှန် ပြောသည်။

"သူတို့က အစ်ကိုကြီး ဖန်းတောက်စန်းရဲ့ လူတွေ အစ်ကိုရဲ့။ ဒီကျွန်းပေါ်မှာ မတရားတာ ဘာပဲတွေ့တွေ့ အစ်ကို ဝင်မစွက်ပါနဲ့။ အစ်ကိုပဲ ဒုက္ခရောက်သွားလိမ့်မယ်။ ဟိုလူတွေလို အစ်ကို ရူးမသွားအောင် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ဖို့ပဲ အရေးကြီးတယ်"

"ဖန်းတောက်စန်းဆိုတဲ့ လူက လူတွေကို ရူးသွားအောင် ဘယ်လို လုပ်တာလဲ ညီမ"

"ငရဲပန်းဆိုတဲ့ အဆိပ်ကို ကျွေးလိုက်တာပဲ အစ်ကို။ ဖြေဆေးက ဂိုဏ်းချုပ်ကြီးဆီမှာပဲ ရှိတယ်။ အချိန်မီ ဖြေဆေး မစားရရင် ရူးသွားမှာပဲ။ ရူးသွားလို့ကတော့ ဘယ်လိုမှကုလို့ မရတော့ဘူး။ အစ်ကို့ကို ညီမ သတိပေးထားမယ်။ အစ်ကိုကြီး ဖန်းတောက်စန်း ကျွေးတဲ့ အစာဆိုရင် ဘာမှ မစားပါနဲ့။ စားမိရင်တော့ ညီမတို့လည်း ဘာမှ တတ်နိုင်မှာ မဟုတ်တော့ဘူး"

သူတို့နှစ်ယောက် စကားပြောရင်း ဆက်လျှောက်လာကြရာ စိုက်ပျိုးခင်းဆီသို့ ရောက်လာကြသည်။ စိုက်ပျိုးခင်းထဲ၌ အလုပ်လုပ်နေကြသော အကျဉ်းသားများ ရှိနေသည်။ အကျဉ်းသား အားလုံး စိတ်ဖောက်ပြန်နေကြသဖြင့် အလုပ်လုပ်ရင်း ရယ်သူရယ်၊ ငိုသူငို၊ ကသူက ဖြစ်နေကြသည်။ ထိုအကျဉ်းသားများကို အဆိပ်ငါးမျိုး ဂိုဏ်းသားများက ကျာပွတ်ဖြင့် လိုက်ရိုက်ရင်း ထိန်းနေကြသည်။ ကျာပွတ်ဒဏ်ကို ခံရသော အကျဉ်းသားတိုင်း ငြိမ်သွားကြသည်။

*

စိုက်ပျိုးခင်းထဲတွင် အုပ်ချုပ်ရေးမှူးကြီး စီမိန်လိန်လည်း ရှိနေသည်။ စီမိန်လိန်က ဝမ်လုံဖေးနှင့် စီရှုရှန်တို့ကို မြင်မြင်





ချင်း လျှောက်လာသည်။ သူ့မျက်နှာက တင်းမာခြင်းလည်း မရှိ၊ ပျော့ပျောင်းခြင်းလည်း မရှိချေ။

"ဝမ်လုံဖေးကို ဘာဖြစ်လို့ ဒီအထိ ခေါ်လာရတာလဲ သမီး"

စီမိန်လိန် မေးတော့ စီရှုရှန် ပြုံးပြုံးရွှင်ရွှင်ပင် ပြန်ပြောသည်။

"အစ်ကိုက ဂူထဲမှာ အညောင်းမိနေတာ အဖေရဲ့....။ ဒါကြောင့် အညောင်းပြေ လမ်းလျှောက် ခေါ်လာရင်း ဒီကို ရောက်လာတာ"

စီမိန်လိန် သက်ပြင်းချလိုက်ကာ ဝမ်လုံဖေးကို ပြောသည်။

"ဖေးလုံ၊ မင်းနေရာမှာပဲ မင်းနေပါ။ တော်ကြာ ဖန်းတောက်စန်း ပြန်ရောက်လာလိမ့်မယ်။ မင်းကို အပြင်မှာတွေ့သွားရင် မင်းအတွက် မကောင်းဘူး။ သူ့ရှေ့မှာ သမီးနဲ့လည်း ခုလို မတွဲနဲ့"

စီမိန်လိန် စေတနာမှန်ဖြင့် သတိပေးကြောင်း ဝမ်လုံဖေး သိသည်။ သူ့နာမည်ကို အားလုံးက 'ဖေးလုံ'ဟုပင် သိထားကြသည်။ သူ၏ ဇာစ်မြစ်ကို လူသိမခံလိုသဖြင့် စောစောကပင် ထိုနာမည်ကို ပြောရန်နှင့် ဟွာချင်ချင်တို့ ညှိထားခဲ့ကြပြီး ဖြစ်၏။

"အစ်ကို့ကို မေးမြန်းရေးဘက် ပြပြီးရင် ပြန်မှာပါ ဖေဖေ"

"အေး.... မြန်မြန်သွား၊ မြန်မြန်ပြန်ကြ။ သမီးတို့ နှစ်ယောက်ကို ဖန်းတောက်စန်းရဲ့ လူတွေ တွေ့သွားရင် မကောင်းဘူး"

"သမီး သိပါတယ် ဖေဖေရဲ့"

စီရှရှန် ပြောပြီး ဝမ်လုံဖေးကို ခေါ်ကာ လှည့်ထွက်လာသည်။

မကြာမီ မွေးမြူရေး ခြံအနီးသို့ ရောက်လာသည်။ စီရှရှန်က အဝေးမှပင် ကြည့်စေသည်။ ကြက်၊ ဝက်နှင့် နွားများသာ မွေးမြူထားသည်ကို ဝမ်လုံဖေး လှမ်းမြင်ရသည်။ စိတ်မမှန်သော အကျဉ်းသားများက ခြံထဲတွင် အလုပ်လုပ်နေကြသည်၊ အဆိပ်ငါးမျိုး ဂိုဏ်းသားများက ကျာပွတ်ဖြင့် ထိန်းနေကြသည်။

စိတ်ဖောက်ပြန်နေသော အကျဉ်းသားတစ်ယောက်က ကြက်အရှင်တစ်ကောင်ကို ဖမ်းပြီး လည်ပင်းမှ ကိုက်စားသည်၊ ကြက်က တဖျပ်ဖျပ် ရုန်းရင်း သေသွားသည်၊ ဂိုဏ်းသားတစ်ယောက် ရောက်လာပြီး ထိုအကျဉ်းသားကို ကျာပွတ်ဖြင့် တရစပ်ရိုက်သည်။ ထိုအကျဉ်းသား ကြက်သေကို လွှတ်ချပြီး ထွက်ပြေးသည်။

ထိုမြင်းကိုကြည့်ပြီး ဝမ်လုံဖေး စိတ်မကောင်း ဖြစ်ရပြန်သည်။

စီရှရှန်က ဝမ်လုံဖေးကို လက်ဆွဲပြီး ပြန်ခေါ်လာသည်၊

"မွေးမြူရေး အလုပ်မှာ အစ်ကိုကြီး ဖန်းတောက်စန်းရဲ့ လူတွေချည်းပဲ အစ်ကို။ ဒါကြောင့် အနားကို မသွားတာ"

လမ်းလျှောက်ရင်း စီရှရှန်က ပြောပြသည်။

"ဟိုလူက အတော့်ကို စိတ် ဖောက်ပြန်နေတယ်နော်။ ကြက်အရှင်ကိုတောင် ကိုက်စားတယ်"





"စိတ်မမှန်တာလည်း ဟုတ်တယ်။ ဝေါ်လည်း ဝေါ်လို့ ခုလို လုပ်တာပဲ။ အကျဉ်းသားတွေ အကုန်လုံးကို မဝရေစာဘဲ ကျွေးထားတာ"

"အစ်ကိုနဲ့ အတူတူနေတဲ့ ဘဘကြီးရီတု လည်း မိုးလင်းတာနဲ့ ထွက် မိုးချုပ်မှ ပြန်လာတယ်၊ သူကော ဘယ်သွားနေတာလဲ"

"ဘကြီးရီတု လည်း မွေးမြူရေးခြံမှာ အလုပ် လာလုပ်ရတယ်လေ၊ ဘကြီးရီတု လည်း ငရဲပန်း အဆိပ်မိပြီး ရူးသွားတာ။ ဒါပေမယ့် သူက တခြားလူတွေထက်စာရင် အများကြီးတော်သေးတယ်။ ဒါကြောင့် အစ်ကို့ကို သူနဲ့ ထားတာ။ ကျွန်မဆန္ဒအတိုင်းဆိုရင် အစ်ကို့ကို အိမ်မှာပဲ ခေါ်ထားချင်တယ်၊ မဖြစ်လွန်းလို့ သာ"

သူတို့နှစ်ယောက် စကားပြောရင်း လျှောက်လာကြသည်။

အဆိပ်ကျွန်းမှာ သူ ထင်ထားသည်ထက် ကျယ်ဝန်းကြောင်း ဝမ်လုံဖေး သိရသည်။

"တခြား အကျဉ်းသားတွေကို ဘယ်မှာထားသလဲ ညီမ"

"ကျောက်ခေါင် တစ်ဖက်က ဂူတွေထဲမှာ ထားတယ် အစ်ကို၊ အဲဒီမှာတော့ စိတ်ညစ်စရာပဲ"

"အကျဉ်းသားတွေ အားလုံး စိတ်မမှန်ကြတော့ သူတို့ကို ထိန်းနေတဲ့ အဆိပ်ငါးမျိုး ဂိုဏ်းသားတွေကို ပြန်တိုက်တာမျိုး မဖြစ်ဘူးလား"

"မဖြစ်ဘူး အစ်ကို၊ သူတို့ကို ကြောက်တတ်အောင် ဆေးတစ်မျိုး ကျွေးထားသေးတယ်၊ သူတို့အားလုံး အဆိပ်ငါးမျိုး

ဂိုဏ်းသားတွေကို သိပ်ကြောက်ကြတယ်။ သွပ်သွပ်ခါအောင် ရှူးတာ မဟုတ်တော့ ခိုင်းလို့လည်းရတယ်။ ဘယ်သူမှလည်း ရေကူးပြီး မပြေးရဲကြဘူး၊ ရေကူးပြေးရင် မိကျောင်းစာမိမယ် ဆိုတာ သူတို့ သိကြတယ်။ ဒါကြောင့်လည်း အကျဉ်းသား တွေကို လွှတ်ထားတာပေါ့''

ဝမ်လုံဖေးတို့နှစ်ယောက် စကားတပြောပြောဖြင့် ဂူဆီသို့ ပြန်ရောက်လာကြသည်၊

စီရှုရှန်က နေ့လယ်စာကို သွားယူကျွေးကာ ခဏမျှစကား ပြောပြီး ပြန်သွားလေသည်။

ဝမ်လုံဖေးလည်း တစ်ယောက်တည်း ပျင်းပျင်း ရှိသဖြင့် အဆက်အစပ်မရှိသော ကီနွရီမောင်နှံသိုင်းကို လေ့ကျင့်နေ သည်။

*

## ၁၈။ ဖိုမသိုင်း

စီရှုရှန် ညစာလာပို့တော့ ဝမ်လုံဖေး သိုင်းလေ့ကျင့်နေ ဆဲပင်၊

စီရှုရှန်မြင်တော့ ဝမ်လုံဖေး ကမန်းကတန်း ရပ်လိုက်သည်။ စီရှုရှန်က မေးသည်။

''အစ်ကို လေ့ကျင့်နေတာ ဘာသိုင်းလဲဟင်''

စီရှုရှန် မသိသင့်သေးဟု ဝမ်လုံဖေး ယူဆသဖြင့် ခပ်ပေါ့ ပေါ့ပင် ပြန်ပြောလိုက်သည်၊

''ဘာရယ် မဟုတ်ပါဘူး ညီမရယ်၊ နွေးနွေးထွေးထွေး ဖြစ်အောင် ကိုယ်လက်လှုပ်ရှားမှု လုပ်နေတာပါ''

''ဖေဖေက ပြောတယ်၊ အစ်ကိုဟာ အဆင့်မြင့်သိုင်းပညာ တတ်ထားလိမ့်မယ်တဲ့''

''ဟာ.... မတတ်ပါဘူး။ တတ်ထားမှတော့ ဒီလို အခြေ အနေမျိုး ဘယ်ရောက်ပါ့မလဲ''

''အစ်ကို့အပေါ် ညီမ ဘယ်လို စိတ်ထားမျိုး ရှိတယ်၊ အစ်ကို အန္တရာယ်ဖြစ်မှာကို ညီမ မလိုလားဘူးဆိုတာ အစ်ကို နားလည်ဖို့ ကောင်းပါတယ်''

''အစ်ကို နားလည်ပါတယ်''

''ဒါဆို ညီမကို ဘာဖြစ်လို့ ဖုံးကွယ်ချင်ရတာလဲ''

"အစ်ကို ဘာ ဖုံးကွယ်လို့လဲ"

"အခု အစ်ကို လေ့ကျင့်နေတဲ့သိုင်းက ငါးမန်း ဓားသိုင်းလား၊ ကိန္နရီမောင်နှံ ဓားသိုင်းလား"

သူမ၏ အမေးကြောင့် ဝမ်လိုဖေး မျက်လုံးပြူးသွားသည်။

"ဟင်.... ညီမ ဘယ်လိုလုပ် သိသလဲ"

စီရှုရှန် ပြုံးလိုက်ကာ...

"ဖေဖေ ပြောပြလို့ သိတာပေါ့ အစ်ကို။ အစ်ကို့မှာ ဓားသိုင်းကျမ်းစာအုပ် နှစ်အုပ်ရှိတယ်တဲ့၊ ငါးမန်းအမြီးရိုက် ဓားသိုင်းနဲ့ ကိန္နရီမောင်နှံ ဓားသိုင်းတဲ့။ ဖေဖေက ယူမထားဘူး၊ အစ်ကို လေ့ကျင့်နိုင်အောင် မသိချင်ယောင်ဆောင်နေတာ"

"ဟင်.... ညီမ ဖေဖေမှာ ဘယ်လို ရည်ရွယ်ချက်မျိုးရှိလို့ ခုလို လုပ်တာလဲ"

"ဒါတော့ ညီမလည်း မသိဘူး။ ညီမကိုလည်း မပြောဘူး၊ ဖေဖေက တစ်ခုတော့ ပြောတယ်"

"ဘာပြောလဲ"

"ငါးမန်းအမြီးရိုက် ဓားသိုင်းဟာ မျိုးချစ် သိုင်းသမားကြီး ဝမ်ဝူကျောင်းရဲ့ မူပိုင်သိုင်းတဲ့။ အစ်ကိုဟာ ဝမ်ဝူကျောင်းနဲ့ တစ်နည်းနည်း ပတ်သက်နေရမယ်တဲ့"

"ဟင်.... ဟုတ်လား"

ဝမ်လိုဖေး ရင်ထိတ်သွားသည်၊

စီရှုရှန် အပြုံးမပျက် ဆက်ပြောသည်၊





"မစိုးရိမ်ပါနဲ့ အစ်ကို။ ဖေဖေက ဒီအကြောင်းကို ဘယ်သူမှ မပြောပါဘူး။ ညီမကိုလည်း နှုတ်လုံဖို့ သတိပေးထားတယ်။ အစ်ကို့ကိုလည်း သိုင်းလေ့ကျင့်တဲ့အခါ အစ်ကိုကြီး ဖန်းတောက်စန်းနဲ့ သူ့လူတွေ မတွေ့အောင် သတိထားပြီး လေ့ကျင့်ဖို့ မှာလိုက်တယ်။ ညီမတို့ သားအဖကိုတော့ ယုံထားအစ်ကို။ အစ်ကို့ကို အတတ်နိုင်ဆုံး ကူညီမယ်၊ အစ်ကို့ဆီက အကူအညီလိုရင်လည်း ယူမယ်"

ဝမ်လိုဖေး ညစာ စားသည်၊ စီရှုရှန်ကို ပြောပြီး အတိုးအို ရိတု အတွက်လည်း ယူထားသည်။

"အစ်ကိုကြီး ဖန်းတောက်စန်း ပြန်ရောက်နေပြီ အစ်ကို၊ မမ ဟွာချင်ချင်က မျိုးချစ်သိုင်းသမားတွေကို အကူအညီပေးတာ ထင်ရှားလို့ အကျဉ်းချထားလိုက်ပြီလို့ ပြောတယ်။ ဒါ့ကြောင့် အစ်ကို့ကိုလည်း သူ ဒုက္ခပေးမှာပဲ၊ အစ်ကို သတိထားပါ။ သူ ကျွေးတာကို မစားပါနဲ့၊ အစ်ကို့ဆီမှာ သိုင်းကျမ်းစာအုပ် နှစ်အုပ် ရှိနေတာကို သူ မသိပါစေနဲ့"

စီရှုရှန် သတိပေးစကား ပြောပြီး ပြန်သွားသည်။

ဝမ်လိုဖေး သိုင်းကျမ်းစာအုပ် နှစ်အုပ်ကို ကျောက်တုံးကြီး အောက်တွင် ပြန်ဝှက်ထားလိုက်သည်။

မိုးချုပ်တော့ အတိုးကြီး ရိတု ပြန်ရောက်လာသည်။ ဝမ်လိုဖေးက ယူထားသော စားစရာများကို ထုတ်ကျွေးသည်။

"ဟဲ....ဟဲ.... မင်းရောက်လာမှပဲ ငါလည်း ကောင်းတာလေးတွေ စားရတော့တယ်။ ကောင်မလေးက မင်းကို သဘောကျနေတော့ ဟန်တာပေါ့"

အဘိုးအို ရီတု ကောင်းကောင်းမွန်မွန် ပြောသည်၊

အဘိုးအို ရီတုသည် မိမိရောက်စကလောက် စိတ်ဖောက်ပြန်ခြင်း မရှိတော့ကြောင်း ဝမ်လုံဖေး သတိထားမိသည်၊ ရံဖန်ရံခါတွင်မူ ဝမ်လုံဖေးကို ဘာမှမပြောဘဲ တစ်ယောက်တည်းပြော၊ တစ်ယောက်တည်း ရယ်နေတတ်သည်။ ထိုအခါ အရူးလုံးလုံး ဖြစ်နေတတ်သည်။

ဝမ်လုံဖေးသည် အဘိုးအို ရီတုအား သတိထား၍ ဆက်ဆံရလေသည်။

*

နောက်တစ်နေ့တွင် အဘိုးအို ရီတု အပြင်ကို မသွားချေ၊ မီးပုံနားတွင်သာ ဆောင့်ကြောင့်ထိုင်နေပြီး ပါးစပ် တလှုပ်လှုပ်နှင့် တစ်ယောက်တည်း စကားပြောနေသည်၊

ဝမ်လုံဖေး အနီးသို့သွားပြီး မေးသည်။

"ဘဘကြီး အလုပ် မသွားဘူးလား"

အဘိုးအို ရီတုက ဝမ်လုံဖေးကို ခေါင်းငုံ့၍ ကြည့်သည်၊ ဘာမှ ပြန်မပြောဘဲ မျက်စောင်းတစ်ချက်ထိုးကာ မီးပုံဘက် ပြန်လှည့်သွားသည်၊





"ဘဘကြီး အလုပ် မသွားဘူးလား"

ဝမ်လုံဖေးက ထပ်မေးတော့ အဘိုးအို ရီတု လှည့်မကြည့်ဘဲ ဘုဆတ်ဆတ် ပြန်ပြောသည်။

"သွားစမ်းကွာ၊ စည်းစိမ်ပျက်တယ်။ ငါက နတ်သမီးလေးတွေနဲ့ အကြည်ဆိုက်နေတာကွ"

အဘိုးအို ရီတု စိတ်ဖောက်ပြန်နေပြီဖြစ်ကြောင်း သိသဖြင့် ဝမ်လုံဖေး ထပ်မပြောတော့ဘဲ အနီးမှ ခွာထွက်ခဲ့သည်၊

မကြာမီ နံနက်စာကို ယူလျက် စီရှရှန် ခပ်သုတ်သုတ် ရောက်လာသည်၊

"မြန်မြန်စား အစ်ကို။ ညီမ မြန်မြန်ပြန်ရမယ်။ အစ်ကိုကြီးဖန်းတောက်စန်းက အစ်ကို့ကို စားစရာ သွားမပို့ရဘူးလို့ တားထားတယ်။ အစ်ကို့ကို အပြစ်ဒဏ်ပေးဖို့ ဂိုဏ်းချုပ်ကြီးက အမိန့်ပေးလိုက်ပြီလို့လည်း ပြောတယ်။ ညီမတော့ ဘာလုပ်ရမှန်း မသိတော့ဘူး"

"မစိုးရိမ်ပါနဲ့ ညီမရယ်၊ အန္တရာယ်ကို ကြိုသိထားတော့ ကြည့်ရှောင်လို့ ရပါတယ်။ ရှောင်မရတဲ့အဆုံး သူသေ ကိုယ်သေ တိုက်ရမှာပဲ"

"သူက၊ သိုင်းပညာ အတော်ထက်တယ် အစ်ကို၊ သူ့ကို အစ်ကို ယှဉ်နိုင်မှာ မဟုတ်ဘူး။ စိတ်လိုက်မာန်ပါတော့ မလုပ်ပါနဲ့။ တတ်နိုင်သမျှ အလိမ္မာ သုံးပါနော်"

မီးပုံနားတွင် ရှိနေသည့် အဘိုးအိုရီတုက ဝမ်လုံဖေးတို့ဘက်သို့ တစ်ချက်မှ လှည့်မကြည့်ချေ၊ တတွတ်တွတ်ပြောလိုက် ရယ်လိုက်ဖြင့် ဆောင့်ကြောင့်ထိုင်မြဲ ထိုင်နေသည်၊

"ဒီနေ့ ဘာဘကြီး ရိတု အပြင်မသွားဘူး"

ဝမ်လုံဖေး ခပ်တိုးတိုးပြောတော့ စီရှုရှန်က....

"ဆယ်ရက်မှာ တစ်ရက်တော့ နားရတယ် အစ်ကိုရဲ့၊ ဒီနေ့ သူ့ကို နားခွင့်ပေးလို့ ဖြစ်မှာပေါ့။ ကဲ.... မြန်မြန်စား အစ်ကို၊ အစ်ကိုကြီး ဖန်းတောက်စန်း ရောက်လာလို့ ညီမကို ဒီမှာ တွေ့သွားရင် ရန်လုပ်နေဦးမယ်"

ဝမ်လုံဖေး စားချင်စိတ်မရှိသော်လည်း အဟာရပြည့်ဝမှ ကောင်းစွာ လှုပ်ရှားနိုင်မည် ဖြစ်သဖြင့် မနက်စာကို ကမန်းကတန်း စားလိုက်သည်၊ အဘိုးအို ရိတု အတွက်လည်း ယူထားသည်၊

စီရှုရှန် သတိပေးစကား ပြောပြီး ပြန်သွားသည်၊

ဝမ်လုံဖေးက သူယူထားသော စားစရာကို အဘိုးအို ရိတု အား သွားကျွေးသည်။ ကျွေးတိုင်း မငြင်းတမ်း စားသော အဘိုးအို ရိတုသည် ယခုတော့ ယူမစားပါချေ၊ လှည့်ပင် မကြည့်ပါချေ၊

"ဟေ့ကောင်.... သွားစမ်းကွာ၊ စည်းစိမ်ပျက်တယ်၊ မင်းဟာတွေထက် ကောင်းတဲ့ နတ်သုဒ္ဓါကို ငါ စားပြီးပြီ၊ ငါ့ကို လာပြီး မနှောင့်ယှက်နဲ့"

ဝမ်လုံဖေး ပြန်၍ လာခဲ့ရသည်၊ အဘိုးအို ရိတု အတော်ကြီး စိတ်ဖောက်ပြန်နေပြီဟုလည်း သိလိုက်သည်။

ဝမ်လုံဖေး ဂူဝတွင် ထိုင်သည်၊ ဖန်းတောက်စန်းက သူ့ကို အန္တရာယ်ပေးမည် ဖြစ်သဖြင့် ရင်လေးနေမိသည်၊ ဖြစ်ချင်တာ ဖြစ် သူ ပြန်လည် ခုခံတိုက်ခိုက်မည်ဟု ယူ ဆုံးဖြတ်ထားသည်၊





အရူးဘဝဖြင့် နေသွားရသည်ထက် သေသွားသည်ကမှ ကောင်းသေးသည်ဟု ခံယူထားသည်။

ဖန်းတောက်စန်းကို ယှဉ်နိုင်ရန် ယခုထက် သိုင်းပညာ ပိုတတ်ထားမှ ဖြစ်ပေလိမ့်မည်၊

ဝမ်လုံဖေး ထရပ်ပြီး ထင်းအဖြစ် အသုံးပြုရန်ထားသော သစ်ကိုင်းတစ်ကိုင်းကို ယူသည်၊ သစ်ကိုင်းကို ဓားအဖြစ် သုံးပြီး သိုင်းလေ့ကျင့်ရမည် ဖြစ်၏၊

သူက အဘိုးအို ရိတုကို တစ်ချက် လှည့်ကြည့်သေးသည်၊ အဘိုးအို ရိတုက တစ်ယောက်တည်း ရယ်မြဲရယ်လျက် ပြောမြဲ ပြောနေသေးသည်။ အဘိုးအို ရိတု စိတ်ဖောက်ပြန်နေသဖြင့် ဂရုစိုက်စရာမလိုဟု ဝမ်လုံဖေး ယူဆသည်၊

ဝမ်လုံဖေး ဂူပေါက်ဝနားတွင် ရပ်သည်။ ဂူအပြင်ဘက်ကို ကြည့်ရင် ကိန္နရီမောင်နှံသိုင်းကို စ၍ လေ့ကျင့်သည်၊ သူသည် ကိန္နရီမောင်နှံ သိုင်းကွက် ၃၆-ကွက်၏ သိုင်းလင်္ကာများကို အရကျက်မှတ်ထားပြီး ဖြစ်သဖြင့် စာအုပ်ကို ကြည့်စရာမလိုတော့ဘဲ လေ့ကျင့်နိုင်သည်။ သို့သော် သိုင်းကွက် တစ်ကွက်နှင့် တစ်ကွက် အကူးအပြောင်းတွင် အဆက်အစပ် မရှိသဖြင့် အခက်အခဲ တွေ့နေသည်။ သိုင်းကွက် တစ်မှ နှစ်သို့ပင် ကူး၍ မရ ဖြစ်နေသည်။

သူက တီထွင်ကြံဆပြီး ကူးသော်လည်း မရချေ၊ သူသည် ဂူအပြင်မှ လူရိပ် လူခြေကိုသာ ကြည့်နေသဖြင့် အဘိုးအို ရိတု ရှိရာ နောက်ဘက်သို့ လှည့်မကြည့်မိချေ။

"ကောင်လေး၊ ကိန္နရီမောင်နှံသိုင်းရဲ့ မြုပ်ကွက် ဟာကွက်ကို မင်း မသိဘူး မဟုတ်လား"

ရုတ်တရက် နောက်ဘက်မှ အဘိုးအို ရီတူ၏ မေးသံ ပေါ်လာသဖြင့် ဝမ်လုံဖေး လန့်သွားသည်၊ အဘိုးအို ရီတူကို စိတ်လှုပ်ရှားစွာဖြင့် လှည့်ကြည့်သည်၊ အဘိုးအို ရီတူက သဲ့သဲ့ပြုံး၍ သူ့ကို ကြည့်နေသည်။

အဘိုးအို ရီတူ၏ အမူအရာမှာ ရှုံးသွပ်နေသည့် အမူအရာ အသွင်အပြင်မျိုး မရှိချေ။ တည်ငြိမ်လေးနက်ခြင်း အသွင်ကို ဆောင်နေသည်။

"အရှုံးပါးစပ်က ဒီလိုစကားမျိုး ထွက်လာလို့ မင်း အံ့သြသွားသလား ကောင်လေး၊ အေး.... ငါထပ်ပြောမယ်၊ ကိန္နရီမောင်နှံ သိုင်းကို ဒီလို လေ့ကျင့်နေလို့ကတော့ ထိရောက်မှာ မဟုတ်ဘူး။ အသုံးချလို့ ရမှာမဟုတ်ဘူး"

ဝမ်လုံဖေး အံ့သြစိတ်ဖြင့် မေးသည်။

"ကျွန်တော် လေ့ကျင့်နေတာ ကိန္နရီမောင်နှံ သိုင်းကွက်မှန်း ဘဘကြီး ဘယ်လိုသိသလဲဟင်"

"ဟဲ....ဟဲ....ဟဲ မသိဘဲ နေပါ့မလားကွ၊ ဒီကိန္နရီမောင်နှံ သိုင်းဟာ ငါကိုယ်တိုင် တီထွင်ခဲ့တဲ့ သိုင်းပဲ"

"ဗျာ"

ဝမ်လုံဖေး အံ့သြသွားသည်၊ သို့သော် မယုံချေ။ အဘိုးကြီး ရီတူမှာ စိတ်ဖောက်ပြန်နေသဖြင့် ပြောချင်ရာပြောခြင်း ဖြစ်





လိမ့်မည်ဟု ယူဆသည်။ ကိန္နရီမောင်နှံ သိုင်းကွက်မှန်း သိနေသဖြင့်တော့ စဉ်းစားမရ ဖြစ်မိသည်။

*

အဘိုးအို ရီတူ ပြုံးလိုက်ကာ....

"ဘာလဲ.... မင်းစိတ်ထဲမှာ ငါက မိတ်ရှုးပေါက်ပြီး ပြောနေတယ်လို့ ထင်နေသလား၊ ငါ မရူးပါဘူးကွ၊ တခြား အကျဉ်းသားတွေလို ငါမရူးပါဘူး၊ ရူးချင်ယောင်သာဆောင်နေတာ....

ဒီကို မင်းရောက်လာကတည်းက မင်းကို ငါ အကဲခတ်နေတာ၊ ပထမ တော့ မင်းကို ငါက အဆိပ်ငါးမျိုးဂိုဏ်းသားတို့ အကျဉ်းသားတွေရဲ့ အခြေအနေကို စုံစမ်းဖို့ ရောက်လာတဲ့ သူလျှို ဖြစ်နေမလားလို့ ထင်နေတာ....

ဒါကြောင့် မင်းရှေ့မှာလည်း ငါ ရူးပြနေတာ၊ နောက်မှ မင်းလည်း တကယ်ဒုက္ခရောက်လာသူမှန်း သိတယ်၊ မင်းဟာ စိတ်ထားကောင်းတဲ့ လူကောင်းမှန်းလည်း ငါ သိလာတယ်၊ ကျောက်တုံးအောက်မှာ မင်းဝှက်ထားတဲ့ ငါးမန်း အမြီးရိုက်

ဓားသိုင်း ကျမ်းနဲ့ ကိန္နရီမောင်နှံ ဓားသိုင်းကျမ်းကိုလည်း ငါတွေ့ပြီးပြီ"

ဝမ်လုံဖေး အံ့ဩလွန်းသဖြင့် ဘာပြန်ပြောရမှန်း မသိချေ။

အဘိုးအို ရီတုံက တည်ငြိမ် လေး နက်စွာ ဆက်ပြောသည်။

"ငါ ဒီအဆိပ်ကျွန်းပေါ်မှာ အဖမ်းခံ နေရတာ ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ရှိသွားပြီ။ သူတို့က ငါ့ကို ဝရဲပန်း အဆိပ် ကျွေးပြီး ရူးအောင်လုပ်တယ်၊ ဒါပေမယ့် ကံအားလျော်စွာ ငါ မရူးဘူး၊ ရူးချင်ယောင် ဆောင်နေခဲ့ရတယ်၊ ငါ့ရဲ့ သိုင်းပညာကို ထုတ်သုံးလို့ မရအောင် အားအင်တွေတော့ ဆုတ်ယုတ်သွားတယ်။ ဒုက္ခိတဘဝမရောက်ရုံတမယ်ဖြစ်သွားတယ်၊ ဒါကြောင့်လည်း ဒီကျွန်းပေါ်မှာ ငါဆက်နေခဲ့ရတယ်၊ နို့မို့ဆို ဖန်းတောက်စန်းလောက်အဆင့်ကို ဘယ်မှုလိမ့်မလဲ"

အဘိုးအို ရီတုံ၏ အပြောအဆို အမူအရာကို အကဲခတ်ကြည့်နေသော ဝမ်လုံဖေးလည်း ယခုမှ အဘိုးအိုရီတုံ မရူးကြောင်း ယုံကြည်သွားသည်။

"ကိန္နရီမောင်နှံသိုင်းကို ဘဘကြီး တီထွင်ခဲ့တာ တကယ်ပဲလား ဟင်။ ဒါဆို ကျွန်တော့်ကို ပြောပြပါလား၊ သိုင်းကွက်တစ်ကွက်နဲ့ တစ်ကွက် အကူး အပြောင်းမှာ အဆက်အစပ်မရှိဘဲ လစ်ဟာကွက်တွေရှိနေတာ ဘာကြောင့်လဲ ဟင်"





[illegible] ၁၈/၁၃၈၊ ဖြ လမ်း

"ငါမေးတာကို မှန်မှန်ဖြေ၊ [illegible]ချင်တာကို ငါ ပြောပြမယ်။ ပြောပြရုံတင် မကဘူး၊ ကိန္နရီမောင်နှံသိုင်းကို အကုန်အစင် တတ်အောင် ငါ ကူညီမယ်"

ဝမ်လုံဖေး တွေသွားပြီးမှ....

"ဘကြီး သိလိုတာရှိရင် မေးပါ၊ ကျွန်တော် သိတာဆို အမှန်အတိုင်း ဖြေပါ့မယ်။ ဘဘကြီးတောင် ဘဘကြီးရဲ့ လျှို့ဝှက်ချက်ကို ဖွင့်ပြောပြီပဲ"

"အေး.... မင်းရဲ့ အတွေးအခေါ် မှန်တယ်၊ ကဲ ငါမေးမယ်။ မင်းနဲ့ ငါးမန်းဓား ဝမ်ဝူကျောင်းနဲ့ ဘယ်လို ပတ်သက်သလဲ။ မင်းနဲ့ ငါက ဘာဝတူတွေပါ။ ဘာမှ ဖုံးကွယ်စရာမလိုပါဘူး"

အဘိုးအို ရီတုံကိုမူ မဖုံးကွယ်သင့်ဟု ဝမ်လုံဖေး ယူဆသည်။

"ကျွန်တော်ဟာ ငါးမန်းဓား ဝမ်ဝူကျောင်းရဲ့ သားပါ ဘဘကြီး"

"အင်း.... ငါထင်တော့ ထင်သားပဲ။ အခု မင်းအဖေကော ဘယ်မှာလဲ။ မင်းက ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ"

ဝမ်လုံဖေးလည်း ဖြစ်ပျက်ပုံ အလုံးစုံကို မကွယ်မဝှက် ပြောပြလိုက်လေသည်။

"ဩော်.... ငါးမန်းဓား ဆုံးရှာပြီကိုး။ မျိုးချစ်သိုင်းသမားတွေအတွက် တစ်အား လျော့သွားတာပဲ၊ စိတ်မကောင်းလိုက်တာကွာ"

ဝမ်လုံဖေး စကားကို ဆုံးအောင် နားထောင်ပြီးမှ အကိုးအို ရီတု စိတ်မချမ်းမြေ့စွာ ပြောသည်။

"ဖေဖေနဲ့ ဘဘကြီးနဲ့ သိသလား ဟင်"

"သိပ်သိတာပေါ့ကွာ။ သိပ်ပြီး ရင်းနှီးကြတဲ့ ရောင်းရင်း တွေပဲပေါ့။ ငါးမန်းဇေးမှာ သားတစ်ယောက် ရှိမှန်းတော့ ငါသိတယ်။ မတွေ့ဖူးဘူး။ အင်း.... ဒီလိုနေရာမျိုးမှာ ဒီလို အခြေအနေမျိုးနဲ့မှ လာတွေ့ကြရတယ်။ ဒါနဲ့ မင်းအဖေက ငါ့အကြောင်းကို တစ်ခါမှ မပြောဖူးဘူးလား"

"ဖေဖေက အိမ်မှာ အနေနည်းတယ်။ ခဏ တွေ့ရတော့ လည်း ဖေဖေက သိုင်းလောက အကြောင်း ပြောမပြောဘူး၊ ကျွန်တော့်ကို ငါးမန်းဇေးသိုင်းပဲ သင်ပေးတယ်၊ ဒါတောင် ဖေဖေ ဗုဂ္ဂိုဟဘာဝရောက်သွားမှ ထိထိရောက်ရောက် သင်ပေး တာပါ။ ဒါနဲ့ ကိန္နရီသိုင်းကျမ်းကို ဘဘကြီးက ဖေဖေ့ကို ပေးထားတာလားဟင်"

"ဟုတ်တယ် လူလေး၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်း က သူနဲ့ နောက်ဆုံးတွေ့ခဲ့တယ်။ ဒီတုန်းက ငါကိုယ်တိုင်ရေး ထားတဲ့ ကိန္နရီသိုင်းကျမ်း စာအုပ်ကို ပေးလိုက်တာပဲ။ တကယ် တော့ ကိန္နရီမောင်နှံ သိုင်းဟာ အဖိုသိုင်း သုံးဆယ့်ခြောက် ကွက်နဲ့ အမသိုင်း သုံးဆယ့်ခြောက်ကွက် ရှိတယ်ကွယ့်၊ အဖို သိုင်းကြီး သုံးလို့လည်း မထိရောက်ဘူး။ အမချည်း သုံးလို့ လည်း မထိရောက်ဘူး၊ ဆက်စပ်လို့လည်း ဘယ်လိုမှ မရဘူး၊





အဖိုသိုင်းနဲ့ အမသိုင်း ပေါင်းစပ်ပြီး သုံးမှ အဆက်အစပ်ရှိမှ ထိရောက်မှု ရှိမှာ"

ဝမ်လုံဖေး ယခုမှ သ ဘောပေါက် သွား သည်၊ ကိန္နရီ မောင်နှံသိုင်းကို လေ့ကျင့်၍မရသည့် အကြောင်းရင်းကိုလည်း သိသွားသည်။ အဆိုးထဲက အကောင်းရဆိုသလို ဤနေရာသို့ ရောက်လာပြီး အကိုးအို ရီတုနှင့် လာဆုံခြင်း အတွက်လည်း ဝမ်းသာမိလေသည်။

*

## ၁၉။ အဆိပ်မိခြင်း

ဝမ်လုံဖေးက အဘိုးအိုရီတုံ ရှေ့တွင် ဒူးထောက်ထိုင်လိုက်ကာ....

"ကျွန်တော့်ကို ကိန္နရီမောင်နှံ **ဓား**သိုင်းတတ်အောင် သင်ပေးပါ ဘဘကြီး။ ကျွန်တော် သိုင်းပညာ ထက်မြက်လာရင် နယ်ခွဲချွတွေကိုကော သင်းတို့ရဲ့ သစ္စာခံတွေကိုကော ချေမှုန်းချင်လို့ပါ"

"ဒီလို မလုပ်နဲ့ လူလေး။ ငါ့ကို **အရူး**လို သဘောထားပြီး ဆက်ဆံ၊ ဖန်းတောက်စန်းတို့ သိသွားရင် အန္တရာယ်ဖြစ်ကုန်လိမ့်မယ်။ ဂူအပြင်ဘက်ကို သတိထားကြည့်။ တခြားလူရှေ့မှာတော့ ငါက အရူးလိုပဲ နေမှ ဖြစ်မယ်"

ထိုအခါမှ ဝမ်လုံဖေး ထရပ်ပြီး ဂူပြင်ဘက်ကို သတိထားကြည့်သည်။ လူရိပ်လူရောင်ကိုမူ မတွေ့ရပါချေ။

အဘိုးအို ရီတုံလည်း ဂူပြင်ကို ကြည့်ရင်း ဝမ်လုံဖေး ကြားရရုံ လေသံဖြင့် ပြောပြသည်။

"ငါဟာ ကိန္နရီမောင်နှံသိုင်းကို အဖိုသိုင်းတစ်အုပ် အမသိုင်းတစ်အုပ် နှစ်အုပ်ခွဲပြီး ရေးခဲ့တယ်။ ငါ တီထွင်ခဲ့တဲ့ သိုင်းကွက် မပျောက်ပျက်သွားအောင်နဲ့ အကျိုးရှိရှိ အသုံးချနိုင်ဖို့ ပေးသင့် ပေးထိုက်သူကို ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေး





ခဲ့တာပဲ။ မင်းအဖေနဲ့ ဆုံတုန်းက ငါ့မှာ အဖိုသိုင်းစာအုပ်ပဲ ပါလာတယ်။ မင်း အဖေကို ပေးသင့်လို့ ပေးလိုက်တယ်၊ နောက်ဆုံးမှပဲ အမသိုင်းကျမ်းစာအုပ်ကို ပေးမယ်လို့ ပြောခဲ့တယ်။ ဒါပေမယ့် မင်းအဖေနဲ့ ဆုံပြီး မကြာခင်မှာပဲ ငါ အဖမ်းခံရတယ်၊ ဒီကို ရောက်လာတယ်။ ငါ ရေးထားတဲ့ အမသိုင်းစာအုပ်ကိုလည်း ဖျောက်ဖျက်လိုက်ရတယ်"

ဝမ်လုံဖေး စိုးရိမ်သွားပြီး....

"ဟင်.... ဒါဆို အမသိုင်းသုံးဆယ့်ခြောက်ကွက်ကို ဘဘကြီး မှတ်မိသေးရဲ့လား"

အဘိုးအို ရီတုံ ပြုံးလိုက်ကာ....

"ငါကိုယ်တိုင် တီထွင်ပြီး ရေးသားပြုစုခဲ့တာပဲ။ သေတာတောင် ဘယ်မေ့လိမ့်မလဲကွယ်။ အေး–မင်းအဖေက ငါ့ရဲ့ သိုင်းပညာကို မရလိုက်တော့ မင်းကို ငါ သင်ပေးမယ်၊ မင်းသာ ပိပိရိရိ လေ့ကျင့်ပြီး အသုံးချ၊ ငါကတော့ အသုံးချလို့ မရတော့ဘူး။ မင်းဘက်က စီမံနိုင်တို့ သားအဖကရပ်တည်မယ် ဆိုတော့ မင်း ကံကောင်းပါတယ်။ လောလောဆယ် အခြေအနေဆိုးနဲ့ ကြုံတွေ့ရပေမယ့် တစ်နေ့နေ့မှာ ဒီနေရာက မင်းလွတ်မှာပါ။ တစ်ခုတော့ရှိတယ်၊ ငါ အရူးယောင်ဆောင်နေတယ်ဆိုတာ ဘယ်သူမှ မသိပါစေနဲ့။ ပြောသင့်တဲ့တစ်ချိန် ပြောသင့်တဲ့လူကို ငါကိုယ်တိုင် ဖွင့်ပြောမယ်"

"ဟုတ်ကဲ့၊ စိတ်ချပါ ဘဘကြီး"

"အင်း.... ကောင်မလေး ပြောသွားသလိုဆို ဖန်းတောက်စန်း ကလည်း မင်းကို ငရဲပန်းအဆိပ် ကျွေးပြီး အရူးဘဝ ရောက်အောင် လုပ်ဦးမှာပဲ"

"ကျွန်တော် ကြိုသိထားတာပဲ။ သူကျွေးပေမယ့် ကျွန်တော် မစားဘူး"

အဘိုးအို ရိတု သက်ပြင်းချလိုက်ကာ....

"လက်ရှိ မင်းရဲ့ သိုင်းပညာအဆင့်နဲ့ ဖန်းတောက်စန်းကို မင်း ယှဉ်နိုင်လိမ့်ဦးမယ် မထင်ဘူး။ သူက မင်းကို အနုနည်းနဲ့ ကျွေးမရရင် အကြမ်းနည်းနဲ့ ကျွေးမှာပဲ။ ဒါဆို မင်းဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

ဝမ်လုံဖေး စိုးရိမ်သွားပြီး....

"ဟင်.... ဒါဆို ကျွန်တော်လည်း ရူးရမှာပေါ့"

"မစိုးရိမ်ပါနဲ့။ ငါလည်း ငရဲပန်းအဆိပ်ကို စားခဲ့ရတာပဲ။ ဒါပေမယ့် မရူးပါဘူး။ အချိန်မီ အဆိပ်မဖြေနိုင်လို့သာ ဒုက္ခိတလို ဖြစ်သွားရတာ၊ ငါ့မှာ မရူးအောင် လုပ်နိုင်တဲ့နည်း ရှိတယ်။ ငရဲပန်းအဆိပ်ကို စားမိဦးတောင် မင်း မရူးစေရဘူး။ အေး.... ငါ့လိုပဲ ရူးဟန်ဆောင်နေဖို့တော့ လိုလိမ့်မယ်။ ငါ့ရဲ့ ကိန္နရီသိုင်း ၃၆–ကွက်ကို မင်း လေ့ကျင့်မယ်ဆိုရင် တစ်နှစ် ကျော် နှစ်နှစ်တော့ လေ့ကျင့်ရမှာ။ မင်းက အခြေခံအား ကောင်းမယ်ဆိုရင်တော့ တစ်နှစ်လောက်နဲ့ အောင်မြင်လိမ့်မယ်။ ငါကတော့ ဒီအရပ်ဒေသက မခွာတော့ဘူး။ အခွင့်အရေး ရရင် အဆိပ်ငါးမျိုး ဂိုဏ်းကို ဒုက္ခလှလှကြီးပေးပြီး အသေခံ မယ်လို့ ဆုံးဖြတ်ထားတယ်။ ဒါကြောင့် လောလောဆယ်





အခွင့်အရေးရတာတောင် မင်း ထွက်မပြေးနဲ့ဦး၊ ငါ့ဆီမှာ ပညာသင်ဦး"

"ဖေဖွားအတွက် မန်ချူးတပ်မှူးကြီး ထုံးပဲစီးကို ကျွန်တော် လက်စားချေရပါဦးမယ် ဘဘကြီး။ တော်လှန်ရေးတိုက်ပွဲတွေမှာလည်း ဝင်နွှဲရပါဦးမယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဒီနေရာကနေ အနေးနဲ့ အမြန် လွတ်အောင် ကြိုးစားရမှာပဲ။ ဖြစ်နိုင်ရင် အဆိပ်ငါးမျိုးဂိုဏ်းကိုတောင် ဖြိုသွားချင်ပါတယ်၊ အဆိပ်ငါးမျိုးဂိုဏ်းက မန်ချူးတွေအပေါ်မှာ သစ္စာစောင့်သိဆုံး ဂိုဏ်းမဟုတ်လား။ ကျွန်တော့် ဖေဖေ"

ဝမ်လုံဖေး စကား တစ်ပိုင်းတစ်စ ပြတ်သွားပြီး အပြင်ကို ချောင်းကြည့်ရင်း ပြောသည်။

"လူလာနေတယ်"

အဘိုးကြီး ရိတုလည်း အပြင်ကို ချောင်းကြည့်ပြီး ထိတ်ပျာပျာ ပြောသည်။

"ဖန်းတောက်စန်းပဲ၊ မင်းလည်း ဟန်မပျက်နေ။ ငါလည်း အရူးလို ပြုံနေရမယ်"

အဘိုးကြီး ရိတု ပြောပြီး မီးပုံဆီပြေးသွားကာ ဂူပေါက်ဝကို ကျောပေးလျက် ဆောင့်ကြောင့်ထိုင်နေသည်။ ဝမ်လုံဖေးလည်း ဂူနံရံဆီသို့လာကာ ကျောမှီ ထိုင်လျက် ဂူပေါက်ဝ မျက်နှာပြု နေလိုက်သည်။

*

မကြာမီ ဂူထဲသို့ လူသုံးယောက် ဝင်လာကြသည်။

ရှေ့ဆုံးမှ ဝင်လာသူမှာ အသက် သုံးဆယ်ကျော် အရွယ် ရှိပြီး အသားညိုကာ ရုပ်ဆိုးသည်၊ မျက်နှာတွင် ကျောက်ပေါက်မာများ ရှိပြီ၊ နဖူးနှင့် ပါးစောင်တွင် အသားပို ဘုလုံး တစ်လုံးစီ ရှိနေသည်၊ သွားခေါပြီး နှုတ်ခမ်းထူကာ ပါးစပ်ပြဲသည်၊ အရပ်မြင့်ပြီး ခန္ဓာကိုယ် ထွားကျိုင်းသဖြင့် လူ့ဘီလူးကြီးနှင့် တူနေသည်။

သူ့ကိုယ်ပေါ်တွင် လှပသော ပန်းနုရောင် ပိုးဝတ်စုံကို ဝတ်ထားသည်။ သူ့ပုံပန်းသဏ္ဌာန်နှင့် ဝတ်ဆင်မှုက လိုက်ဖက်ခြင်း မရှိချေ၊ သူ့ခါးတွင် ကျာပွတ်တစ်ချောင်းကို ပတ်ထားပြီး ကျောတွင် ကြီးမားလှသည့် ဓားတစ်လက်ကို လွယ်ထားသည်၊

သူ့နောက်မှ လူနှစ်ယောက်က အဆိပ်ငါးမျိုး ဂိုဏ်းဝင် ဝတ်စုံကို ဝတ်ထားကြသည်။ တစ်ယောက်၏ လက်ထဲတွင် စားသောက်ဖွယ်ရာ ထည့်ထားသော လင်ပန်းတစ်ချပ်ကို ကိုင်ထားပြီး နောက်တစ်ယောက်က ကျာပွတ်တစ်ချောင်းကို ဆွဲ၍ ကိုင်လာသည်။

ရုပ်ဆိုးသော လူ့ဘီလူးကြီးမှာ ဖန်းတောက်စန်း ဖြစ်လိမ့်မည်ဟု ဝမ်လုံဖေး တွေးမိသည်။ ထိုလိုလူမျိုးက နုနုနယ်နယ် လှလှပပရှိသော စီရှုရှန်ကို လက်ထပ်ယူရန် ကြိုးစားနေသဖြင့် ဝမ်လုံဖေး မခံချင် ဖြစ်မိသည်။ သူက တင်းမာခြင်း၊ ပျော်ပျောင်းခြင်း မရှိသော မျက်နှာမျိုးဖြင့် အကဲခတ် ကြည့်နေမိသည်။





ရုပ်ဆိုးသော လူ့ဘီလူးကြီးမှာ ဖန်းတောက်စန်းပင် ဖြစ်၏။ သူက ကျောခိုင်း၍ ထိုင်နေပြီး ပေါက်တတ်ကရ စကားပြောလျက် ရယ်လိုက် ငိုလိုက်ဖြင့် အရူးဟန် ဆောင်နေသော အဘိုးအို ရီတုကို တစ်ချက်ကြည့်ပြီး ကျာပွတ်ကိုင်ထားသော နောက်လိုက်ကို လှည့်မေးသည်။

"ဒီအဘိုးကြီးက အလုပ် သွားမလုပ်ဘူးလား"

"ဒီနေ့ သူ့နားရက်ပါ သခင်ကြီး"

"ဒါဆိုလည်း အပြင်ကို မောင်းထုတ်လိုက်စမ်းကွာ"

ဖန်းတောက်စန်း အမိန့်ပေးတော့ နောက်လိုက်က ကျာပွတ်ကို ဝှေ့ယမ်းလျက် အဘိုးအို ရီတုထံ လျှောက်သွားသည်။

"အဘိုးကြီး အပြင်မှာ ထွက်နေစမ်း"

"ထိုလူပြောတော့ အဘိုးအို ရီတုက လှည့်မကြည့်ဘဲ ရူးကြောင်ကြောင် လေသံဖြင့် ပြန်ပြောသည်၊

"နေပါဦးကွယ်၊ နတ်သမီးလေးတွေက ငါ့ကို ကပြနေတာ ကြည့်ပါရစေဦး"

"ဟာ....ဘီအရူး"

"ရှမ်း"

"အိမယ်လေး.... ကြောက်ပါပြီ"

ကျာပွတ်ဖြင့် အရိုက်ခံရတော့ အဘိုးအို ရီတု ကြောက်လန့်တကြီး အော်ပြီး ဂူပြင်ကို ထွက်ပြေးသွားသည်၊

ထိုမြင်ကွင်းကြောင့် ဝမ်လုံဖေး မခံချင် ဖြစ်သွားသော်လည်း အဘိုးအို ရီတုက တကယ်ရူးနေခြင်း မဟုတ်ကြောင်း သတိရသဖြင့် စိတ်ကို ပြန်ပြီး ထိန်းချုပ်လိုက်သည်၊

ဖန်းတောက်စန်း ပြုံးပြုံးရွှင်ရွှင်ဖြင့် ဝမ်လုံဖေးထံ လျှောက်လာသည်။

''ချာတိတ် မင်းတို့ အရှုံးနဲ့နေရတာ စိတ်ညစ်မှာပဲ။ ငါ မရှိလို့ မင်း အခုလိုနေရတာပဲ။ မနေ့ကပဲ ဂိုဏ်းချုပ်ကြီးဆီက ငါ ပြန်ရောက်လာတယ်။ မင်းကို ကောင်း ကောင်း ထား ဖို့ ကောင်းကောင်းကျွေးဖို့ ဂိုဏ်းချုပ်ကြီး ငါ့ကို မှာလိုက်တယ်။ နောက်ဆို မင်း ဒီမှာ မနေရတော့ဘူး။ အခုလည်း မင်းအတွက် စားကောင်းမယ့် နေ့လယ်စာ ယူလာတယ်''

ဖန်းတောက်စန်း ပြောပြီး နောက်လိုက်တစ်ဦးထံမှ လင်ပန်းကို ယူကာ ဝမ်လုံဖေး ရှေ့၌ ချပေးသည်။ လင်ပန်းထဲတွင် ထမင်းတစ်ပန်းကန်၊ ကြက်စွပ်ပြုတ် တစ်ပန်းကန်၊ ကြက်ဥကျော် တစ်လုံးနှင့် နွားနို့ တစ်ခွက် ပါသည်။

''ဩော်....ငါ့ကို မင်းသိမှာ မဟုတ်ဘူး၊ ငါက ဒီအဆိပ်ကျွန်းရဲ့ အုပ်ချုပ်ရေးမှူး ဖန်းတောက်စန်းပဲ။ ဂိုဏ်းချုပ်ကြီးဆီ ငါရောက်တုန်းက မင်းအစ်မ ဟွာချင်ချင်နဲ့လည်း တွေ့ခဲ့တယ်၊ ဟွာချင်ချင် ရှင်းပြလို့ ဂိုဏ်းချုပ်ကြီးလည်း ဟွာချင်ချင်ကို အထင်မှားမိမှန်း သိသွားပြီ။ ဟွာချင်ချင်ကို အပြစ်မယူတဲ့အပြင် ရာထူးတောင် တိုးပေးလိမ့်မယ်။ မင်းကို ဒီသုံးလေးရက်အတွင်း ဟွာချင်ချင် ကိုယ်တိုင် လာခေါ်လိမ့်မယ်။ ကဲ....စားလိုက်ဦး။ အားရှိသွားအောင် နွားနို့ လည်း သောက်''

ဝမ်လုံဖေးသည် ဝတ်ပြုတ်နေပါက ကောင်းမွန်သော ဤ စားသောက်ဖွယ်ရာများကို စားသောက်မိမှာ သေချာသည်၊ ယခုမူ စီရှုရှန်ကိုယ်တိုင် ကောင်းနိုးရာရာ စားသောက်ဖွယ်ရာ





များကို စီစဉ်၍ အချိန်မှန် လာပို့ခဲ့သဖြင့် မက်မက်မောမော စားသောက်လိုစိတ် မရှိချေ။ အစားအသောက်များထဲ၌ ငရဲပန်း အဆိပ် ခတ်ထားလိမ့်မည်မှန်း သိသဖြင့် စားသောက်ရန် မရဲချေ။

*

ဖန်းတောက်စန်း၏ အပြောအဆိုအရ မိမိနှင့် စီရှုရှန်တို့ ရင်းနှီးမှုကို ၎င်း မသိသေးဟု ဝမ်လုံဖေး တွေးမိသည်။ ၎င်းက ဟန်လုပ်၍ ပြောသဖြင့် မိမိကလည်း ဟန်လုပ်ကာ ပြောရပေမည်။

''အခုလို ကျွန်တော့်ကို အရေးတယူနဲ့ ဆက်ဆံတဲ့အတွက် ဝမ်းသာပါတယ်။ အများကြီးလည်း ကျေးဇူးတင်ပါတယ်။ ဆရာ ယူလာတဲ့ အစားအစာတွေကလည်း သိပ်ကောင်းပါတယ်။ ကျွန်တော် ရင်ပြည့်နေလို့ ဘာမှ စားချင်စိတ် မရှိပါဘူး၊ မစားပါရစေနဲ့''

ဖန်းတောက်စန်း မျက်မှောင်ကြုတ်သွားပြီး ဝမ်လုံဖေးကို အကဲခတ်ကြည့်ကာ....

''ဒီကျွန်းပေါ်ကို မင်း ရောက်လာပြီးတဲ့နောက် ဒီလို ကောင်းတဲ့ အစားအစာတွေ မင်းစားရလိမ့်မယ် မဟုတ်ဘူး

ဆိုတာသိလို့ ငါက စေတနာနဲ့ ယူလာတာပါ။ ဝင်သလောက်တော့ စားလိုက်ပါ”

“ကျွန်တော် တကယ့်ကို စားချင်စိတ် မရှိလို့ပါ ဆရာရယ်”

“ဒါဆိုလည်း အစားမစားချင်နေ၊ အား ရှိသွား အောင် နွားနို့ သောက်လိုက်”

ဖန်းတောက်စန်း နွားနို့ခွက်ကို ယူ၍ ပေးသည်။ ဝမ်လုံဖေး မယူဘဲ ခေါင်းခါပြကာ....

“ကျွန်တော် မသောက်ချင်ဘူး”

“ဘာဖြစ်လို့လဲ”

“မကြိုက်လို့ပါ”

နွားနို့ထဲတွင် ငရဲပန်းအဆိပ် ခတ်ထားလိမ့်မည်ဟု တွေးမိသဖြင့် ဝမ်လုံဖေး တွင်တွင်ငြင်းသည်။

ဟန်ဆောင်ပြုံး ပြုံးခနသည့် ဖန်းတောက်စန်း မျက်နှာက တစ်မုဟုတ်ချင်း ကင်းမာသွားသည်။

“ငါက ငါကျွေးတာကို စားမှသောက်မှကျေနပ်တာကွ”

“ကျွန်တော် မစားချင် မသောက်ချင်လို့ပါ ခင်ဗျာ”

ဖန်းတောက်စန်း အင်္ကျီအိတ်ထဲမှ ဆေးပုလင်းလေး တစ်လုံးကို ထုတ်ယူပြီး ပုလင်းထဲမှ ဆေးလုံး တစ်လုံးကို ထုတ်ကာ ဝမ်လုံဖေးအား ပေးကမ်းရင်း ပြောသည်။

“ဒါဆိုလည်း ဒီအားဆေးကိုပဲ သောက်လိုက်”

ဆေးလုံးကို ကြည့်ပြီး ငရဲပန်းအဆိပ်ဖြစ်လိမ့်မည်ဟု ဝမ်လုံဖေး တွေးမိလျက် ထိတ်ခနဲ ဖြစ်သွားသည်။ သူက ခေါင်းကို သွက်သွက်ခါယမ်းရင်း ငြင်းသည်။





“အို.... မသောက်ဘူး.... မသောက်ဘူး”

“ဘာဖြစ်လို့လဲကွ”

ဖန်းတောက်စန်း အသံက ဒေါသသံ ပါလာသည်။

“ဘာမှ မဖြစ်ဘူး.... ကျွန်တော် မသောက်ဘူး”

“သောက်ရမယ်”

ဖန်းတောက်စန်း ဒေါပွသွားပြီး ဝမ်လုံဖေးအား ဖမ်းချုပ်မည် ပြုသည်။ ဝမ်လုံဖေး လိမ့်ထွက်ပြီး ရှောင်လိုက်သည်။

“တောက်.... မင်းက ဒီလိုလား”

ဖန်းတောက်စန်း ပို၍ ဒေါပွသွားပြီး ဝမ်လုံဖေးကို အတင်းလိုက်ဖမ်းသည်။ ဝမ်လုံဖေး ရှောင်ရင်း လက်ဝါးဖြင့်လှမ်းရိုက်သည်။ ဖန်းတောက်စန်း မရှောင်ဘဲ ဘယ်လက်ဝါးဖြင့် ပြန်ရိုက်သည်။

“ဖြန်း”

လက်ဝါးချင်း အရှိန်ပြင်းစွာရိုက်မိပြီး ဝမ်လုံဖေး နောက်ကို ဆုတ်ယိုင်သွားသည်။ ဝမ်လုံဖေး ခပ်ပေါ့ပေါ့ ရိုက်လိုက်သဖြင့် ခံလိုက်ရခြင်းဖြစ်၏။

ဖန်းတောက်စန်း ခုန်ဝင်လာပြီး ဝမ်လုံဖေးကို ထပ်ရိုက်သည်။ ဝမ်လုံဖေး မရှောင်ချေ၊ မပေါ့ဆရဲချေ၊ ခြသေ့်မင်းစိမ်းမွေချုပ်ထံမှ သင်ကြား တတ်မြောက်ခဲ့သော တောင်ဖြိုအတွင်းအားကို အသုံးပြုလျက် ပြန်ရိုက်သည်။

“ဝုန်း”

“အွန့်”

လက်ဝါးနှစ်ဖက် အရှိန်ပြင်းစွာ ရိုက်မိပြီး ဖန်းတောက်စန်း နောက်ကို ခြေလေးငါးလှမ်း ဆုတ်ယိုင်သွားပြီး ဖင်ထိုင်ကျသည်။ ဝမ်လုံဖေးကမူ နောက်ကို ခြေနှစ်လှမ်းသာဆုတ်သွားပြီး မလဲချေ။

ဖန်းတောက်စန်း၏ လက်အောက်နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်၊ တစ်ယောက်က ဝမ်လုံဖေးကို ကျာပွတ်ဖြင့် လှမ်းရိုက်သည်၊ ဝမ်လုံဖေး ကျာပွတ်အဖျားကို လှမ်းဆုပ်ကာ ဆောင့်ဆွဲလိုက်သည်။ ထိုလူရှေ့ကို ငိုက်ပါလာတော့ လက်ဝါးဖြင့်ဆီးရိုက်သည်။

"ဝုန်း"

"အား"

ထိုလူ့ ရင်ဘတ်ကို ရိုက်မိပြီး နောက်ကို လွင့်၍ လဲကျသွားသည်။

*

ဖန်းတောက်စန်း ရှက်လည်းရှက်၊ ဒေါလည်းပွသွားသည်၊

"တောက်.... မင်းကို လျှော့တွက်မိတာ ငါမှားသွားတယ်၊ သိကြရောပေါ့"





ဖန်းတောက်စန်း ထရပ်ရင်း ကြိမ်းဝါးသည်။ ဝမ်လုံဖေး ထံ ခုန်ဝင်သည်။ အရမ်းကာရော ခုန်ဝင်ခြင်းမဟုတ်ဘဲ သတိဖြင့် ခုန်ဝင်ခြင်း ဖြစ်၏။

ဝမ်လုံဖေးက လက်ဝါးဖြင့် ဆီးရိုက်သည်။ ဖန်းတောက်စန်း လက်ဝါးချင်းယှဉ်၍ မရိုက်ရဲချေ။ သူက ဝမ်လုံဖေး ရိုက်ချက်ကို ရှောင်တိမ်းရင်း ဝမ်လုံဖေး၏ 'ကျိဖန်' သွေးကြောကို ထိုးပိတ်သည်။

"အင့်"

ဝမ်လုံဖေး မရှောင်နိုင်ဘဲ သွေးကြော အပိတ်ခံရကာ လဲကျသွားသည်။ သူ့ ခြေလက်များ မလှုပ်ရှား နိုင်တော့ချေ၊ ပြန်လည် မထနိုင်ချေ၊

ဖန်းတောက်စန်းက ဝမ်လုံဖေး၏ ပါးစပ်ထဲသို့ ဆေးလုံး သွင်းသည်။ ဝမ်လုံဖေး ပါးစပ် ပိတ်ထားသည်၊ ဖန်းတောက်စန်းက ဝမ်လုံဖေး၏ ပါးစောင်ကို လက်ဖြင့် ညှစ်လိုက်သောအခါ ပါးစပ်ပွင့်သွားသည်။ ဖန်းတောက်စန်းက ပွင့်သွားသော ပါးစပ်ထဲသို့ ဆေးလုံးကို ထည့်သည်။

ဝမ်လုံဖေး ထွေးထုတ်မည်ပြုသေးသည်၊ ဖန်းတောက်စန်းက နှာခေါင်းကိုကော ပါးစပ်ကိုပါ ပိတ်လိုက်သဖြင့် ထွေးမထုတ်နိုင်ဘဲ ဆေးလုံးက ဝမ်းထဲကျသွားသည်၊

ဝမ်လုံဖေး ထိတ်လန့် တုန်လှုပ်သွားသည်၊

"ခွေးမသား.... ခုတော့ မင်းဘာတတ်နိုင်သေးသလဲ"

ဖန်းတောက်စန်းက ဝမ်လုံဖေးကို ဆောင့်တွန်းရင်း ပြောလိုက်သည်၊

ဝမ်လုံဖေး ဘာမှ ပြန်မပြောဘဲ မည်သို့သော ထူးခြားချက်မျိုး ဖြစ်ပေါ်လာမည်နည်းဟု မိမိကိုယ်မိမိ ဆန်းစစ်နေသည်၊ ရင်ထဲတွင် အနည်းငယ် ပူလာရုံမှအပ ထူးထူးခြားခြား မခံစားရပါချေ။

ဖန်းတောက်စန်းကသာ မဲ့ပြုံး ပြုံး၍ ထပ်ပြောသည်၊

"မင်းကို ငရဲပန်းအဆိပ် ကျွေးလိမ့်မယ်ဆိုတာ မင်းကကြိုသိနေတယ်ပေါ့ ဟုတ်လား။ စီရှုရှန် ပြောပြလို့ မင်းသိတာ မဟုတ်လား"

"မဟုတ်ဘူး.... မဟုတ်ဘူး။ အဆိပ်ကျွန်းနဲ့ ငရဲပန်းအဆိပ် အကြောင်းကို မမဟူ့ချင်ချင် ကြိုပြောထားလို့ ကျုပ်သိတာ"

စီရှုရှန်ကို ဖန်းတောက်စန်း ဒုက္ခပေးမည် စိုးသဖြင့် ဝမ်လုံဖေး လှည့်ပြောလိုက်ခြင်း ဖြစ်လေသည်။

"ဒါဆို နောက်သုံးရက်ဆိုရင် မင်း အရူးဘဝ ရောက်ပြီဆိုတာလည်း သိမှာပေါ့။ ကောင်းတယ်။ ကောင်းတယ်၊ ဒါမှ မရူးခင် မင်း ခံစားရမှာ"

ဖန်းတောက်စန်း စကားဖြတ်ပြီး နောက်လိုက်တစ်ယောက်ကို လှည့်၍ အမိန့်ပေးသည်။

"ချွန်းမင်.... ဒီကောင့်ကို ဒီဂူထဲမှာ မထားနဲ့။ အကျဉ်းခန်းထဲမှာ သွင်းထားလိုက်။ သုံးရက် ကျော်လို့ ရူးသွားမှ အကျဉ်းခန်းထဲက ပြန်ထုတ်။ အစားကို မသေရုံ တစ်မယ်ပဲ ကျွေး"

"ဟုတ်ကဲ့.... သခင်ကြီး"





ချွန်းမင်ဆိုသူ ပြောပြီး ဝမ်လုံဖေးကို တချွတ်တိုက် ဆွဲ၍ ဂူထဲမှ ထုတ်လာသည်၊ ဝမ်လုံဖေး သွေးကြောပိတ် ခံထားသဖြင့် လှုပ်ရှားရုန်းကန်နိုင်စွမ်း မရှိချေ။ ချွန်းမင်ဆိုသူ ဆွဲခေါ်ရာသို့ ပါလာသည်။

နောက်မှ ဖန်းတောက်စန်းနှင့် နောက်လိုက်တစ်ယောက် ပါလာသည်။

ဂူအပြင်သို့ အရောက်တွင် မလှမ်းမဝေးရှိ ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ ရယ်လိုက် ပါးစပ်မှ တတွတ်တွတ် ပြောလိုက် လုပ်နေသော အဘိုးအို ရီကုကို ဝမ်လုံဖေး လှမ်းမြင်ရသည်။

အဘိုးအို ရီကုက ဝမ်လုံဖေးဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး အရေးမထားသလို မျက်နှာပြန်လွှဲသွားသည်။

ဝမ်လုံဖေးကို ကျောက်တောင်အောက်ခြေအတိုင်း ပတ်၍ ခေါ်လာကြသည်။ မကြာမီ သံတိုင်များကာထားသော ဂူလေးတစ်ဂူသို့ ရောက်လာသည်။ သံတိုင်တံခါးဖွင့်ပြီး ဝမ်လုံဖေးကို ဂူထဲသို့ သွင်းသည်။ ဖန်းတောက်စန်းက ဝမ်လုံဖေး၏ သွေးကြောကို ပြန်ဖွင့်ပေးသည်။

သံတံခါးကို ပြန်ပိတ်၍ သော့ခတ်ကာ ဖန်းတောက်စန်းတို့ ထွက်သွားကြလေသည်။

ဝမ်လုံဖေး စိတ်ဓာတ်ကျစွာ ကျန်နေခဲ့သည်။

*

## ၂၈။ အဆိပ်ထိန်းနည်း

ဝမ်လုံဖေး သံတိုင်ကြားမှ အပြင်ကို ကြည့်နေမိသည်။

အဘိုးအို ရီတုံ့ကို ရောက်လာလေမလားဟု မျှော်နေမိသည်။ မိမိ၏ အဖြစ်ကို စီရှုရှန် သိပါလေစဟု တွေးနေမိသည်။ စီရှုရှန်သာ သိပါက မိမိထံ ရောက်လာလိမ့်မည် ဖြစ်ကြောင်း ယုံကြည်သည်။

ငရဲပန်းအဆိပ် မိထားသဖြင့် ဝမ်လုံဖေး စိုးရိမ်ပူပန်နေသည်။ အရူးဘဝ ရောက်သွားမည်ကို စိုးကြောက်သည်။ ငရဲပန်း အဆိပ်ကို ဖြေနိုင်သည့် ဖြေဆေးက အဆိပ်ဝေါးမျိုး ဂိုဏ်းချုပ်ကြီး ထံတွင်သာ ရှိသည် ဆိုသဖြင့် အဆိပ်ဖြေဆေး ရနိုင်ဖို့တော့ မလွယ်ချေ။

ငရဲပန်းအဆိပ် မိသည့်ကိုင် မရူးစေရဟု အဘိုးအို ရီတုံ့ကတော့ အာမခံထားသည်။ စီရှုရှန်တို့ပင်လျှင် အဘိုးအို ရီတုံ့ကို ရူးနေသည်ဟု ထင်ထားကြသည်။ အဘိုးအို ရီတုံ့ မရူးအောင် မည်သည့်နည်းနှင့် လုပ်ထားကြောင်း စီရှုရှန်တို့ပင် သိပုံမရကြချေ။

မိမိကိုသည်း မရူးရအောင် အဘိုးအို ရီတုံ့က လုပ်ပေးနိုင်ပါမည်လော။





ဝမ်လုံဖေး တွေးရင်း စိုးရိမ်မကင်း ဖြစ်နေမိသည်။ သူမျှော်သော်လည်း မည်သူမှ ရောက်မလာချေ။ အစာလည်း လာမပို့ချေ။ အကျဉ်းခန်းထဲ၌ ရေလည်း မရှိချေ။

ဝမ်လုံဖေး ဗိုက်လည်း ဆာလာသည်။ ရေလည်း ငတ်လာသည်။

မိုးချုပ်ခါနီးမှ အဘိုးအို ရီတုံ့ ဟိုကြည့် ဒီကြည့်ဖြင့် ရောက်လာသည်။

သံတိုင်အနီးကိုရောက်တော့ ဝမ်လုံဖေးကို ကျောခိုင်းကာ ဆောင့်ကြောင့်ထိုင်သည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်ရင်း အရူးလို လက်နှစ်ဖက်ကို မြှောက်လိုက် ချလိုက် လုပ်နေသည်။

အဘိုးအို ရီတုံ့ လူရိပ် လူခြေကို ကြည့်နေခြင်းဖြစ်ကြောင်း ဝမ်လုံဖေး သိသဖြင့် ဘာမှ မပြောဘဲ ငြိမ်နေလိုက်သည်။

အဘိုးအို ရီတုံ့က ဝမ်လုံဖေးကို လှည့်မကြည့်ဘဲ စကားစ ပြောသည်။

"မင်း ငရဲပန်းအဆိပ် မိသွားပြီလား"

"ဟုတ်ကဲ့ ဘဘကြီး"

"အင်း.... ဂူပြင်က ငါ ချောင်းကြည့်နေတယ်။ မင်းက ဖန်းတောက်စန်းကို ပြန်ပြီး ရန်ရှာတော့ မင်းကို သူက ပိုပြီး အငြိုးကြီးသွားတာပေါ့။ ပြီးတော့ မင်းရဲ့ သိုင်းပညာအဆင့်ကိုလည်း သိသွားတာပေါ့။ နို့မို့ မင်းကို ဒီအကျဉ်းခန်းထဲမှာ ထည့်ထားမှာ မဟုတ်ဘူး"

“ကျွန်တော် စိတ်မထိန်းနိုင် ဖြစ်သွားတယ် ဘဘကြီး…၊ နောက် သုံးရက်ဆိုရင် ကျွန်တော် ရူးလိမ့်မယ်လို့ ဖန်းတောက်စန်းက ပြောတယ်။ ဟုတ်ရဲ့လား ဘဘကြီး”

“ငရဲပန်းအဆိပ်ဟာ သုံးရက်အတွင်း အစွမ်းမပြသေးဘူးကွ၊ သုံးရက်ကျော်မှ အဆိပ်တွေ စ,ပြတယ်၊ ဒါဆို တဖြည်းဖြည်း စိတ်ဖောက်ပြန်သွားပြီပဲ။ ဦးနှောက်ထဲကို အဆိပ်တွေ ရောက်သွားရင်တော့ လုံးလုံး ရူးပြီပဲ၊ သုံးရက်အတွင်း အဆိပ်ဖြေဆေးကို သောက်နိုင်မှ အန္တရာယ် မရှိမှာ၊ ဒါပေမယ့် အဆိပ်ဖြေဆေးက အဆိပ်ငါးမျိုး ဂိုဏ်းချုပ်ကြီးဆီမှာပဲရှိတော့ အဆိပ်ဖြေဆေးရဖို့ မလွယ်ဘူး”

အဘိုးအိုရီတုံ စကားကြောင့် ဝမ်လုံဖေး စိုးရိမ်ထိတ်လန့်သွားသည်။

“ဒါဆို နောက်သုံးရက်ဆို ကျွန်တော် ရူးတော့မှာပေါ့”

“မစိုးရိမ်ပါနဲ့။ ငရဲပန်းအဆိပ်ကို ငါက မဖြေနိုင်ပေမယ့် အဆိပ်တွေ ပြန့်မသွားအောင် ထိန်းထားနိုင်တဲ့နည်းကိုတော့ ငါ သိထားပါတယ်။ ငါလည်း ခြောက်နှစ်နီးပါး ဒီနည်းနဲ့ ထိန်းထားလို့ မရူးတာပေါ့”

“အဆိပ်မဖြေနိုင်သေးတာတောင် မရူးအောင် ထိန်းထားနိုင်ရင် တော်ပါပြီ ဘဘကြီးရယ်၊ ဘယ်လိုနည်းနဲ့ ထိန်းထားရမှာလဲ”

အဘိုးအိုရီတုံ ဘေးပတ်ဝန်းကျင်ကိုကြည့်ရင်း ထရပ်သည်။ သံတိုင်နား ကပ်လာသည်။ သူ့အင်္ကျီအောက်မှာ လက်သီးဆုပ်





သာသာခန့် ဘူးသီးခြောက်ကလေးကို ထုတ်၍ ဝမ်လုံဖေးကို ပေးရင်း ပြောသည်။

“ဒီထဲက အရည်ကို သောက်လိုက်”

ဝမ်လုံဖေး ဘူးသီးခြောက်ကို ယူပြီး အဝကို နှာခေါင်းတေ့၍ အနံ့ခံကြည့်သည်။ ချဉ်စူးစူး အနံ့ကို ရသည်။

“ဘာအရည်လဲ ဘဘကြီး”

“အရက်ဆိုပါတော့ကွာ။ ငါ့ဘာသာ လုပ်ထားတဲ့ အရက်ပေါ့”

“ဟင်…. အရက်က ငရဲပန်းအဆိပ်ကို ထိန်းလို့ လား”

“ထိန်းလို့ ခုထိ ငါမရူးတာပေါ့။ ငါလည်း ကံ အားလျော်စွာ ဒီနည်းကို တွေ့တာ၊ အရက်နဲ့ ငရဲပန်း အဆိပ်ကို ထိန်းထားနိုင်တယ်ဆိုတာ ဖန်းတောက်စန်းတို့တောင် သိပုံမရဘူး။ ငါလည်း ငရဲပန်းအဆိပ်ကို မမိခင်ကတည်းက ဒီအဆိပ်အကြောင်းကို ကြားဖူးတယ်။ အရက်နဲ့ အဆိပ်ကို ထိန်းထားနိုင်တယ်ဆိုတာ မသိသေးဘူး။ ငါ ငရဲပန်း အဆိပ် မိတော့ မင်းလို အကျဉ်းခန်းထဲမှာ နေရတာ မဟုတ်ဘူး၊ ဒီကျွန်းပေါ်မှာ သွားလိုရာ သွားခွင့်ရတယ်။ မိကျောင်းစာ မိမှာစိုးလို့ ရေကူးပြီးလည်း မပြေးရဲဘူး၊ ဒီလောက် အဝေးကြီးလည်း ကမ်းကိုရောက်အောင် မကူးနိုင်ပါဘူး”

*

အဘိုးအို ရီတို ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီးမှ ဆက်ပြောသည်။

“ငရဲပန်းအဆိပ် မိပြီး သုံးရက်လောက်အကြာမှာ အဆိပ်က အစွမ်းပြလာတယ်။ ခေါင်းထဲမှာ မခံမရပ်နိုင်အောင် ကိုက်လာတယ်၊ ငိုချင်သလို ရယ်ချင်သလို ဖြစ်လာတယ်၊ ဒီတုန်းက ဒီကျွန်းပေါ်မှာ စိတ်ဖောက်ပြန်နေတဲ့ အကျဉ်းသားဆိုလို့ ခြောက်ယောက် ခုနစ်ယောက်လောက်ပဲ ရှိသေးတယ်၊ စားဖို့ဆောင်မှာ အရက်အိုးတွေကိုလည်း ဒီအတိုင်း ပစ်ထားတယ်၊ ငါလည်း ဖြစ်ချင်ရာဖြစ် ဆိုပြီး အရက်တွေ သောက်လိုက်တယ်၊ အရက်သောက်ပြီးတာနဲ့ ငါခံစားနေရတဲ့ ဝေဒနာတွေ ပျောက်သွားတယ်။ ငါ အတော့်ကို အံ့သြဝမ်းသာသွားတယ်၊ နောက်ပိုင်းမှာလည်း အဆိပ် အစွမ်းပြတော့မယ့် အရိပ်လက္ခဏာမျိုး ပေါ်လာရင် အရက်သောက်တာနဲ့ ပျောက်တယ်။ ဒီတော့မှ ငရဲပန်း အဆိပ်ကို အရက်နဲ့ထိန်းနိုင်မှန်း ငါ သိရတယ်၊ ဒီနည်းကို တခြား ဘယ်သူ့မှတော့ မပြောဘူး၊ မယုံရလို့ပဲ၊ မင်းကိုတော့ ဝမ်ဝူကျောင်းရဲ့သား ဖြစ်နေလို့ ယုံကြည်ရလို့ ငါပေးတာပဲ”

“သူတို့ဆီက ဘာကြီး အရက်တွေယူသောက်နေတာ ဖန်းတောက်စန်းတော့ မသိကြဘူးလား”

“အရက်ယူသောက်မှန်း နောက်ပိုင်းတော့ သူတို့သိသွားတယ်၊ ငါက ရူးချင်ယောင်ဆောင်နေတော့ သိပ်ပြီး အလေးအနက်တော့ မထားဘူး၊ အရက်အိုးတွေကိုတော့ ငါ ယူမသောက်နိုင်အောင် သိမ်းလိုက်ကြတယ်”





“ဟင်.... ဒါဆို ဘဘကြီး အရက်မရတော့ဘူးပေါ့”

“သူတို့ဆီကတော့ မရတော့ဘူးပေါ့။ သူတို့က အရက်အိုးတွေ သိမ်းလိုက်တော့ တစ်နေရာမှာ ငါဝှက်ထားတဲ့ အရက်နှစ်အိုး ရှိနေလို့ တော်သေးတာပေါ့။ ဆယ်ရက်လောက် သောက်လို့ရတယ်။ သူတို့ဆီက အရက်ကို ရဖို့ မလွယ်တော့ ငါလည်း တခြားနည်းနဲ့ အရက်ရအောင် တီထွင်ကြံဆရတယ်။ ကံအားလျော်စွာ ကမ်းစပ်မှာ သဘာဝအလျောက်ပေါက်နေတဲ့ ‘ရှောင်ဝှမ်တန်’ ပင်တွေကို ငါသွားတွေ့တယ်၊ ချုံပင်တွေပဲ။ တောထနေတယ်၊ အသီးလေးတွေလည်း ပြွတ်နေအောင် သီးနေတယ်။ ရှောင်ဝှမ်တန်သီးကို အချဉ်ဖောက်လိုက်ရင် အညံ့ဆုံး အရက်ဖြစ်တယ်ဆိုတာ အလျင်ကတည်းက ငါ သိထားတယ်၊ ဒါနဲ့ ငါလည်း ရှောင်ဝှမ်ဟန်အသီးတွေကို ကျောက်ခွက် တစ်ခွက်ထဲမှာ အချဉ်ဖောက်ထားလိုက်တယ်။ ငါခိုးထားတဲ့ အရက်နှစ်အိုးကုန်သွားတော့ အချဉ်ဖောက်ထားတဲ့အရည်ကို ဆက်သောက်ကြည့်တယ်၊ အခြေအနေဟန်တာနဲ့ ဒီနေ့အထိ ဘယ်သူမှ မသိအောင် ဒီနည်းကို ဆက်သုံးခဲ့တာပဲ။ ရှောင်ဝှမ်တန် အသီးကို အချဉ်ဖောက်ရင် အရက်ဖြစ်တယ်ဆိုတာ ဖန်းတောက်စန်းတို့တောင် သိပုံမရဘူး။ ရှောင်ဝှမ်တန် အပင်တွေကတော့ ကြာလေ ပွားလာလေပဲ။ ကဲ.... သောက်လိုက်။ ကြိုပြီး ကာကွယ်ထားတော့ ပိုကောင်းတာပေါ့”

ဝမ်လုံဖေးလည်း ယုံ ယုံ ကြည် ကြည် ဖြင့် ဘူးသီးခြောက်ကလေးထဲမှ အရည်ကို မော့သောက်လိုက်သည်။ စူးခါးခါး

ပူရှရှ အရသာရှိသဖြင့် တစ်ငုံသာသောက်နိုင်ပြီး ဆက်မသောက်နိုင်ချေ။

"အရသာ မကောင်းပေမယ့် ခုအချိန်မှာ မင်းအတွက် အသင့်တော်ဆုံး ဆေးပဲ။ ကုန်အောင်သောက်လိုက်၊ သောက်ပါများတော့ သောက်လို့ ကောင်းသွားမှာပေါ့"

အဘိုးအို ရှိတုံ ပြောပြသဖြင့် ဝမ်လုံဖေးလည်း ဇွတ်မှိတ်ကာ ကုန်စင်အောင် သောက်လိုက်ရလေသည်။ ရင်ထဲတွင် ပူသွားပြီး ချက်ချင်းပင် မူးဝေလာသည်။

"ဒီသုံးရက်အတွင်းတော့ တစ်နေ့ တစ်ခါပဲသောက်ပေါ့၊ နောက်ပိုင်းဆိုရင်တော့ တစ်နေ့ သုံးလေးကြိမ် သောက်ရလိမ့်မယ်။ ဒါဆို ငရဲပန်းအဆိပ် ပြန့်မှာ မပူရတော့ဘူး။ အေး.... သုံးရက် ကျော်ရင်တော့ မင်းလည်း ငါ့လိုပဲ ရှူးချင်ယောင်ဆောင်ပေတော့၊ အရက်မူးနေတော့ ရှူးဟန်ဆောင်ဖို့ မခဲယဉ်းပါဘူး"

အဘိုးအို ရှိတုံ ပြောပြီး ဘူးသီးခြောက်ကလေးကို ပြန်ယူကာ သူ့ အင်္ကျီ အတွင်းဘက်ကို ထည့်လိုက်သည်။

"ကျွန်တော် ဒီကို ရောက်နေတာ စီရှုရှန် မသိဘူးလား ဘဘကြီး"

ဝမ်လုံဖေး မေးတော့ အဘိုးအို ရှိတုံက....

"မွန်းလွဲပိုင်းကတော့ ကောင်မလေး ရောက်လာသေးတယ်ကွ။ ငါ့ကို မင်းအကြောင်း မေးသေးတယ်၊ ငါက ရှူးဟန်ဆောင်နေရတော့ မပြောဘဲ နေလိုက်ရတာပေါ့။ ဒါပေမယ့် ကောင်မလေး သိမှာပါ။ သိတာနဲ့ မင်းဆီ ရောက်လာမှာပါ။





သူရောက်လာရင် ငါ့အကြောင်းလဲ မပြောနဲ့၊ ငရဲပန်း အဆိပ်ကို ထိန်းနိုင်တဲ့ အကြောင်းလည်း မပြောနဲ့၊ ဒါကိုတော့ မင်းကတိပေး"

"ဟုတ်ကဲ့ မပြောပါဘူး ဘဘကြီး၊ ကျွန်တော် ကတိပေးပါတယ်"

"ကဲ.... ငါသွားမယ်။ ဘာမှ မစိုးရိမ်နဲ့။ အားမငယ်နဲ့၊ သိုင်းကျမ်းစာအုပ် နှစ်အုပ်ကိုလည်း လုံခြုံတဲ့ တစ်နေရာမှာ ငါ ဝှက်ထားလိုက်ပြီ"

အဘိုးအို ရှိတုံ ပြောပြီး ပြန်ထွက်သွားသည်။

ဝမ်လုံဖေး တစ်ခါမှ အရက်မသောက်ဖူးသဖြင့် ခေါင်းထဲတွင် မူးယစ်နေသည်။ လှဲအိပ်ပြီး မှိန်းနေလိုက်သည်။

*

မိုးချုပ်သွားပြီ ဖြစ်သဖြင့် ပတ်ဝန်းကျင်တွင် မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

"အစ်ကို.... အစ်ကို"

ခပ်သဲ့သဲ့ အသံကို ကြားလိုက်သည်နှင့် စီရှုရှန်၏ အသံမှန်း ဝမ်လုံဖေး သိသည်။ သူ လူးလဲထပြီး သံတိုင် တံခါးဆီသို့

ကြည့်သည်။ အမှောင်ထဲတွင် ရပ်နေသော စီရှုရှန်ကို ခပ်ရေးရေး မြင်ရသည်။

ဝမ်လုံဖေး သံတိုင်နားကပ်လာသည်။ စီရှုရှန်၏ ငိုရှိုက်သံ သဲ့သဲ့ကို ကြားရတော့ ဝမ်လုံဖေး ထိတ်ခနဲ ဖြစ်သွားသည်။

"ဟင်.... ညီမ ဘာဖြစ်လို့လဲ"

စီရှုရှန် ခပ်သဲ့သဲ့ ငိုရင်း ပြောသည်။

"အစ်ကို.... ငရဲပန်းအဆိပ်မိသွားပြီဆို"

ဝမ်လုံဖေး သက်ပြင်းချလိုက်ကာ....

"ဟုတ်တယ် ညီမ.... အစ်ကို ရှောင်ပေမယ့် မရဘူး"

"ညီမတော့ ဘယ်လို ကြံရမှန်းတောင် မသိတော့ပါဘူး အစ်ကိုရယ်။ ဖြေဆေးကိုရဖို့ဆိုတာလည်း မလွယ်ဘူး။ အစ်ကိုကြီး ဖန်းတောက်စန်းက အစ်ကို့ကို ဒီလောက် မြန်မြန်ကြီး ငရဲပန်းအဆိပ် ကျွေးလိမ့်မယ်လို့ ညီမ မထင်ဘူး"

မိမိအပေါ် စီရှုရှန် မည်မျှ တွယ်တာကြောင်း ယခုမှ ဝမ်လုံဖေး ပိုပြီး သိသွားသည်။

"ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ သဘော ထားရတော့မှာပဲ ညီမ"

"သေသည်အထိ အရူးဘဝနဲ့ အစ်ကို နေသွားရမှာ၊ ဘယ်လိုလုပ် ကောင်းမှာလဲ အစ်ကိုရယ်၊ ညီမတော့လေ အသက်စွန့်ရင်းပြီး ယူလို့ ရမယ်ဆိုရင် ဂိုဏ်းချုပ်ကြီးဆီက အဆိပ်ဖြေဆေးကို သွားယူလိုက်ချင်တယ်"

"အဆိပ်ငါးမျိုးဂိုဏ်းချုပ်ကြီးဆီက အဆိပ်ဖြေဆေးနဲ့မှပဲ ငရဲပန်းအဆိပ်ကို ဖြေလို့ရမှာလား ညီမ"





"ဟုတ်တယ် အစ်ကို၊ တခြား ဘယ်နည်းနဲ့မှ ဖြေလို့မရဘူး။ အစ်ကို့ကို ညီမ ဘယ်လိုမှ မကယ်နိုင်တော့ဘူး။ အစ်ကို့ကို ညီမ ချစ်တယ်၊ အစ်ကို့အတွက် ညီမ မချိဘူး"

မိမိအပေါ် တွယ်တာလွန်းသော စီရှုရှန်အတွက် ဝမ်လုံဖေး စိတ်မကောင်း ဖြစ်မိသည်။ သူမ ခံစားနေရသည်ကို မကြည့်ရက် သဖြင့် အတိုးအိုရီတုံ အကြောင်းနှင့် ငရဲပန်း အဆိပ်အား မည်သို့ ထိန်းနိုင်ကြောင်း ဖွင့်ပြောချင်စိတ်ပင် ပေါက်လာသည်။

သို့သော် အတိုးအိုရီတုံအား ကတိပေးထားပြီး ဖြစ်သဖြင့် ထိန်းချုပ်ထားရလေသည်။

"ဖေဖေ့ကိုတော့ သုံးရက်အတွင်း ငရဲပန်း အဆိပ်ဖြေဆေး ကို ရတဲ့နည်းနဲ့ ယူပေးဖို့ ညီမ ပြောမယ် အစ်ကို၊ အင်း.... ဒါပေမယ့် ဖေဖေ့မှာ ဒီလောက်အထိ အခွင့်အာဏာ မရှိတော့ ပါဘူးလေ"

"အစ်ကို့အတွက်နဲ့ ညီမတို့ သားအဖ ဒုက္ခရောက်မှာကို တော့ အစ်ကို မလိုလားဘူး။ အစ်ကို့ထိုက်နဲ့ အစ်ကို ရှိပါ စေတော့"

"ညီမ ကြာကြာနေလို့ မဖြစ်ဘူး အစ်ကို၊ အစ်ကိုကြီး ဖန်းတောက်စန်းရဲ့ လူတွေက ညီမကို စောင့်ကြည့်နေကြတာ၊ အစ်ကို့ကို မဝရေစာကျွေးမယ်လို့ အစ်ကိုကြီး ဖန်းတောက် စန်းက ပြောတယ်....

ဒါကြောင့်.... အစ်ကို့အတွက် ညီမ စားသောက်စရာ ယူ လာ တယ်၊ အစ်ကိုကြီး ဖန်းတောက်စန်းတို့ လူစု

မသိပါစေနဲ့။ ညီမ ကြံကြည့်ပါဦးမယ်။ အစ်ကို့ကို ညီမ အခွင့်အရေးရသလို လာတွေ့မယ်။ အစ်ကို့ကို အကျဉ်းခန်းထဲမှာ ထည့်မထားဖို့ အစ်ကိုကြီး ဖန်းတောက်စန်းကို ထပ်ပြီး ပြောကြည့်ဦးမယ်''

စီရှုရှန်ပြောပြီး သူမ ယူလာသော စားစရာအထုပ်နှင့် ရေအိတ်ကလေး တစ်အိတ်ကို ဝမ်လုံဖေးအား ပေးသည်။ ဝမ်လုံဖေး ယူထားလိုက်သည်။

စီရှုရှန် ပြန်သွားတော့ ဝမ်လုံဖေး ဗိုက်ဆာဆာနှင့် စားသောက်လိုက်သည်။ ပြီးတော့ ရေအိတ်ကို ဂူထောင့်တွင် ဝှက်ထားလိုက်သည်။ ဗိုက်ပြည့်သွားပြီဖြစ်သဖြင့် ဝမ်လုံဖေး လှဲအိပ်သည်။

ရေဲပန်းအဆိပ်တက်မှာ မပူရသဖြင့် လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို သူ စဉ်းစားသည်။ သုံးရက်ကျော်လျှင် မိမိကို ရှုးပြီအထင်နှင့် အကျဉ်းခန်းအပြင်သို့ထုတ်မှာ သေချာသည်။

ထိုအခါ ကျွန်းပေါ်၌ သွားလာခွင့်ရမည်ဖြစ်၏။ ထိုအခါ အဆိပ်ကျွန်းမှ ထွက်ပြေးနိုင်မည့် အခွင့်အရေးလည်းပေါ်လာနိုင်သည်။ မိမိတစ်ဦးတည်း ထွက်ပြေးနိုင်ခွင့်ကြုံသည့်တိုင် ထွက်ပြေး၍ မဖြစ်ချေ။

အဆိပ်ကျွန်းကို ဖျက်ဆီးပစ်ခဲ့ရမည်။ ဖန်းတောက်စန်းကို သုတ်သင်ခဲ့ရမည်။ ထိုသို့ လုပ်နိုင်ရန် လက်ရှိ မိမိ၏သိုင်းပညာ





အဆင့်လောက်နှင့် မဖြစ်သေးချေ။ အတိုးအိုရိတုံထံမှ ကိန္နရီမောင်နှံသိုင်းကို တတ်အောင် [illegible]ပေလိမ့်ဦးမည်။

မိမိ ထွက်ပြေးသောအခါ အတိုးအို ရိတုံနှင့် စီရှုရှန်တို့ သားအဖကိုပါ အပါ ခေါ်သွားမည်ဟု ဝမ်လုံဖေး ဆုံးဖြတ်လိုက်သည်။

*

## ၂၁။ ရှူးဟန်ဆောင် သိုင်းထိပ်ခေါင်

အကျဉ်းခန်းထဲ၌ ဝမ်လုံဖေး လေးည အိပ်ခဲ့ရသည်။ လေးရက် နေခဲ့ရသည်။

ထိုလေးရက်အတွင်း အဘိုးအို ရီတုံက တစ်နေ့တစ်ခေါက် မှန်မှန်လာပြီး အရက်လာပို့သည်။ ဝမ်လုံဖေးက လာပို့သမျှ အရက်ကို သောက်သည်။ အဘိုးအို ရီတုံသည် တခြားလူများ ရိပ်မိမည်ကို စိုးသဖြင့် ကြာကြာမနေရဲဘဲ ပြန်သွားတတ်သည်။

ဖန်းတောက်စန်း တစ်ခါမှ ရောက်မလာချေ။ သူ့ လက်အောက် များကသာ ဝမ်လုံဖေးအတွက် စားစရာ အနည်းငယ် ရေအနည်းငယ် လာပို့တတ်သည်။ ဝမ်လုံဖေးအား မသေရုံ တမယ်သာ လာပို့ခြင်းဖြစ်၏။ ထိုမျှလောက်သာ စားသောက်ရပါက ဝမ်လုံဖေး များစွာ အားအင်ဆုတ်ယုတ်သွားနိုင်သည်။

လူအလစ်တွင် စီရှုရှန် လာပို့သော အာဟာရ ရှိသည့် အစားများကို စားနေရသဖြင့်သာ အားမယုတ်ခြင်း ဖြစ်၏။ စီရှုရှန်မှာ ဝမ်လုံဖေးထံရောက်တိုင်း ငိုသည်။ ဝမ်လုံဖေးကို မကယ်နိုင်တော့ကြောင်း ယူကြုံးမရ ပြောသည်။

ဝမ်လုံဖေးပင် မိမိအပေါ် ကောင်းရှာသော စီရှုရှန်အပေါ် တွယ်တာစိတ် ဖြစ်လာမိသည်။ သို့သော် ငယ်ချစ်ဦး လျူလို





ချင်းအပေါ် သစ္စာစောင့်သိသည့်အနေဖြင့် သူ့စိတ်ကို သူထိန်းသည်။

သုံးရက်မြောက်တွင် အဘိုးအို ရီတုံ သင်ပေးသည့်အတိုင်း ဝမ်လုံဖေး ရူးချင်ယောင်ဆောင်ရတော့သည်။ စီရှုရှန် ရောက်လာသောအခါ စိတ်မမှန်သူတစ်ယောက်လို ရှေ့နောက် မညီသော စကားများကို ပြောသည်။ အဓိပ္ပာယ်မဲ့လည်း ရယ်ပြသည်။

ဝမ်လုံဖေး အဖြစ်ကို ကြည့်ပြီး စီရှုရှန် ချုံးပွဲချ၍ ငိုလေသည်။ ဝမ်လုံဖေး အဖြစ်ကို မကြည့်ရက်သဖြင့် ခဏသာနေပြီး ထွက်ပြေးသွားသည်။

မိမိအပေါ် ချစ်ခင် တွယ်တာလွန်းနေသော စီရှုရှန်ကိုပါ လှည့်စားလိုက်ရသဖြင့် ဝမ်လုံဖေး စိတ်မကောင်း ဖြစ်မိသည်။

ဝမ်လုံဖေး သံတံခါးအနီးမှပင် လူရိပ်လူခြေကို ကြည့်နေသည်။

မိမိအတွက် စားစရာ လာပို့သော ဖန်းတောက်စန်း၏ တပည့် ချွန်းမင်ကို တွေ့သောအခါ ဝမ်လုံဖေး ရူးချင်ယောင်ဆောင်ရပြန်သည်။ ပေါက်တတ်ကရ စကားပြောပြီး ငိုပြရသည်။ ရယ်ပြရသည်။

ချွန်းမင်က ဟိန်းဟောက်တော့ ဝမ်လုံဖေး ထိတ်လန့်ကြောက်ရွံ့ဟန်ဖြင့် ဒူးထောက် တောင်းပန်လိုက်သည်။

"ဟေ့ကောင်.... ငါ့ကို ကြောက်လား"

ချွန်းမင်မေးတော့ ဝမ်လုံဖေး ရှိခိုးလိုက်ပြီး....

"ကြောက်ပါတယ်ခင်ဗျာ.... သိပ်ကြောက်ပါတယ်"

"ကြောက်ရင် ကပြစမ်း"

ဝမ်လုံဖေး ကိုးရိုးကားယားဖြင့် ကပြလိုက်သည်။

ချွန်းမင် ကျေနပ်စွာ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

ဝမ်လုံဖေး အရက်သောက်ထားသဖြင့် ခပ်ထွေထွေဖြင့် ရှုံ့ဟန် ဆောင်နိုင်ခြင်း ဖြစ်လေသည်။

ချွန်းမင် ပြန်သွားတော့မှ ဝမ်လုံဖေး သက်ပြင်းချပြီး နားရသည်။

ညဘက်တွင် အဘိုးအိုရီတုံ အရက်လာပို့ရင်း မေးသည်။

"ဘယ်လိုလဲဟေ့။ အဆိပ်တက်တဲ့ ဝေဒနာမျိုး ခံစားရသလား။ ခေါင်းထဲက ကိုက်သလား။ ငိုချင် ရယ်ချင်သလို ဖြစ်သလား"

ဝမ်လုံဖေး အရက်ကို အရင်သောက်လိုက်ပြီးမှ....

"ဘယ်လိုမှ မခံစားရဘူး ဘဘကြီး။ အရက် မူးတာပဲ ရှိတယ်"

"ဒါဆို စိတ်ချရပြီကွ။ အရက်နဲ့သာ ဆက်ထိန်းသွား"

ဝမ်လုံဖေးက စီရှုရှန်နှင့် ချွန်းမင်တို့ ရောက်လာစဉ် မိမိ လုပ်ဆောင်ခဲ့ပုံများကို ပြောပြတော့ အဘိုးအိုရီတုံ ရယ်သည်။

"ကောင်းတယ်။ ကောင်းတယ်။ ဒါမှ ဒီအကျဉ်းခန်းထဲက မင်း ထွက်ရမယ်။ အရှူးလိုတော့ နေသွားဦးပေါ့ကွာ။ တကယ် ရူးတဲ့လူတွေ ဘယ်လိုလုပ်တယ်ဆိုတာ ကြည့်ပြီး လိုက်လုပ်ရင် မင်းလည်း ရူးတတ်သွားမှာပါ။ ဟား....ဟား"





"စီရှုရှန်က ကျွန်တော့်အတွက် အတော်ကြီး စိတ်မကောင်း ဖြစ်နေတာ။ သူ စိတ်ချမ်းသာအောင် အဖြစ်မှန်ကို ကျွန်တော် ပြောပြချင်တာ၊ ဘဘကြီးက တားထားလို့"

"မပြောနဲ့ဦးကွ။ ပြောသင့်တဲ့ တစ်နေ့ကျမှ ပြောပါ၊ မင်းကို ငါက ကိန္နရီမောင်နှံသိုင်း သင်ပေးရဦးမှာဆိုတော့ အချိန်တွေ အတော်ကြာဦးမယ်။ နို့မို့ တို့လုပ်ရပ်တွေကို ဖန်းတောက်စန်း သိသွားလို့ တို့အကြံအစည်တွေ ပျက်ကုန်လိမ့်မယ်"

"မပြောပါဘူး သဘကြီးရဲ့။ ကျွန်တော်က အဖြစ်ပြောပြတာပါ"

*

နောက်တစ်နေ့မနက်တွင် ဝမ်လုံဖေးတို့ထံသို့ ဖန်းတောက်စန်းနှင့် နောက်လိုက်နှစ်ယောက်တို့ ရောက်လာကြသည်။

ဝမ်လုံဖေးက ရူးချင်ယောင်ဆောင်ကာ တစ်ယောက်တည်း အဆက်အစပ်မရှိသော စကားများကို လေသံသဲ့သဲ့ဖြင့် ပြောနေသည်။ ဖန်းတောက်စန်းတို့ရှိရာ အကျဉ်းခန်း အပြင်ဘက်ကိုလည်း မကြည့်ချေ။

"ဟေ့ကောင်"

ဖန်းတောက်စန်း အသံပေးလိုက်တော့မှ လှည့်ကြည့်သည်၊ ပြီးမှ ပြုံးဖြီးဖြီးဖြင့် ပြောသည်။

"သြော်.... ဆရာကြီးပါလား။ ကြွပါခင်ဗျာ ကြွပါ"

"ဟေ့ ကောင် ဒီနားကို လာစမ်း"

"လာပါပြီ ခင်ဗျ"

ဝမ်လုံဖေး ကျိုကျိုကလေး သံတံခါး အနီးတွင် လာရပ်သည်၊

"ငါ့ကို မင်းသိသလား"

ဖန်းတောက်စန်း လေသံမာမာဖြင့် မေးတော့ ဝမ်လုံဖေး ရယ်လိုက်ပြီး....

"ဟဲ....ဟဲ....ဟဲ.... သိတာပေါ့"

"ငါ ဘယ်သူလဲ"

"ဘီလူးကြီးလေ"

"ဟာကွာ"

ဖန်းတောက်စန်း သံတိုင်ကြားမှ ဝမ်လုံဖေးကို တွန်းလိုက်သည်၊ ဝမ်လုံဖေး အားပြတ်နေသည့် အမူအရာမျိုးဖြင့် နောက်ကို ယိုင်ပြီး ပစ်လှဲချလိုက်သည်၊ ပြီးမှ ထိတ်လန့် ကြောက်ရွံ့သော အမူအရာဖြင့် မျက်နှာရှုံ့မဲ့ကာ ဖန်းတောက်စန်းကို ရှိခိုး တောင်းပန်သည်၊

"မလုပ်ပါနဲ့ ဆရာကြီးရယ်။ ကြောက်ပါတယ်။ နာပါတယ်"

"ငါ့ကို သခင်ကြီးလို့ ခေါ်"

"ခေါ်ပါ့မယ် သခင်ကြီးရယ်"





"အခုအချိန်ကစပြီး ငါခိုင်းတာမှန်သမျှ လုပ်ရမယ်"

"လုပ်ပါ့မယ် သခင်ကြီးရယ်"

"အေး.... ကလန်ကဆန်လုပ်လို့ကတော့ ဟောဒီ ကျာပွတ်နဲ့ကို ရိုက်မယ်။ နားလည်လား"

ဖန်းတောက်စန်း လက်ထဲမှ ကျာပွတ်ကို ဝှေ့ယမ်း၍ ပြောသည်။

"ဟုတ်ကဲ့.... နားလည်ပါတယ် သခင်ကြီး"

ဖန်းတောက်စန်း ကျေနပ်သွားသည်၊ ချွန်းမင်ကို လှည့်ပြောသည်။

"ချွန်းမင် တံခါးဖွင့်လိုက်"

ချွန်းမင်က အကျဉ်းခန်းတံခါးကို ဖွင့်သည်၊ ဝမ်လုံဖေးအား အပြင်သို့ ထွက်စေသည်၊ ဝမ်လုံဖေး အကျဉ်းခန်းထဲမှ လေးဘက်ထောက်ပြီး ထွက်လာသည်၊

"ရှမ်း"

အပြင်သို့ရောက်သည်နှင့် ဖန်းတောက်စန်းက ကျာပွတ်ဖြင့် လှမ်းရိုက်သည်။ ဝမ်လုံဖေး အနည်းငယ်သာ နာသွားသော်လည်း စူးစူးဝါးဝါး အော်ပြီး မချိမဆန့် နာချင်ယောင်ဆောင်သည်။ ချက်ချင်း ဖန်းတောက်စန်းကို ရှိခိုးတောင်းပန်သည်။

"နာလိုက်တာ သခင်ကြီးရယ်.... မလုပ်ပါနဲ့၊ ကျွန်တော် သိပ်ကြောက်ပါတယ်"

ဖန်းတောက်စန်း ပြုံးလိုက်ကာ....

"မင်းက သိုင်းပညာတတ်တယ် မဟုတ်လား၊ ဘာကြောက်စရာ လိုသလဲ၊ ထစမ်းပါ၊ ငါ့ကို ဝင်တိုက်စမ်းပါ"

"ကျွန်တော် သခင်ကြီးကို ရန်မမူရဲပါဘူး၊ အားလုံးကို ကြောက်ပါတယ်။ သိုင်းပညာ ဆိုတာလည်း မတတ်ပါဘူး၊ ကတော့ ကတတ်ပါတယ်။ ကပြပါ့မယ်၊ ဟဲ....ဟဲ.... ဟဲ"

ဝမ်လုံဖေး ပြောပြီး ကိုးယိုးကားယား ထကသည်၊ ၎င်းရဲ့ ပန်း အဆိပ်မိပြီး စိတ် ဖောက်ပြန်သူတိုင်း ကြောက်ရွံ့စိတ်ရှိတတ်ကြကြောင်း၊ ကျာပွတ်ကိုင်သူတိုင်းကို ကြောက်ကြကြောင်း အဘိုးအို ရီတုံက ကြိုပြောထားသဖြင့် ဝမ်လုံဖေး ဤအတိုင်း ဟန်လုပ်ရခြင်း ဖြစ်လေသည်။

သူက ထရပ်ပြီး ကိုးယိုးကားယား ကလေသည်၊

"ရွှမ်း"

"အံမယ်လေး"

ဖန်းတောက်စန်း ကျာပွတ်ဖြင့် လှမ်းရိုက်တော့ ဝမ်လုံဖေး အော်ပြီး ပစ်လှဲချသည်၊

"နာပါတယ် သခင်ကြီးရဲ့၊ မရိုက်ပါနဲ့၊ ဟီး....ဟီး....ဟီး"

ဝမ်လုံဖေး ပြောရင်း ငိုသည်။ ဖန်းတောက်စန်းက ဝမ်လုံဖေးကို အကဲခတ်ကြည့်၍....

"ဟေ့ကောင်.... မင်း အသားနာမှာ ကြောက်ရင် ငါ့ကို ဝင်တိုက်"

"မတိုက်ရဲပါဘူး သခင်ကြီးရယ်၊ ဟီး... ဟီး"

"မတိုက်ရဲရင် မင်းကို ထပ်ရိုက်မယ်"





ဖန်းတောက်စန်း ပြောပြီး ကျာပွတ်ကို မြှောက်သည်၊ ဝမ်လုံဖေး ကြောက်ကြောက်လန့်လန့် အမူအရာဖြင့် ထကာ ပြီး....

"မရိုက်ပါနဲ့ သခင်ကြီးရယ်၊ တိုက်ပါ့မယ်"

"ဒါဆို ဝင်ခဲ့"

*

ဖန်းတောက်စန်းက မိမိ ရှူး မရှူး စမ်းသပ်နေခြင်း ဖြစ်ကြောင်း ဝမ်လုံဖေး သိသည်။ ထို့ကြောင့် သူက မည်သည့် သိုင်းကွက်မှ မသုံးဘဲ သိုင်းပညာ မတတ်သကဲ့သို့ပင် ကမူး ရှူးဝိုး အတင်းဝင်လုံးသည်။ အားမပါအောင်လည်း အထူး သတိထားရသည်။ သူ့လှုပ်ရှားမှုက အားအင် ဆုတ်ယုတ်သူ ကဲ့သို့ ဖြစ်နေသည်။

ဖန်းတောက်စန်း လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သော အခါ ဝမ်လုံဖေး လွင့်သွားပြီး မြေပေါ် ပစ်ကျသည်၊

F. 17

"အံမယ်လေး နာလိုက်တာ.... နာလိုက်တာ ဟီး.... ဟီး.... ဟီး.... ဟီး"

ဝမ်လုံဖေး ပြန်မထနိုင်သည့် အမူအရာမျိုးဖြင့် ငိုနေလိုက်သည်။

"ဟေ့ကောင်.... ငါ့နားလာစမ်း"

"ကြောက်ပါပြီ သခင်ကြီးရယ်"

"လာဆို လာစမ်းကွာ"

"လာပါပြီ သခင်ကြီးရယ်.... လာပါပြီ"

ဝမ်လုံဖေး လေးဘက်ထောက်ပြီး ဖန်းတောက်စန်းအနီးသို့ ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ရောက်လာသည်။

ဖန်းတောက်စန်းက ချွန်းမင်ကို လှည့်ပြောသည်။

"ချွန်းမင်.... ဒီကောင့်ကိုခေါ်သွားပြီး မွေးမြူရေးခြံမှာ ခိုင်း။ ဘယ်လို လုပ်ရမယ် ဘယ်လိုနေရမယ်ဆိုတာလည်းပြော ပြ။ အချိုးမကျလို့ကတော့ ရိုက်သာရိုက်။ ညဘက်ကျ အဘိုးကြီး ရီတူနဲ့ အိပ်ပေစေ"





အဘိုးအိုရီတူနှင့် နေရမည်ဆိုသဖြင့် ဝမ်လုံဖေး ဝမ်းသာသွားသည်။ သို့သော် ဝမ်းသာသည့် အရိပ်အယောင်မျိုး မပေါ်စေဘဲ ကြောက်လန့်သည့် အသွင်မျိုးကိုသာ ဆောင်ထားသည်။

ဖန်းဘောက်စန်းက ဝမ်လုံဖေးကို မျက်နှာထားတင်းတင်းဖြင့် ဆက်ပြောသည်။

"ဟေ့ကောင်.... သူတို့နဲ့ မင်းလိုက်သွား။ သူတို့ ခိုင်းတာကို လုပ်၊ မလုပ်ရင် အရိုက်ခံရမယ်"

"လုပ်ပါ့မယ်.... လုပ်ပါ့မယ်.... မရိုက်ပါနဲ့"

"သွား.... လိုက်သွား"

ချွန်းမင်က ဝမ်လုံဖေးကိုခေါ်ပြီး ရှေ့မှ ထွက်သွားသည်။ ချွန်းမင် နောက်မှ ဝမ်လုံဖေး လိုက်ခဲ့သည်။ နောက်ဆုံးမှ ဂိုဏ်းသားတစ်ယောက်က ကျာပွတ်ကို ကိုင်လျက် လိုက်ခဲ့သည်။

ဝမ်လုံဖေး ဖြောင့်ဖြောင့်တန်းတန်း မလျှောက်ချေ။ ခြေကို ခွင်ပြီး ကိုးရိုးကားရားလျှောက်ရင်း ပါးစပ်မှ ပေါက်တတ်ကရ ပြောလာသည်။

အတန်ကြာအောင် လျှောက်လာပြီးနောက် အပြေးလာနေသော စီရှုရှန်ကို ဝမ်လုံဖေ လှမ်းတွေ့ရသည်။ သူက အရေး

မထားသလို ပါးစပ်မှ ပေါက်တတ်ကရ ပြောရင်း ကိုးရိုးကားရား ဆက်လျှောက်သည်။

"အစ်ကို....အစ်ကို"

စီရှုရှန် စိတ်မချမ်းမြေ့စွာခေါ်ရင်း အနီးသို့ ရောက်လာသည်။ ဝမ်လုံဖေး လှည့်မကြည့်ချေ။ ပါးစပ်မှ ဆိုင်းတီး၍ ကကာ ဆက်လျှောက်သည်။

"အစ်ကို"

စီရှုရှန် လက်ကိုဆွဲပြီး ထပ်ခေါ်တော့ ဝမ်လုံဖေး ပြူးကြောင်ကြောင်ဖြင့် လှည့်ကြည့်သည်။ ကြောက်လန့်သော လေသံဖြင့် ပြောသည်။

"ကျွန်တော့်ကို မရိုက်ပါနဲ့။ ကြောက်ပါတယ်"

"ညီမလေ အစ်ကို၊ ညီမပါ"

ဝမ်လုံဖေး ပြူးဖြီးဖြီးလုပ်လိုက်ကာ....

"ဩော်....နတ်သမီးလေးကိုး။ ဟဲ....ဟဲ....ဟဲ နတ်ပြည်ကဆင်းလာတာလား"





စီရှုရှန် မျက်ရည် ရစ်ဝဲလာသည်။

"အစ်ကိုရယ် သတိထားပါ"

"သတိ....သတိ.... အလေးပြု"

ဝမ်လုံဖေး အော်ပြောရင်း အလေးပြုလိုက်သည်။

"ဒီကောင် ရူးသွားပြီ ရှုရှန်။ အရူးနဲ့ ဖက်ဖြိး စကားပြောနေရင် နင်ပါ ရူးသွားလိမ့်မယ်။ သွား....သွား။ ဒီကောင့်ကို အလုပ်ခွင့်ထဲ ခေါ်သွားရမယ်"

ချွန်းမင် ပြောတော့ ဝမ်လုံဖေး ဟားတိုက်၍ ရယ်လိုက်သည်။ စီရှုရှန် ငိုရှိုက်၍ ပြေးထွက်သွားသည်။

ချွန်းမင်တို့က ဝမ်လုံဖေးကို နွားမောင်းသလို မောင်းပြီး ခေါ်လာကြပြန်သည်။

အတန်ကြာအောင် လာခဲ့ပြီးနောက် မွေးမြူရေး ခြံသို့ ရောက်လာသည်။

မွေးမြူရေးခြံတွင် အလုပ်ကိုယ်စီ လုပ်နေကြသော စိတ်ဖောက်ပြန်နေသည့် အကျဉ်းသားများကို ဝမ်လုံဖေး တွေ့ရ

မင်း၈၁၄၀

သည်။ အဘိုးအို ရီတု ကိုလည်း စိတ်ဖောက်ပြန်သူကဲ့သို့ နေ့ထိုင် ပြောဆိုရင်း ဝက်စာကျွေးနေသည်ကို တွေ့ရသည်။

အဘိုးအို ရီတု က ဝမ်လုံဖေးကို အသိမလုပ်ချေ။ ဘာမှ မပြောချေ။

ချွန်းမင်က ဝမ်လုံဖေးကို နွားချေး ဝက်ချေး ကျုံးခိုင်းသဖြင့် လုပ်ရလေသည်။ စိတ်ဖောက်ပြန်နေသူများနှင့် ရောနေရပြီး မိမိကိုယ်တိုင် အရူးဟန် ဆောင်နေရသဖြင့် ဝမ်လုံဖေး ရူးချင်ချင်ပင် ဖြစ်နေသည်။

နောက်တော့ နေသားကျသွားသည်။

အကျဉ်းသားများကို ကျွေးသည့် အစာက ဆန်ပြုတ်နှင့် အသီးအရွက်ပြုတ်ပင် ဖြစ်လေသည်။

နေစောင်းတော့ ဝမ်လုံဖေး ခေါင်းကိုက်လာသည်။ ငိုချင် ရယ်ချင်သလို ဖြစ်လာသည်။ ငရဲပန်း အဆိပ် အစွမ်းပြလာကြောင်း သူသိသဖြင့် ထိတ်လန့်သွားသည်။ သူ့တွင် အဆိပ်ကို ထိန်းရန် အရက် မရှိချေ။

ကံအားလျော်စွာ အလုပ်သိမ်းလိုက်သည်။





ချွန်းမင်က အဘိုးအိုရီတု အား ဝမ်လုံဖေးကို ခေါ်သွားရန် ပြောသည်။

အဘိုးအို ရီတု က ခုန်ပြီး ထွက်သွားသည်။ ဝမ်လုံဖေးလည်း မခံမရပ်နိုင်လောက်အောင် ခေါင်းကိုက်နေသည့်ကြားမှ ဟန်လုပ်၍ အရူးလို ကခုန်ပြီး လိုက်သွားသည်။

မှေးမြူရေးခြံနှင့် အတော်ဝေးလာပြီး လူရှင်းသည့်နေရာကို ရောက်မှ ဝမ်လုံဖေး ဘေးပတ်ဝန်းကျင်ကို ကြည့်၍ အဘိုးအို ရီတု ကို ပြောသည်။

"နေပါဦး ဘဘကြီး.... ကျွန်တော် ခေါင်းထဲမှာ မခံမရပ်နိုင်အောင် ကိုက်နေတယ်။ ငိုချင် ရယ်ချင် သလိုလည်းဖြစ်နေတယ်"

"ဟော.... ငရဲပန်းအဆိပ် အစွမ်းပြလာတာပဲ"

အဘိုးအိုရီတု မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပြောကာ သူ့အင်္ကျီအောက်မှ ဘူးသီးခြောက်ကလေးကို ထုတ်၍ ဝမ်လုံဖေးအား ပေးသည်။

"ရော့.... ရော့.... မြန်မြန်သောက်လိုက်"

ဝမ်လုံဖေးလည်း ဘူးသီးခြောက်ကလေးထဲမှ အရက်ကြမ်းကို ကမန်းကတန်း မော့သောက်လိုက်သည်။ အရက်က အနည်းငယ်သာရှိသည်။

"လာ.... လာ.... ငါနဲ့ လိုက်ခဲ့"

အဘိုးအိုရိတုံ ပြောပြီး ခပ်သွက်သွက် ထွက်သွားတော့ ဝမ်လုံဖေး ခပ်သွက်သွက် လိုက်လာခဲ့သည်။

အတန်ကြာသောအခါ ကမ်းစပ်ကို ရောက်လာသည်။ ဝင်လုဆဲဆဲ နေရောင်အောက်တွင် ရေပြင်ကျယ်ကြီးကို မြင်ရသည်။ ပိန်းပိတ်အောင် ပေါက်နေသော ချုံပင်များကိုလည်း တွေ့ရသည်။ ချုံပင်များ၌ စပျစ်သီးအရွယ် ဝါထိန်နေသော အသီးကလေးများ ပြွတ်နေအောင် သီးနေသည်။

"ဒါ– ရှောင်ဝုမ်တန့် အပင်တွေပဲကွ။ ဒီအသီးကလေးတွေကို အချဉ်ဖောက်လိုက်ရင် အရက်တစ်မျိုး ဖြစ်သွားတယ်"

ဝမ်လုံဖေး စောစောကလောက် ခေါင်းမကိုက်သော်လည်း ကိုက်ခဲနေသေးသည်။ ရယ်ချင် ငိုချင်စိတ်က ပျောက်မသွားသေးချေ။

"ကျွန်တော် ငိုချင် ရယ်ချင်နေတုန်းပဲ ဘဘကြီး။ ခေါင်းကိုက်လည်း ပျောက်မသွားသေးဘူး"

"မင်းသောက်တာ နည်းသေးလို့ပါ။ ငါကလည်း လက်ကျန်ပဲ ပေးရတာ။ လာ.... လာ"





အဘိုးအိုရိတုံ ပြောပြီး ဆက်ခေါ်သွားသည်။ ချုံပင်များကြားသို့ တိုးဝင်သည်။ ကျောက်ဆောင်ကြီး တစ်ဆောင်ဆီသို့ ရောက်လာသည်။ ကျောက်ဆောင် အောက်ခြေနား တွင် ကျောက်ခွက်ကြီး တစ်ခွက် ဖြစ်နေသည်။ ကျောက်ဆောင် အပေါ်ဘက်က အမိုးလို ဖြန့်ကားပြီး ကျောက်ခွက်ကို မိုးနေသည်။ ကျောက်ခွက်ထဲ၌ ညိုညစ်ညစ် အရည်များ ရှိနေသည်။

"ဒါ.... ငါ အချဉ်ဖောက်ထားတဲ့ အရက်တွေပဲ။ တစ်ခွက်လောက် ခပ်သောက်လိုက်"

အဘိုးအိုရိတုံ ပြောပြီး အုန်းမှုတ်ခွက်တစ်ခွက်ကို ပေးသဖြင့် ဝမ်လုံဖေးက တစ်ခွက် ခပ်သောက်လိုက်သည်။

"မင်းလည်း နေရာသိပြီးပြီ။ နောက်ကို လိုအပ်ရင် ဒီမှာ လာသောက်။ မင်းဆီမှာလည်း ဆောင်ထား"

ဝမ်လုံဖေး ခေါင်းကိုက် ပျောက်သွားသည်။ ငိုချင် ရယ်ချင်စိတ်လည်း ပျောက်သွားသည်။

အဘိုးအို ရိတုံက သူကြုံဖန်ယူထားသော ရေအိတ်လေးထဲသို့ အချဉ်ဖောက်ထားသော အရက်ကို ဖြည့်သည်။ ဘူးသီးခြောက်ကလေးထဲသို့လည်းအပြည့်ထည့်သည်။ ရေအိတ်ကလေးကို ဝမ်လုံဖေးအား ပေး၍ မဆောင်ထားစေသည်။

ပြီးနောက် နှစ်ယောက်သား ဂူဆီသို့ ပြန်လာကြသည်။

ထိုညမှာပင် အဘိုးအို ရီတုံက ဝမ်လုံဖေးကို ကိန္နရီမောင်နှံ ခားသိုင်း စ၍ သင်ပေးလေသည်။

*



## ၂၂။ သွေးသောက်စား

ဝမ်လုံဖေးနှင့် အဘိုးအို ရီတုံတို့ ရှူးဟန် ဆောင်နေခြင်းကို မည်သူမှ မရိပ်စားမိချေ။ ယုတ်စွအဆုံး ဝမ်လုံဖေးအတွက် နေ့စဉ် စားကောင်းသောက်ဖွယ်များ လာပို့ပေးနေသည့် စီရှုရှန် ပင်လျှင် မရိပ်စားမိချေ။

ဝမ်လုံဖေးနှင့် အဘိုးအို ရီတုံတို့သည် နှစ်ယောက်တည်း ရှိစဉ်အခါတွင်သာ ဟန်မဆောင်ဘဲ နေကြသည်။ ညစဉ် ညတိုင်း လူခြေတိတ်ချိန်တွင် အဘိုးအို ရီတုံက ဝမ်လုံဖေးကို ကိန္နရီမောင်နှံသိုင်း သင်ပေးသည်။

ခားသိုင်းသင်ခြင်း ဖြစ်သော်လည်း သူတို့တွင် ခားမရှိချေ။ သစ်ကိုင်းခြောက်ကို ခားလုပ်၍ သင်ရသည်။

အဘိုးအို ရီတုံ သင်ပေးမှ ဝမ်လုံဖေးလည်း ကိန္နရီမောင်နှံ ဖိုမ ခားသိုင်းကို လက်တွေ့ သဘောပေါက် နားလည်သွားသည်။ အဖိုသိုင်းကွက် တစ်မှ နှစ်သို့ တိုက်ရိုက်ကူး၍ မရချေ။ အဖိုသိုင်းကွက် တစ်ပြီးလျှင် အမသိုင်းကွက် တစ်ကို ကြားခံရသည်။ သို့မှသာ အဖိုသိုင်းကွက် နှစ်ကို အချိတ်အဆက်မိမိ ဆက်စပ်၍ ရသည်။ ဆန်းကြယ် ထက်မြက် ခြင်း လည်း ရှိသည်။

အဖိုသိုင်းကွက် နှစ်ပြီးလျှင် အမသိုင်းကွက် နှစ်ကို ကြားခံရသည်။ သို့မှသာ အဖိုသိုင်းကွက်သုံးကို ထိထိမိမိ ဆက်စပ်နိုင်သည်။

အဖိုသိုင်းကွက် သုံးဆယ့်ခြောက်ကွက်စလုံး၏ သိုင်းလက်ာများကို ဝမ်လုံဖေး အလွတ်ရနေပြီ ဖြစ်၏။ အဘိုးအို ရီတုံက အခါအားလျော်စွာ အမသိုင်း သုံးဆယ့်ခြောက်ကွက်၏ သိုင်းလက်ာများကို နှုတ်တိုက်သင်ပေးသည်။

တစ်လအတွင်း ဝမ်လုံဖေးသည် အမသိုင်းကွက် သုံးဆယ့်ခြောက်ကွက်၏ သိုင်းလက်ာများကို စွဲစွဲမြဲမြဲ အလွတ်ရသွားသည်။

သူသည် ခမ့် ပျောက် မသွားစေရန် အခွင့်အခါသင့်တိုင်း ကိန္နရီမောင်နှံ ဖိုမ သိုင်းလက်ာများကို ထပ်ပြန်တလဲလဲ ရေရွတ် ကျက်မှတ်ခဲ့သည်။

အဘိုးအို ရီတုံကလည်း သိုင်းလက်ာများကို ကြိုတင်သင်ပေးရသည့် ရည်ရွယ်ချက်ကို ပြောပြသည်။

"လုံဖေး.... ခုဆို ကိန္နရီမောင်နှံသိုင်းရဲ့ ဖိုမ သိုင်းလက်ာတွေ အကုန်လုံးရနေပြီ၊ ခုနေ ငါတစ်ခုခုဖြစ်သွားရင်တောင် ကိန္နရီမောင်နှံ သိုင်းကို ပြီးပြည့်စုံအောင် မင်းဘာသာ မင်း





ဆက်ပြီး ကျင့်သွားလို့ရပြီ။ ဖိုမ သိုင်းလေးကွက်အထိ မင်းလက်တွေ့ လေ့ကျင့်တတ်မြောက်နေပြီဆိုတော့ အတော်ကြီးသဘောပေါက်နေပြီ။ ကျုပ်တို့ သိုင်းကွက်တွေကို မင်းဘာသာဆက်ပြီး လေ့ကျင့်ဦးတောင် မခဲယဉ်းတော့ဘူး။ ဒါကြောင့် သိုင်းလက်ာတွေကို မင်း အကုန်လုံးရအောင် ငါက ကြိုပြီး သင်ပေးခဲ့တာပဲ"

ထိုညကမှ ဝမ်လုံဖေးလည်း အဘိုးအို ရီတုံ၏ အကြောင်းကို မေးမိသည်။

"ကျွန်တော်လည်း ဘဘကြီးအကြောင်းကို မေးမယ် မေးမယ်နဲ့ မမေးဖြစ်ခဲ့ဘူး၊ အဆိပ်ငါးမျိုးဂိုဏ်းနဲ့ ဘဘကြီး ဘယ်လို ပတ်သက်ခဲ့မိလို့ အဖမ်းခံရတာလဲ ဟင်"

"အေး.... ငါလည်း ပြောမယ် ပြောမယ်နဲ့ မပြောဖြစ်ခဲ့ဘူး။ တို့နှစ်ယောက် ခုလို နေရခိုက်မှာ အချိန်လုပြီး မင်းကို ကိန္နရီမောင်နှံသိုင်း သင်ပေးခဲ့ရတယ် မဟုတ်လား။ ခုတော့ မင်း မောတုန်း ပြောရဦးမယ်၊ ငါက ဓားသမား ဆိုတော့ ဓားကောင်းဆိုရင် သိပ်ပြီး မက်မောတာကွ"

"ဘဘကြီး ပြောမှ ကျွန်တော်လည်း ပြောရဦးမယ်၊ ဓားဆိုလို့ ကျွန်တော်တို့မှာ ဓားတစ်လက်လောက်ရှိရင်သိပ်ကောင်းမှာပဲနော်။ ဓားသိုင်း ကျင့်တဲ့အခါ ဓားနဲ့ လေ့ကျင့်ရတော့ ပိုပြီး ထိရောက်တာပေါ့"

"ဟုတ်ပါတယ်.... မင်းမှာ ဓားတစ်လက်လောက်ရှိရင် သိပ်ကောင်းတာပေါ့၊ ငါလည်း ဓား တစ်လက်လောက် ခိုးပေးမလို့ပါပဲ၊ ဒါပေမယ့် မရဘူး"

"စီရှုရှန်ကိုသာ ပြောပြရင်တော့ သူက ဓားတစ်လက်ရှာပေးနိုင်မှာပဲ"

"ပြောရင်တော့ ရမှာပေါ့၊ ဒါပေမယ့် ပြောလို့ ဘယ်ဖြစ်မလဲကွ၊ မင်း မရှုးဘူးဆိုတာ သူသိသွားမှာပေါ့၊ သူသိလို့ မဖြစ်သေးဘူး လုံဖေး"

"ဘာဖြစ်လို့လဲ ဘဘကြီးရဲ့၊ ခုလောက်ဆို စီရှုရှန်ဟာ ကျွန်တော့်အပေါ် ဘယ်လောက် တွယ်တာတယ်၊ ယုံကြည်စိတ်ချရတယ်ဆိုတာ ဘဘကြီးလည်း သိလောက်ပါပြီ"

"ငါသိပါတယ်၊ ငါက စီရှုရှန်ကို မယုံကြည်လို့ ဖုံးကွယ်ထားခိုင်းတာ မဟုတ်ပါဘူး၊ ဒါပေမယ့် သူဟာ မိန်းကလေး၊ ဒီကျွန်းပေါ်မှာပဲ ကြီးလာခဲ့ရတော့ အတွေ့အကြုံလည်း သိပ်နည်းတယ်၊ ဟန်မလုပ်တတ်ဘူး၊ ပရိယာယ် သဘောကို မသိဘူး....

ပြီးတော့ သူတို့ သားအဖနှစ်ယောက်စလုံး ဖန်းတောက်စန်းကို လန့်နေကြရတယ်၊ ရာထူးအားဖြင့် ဖန်းတောက်စန်း





က ငယ်ပေမယ့် အဆိပ်ငါးမျိုးဂိုဏ်းချုပ်ကြီးက အထူးအခွင့်အရေး ပေးထားတော့ စီမိန်လိန်ထက်တောင် အာဏာ ပိုရှိနေတယ်ဆိုတာ မင်းလည်း သိပါတယ်"

"ဟုတ်ကဲ့၊ ဒါတော့ သိပါတယ် ဘဘကြီး"

"ဖန်းတောက်စန်းဟာ အတွေ့အကြုံများတယ်၊ ဉာဏ်နီဉာဏ်နက်လည်း များတယ်၊ ပရိယာယ်များတယ်၊ မင်းနဲ့ ငါ့အကြောင်းကို စီရှုရှန်က အမှန်အတိုင်းသိသွားရင် ခုလို စိတ်ဆင်းရဲနေတော့မှာ မဟုတ်ဘူး။ သူ့ စီရှုရှန်ကို ဖန်းတောက်စန်းက အမြဲတမ်း အကဲခတ်ကြည့်နေတာ၊ သူက ပရိယာယ်သုံးပြီး အနုနည်းနဲ့ပဲ ဖြစ်ဖြစ်၊ ခြိမ်းခြောက် အကြပ်ကိုင်ပြီးပဲ ဖြစ်ဖြစ် စီရှုရှန်ကို မေးရင် တို့အကြောင်း ပေါ်သွားနိုင်တယ်ကွ၊ ဒါဆို မင်းရော ငါပါ လမ်းဆုံးကို ရောက်ပြီပဲ....

ဒါကြောင့်လည်း စီရှုရှန်ကို အမှန်အတိုင်း မပြောသေးဖို့ ငါ တားထားရတာပေါ့"

"အင်း....ဘဘကြီးပြောတာလဲ ဟုတ်ပါတယ်၊ ကဲပါ.... ဘဘကြီး ဘယ်လိုဖြစ်ပြီး အဖမ်းခံရတယ်ဆိုတာ ပြောပြပါဦး"

*

အဘိုးအို ရီတု မျက်မှောင်ကြုတ်သွားပြီးမှ ဝမ်လုံပေးကို အကဲခတ်ကြည့်၍ မေးသည်။

"သွေးသောက်ဓားဆိုတဲ့ ရှေးဟောင်း ဓားရတနာ တစ်လက် အကြောင်းကို မင်း ကြားဖူးသလား"

ဝမ်လုံပေး တွေသွားပြီးမှ ခေါင်းကို ခါယမ်းလိုက်ကာ....

"ဟင့်အင်း.... မကြားဖူးဘူး ဘဘကြီး"

"ဒါဆို ငါ့အကြောင်း မပြောခင် သွေး သောက် ဓား အကြောင်းကို ပြောပြမယ်။ သွေးသောက်ဓားကို လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်က ပန်းပဲအတတ်ပညာတတ်တဲ့ သိုင်းပညာရှင်ကြီး 'ကျန်းအိုဟွတ်'ကိုယ်တိုင် ရခဲ့လို့တဲ့ မိုးကြိုးသားနဲ့ သွန်းလုပ်ခဲ့တာကွ။ အဲဒီဓားကို ကျန်းအိုဟွတ်က ပထမတော့ မိုးကြိုးဓားလို့ နာမည်ပေးသေးတယ်။ ဒါပေမယ့် ဓားက အရောင်မလက်ဘဲ မှိန်နေတယ်။ ပြီးတော့ ဘယ်လိုနည်းနဲ့ပဲ သွေးသွေး မထက်ဘဲ တုံးနေတယ်"

"အတော် ဆန်းပါလား"

"အေး....သိပ်ဆန်းတယ်။ သည့်ထက်ဆန်းတာ မင်းကြားရဦးမယ်။ သိုင်းပညာရှင်ကြီး ကျန်းအိုဟွတ်ဟာ သူ ကြိုးစား





ပမ်းစား သွန်းလုပ်ခဲ့တဲ့ ဓားဟာ သာမန် ဓားလောက်တောင် အသုံးမဝင်ဘူး ဖြစ်နေတော့ အတော်ကြီး စိတ်ဓာတ်ကျနေတယ်။ ဘာလုပ်ရမှန်း မသိအောင်လည်း ဖြစ်နေတယ်၊ တစ်နေ့မှာ ကျန်းအိုဟွတ်ဟာ သူ့ရဲ့ ဓားကို ထပ်သွေးကြည့်တယ်။ ဇွဲနဲ့ နှစ်ရက် သုံးရက် ဆက်သွေးတယ်။ မနားဘဲ၊ မအိပ်ဘဲ သွေးတာ....

ဒီလို နှစ်ရက် သုံးရက်သွေးတာတောင် မိုးကြိုးဓားဟာ ရိုးရိုး ဓားလောက်တောင်ထက်မလာဘူး၊ ကျန်းအိုဟွတ် အတော်ကြီး စိတ်တိုလာတယ်။ အအိပ်ပျက် အစားပျက်တော့ အယောင်

ယောင် အမှားမှား ဖြစ်လာတယ်။ ဓားကို ဒေါသနဲ့ ဆောင့်သွေးတယ်။ ဒီမှာတင် သူ့ရဲ့ ဘယ်ဘက်လက်သန်းကို ဓားနဲ့ ကြိတ်လှီးမိပြီး လက်သန်းဟာ ပြတ်သွားတယ်"

"ဖြစ်ရလေ၊ စိတ်မကောင်းစရာ"

အဘိုးအို ရီတု ပြုံးလိုက်ကာ....

"ကျန်းအိုဟွတ် အဖို့တော့ ဝမ်းသာစရာပဲကွ၊ ဝမ်းသာတာမှ သူ့တစ်သက်မှာ တစ်ခါမှ အဲဒီလောက် ဝမ်းမသာဖူးဘူးလို့ ပြောစမှတ် ပြုကြတယ်"

"ဗျာ.... ကိုယ့်လက်ချောင်း တစ်ချောင်း ပြတ်သွားတာ သူက ဝမ်းသာတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ မိုးကြိုးဓားဟာ ဓားရတနာတွေထဲမှာ အကောင်းဆုံး အထက်ဆုံးဓား ဖြစ်သွားလို့ပဲပေါ့"

"ဟင်.... ဘယ်လို ဘယ်နည်းနဲ့ ဖြစ်သွားတာလဲ"

"ဒီလိုကွ.... သူ့ လက်သန်း ပြတ်သွားတော့ ထွက်လာတဲ့ သွေးတွေက ဓားသွေးကျောက်နဲ့ မိုးကြိုးဓားမှာ စွန်းပေသွားတယ်....

သွေးစွန်းသွားတာနဲ့ အရောင်မှေးမှိန်နေတဲ့ အဲဒီဓားဟာ အရောင်တွေ ဖြာလာတယ်၊ တုံးနေတဲ့ ဓားသွားဟာလည်း ထက်ထက်မြက်မြက် ဖြစ်လာတယ်၊ ဒါကြောင့်လည်း ကျန်းအိုဟွတ်ဟာ လက်ချောင်း တစ်ချောင်း အဆုံးခံလိုက်ရပေမယ့် မိုးကြိုးဓားရဲ့ လျှို့ဝှက်ချက်ကို သိရလို့ သိပ်ပြီး ဝမ်းသာသွားတာပေါ့"

"ထူးဆန်းလှချည်လား ဘဘကြီး"

"အေး.... ထူးဆန်းတာမှ သိဂ်ကို ထူးဆန်းတယ်၊ မိုးကြိုးဓားဟာ သွေးကို သောက်ရမှ ပြိုဝ်ဘက်ကင်းတဲ့ ဓားရတနာ





တစ်လက် ဖြစ်လာတယ်၊ ဒါကြောင့်လည်း ကျန်းအိုဟွတ်ဟာ သူ့ဓားနာမည်ကို မိုးကြိုးဓားလို့ ပေးထားရာက သွေးသောက်ဓားလို့ နာမည်ပြောင်းလိုက်တယ်၊ တစ်ခုအောဉ်ရှိတယ်၊ သွေးသောက် ဓားဟာ တစ်ခါ သွေးသောက်ပြီးရုံနဲ့ အစဉ်အမြဲ တောက်ပြောင်မနေဘူး၊ ထက်မြက် မနေဘူး၊ နှစ်လ သုံးလ အကြာမှာ မှေးမှိန် သွားတတ်တယ်၊ တုံး သွား တတ် တယ်၊ အဲဒီအခါမှာ မိုးရိုး ဓားလောက်တောင် မကောင်းပြန်တော့ဘူး"

"ဟင်.... ဘယ်လိုဖြစ်တာလဲ"

"ဒါကလည်း သွေးသောက်ဓားရဲ့ ထူးခြားတဲ့ အချက်တစ်ချက်ပဲပေါ့၊ ကျန်းအိုဟွတ်ဟာ သူ့ဓားက သွေးတောင်းနေမှန်း သိတယ်၊ ဒါနဲ့ ကြက်တစ်ကောင်ကို သတ်ပြီး ဓားမှာ သွေးလူးပေးတယ်၊ ဒါပေမယ့် ဓားဟာ တောက်ပြောင်မလာဘူး၊ ထက်မလာဘူး၊ ကြက်သွေးနဲ့ မရတော့ ကျန်းအိုဟွတ်က ဝက်တစ်ကောင်ကို သတ်ပြီး ဓားမှာ ဝက်သွေး လူးပေးပြန်တယ်၊ မရဘူး၊ နောက်တော့ ကျန်းအိုဟွတ်လည်း သူ့ရဲ့ လက်မောင်းသွေးကို ဖောက်ပြီး အဲဒီ သွေးနဲ့ ဓားကို လူးကြည့်တယ်၊ ဒီတော့မှ သွေးသောက်ဓားဟာ အရောင်ဖြာပြီး ဝင်းလက်လာတယ်၊ သံမဏိတုံးကိုတောင် တိခနဲ ပြတ်အောင် ဖြတ်နိုင်တဲ့ ပြိုင်စံ ရှား ဓားတစ်လက် ပြန်ဖြစ်တယ်"

"ဟင်....ဒါဆို သွေးသောက်ဓားဟာ လူ့သွေးနဲ့မှ ရတယ်ပေါ့"

"ဟုတ်တယ်၊ လူ့သွေးကိုသောက်မှ ဓားရတနာ ဖြစ်လာတာ၊ နှစ်လ သုံးလတစ်ကြိမ် လူ့သွေး လူးပေးရတာမို့လို့ အရင်က လူသတ်တာကို အတတ်နိုင်ဆုံး ရှောင်ခဲ့တဲ့ ကျွန်းအိုဟွတ်ဟာ သူ့ရဲ့ သွေးသောက်ဓား အစဉ်အမြဲ တောက်ပြောင်ထက်မြက်နေအောင် နှစ်လ သုံးလတစ်ကြိမ် လူသတ်တဲ့အလုပ်ကို လုပ်လာတယ်၊ ဒုစရိုက် သိုင်းသမားကြီးတွေကို စိန်ခေါ်ပြီး သုတ်သင်ခဲ့တယ်။ ဒီတော့မှ ကျွန်းအိုဟွတ်ဟာ နာမည်ပိုကြီးလာသလို သူ့ရဲ့ သွေးသောက်ဓားဟာလည်း သိပ်ကို နာမည်ကြီးလာတယ်၊ သွေးသောက်ဓားကို သိုင်းလောကသိုင်းသမားတိုင်း သိပ်ကို လိုချင်ကြတယ်၊ ဒါကြောင့် ကျွန်းအိုဟွတ်ကို ဘယ်သူမှ မယှဉ်နိုင်လို့ သွေးသောက်ဓားကို မရခဲ့ကြဘူး။ ကျွန်းအိုဟွတ်ဟာ သွေးသောက်ဓားနဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ကျော် ကြာခဲ့ပြီး အင်အားများတဲ့ လူဆိုးတွေဝိုင်းတိုက်လို့ ချောက်ထဲကျ သေသွားတယ်။ သွေးသောက်ဓားလည်း သူနဲ့ ပါသွားတယ်"

"ဘယ်သူမှ သွေးသောက်ဓားကို ချောက်ထဲမှာ ဆင်းမရှာကြဘူးလား ဘဘကြီး"

"ရှာကြ တာပေါ့ ကွယ်၊ ဒါပေမယ့် ကျွန်းအိုဟွတ်ရဲ့ အလောင်းကို တွေ့တယ်ဆိုတဲ့ သတင်းပဲ ထွက်ပေါ်လာတယ်၊





သွေးသောက်ဓားကို ဘယ်သူ ရသွားတယ်ဆိုတဲ့ သတင်းတော့ ထွက်မလာဘူး။ သိုင်းလောကသားတွေဟာ သွေးသောက်ဓားကို နှစ်အတော်ကြာ စုံစမ်းပြီး ရှာကြသေးပေမယ့် ဘယ်လိုမှ သတင်းမရတဲ့အဆုံး လက်လျှော့သွားကြတယ်၊ သွေးသောက် ဓားရဲ့ သတင်းဟာ နှစ်ပေါင်းရှစ်ဆယ်ကျော် ပျောက်ကွယ် သွားခဲ့တယ်"

အတိုးအိုရီတု စကားဖြတ်လိုက်ပြီးမှ ဆက်ပြောသည်။

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်ကမှ ငါလည်းသွေးသောက်ဓားအကြောင်းကို ကြားရတယ်။ သွေးသောက် ဓားကို ငါ သိပ်လိုချင်သွားတယ်။ ဘာဖြစ်လို့ လိုချင်သလဲ ဆိုတော့ ငါ့ရဲ့ ကိန္နရီမောင်နှံဓားသိုင်းနဲ့ သွေးသောက်ဓား ပေါင်းစပ်လိုက်မယ်ဆိုရင် ပြိုင်ဘက်ကင်း အဆင့်ကို ရောက်လိမ့်မယ်ဆိုတာ သိလို့ပဲ။ ဒါနဲ့ သွေးသောက်ဓားကို ငါ စုံစမ်းခဲ့တယ်။ တစ်ဦး တစ်ယောက်ရဲ့ လက်ထဲမှာ ရှိနေလိမ့်မယ်လို့ ငါ ယုံကြည်တယ်။ နောက်ဆုံး သွေးသောက်ဓားဟာ အဆိပ်ငါးမျိုး ဂိုဏ်းချုပ်ကြီး 'ပိုင်လျောင်ချူး' ဆီမှာ ရှိနေတယ်။ ပိုင်လျောင်ချူးဟာ သူ့ဆီမှာ သွေးသောက်ဓားရှိနေတာကို အထူး လျှို့ဝှက်ထားတယ်ဆိုတဲ့ သတင်းကို ငါရတယ်။ ဒါနဲ့ ငါလည်း အဆိပ်ငါးမျိုးဂိုဏ်း စခန်းချုပ်ကို ထိုးဖောက်ပြီး ဝင်ခဲ့တယ်။ ပိုင်လျောင်ချူးနဲ့ ယှဉ်ပြိုင် ရင်ဆိုင်ခဲ့တယ်။ ပိုင်လျောင်ချူးဟာ ငါ့လောက် သိုင်းပညာ မထက်မြက်ပေမယ့် အဆိပ်အမျိုးမျိုး

သုံးတဲ့နေရာမှာ ကျွမ်းကျင်တယ်။ နောက်ဆုံး ငါလည်း အဆိပ်မိပြီး ဒီအဆိပ်ကျွန်းကို ရောက်လာတာပဲ''

''အဆိပ်ငါးမျိုး ဂိုဏ်းချုပ်ကြီးဆီမှာ သွေးသောက်ခြား တကယ်ရှိလို့လား''

ဝမ်လုံဖေး မေးတော့ အဘိုးအို ရိုတုံ ခေါင်းကို ခါယမ်းလိုက်ကာ....

''မရှိပါဘူးကွာ.... ငါကြားခဲ့တဲ့ သတင်းက သတင်းမှားဖြစ်နေတယ်၊ ဒါကို အဆိပ်ကျွန်းပေါ် ရောက်လာပြီးမှ ငါသိတာ။ ငါသာ ဒီဘဝမျိုးရောက်တာ အဖတ်တင်တာပဲ''

''ဘဘကြီးက မရှုးအောင် ငရဲပန်းအဆိပ်ကို ထိန်းထားနိုင်တာပဲ၊ ထွက်ပြေးဖို့ တစ်ခါမှ မကြိုးစားခဲ့ဘူးလား''

''မကြိုးစားတော့ဘူးလေ၊ ကြိုးစားလို့လည်း ရမှာမှမဟုတ်တော့ဘဲ။ အဆိပ်ငါးမျိုး ဂိုဏ်းချုပ်ကြီး ပိုင်လျောင်ချူးနဲ့ ငါ ယှဉ်တုန်းက ငါမိခဲ့တဲ့ အဆိပ်ကြောင့် ငါ့အကြောတွေ မသေရုံတမယ် ဖြစ်သွားတယ်။ ရန်သူနဲ့ ရင်ဆိုင်နိုင်လောက်အောင် ငါ လှုပ်ရှားလို့ မရတော့ဘူး၊ မင်းကို ကိန္နရီမောင်နှံသိုင်း ဒါ သင်ပေးတာတောင် ငါ ပြည့်ပြည့်ဝဝ မလှုပ်ရှားနိုင်ဘူး။ ဒါ





ကြောင့်လည်း စိတ်လျော့နေလိုက်တာ။ မင်းသာ ငါ့ရဲ့ ကိန္နရီမောင်နှံသိုင်းကို အသုံးပြုပြီး နယ်ချဲ့ကောင်တွေနဲ့ ဒုစရိုက်ကောင်တွေကို ချေမှုန်းနိုင်မယ်ဆိုရင် ငါ ကျေနပ်ပါပြီ။ ငါက တော့ ဒီလို အခြေအနေမျိုးနဲ့ သိုင်းလောကထဲလည်း ပြန်မဝင်ချင်တော့ဘူး။ ဒီအဆိပ်ကျွန်းမှာပဲ ငါ့ဘဝကို အဆုံးသတ်ဖို့ ဆုံးဖြတ်ထားတယ်''

ဝမ်လုံဖေး စိတ်မကောင်းဖြစ်သွားသည်၊ သက်ပြင်း တစ်ချက် ချလိုက်မိသည်။

''ဘာမှ စိတ်မကောင်း မဖြစ်နဲ့ လုံဖေး၊ မင်းသာ အချိန်အခါသင့်ရင် ဒီကျွန်းပေါ်က လွတ်အောင်ပြေးပါ၊ ငါ့ရဲ့ ကိန္နရီမောင်နှံသိုင်းနဲ့ သိုင်းလောကနဲ့ တို့တိုင်းပြည်ကို အကျိုးပြုပါ။ ဖြစ်နိုင်ရင် သွေးသောက်ခြားကို စုံစမ်းပြီး ရအောင်ယူပါ....

ကိန္နရီမောင်နှံ သိုင်း ကို လည်း မင်းတတ်သွားပြီ၊ သွေးသောက် ခြားလည်း ရပြီဆိုလို့ကတော့ မင်းဟာ ပြိုင်ဘက်ကင်းအဆင့်ကို ရောက်သွားပြီ မှတ်''

''ဟုတ်ကဲ့။ ကျွန်တော် သိုင်းလောကထဲပြန်ရောက်ရင် သွေးသောက် ခြားကို ရဖို့ ကြိုးစားပါမယ် ဘဘကြီး''

"ကဲ....စကားကောင်းနေလိုက်တာ အချိန်တောင် အတော်လင့်သွားပြီ။ အချိန်လုပြီး သိုင်းကွက်တစ်ကွက် ထပ်တက်လိုက်ကြဦးစို့ရဲ့"

အဘိုးအို ရှိတု ပြောပြီး အားယူ၍ ထရပ်လိုက်လေသည်။

(ပထမပိုင်း ပြီးပါပြီ။)

**ဒု–ဇာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန်....**

**အောင်ရဲလင်း**

မင်း၈၁၇၈၀

